www.dhammaransi.com

## မြန်မာနိုင်ငံတခွင်

# ဘုရားသမိုင်းပေါင်းချုပ်

လှသမိန်

၇

www.dhammaransi.com

## မြန်မာနိုင်ငံတခွင်

# ဘုရားသမိုင်းပေါင်းချုပ်


လှသမိန်

ရှာဖွေစုဆောင်း ပြုစုသည်။



(မူပိုင်ရှင်)

ဒေါ်စန်းရီ

မဟာဝိဇ္ဇာစာပုံနှိပ်တိုက် နှင့် စာပေဖြန့်ချိရေးဌာန

အမှတ်-၂၁၄၊ လမ်း-၃၀၊

ရန်ကုန်မြို့။

www.dhammaransi.com

ပထမအကြိမ် ပုံနှိပ်ခြင်း၊

စာအုပ်ရေ(၄၀၀၀)

၁၉၆၈ - ခုနှစ်၊ ဧပြီလ။

[ဒေါ်စန်းရီ၊ မှတ်ပုံတင် (မြဲ-၀၀၂၇) မဟာဝိဇ္ဇာ-စာပေဖြန့်ချိရေးမှ-ထုတ်ဝေ၍၊ ပုံနှိပ်သူမှတ်ပုံတင် (မြဲ-၀၀၂၇) မဟာဝိဇ္ဇာစာပုံနှိပ်တိုက်၊ အမှတ်-၂၁၄၊ လမ်း-၃၀၊ ရန်ကုန်မြို့တွင် ပုံနှိပ်သည်။]

www.dhammaransi.com

# မြန်မာနိုင်ငံတခွင်
# ဘုရားသမိုင်းပေါင်းချုပ်

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ကလျာဏီသိမ်တော် (ပဲခူးမြို့) | .... | ၃၇ |
| ကုသိုလ်တော်စေတီတော် (မန္တလေးမြို့) | .... | ၄၀ |
| ကေလာသစေတီတော် (တောင်ဇွန်းမြို့) | .... | ၄၂ |
| ကောင်းမှုတော်စေတီတော် (စစ်ကိုင်းမြို့) | .... | ၄၅ |
| ကန်တော့ပလ္လင်စေတီတော် (ပုဂံမြို့) | .... | ၄၇ |
| ကမ္ဘာအေးစေတီတော် (ရန်ကုန်မြို့) | .... | ၄၈ |
| ကျောက်ကူးဘုရားစေတီတော် (ညောင်ဦးမြို့) | .... | ၅၁ |
| ကျောက်တော်ကြီးဘုရား (မန္တလေးမြို့) | .... | ၅၃ |
| ကျောက်တော်ကြီးဘုရား (အမရပူရမြို့) | .... | ၅၅ |
| ကျောက်ဝိုင်းစေတီတော် (သမိုင်းမြို့) | .... | ၅၇ |
| ကျိုက္ကစံစေတီတော် (ရန်ကုန်မြို့) | .... | ၅၈ |
| ကျိုက္ကမာစိန်စေတီတော် (ရန်ကုန်မြို့) | .... | ၆၂ |

www.dhammaransi.com



| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ကျိုက္ကလဲ့စေတီတော် (မင်္ဂလာဒုံမြို့) | .... | ၆၄ |
| ကျိုက္ကလို့စေတီတော် (မင်္ဂလာဒုံမြို့) | .... | ၆၆ |
| ကျိုက္ခမီရေလယ်ဘုရား (ကျိုက္ခမီမြို့) | .... | ၆၈ |
| ကျိုက်ခေါက်စေတီတော် (သံလျင်မြို့) | .... | ၇၁ |
| ကျိုက်ထီးရိုးစေတီတော် (ကျိုက်ထိုမြို့) | .... | ၇၃ |
| ကျိုက်ဗျင်းနတ်စေတီတော် (ဇင်းကျိုက်မြို့) | .... | ၇၇ |
| ကျိုက်မွတ်လအိစေတီတော် (ကျိုက်မြို့) | .... | ၈၀ |
| ကျိုက်မှော်ဝန်းစေတီတော် (ကျောက်တန်းမြို့) | .. | ၈၂ |
| ကျိုက်သလ္လံစေတီတော် (မော်လမြိုင်မြို့) | .... | ၈၄ |
| ကျောင်းတော်ရာစေတီတော် (လယ်ကိုင်းမြို့) | .... | ၈၆ |
| ချောင်းမမွေ့တော်စေတီတော် (ညောင်ကန်မြို့) | .... | ၈၉ |
| ဂူပြောက်ကြီးစေတီတော် (ပုဂံမြို့) | .... | ၉၁ |
| ငါးထပ်ကြီးစေတီတော် (သံလျင်မြို့) | .... | ၉၄ |
| ငှက်ပစ်တောင်စေတီတော် (ပုဂံမြို့) | .... | ၉၆ |
| စူဠာမုနိစေတီတော် (ပုဂံမြို့) | .... | ၉၉ |
| စက္ကုတဲစေတီတော် (မင်းဘူးမြို့) | .... | ၁၀၁ |

www.dhammaransi.com

# မာတိကာ




| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| စွယ်တော်ရှင်စေတီတော် (ဂုံဂေါမြို့) | .... ၁၀၂ |
| ဆပဌစေတီတော် (ညောင်ဦးမြို့) | .... ၁၀၅ |
| ဆူးလေစေတီတော် (ရန်ကုန်မြို့) | .... ၁၀၇ |
| ဆင်မျှားရှင်စေတီတော် (စစ်ကိုင်းမြို့) | .... ၁၀၉ |
| တန့်ကြည့်တောင်စေတီတော် (တန့်ကြည့်တောင်) | .... ၁၁၁ |
| ဇွဲကပင်စေတီတော် (ဘားအံမြို့) | .... ၁၁၃ |
| တူဝေစေတီတော် (ဘားအံမြို့) | .... ၁၁၆ |
| တန်တားဦးစေတီတော် (အင်းဝမြို့) | .... ၁၁၈ |
| ထီးဆောင်းစေတီတော် (ဇွတ်သုတ်) | ... ၁၂၀ |
| ထီးလိုမင်းလိုစေတီတော် (ပုဂံမြို့) | .... ၁၂၂ |
| ထူပါရုံစေတီတော် (စစ်ကိုင်းမြို့) | .... ၁၂၄ |
| ဓမ္မရံကြီးစေတီတော် (ပုဂံမြို့) | .... ၁၂၅ |
| နဂါးရုံစေတီတော် (ပုဂံမြို့) | .... ၁၂၆ |
| နန်းဘုရားစေတီတော် (ပုဂံမြို့) | .... ၁၂၈ |
| နန်းဦးရွှေဘုံသာစေတီတော် (တကောင်းမြို့) | .... ၁၂၉ |

www.dhammaransi.com



| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပုညရှင်စေတီတော် (စစ်ကိုင်းတောင်) | .... | ၁၃၁ |
| ပတ္တာမြားစေတီတော် (စစ်ကိုင်းတောင်) | .... | ၁၃၅ |
| ပြည်တော်ပြန်ဘုရား (ဇလွန်မြို့) | .... | ၁၃၈ |
| ဖေါင်တော်ဦးဘုရား (အင်းလေး) | .... | ၁၄၁ |
| ဗူးဘုရားစေတီတော် (ပုဂံမြို့) | .... | ၁၄၄ |
| ဗိုလ်တထောင်စေတီတော် (ရန်ကုန်မြို့) | .... | ၁၄၆ |
| မနူဟာဘုရား (ပုဂံမြို့) | .... | ၁၄၈ |
| မဟာစေတီတော် (ပဲခူးမြို့) | .... | ၁၅၀ |
| မဟာဗောဓိစေတီတော် (ပုဂံမြို့) | .... | ၁၅၂ |
| မဟာမြတ်မုနိဘုရား (နမ့်ဆမ်မြို့) | .... | ၁၅၃ |
| မဟာမြတ်မုနိဘုရား (မန္တလေးမြို့) | .... | ၁၅၇ |
| မဟာမြတ်မုနိဘုရား (မော်လမြိုင်မြို့) | .... | ၁၆၀ |
| မဟာသကျသီဟဘုရား (မန္တလေးမြို့) | .... | ၁၆၂ |
| မုပွန်စေတီတော် (မော်လမြိုင်မြို့) | .... | ၁၆၄ |
| မော်တင်စေတီတော် (မော်တင်စွန်း) | .... | ၁၆၅ |

www.dhammaransi.com



| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မင်္ဂလာစေတီတော် (ပုဂံမြို့) .... | ၁၆၇ |
| မင်းကွန်းစေတီတော် (မင်းကွန်း) .... | ၁၆၉ |
| မင်းမျှော်ရာဇာစေတီတော် (ပုဂံမြို့) .... | ၁၇၁ |
| မင်းအိုချမ်းသာစေတီတော် (ပုဂံမြို့) .... | ၁၇၂ |
| မာရ်အောင်ရတနာစေတီတော် (မန္တလေးမြို့) .... | ၁၇၃ |
| မယ်ဒက်စေတီတော် (ရေတာရှည်မြို့) .... | ၁၇၄ |
| မြသလွန်စေတီတော် (မကွေးမြို့) .... | ၁၇၆ |
| မြသိန်းတန်စေတီတော် (မင်းကွန်း) .... | ၁၇၉ |
| မြတ်စောညီနောင်စေတီတော် (တောင်ငူမြို့) .... | ၁၈၁ |
| ရတနာသင်းကျစ်စေတီတော် (မိတ္ထီလာမြို့) .... | ၁၈၃ |
| ရွှေကျီးမြင့်စေတီတော် (မန္တလေးမြို့) .... | ၁၈၅ |
| ရွှေကြက်ယက်စေတီတော် (အမရပူရမြို့) .... | ၁၈၆ |
| ရွှေချက်သိုစေတီတော် (ရွှေဘိုမြို့) .... | ၁၈၉ |
| ရွှေဂူကြီးစေတီတော် (တောင်ငူမြို့) .... | ၁၉၁ |
| ရွှေဂူကြီးစေတီတော် (ပုဂံမြို့) .... | ၁၉၂ |

www.dhammaransi.com



| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ရွှေဂူကြီးစေတီတော် (မိုးကုတ်မြို့) | ၁၉၄ |
| ရွှေစာရံစေတီတော် (ရွှေစာရံရွာ) | ၁၉၆ |
| ရွှေစာရံစေတီတော် (သထုံမြို့) | ၁၉၈ |
| ရွှေစက်တော်ဘုရား (မင်းဘူးမြို့) | ၂၀၀ |
| ရွှေစည်းခုံစေတီတော် (ညောင်ဦးမြို့) | ၂၀၃ |
| ရွှေစည်းခုံစေတီတော် (တကောင်းမြို့) | ၂၀၈ |
| ရွှေစည်းခုံစေတီတော် (ညောင်ကန်မြို့) | ၂၀၉ |
| ရွှေဆံတော်စေတီတော် (ပြည်မြို့) | ၂၁၁ |
| ရွှေဆံတော်စေတီတော် (တွံ့တေးမြို့) | ၂၁၄ |
| ရွှေဆံတော်စေတီတော် (ပုဂံမြို့) | ၂၁၇ |
| ရွှေတိဂုံစေတီတော် (ရန်ကုန်မြို့) | ၂၁၉ |
| ရွှေနတ်တောင်စေတီတော် (ရွှေတောင်မြို့) | ၂၂၂ |
| ရွှေနံ့သာစေတီတော် (ပဲခူးမြို့) | ၂၂၃ |
| ရွှေပေါက်ကျွန်းစေတီတော် (ရွှေကူမြို့) | ၂၂၇ |
| ရွှေဘုံသာစေတီတော် (မြန်အောင်မြို့) | ၂၂၉ |

www.dhammaransi.com



| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ရွှေမော်ဓောစေတီတော် (ပဲခူးမြို့) | .... | ၂၃၁ |
| ရွှေမုဋ္ဌီးစေတီတော် (ထားဝယ်မြို့) | .... | ၂၃၅ |
| ရွှေမြင်တင်စေတီတော် (သီဟတော) | .... | ၂၃၈ |
| ရွှေမြင်တင်စေတီတော် (ပုသိမ်မြို့) | .... | ၂၄၀ |
| ရွှေမဉ္ဇူစေတီတော် (အင်းတော်ကြီး) | .... | ၂၄၁ |
| ရွှေမုဋ္ဌောစေတီတော် (ပုသိမ်မြို့) | .... | ၂၄၃ |
| ရွှေမုဋ္ဌောစေတီတော် (ကလေးဝမြို့) | .... | ၂၄၅ |
| ရွှေယင်မြော်စေတီတော် (မိတ္ထီလာမြို့) | .... | ၂၄၇ |
| ရွှေရောင်တော်စေတီတော် (ဗိဿနိုးမြို့) | .... | ၂၅၀ |
| ရွှေသာလျောင်းဘုရား (ပဲခူးမြို့) | .... | ၂၅၂ |
| ရွှေအင်းတောင်စေတီတော် (တောင်တွင်းကြီးမြို့) | .... | ၂၅၃ |
| ရွှေဥမင်စေတီတော် (ပင်းတယမြို့) | .... | ၂၅၅ |
| ရှင်ပင်နံ့ကိုင်းခစေတီတော် (စစ်ကိုင်းမြို့) | .... | ၂၅၇ |
| ရှင်ဖြူ၊ ရှင်လှစေတီတော် (စစ်ကိုင်းမြို့) | .... | ၂၅၈ |
| ရှစ်သောင်းစေတီတော် (မြို့ဟောင်းမြို့) | .... | ၂၆၀ |
| လောကနန္ဒာစေတီတော် (ပုဂံမြို့) | .... | ၂၆၂ |

www.dhammaransi.com




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သမန္တဇာစေတီတော် (အမြင့်မြို့) | .... ၂၆၄ |
| သာခုကန်စေတီတော် (သာခုကန်) | .... ၂၆၆ |
| သီဟတောစေတီတော်(သီဟတော) | .... ၂၆၈ |
| သိင်္ဃိုင်ရှင်ဘုရား (ပခုက္ကူမြို့) | .... ၂၇၁ |
| သေဋ္ဌမာရ်အောင်ဘုရား(ဘားအံမြို့) | .... ၂၇၃ |
| သဗ္ဗညု စေတီတော် (ပုဂံမြို့) | .... ၂၇၆ |
| သမ္မုဒ္ဒေ စေတီတော် (မိုးညှင်း) | .... ၂၇၇ |
| အကျွတ်အလွတ် စေတီတော် (ပဲခူးမြို့) | .... ၂၇၉ |
| အာနန္ဒာ ဘုရား (ပုဂံမြို့) | .... ၂၈၁ |
| အံတော် စေတီတော် (သံတွဲမြို့) | .... ၂၈၃ |
| အောင်မြေလောက စေတီတော် (စစ်ကိုင်းမြို့) | .... ၂၈၄ |
| အိမ်တော်ရာ စေတီတော် (မန္တလေးမြို့) | .... ၂၈၅ |
| အိမ်တော်ရာ စေတီတော် (ရန်ကုန်မြို့) | .... ၂၈၇ |
| ဦးဇိန စေတီတော် (မော်လမြိုင်မြို့) | .... ၂၈၉ |
| ဦးပါရဲ စေတီတော် (ဟင်္သာတမြို့) | .... ၂၉၀ |
| ဦးရစ်တောင် စေတီတော် (ဦးရစ်တောင်) | .... ၂၉၂ |
| ဝတ်မိုး ဝတ်မြေရ-ဘုရား ၂၃ ဆူ | .... ၂၉၄ |

www.dhammaransi.com



# နောက်ဆက်တွဲ

## (က) သမိုင်းအပြည့်အစုံ တင်ပြရာ မပါသေးသော ဘုရားစေတီများ

### (ခ) မှတ်ချက်များ

မြတ်စွာဘုရား ခါတ်တော်တည်ရာဌာနများ၊
မြတ်စွာဘုရား ပရိက္ခရာတို့ တည်ရာဌာနများ၊
စေတီလေးမျိုး၊
ပါဒစေတီခြေတော်ရာများ၊
စေတီတည်ထိုက်သော ပုဂ္ဂိုလ်လေးမျိုး၊
မြတ်စွာဘုရား၏ အံ့ဘွယ်တော် ၁၈ ပါး၊
အလောင်းစည်သူမင်း ကိုးကွယ်သော သရက္ခန် ၅ ဆူ
ကျော်လေးဆူ ဘုရားများ၊
အလောင်းစည်သူ သင်္ကန်းနက် ဖေါင်တော်ဦး-
စကားသားကို ထုလုပ်သော စကားကိုးဆူ တည်ရာ-
စစ်ကိုင်း ဆွမ်းဝတ်စဉ် ဘုရားများ၊
အနော်ရထာမင်း စွယ်တော်ပွား ၅ ဆူ၊
ရွှေတိဂုံစေတီ ဌာပနာလေးပါး၊
နှစ်ကျိတ်ရှစ်ဆူ မြတ်စွာဘုရားရှင်များ၊

www.dhammaransi.com



# သမိုင်းတင်ပြထားသော ဘုရားစေတီများ

(မြို့အက္ခရာစဉ်အလိုက်)

| | |
|---|---|
| ကလေးဝမြို့၊ | ရွှေမုဋ္ဌော စေတီတော်၊ |
| ကင်းတပ်မြို့၊ | နန်းဦးရွှေဘုံသာ စေတီတော်၊ |
| ကျိုက္ခမိမြို့၊ | ကျိုက္ခမိ ရေလယ်စေတီတော်၊ |
| ကျိုက်ထိုမြို့၊ | ကျိုက်ထီးရိုး စေတီတော်၊ |
| ကျောက်တန်းမြို့၊ | ကျိုက်မှော်ဝန်း စေတီတော်၊ |
| ကျိုတ်မြို့၊ | ကျိုက်မွတ်လအိ စေတီတော်၊ |
| ဂွံဂေါမြို့၊ | စွယ်တော်ရှင် စေတီတော်၊ |
| စစ်ကိုင်းမြို့၊ | ကောင်းမှုတော် စေတီတော်၊ဆင်မျဉ်းရှင် စေတီတော်၊ ပုညရှင်စေတီတော်၊ပတ္တမြား စေတီတော်၊ ရှင်ပင်နံ့ကိုင်း စေတီတော်၊ ရှင်ဖြူရှင်လှ စေတီတော်၊ အောင်မြေ လောက စေတီတော်၊ |
| ဇလွန်မြို့၊ | ပြည်တော်ပြန်ဘုရားကြီး၊ |
| ဇင်းကျိုက်မြို့၊ | ကျိုက်ဗျင်းနတ်စေတီတော်၊ |
| ဇုတ်သုတ်၊ | ထီးဆောင်းစေတီတော်၊ |
| ညောင်ကန်၊ | ချောင်းမမွေတော် စေတီတော်၊ |
| ညောင်ဦး၊ | ကျောက်ကူးဘုရား စေတီတော်၊ ဆပဋ္ဌ စေတီတော်၊ ရွှေစည်းခုံစေတီတော်၊ |
| တကောင်းမြို့၊ | ရွှေစည်းခုံစေတီတော်၊ နန်းဦးရွှေဘုံသာ စေတီတော်၊ |

www.dhammaransi.com



| | |
|---|---|
| တောင်ငူမြို့၊ | မြတ်စောညီနောင်စေတီတော်၊ ရွှေဂူကြီးစေတီတော်၊ |
| တောင်စွန်းမြို့၊ | ကေလာသစေတီတော်၊ |
| တောင်တွင်းကြီးမြို့၊ | ရွှေအင်းတောင်စေတီတော်၊ |
| တန့်ကြည့်တောင်၊ | တန့်ကြည့်တောင်စေတီတော်၊ |
| တွံတေးမြို့၊ | ရွှေဆံတော်စေတီတော်၊ |
| ထားဝယ်မြို့၊ | ရွှေမုဋ္ဌောစေတီတော်၊ |
| နမ့်ဆမ်မြို့ | မဟာမြတ်မုနိစေတီတော်၊ |
| ပခုက္ကူမြို့၊ | သိင်္ဃိုဠ်ရှင်စေတီတော်၊ |
| ပုဂံမြို့၊ | ကန်တော့ပလ္လင်စေတီတော်၊ ဂူပြောက်ကြီးစေတီတော်၊ ငှက်ပစ်တောင်စေတီတော်၊ စူဠာမဏိစေတီတော်၊ ထီးလိုမင်းလိုစေတီတော်၊ ဓမ္မရံကြီး စေတီတော်၊ နဂါးရုံစေတီတော်၊ နန်း ဘုရား စေ တီ တော်၊ ဗူးဘုရားစေတီတော်၊ မနုဟာစေတီတော်၊ မဟာဗောဓိ စေတီတော်၊ မင်္ဂလာစေတီတော်၊ မင်း မျှော် ရာ ဇာ စေ တီ တော်၊ မင်းအိုချမ်းသာ စေတီတော်၊ ရွှေ ဂူ ကြီး စေတီတော်၊ ရွှေဆံတော် စေ တီ တော် လောကနန္ဒာ စေတီတော်၊ သဗ္ဗညုစေတီတော်၊ အာနန္ဒာ စေတီတော်။ |

www.dhammaransi.com



| | |
|---|---|
| ပုသိမ်မြို့၊ | ရွှေမြင်တင်စေတီတော်၊ ရွှေမုဋ္ဌောစေတီတော်၊ |
| ပဲခူးမြို့၊ | ကလျာဏီသိမ်တော်၊ မဟာစေတီတော်၊ ရွှေနံ့သာ စေတီတော်၊ ရွှေမော်ဓော စေတီတော်၊ အကျွတ်အလွတ် စေတီတော်၊ ရွှေသာလျောင်း ရုပ်ပွားတော်၊ |
| ပင်းတယမြို့၊ | ရွှေဥမင်စေတီတော်၊ |
| ပုဏ္ဏားကျွန်းမြို့၊ | ဦးရစ်တောင် စေတီတော် |
| ပြည်မြို့၊ | ရွှေဆံတော် စေတီတော်၊ |
| ဗိဿနိုးမြို့၊ | ရွှေရောင်တော် စေတီတော်၊ |
| မကွေးမြို့၊ | မြသလွန် စေတီတော်၊ |
| မော်တင်စွန်း၊ | မော်တင်စေတီတော်၊ |
| မော်လမြိုင်မြို့၊ | ကျိုက်သလ္လံစေတီတော်၊ မဟာမြတ်မုနိ စေတီတော်၊ မုပွန်စေတီတော်၊ ဦးဇိနစေတီတော်၊ |
| မင်္ဂလာဒုံ၊ | ကျိုက္ကလဲ့ စေတီတော်၊ ကျိုက္ကလို့စေတီတော်၊ |
| မင်းကွန်း၊ | မင်းကွန်း စေတီတော်၊ မြသိန်းတန်စေတီတော်၊ |
| မင်းဘူး၊ | ရှင်ပင်စကြတဲ စေတီတော်၊ ရွှေစက်တော်ဘုရား၊ |
| မိုးကုတ်မြို့၊ | ရွှေဂူကြီးစေတီတော်၊ |
| မိုးညှင်းမြို့၊ | သမ္ဗုဒ္ဓေစေတီတော်၊ |

www.dhammaransi.com



| | |
|---|---|
| မိတ္ထီလာမြို့၊ | ရတနာသင်းကျစ် စေတီတော်၊ ရွှေယင်မှျော် စေတီတော်၊ မန္တလေးမြို့ ကုသိုလ်တော် စေတီတော်၊ ကျောက်တော်ကြီးဘုရား၊ မဟာမြတ်မုနိဘုရား၊ သကျသီဟဘုရား၊ မာရ်အောင်ရတနာ စေတီတော်၊ ရွှေကျီးမြင့် စေတီတော်၊ အိမ်တော်ရာ စေတီတော်၊ ရွှေစာရံ စေတီတော်၊ |
| မြို့ဟောင်းမြို့၊ | ရှစ်သောင်းစေတီတော်၊ |
| မြန်အောင်မြို့၊ | ရွှေဘုံသာစေတီတော်၊ |
| ရေတာရှည်မြို့၊ | မယ်ဒက်စေတီတော်၊ |
| ရန်ကုန်မြို့၊ | ကမ္ဘာအေး စေတီတော်၊ ကျိုက္ကစံ စေတီတော်၊ ကျိုက္ကမာစိန် စေတီတော်၊ ဆူးလေ စေတီတော်၊ ဗိုလ်တထောင် စေတီတော်၊ ရွှေတိဂုံစေတီတော်၊ အိမ်တော်ရာစေတီတော်၊ |
| ရွှေကူမြို့၊ | ရွှေပေါ်ကျွန်း စေတီတော်၊ |
| ရွှေတောင်မြို့၊ | ရွှေနတ်တောင် စေတီတော်၊ |
| ရွှေဘိုမြို့၊ | ရွှေချက်သိုစေတီတော်၊ |
| လယ်ကိုင်းမြို့၊ | ကျောင်းတော်ရာ စေတီတော်၊ |
| သထုံမြို့၊ | ရွှေစာရံ စေတီတော်၊ |
| သမိုင်း၊ | ကျောက်ဝိုင်း စေတီတော်၊ |
| သာစုကန်၊ | သာစုကန် စေတီတော်၊ |

www.dhammaransi.com



| | |
|---|---|
| သီဟတော၊ | ရွှေမြင်တင် စေတီတော်၊ |
| သံတွဲမြို့၊ | အံတော် စေတီတော်၊ |
| သံလျင်မြို့၊ | ကျိုက်ခေါက် စေတီတော်၊ ငါးထပ်ကြီး စေတီတော်၊ |
| ဟင်္သာတမြို့၊ | ဦးပါရဲ စေတီတော်၊ |
| အမရပူရမြို့၊ | ကျောက်တော်ကြီး စေတီတော်၊ ရွှေကြက်ယက် စေတီတော်၊ |
| အမြင့်မြို့၊ | သမန္တစာဘုရား၊ |
| အင်းတော်ကြီး၊ | ရွှေမဋ္ဌု စေတီတော်၊ |
| အင်းလေး၊ | ဖေါင်တော်ဦး ဘုရား၊ |
| အင်းဝ၊ | တန်တားဦးမင်္ဂလာ စေတီတော်· |

www.dhammaransi.com

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

# နိဒါန်း

သုံးလောကထွတ်ထား၊ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူပြီးနောက်၊ သစ္စာလေးပါး အမြိုက်တရားတော် ပြန့်ပွားသည်မှ အစ မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော် ပွင့်လင်းခဲ့လေသည်။ သာသနာတော်ကို ပူဇော်ချီးမြှောက် ကြသူများသည် ရတနာသုံးပါးကို ဦးထိပ်ထားခဲ့ကြ၍၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူပြီးနောက်တွင်ကား မြတ်စွာဘုရား သက်တော်ထင်ရှား ရှိဘိသကဲ့သို့ ကိုယ်စားတော် ရည်မှတ်လျက် ပူဇော်ရာဝတ္ထုတို့ကို ကိုးကွယ်ဆည်းကပ်ခွင့် ရရှိကြပြန်လေသည်။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်က ပင်လျှင် အလောင်းတော် တောထွက်တော်မူ၍ ဖန်ဝါသက်န်း ဆင်မြန်း လဲလှယ်တော်မူစဉ်က ပုဆိုးတော်ကို ဃဋိကာရဗြဟ္မာ ယူဆောင်၍ အကနိဋ္ဌဘုံ၌ စေတီတော်တည်၍ ဒုဿစေတီဟု ထင်ရှားခြင်း၊ ဆံတော်ပယ်သော အခါ၌လည်း ပယ်ဖြတ်သော ဆံတော်ကို သိကြားမင်းပင့်ဆောင်၍ တာဝတိံသာဘုံ၌ စေတီတော်တည်၍

www.dhammaransi.com



ဂူဠာမဏိ စေတီဟုထင်ရှားခြင်း၊ မြတ်စွာဘုရားသည် လင်းလွန်း ပင်ရင်း၌ သီတင်းသုံးတော်မူစဉ်၊ ဥက္ကလာပတိုင်းမှ တပုဿနှင့် ဘလ္လိက ညီနောင်တို့အား ဆံတော်ရှစ်ဆူ သနားတော်မူ၍ ဥက္ကလာပတိုင်း၌ ဌာပနာ၍ စေတီတည်ခြင်း၊ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကပင် ဒေသစာရီ ကြွချီတော်မူရာ၌ ကိုယ်စားကိုးကွယ်ရန် မဟာဗောဓိမျိုးစေ့ကို အာနန္ဒာထေရ်၏ လျှောက်ထား ပေးချက်အရ၊ အနာထပိဏ်သဌေး စိုက်ပျိုး ကိုးကွယ်သည်ကို ခွင့်ပြုခြင်း၊ ခြေတော်ရာချထား၍ ပူဇော်စေခြင်း၊နိမ္မိတကိုယ်စား ရုပ်ပွားဖန်ဆင်း၍ ပူဇော်ခံစေခြင်းစသော အကြောင်းရပ်များကို ထောက်ရှုသည်ရှိသော် မြတ်စွာဘုရား လက်ထက်တော်ကပင်လျှင် ရည်စူးကိုးကွယ်ရာတို့ကို ခွင့်ပြုတော်မူ၍၊ ကိုးကွယ်ခြင်း အလေ့အထလည်း ရှိခဲ့ပေသည်။

ထိုမှတပါး မြတ်စွာဘုရားသည် ကာလိင်္ဂဗောဓိဇာတ်တော်ကို ဟောတော်မူအံ့သောကာလ၌ ညီတော် အာနန္ဒာထေရ်အား၊ ဓါတုစေတီဟု ဆိုအပ်သော သာရီရိကစေတီ၊ သုံးဆောင်တော်မူသော ပရိဘောဂဖြစ်သည့် ပရိဘောဂစေတီ၊ ရည်မှတ်ကိုးကွယ် အပ်သော ဆင်းတုရုပ်ပွားစသော ဥဒ္ဒိသကစေတီဟူ၍ စေတီ သုံးမျိုး ရှိကြောင်းနှင့် ဓါတုစေတီမှတပါး၊ ပရိဘောဂစေတီနှင့် ဥဒ္ဒိသကစေတီတို့ကို မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်၌ပင် ပူဇော်ကိုးကွယ် နိုင်ကြောင်းကိုလည်း ဟောကြားတော် မူလေသည်။ ဗောဓိပင်သည်ကား ဥဒ္ဒိသက စေတီ၌ပါဝင်လေသည်။ ထို့ပြင် မြတ်စွာဘုရားရှင်၏ တရားတော်ကို ရေးသားပူဇော် ဌာပနာသော ဓမ္မစေတီဟူ၍ ပူဇော်ကိုးကွယ် ထိုက်ကြောင်းကိုလည်း သာရတ္ထသင်္ဂဟ ကျမ်းတို့၌ မိန့်ဆိုထားပေသေးသည်။

www.dhammaransi.com



ယင်းသည့်အားလျော်စွာ ဗုဒ္ဓသာသနာတော် ပြန့်ပွားရာ မြန်မာနိုင်ငံ၌လည်း မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကပင် ဆံတော်ကိုဌာပနာသော စေတီတော် အဆူဆူတည်ထားကိုးကွယ်ခြင်း၊ ပရိဘောဂစေတီ၊ ကျောင်းတော်ရာစေတီ၊ ခြေတော်ရာစေတီ စသည်တို့ကို အရပ်ရပ်ဒေသတို့၌ တည်ထားကိုးကွယ်ပူဇော်ခဲ့ကြခြင်းနှင့် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံပြီးနောက်တွင် ဓာတုစေတီတော်၊ ဥဒ္ဒိဿကစေတီတော် အဆူဆူတို့ကို တည်ထားကိုးကွယ်ခြင်းများလည်း ရှိခဲ့ပေသည်။ ပါဠိလိပုတ်ပြည့်ရှင် သီရိဓမ္မာအသောက မင်းတရားကြီး လက်ထက်တွင် စေတီပုထိုးပေါင်း ရှစ်သောင်းလေးထောင်မျှ တည်ထားပူဇော်ခဲ့ရာ၌ မြန်မာနိုင်ငံအရပ်ရပ်၌လည်း စေတီပုထိုးများ တည်ခဲ့ကြောင်းကို ဘုရားသမိုင်း အစောင်စောင်တို့က မှတ်သားဖော်ပြ ခဲ့လေသည်။ ထို့ပြင် သာသနာတော် ပြုစုပျိုးထောင်သော မင်းအဆီဆီတို့က ကောင်းမှုတော်စေတီပုထိုး၊ ရုပ်ပွားဆင်းတု အဆုဆု တည်ထားခဲ့ကြရာ ဒွတ္တပေါင် မင်းကြီးမှစ၍ မာရ်အောင် ရတနာဒါယကာသီပေါမင်းအထိ မင်းအဆူဆူတို့၏ ကောင်းမှုတော် စေတီပုထိုးများလည်း အလွန်များပြားလှကြောင်း ရာဇဝင်သမိုင်းတို့၌ စာရင်းထိုးခဲ့ပြီး ဖြစ်လေသည်။ မင်းမှတပါး မှူးမတ်၊သင်္ဃေး၊ ကုန်သွယ်၊ လယ်လုပ် စသော ပြည်သူအပေါင်းတို့ကလည်း ဗုဒ္ဓသာသနာတော်ကို သဒ္ဓါယိုဖိတ်၊ စိတ်ပဏ္ဏိဓိ၊ လေးမြတ်ခြင်းရှိကြသည်ဖြစ်၍၊ စေတီရုပ်ပွား များပြားလှစွာ တည်ထားခဲ့ကြပေသေးသည်။ ပုဂံပြည်ဒေသ တဝိုက်၌ပင် "လှည်းဝင်ရိုးသံ တသံညံ့ ပုဂံဘုရားပေါင်း"ဟူ၍ ၄၄၄၆၇၃၃ ဆုတည်ရှိ ကျိန်းဝပ်ခဲ့ကြောင်း စကားစဉ်ရှိပေသည်။ မျက်မြင်ထင်ရှားအားဖြင့်လည်း

www.dhammaransi.com



နိုင်ငံတဝှမ်းတွင် ထင်ရှားသော ဘူမိချက်ချာ နေရာများ၌ရှင်း၊ တောင်ထိပ် တောင်ထွတ်တို့၌ရှင်း၊ မြစ်ကမ်းကုန်းထိပ် တို့၌ရှင်း၊ ထာဝရတည်သော ကျွန်းသောင်ကုန်းငူတို့၌ရှင်း အဆူဆူသော စေတီပုထိုးတို့ကို ဖူးမြင်နိုင်သည်သာ ဖြစ်လေသည်။

ထိုသို့ ပူဇော်တည်ထားခဲ့သော စေတီပုထိုးတို့တွင် ဓါတ်တော်မွေတော် ဌာပနာသော ဓါတုစေတီများလည်း ပါဝင်၍၊ ရုပ်ပွားဆင်းတု ဌာပ နာ သောစေတီနှင့် ရုပ် ပွား တော် များ ဖြစ်သော ဥဒ္ဒိသက စေတီများလည်း ပါဝင်ပြီး၊ ပရိဘောဂ ဌာပနာသော ပရိဘောဂစေတီနှင့် ပိဋကတ်ဒေသနာ၊ အက္ခရာ အရေးအလွှာ ဌာပနာသော ဓမ္မစေတီတို့လည်း ပါဝင်ပေသည်။ စေတီပုထိုး၊ ရုပ်ပွားတော် ဟူသမျှသည် ကိုးကွယ်ထိုက်သော စေတီလေးမျိုးတွင် တမျိုးမျိုးပါဝင်သည်သာ ဖြစ်၍၊ ဥဒ္ဒိသက ရည်မှန်းကိုးကွယ်ခြင်းနှင့်ကား မကင်းသည်သာဖြစ်၍ ကိုးကွယ် ပူဇော်ခြင်းငှာ ထိုက်သည်သာဖြစ်ပေသည်။ မည်သည့်ရုပ်ပွား စေတီတို့ကို ပူဇော်သည်ဖြစ်စေ၊ သက်တော်ထင်ရှား သဗ္ဗညု မြတ်စွာဘုရားကို ပူဇော် ဝပ်တွားသည့် သဘောစေတနာ ပင် ဖြစ်၍ ပူဇော်ထိုက်သည်သာ ဖြစ်သည့်အတိုင်း စေတီတော်အမှတ် အသား၌ ဝင်သမျှသော စေတီတော်အားလုံးကိုပင် အတူအမျှ လေးမြတ်ကြည်ညိုနိုင်ကြပေသည်။

မြန်မာနိုင်ငံတွင် တည်ထားကိုးကွယ်ခဲ့ကြသော စေတီ ရုပ်ပွား အဆူဆူတွင် ပြိုပျက်ကွယ်ပျောက်သော စေတီရုပ်ပွား များလည်း ရှိပေသည်။ သခ်ါရဓမ္မ ပျက်ယွင်းပြိုလဲသော စေတီ ရုပ်ပွားများလည်း ရှိပေသည်။အကြိမ်ကြိမ်အထပ်ထပ်ပြုပြင်မွမ်းမံ

ပူဇော်ကိုးကွယ်ခဲ့သော စေတီရုပ်ပွား များလည်း ရှိပေသည်။ တဖန် ကြွင်းကျန်ထင်ရှား လျက် ရှိသော စေ တီ ရုပ် ပွားတော် များတွင် ကျောက်စာအထင်အရှား စိုက်ထူရေးထိုးထားသော စေတီရုပ်ပွား များနှင့် သမိုင်းတစောင်တဖွဲ့ မှတ်သွင်း ရေးသား ထားသော စေတီရုပ်ပွားများလည်း ရှိပေသည်။ သမိုင်းကျောက်စာ ရှိခဲ့သည်ဖြစ်စေ၊ မရှိခဲ့သည်ဖြစ်စေ၊ တည်သော ကာလ၊ တည်သောဒါယကာ၊ ဌာပနာရာ ဝတ္ထုတို့ကို မထောက်မမိ၊ မသိရှိနိုင်တော့သည့် စေတီရုပ်ပွားများလည်း ရှိပေသည်။ သို့ဖြစ်ရာ ရှာဖွေစိစစ်၍ ရရှိနိုင်သေးသမျှ မြန်မာနိုင်ငံရှိ စေတီရုပ်ပွားတော်တို့၏ သမိုင်းများကို တပေါင်းတစုတည်းအားဖြင့် သိလိုရာကို လွယ်ကာခဏ ကြည့်ညိုရစေရန် နှစ်ကာလအတန်ကြာကပင် မှတ်စုရေးသွင်း မှတ်သားထားခဲ့ပေသည်။

မြန်မာနိုင်ငံတွင် စေတီရုပ်ပွား အဆူဆူတို့၏ သမိုင်းစာအုပ်စာတမ်းများ အတော်အတန် ထွက်ပေါ်ခဲ့ဘူးပေသည်။ သို့ရာတွင် စေတီရုပ်ပွားတော်တို့၏ သမိုင်းမျှသာမက၊ ဒီပင်္ကရာဗုဒ္ဓဝင်၊ ဂေါတမဗုဒ္ဓဝင်၊ သာသနာသမိုင်း၊ တကောင်း သရေခေတ္တရာ ရာဇဝင် မဟာဝင်၊ ဒီပဝင် စသည်တို့ကိုပါ အကျယ်တဝင့်ဖွဲ့ချီးလမ်းသွယ် ရေးသားထားသည်လည်း ရှိပေသည်၊ အကြောင်းအရာ မပြည့်မစုံ လစ်လပ်ကြွင်းကျန်သော သမိုင်းအချို့လည်း ရှိပေသည်။ သမိုင်းတစောင် တဖွဲ့မဟုတ်ဘဲ မှတ်သားထားချက်များလည်း စာပေအရပ်ရပ်၌ ပါရှိတတ်ပေသေးသည်။ ထိုမှတပါး သမိုင်းထင်ရှား ရေးသား ထုတ်ဝေခြင်း မရှိသေးသည်လည်း ရှိပေသည်။ သို့ဖြစ်ရာ ပေါ်ထွက်ပြီး သမိုင်းများ၊ အစဉ်အဆက် မှတ်သားချက်များ၊ ရာဇဝင်သမိုင်းကျမ်းများ၊ မှတ်စုမှတ်တမ်း

၇၂၁၉

www.dhammaransi.com



များမှ ရှာဖွေဆည်းပူးမိသမျှသော စေတီရုပ်ပွားသမိုင်း မှတ်စု အကျဉ်းများကို မိမိတဦးတည်း၏အကျိုးအတွက်သာမက အများ ပြည်သူတို့ပါ မှတ်သားလေ့လာ ကြည်ညိုပူဇော်နိုင်ကြရန် အက္ခရာစဉ်ဖြင့် စာအုပ်တစောင်တဖွဲ့အဖြစ် ပြုစုလိုက်ရပေသည်။

ဤသမိုင်းမှတ်စုများတွင် ပဓာနအားဖြင့် ရုပ်ပွား စေတီတော်တို့၏—

(က) ကျိန်းဝပ်တည်ရာ ဌာနဒေသ၊
(ခ) တည်သောဒါယကာနှင့် တည်သောအကြောင်း၊
(ဂ) တည်သော နေ့ရက် ကာလ၊
(ဃ) ဌာပနာသော ဝတ္ထုများ၊
(င) ဥာဏ်တော်ပမာဏ၊
(စ) အဆက်ဆက်ပြုပြင်သော ဒါယကာများ၊

စသည်တို့ကို တတ်နိုင်သမျှ ထောက်မိပါဝင်အောင် သတိထား၍ မှတ်သားပြုစုထားပေသည်။ သို့ရာတွင် အကြောင်းအရာတို့ကို လွယ်ကာခဏ မှတ်သားရစေရန် အကျဉ်းချုံး၍သာ ဖေါ်ပြထားပေသည်။ ရုပ်ပွားစေတီတို့တွင် ဌာပနာသော ဝတ္ထုပစ္စည်းနှင့် အစီအရင်တို့မှာ ကုန်းဘောင် မဟာရာဇဝင်တော်ကြီးနှင့် အချို့သော ဘုရားသမိုင်းတို့တွင် ရှည်လျားလှစွာ ရေးသားမှတ်သွင်းထားရအောင်ပင် များပြားကျယ်ပြောလှသည်ဖြစ်ရာ ဤသမိုင်း မှတ်စုများတွင် ပြည့်ပြည့်စုံစုံ ဖေါ်ပြရန်ကား မရည်ရွယ်ခဲ့ပေ။ ထိုမှတပါး ပြည့်စုံသော သမိုင်းအကျယ်ကို လေ့လာရှာမှီးသူတို့သည် ဤမှတ်စု၌ ညွှန်ပြထားသော ကိုးကားရာ သီးခြားစေတီ ရုပ်ပွား

www.dhammaransi.com



တော်တို့၏ သမိုင်းများတွင် လိုအပ်သည်ကို အကျယ်တဝင့် လေ့လာနိုင်ကြမည်သာ ဖြစ်ပေသည်။ ဤသမိုင်းမှတ်စုများ၌ ဖေါ်ပြလိုရင်း အကြောင်းအရာတို့ပင် ကြွင်းကျန်ခြင်း သော် ငှင်း၊ ထင်ရှားသော စေတီရုပ်ပွား သမိုင်းမှတ်စုများ ကြွင်းကျန် နေခြင်းတို့သည်လည်း ရှိမည်ပင်ဖြစ်ရာ စုဆောင်း ရှာမှီးမိသူများ က ထောက်မ ကျေးဇူးပြုရန် ပန်ကြားရမည်သာ ဖြစ်ပေသည်။

အထူးသဖြင့်ကား ရာဇဝင်သမိုင်းဟူသည်တို့မှာ ရမိသမျှ အထောက်အထားတို့ဖြင့် နှောင်းသောကာလတွင်မှ အဆင့်ဆင့် မှတ်သား ရေးသွင်းကြခြင်းမျိုး၌ ဝိဝါဒအငြင်းပွားစရာ၊ အမှတ် အသား ကွဲလွဲရာများလည်း ရှိမည်သာပင် ဖြစ်ပေသည်။ ဤသို့ အမှတ်အသား ကွဲလွဲရာတို့၌မူ အခိုင်အမာ သာဓက အကိုး အထောက် တွေ့မှီသူများက မိမိတို့စဉ်းစားဉာဏ်၌ ထင်မြင်ယူဆ သည့်အတိုင်းပင် မှတ်ယူနိုင်ကြပေသည်။ ပြုစုသူအနေဖြင့်ကား ဉာဏ်မှီသမျှ၊ မှတ်သားရသမျှ၊ ထောက်ထား ကိုးကားနိုင်သမျှ ကိုသာ ထည့်သွင်းဖေါ်ပြရသည်ဖြစ်ပေရာ၊ မျက်ကွယ်ကာလ၏ ထင်ရှား အကိုးအထောက်မရှိသော ကိစ္စရပ်များတွင် တစုံတရာ ခုခံငြင်းခုံခြင်းများကိုပြုရန် မလိုလားချေ။ အချို့သော သမိုင်း မှတ်တမ်းတို့သည် အချင်းချင်းညှိနှိုင်း၍ မရအောင် အမှတ် အသား ကွဲပြားသည်များလည်း ရှိပေသည်။

ထိုမှတပါး စေတီရုပ်ပွားတော်တို့၏ သမိုင်းများတွင် မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်တို့ကို ဌာပနာ တည်ထား သည့်အတိုင်း၊ လူသတ္တဝါတို့သာမက၊ နတ်မင်း၊ ဗြဟ္မာမင်း၊ သိကြားမင်း၊နဂါးမင်း၊ကုမ္ဘဏ်မင်း၊ဂဠုန်မင်း၊ စသည်တို့ ပါဝင်

www.dhammaransi.com



ကူညီကြသည့် အကြောင်းရပ်များကို အကျယ်တဝင့် ဖော်ပြကြသည်၌ ဤမှတ်စုများတွင်တည်ရင်း ဒါယကာနှင့်သက်ဆိုင် ဆက်စပ်သည့် အကြောင်းရပ်များမှတပါး၊ ကြည်ညို နှလုံးသွင်းသူတို့ ဖြည့်သွင်းဆင်ခြင် မှတ်ယူရန်သာလျှင် ချင်းချန်ထားခဲ့ပေသည်။ စေတီရုပ်ပွားအဆူဆူတွင် ထပ်တူထပ်မျှပင် ပူဇော်ကြသည့်အရာ၌ တန်ခိုးတော်အရှင်၊ အစိန္တေယျ အတုလဖြစ်တော်မူသော မြတ်စွာဘုရားဖြစ်၍ ကြည်ညိုသော ဇောစေဘနာ၌ ကျယ်ပွားလိုသမျှ ဖြစ်နိုင်သည်ချည်းသာဖြစ်၍ အထူးဖော်ပြဘွယ် မလိုပေ။

ထိုမျှမက ဓာတ်တော်မွေတော်တို့ တန်ခိုးပြာဋိဟာပြခြင်း၊ ရောင်ခြည်တော် ကွန့်မြူးခြင်း၊ အဓိဋ္ဌာန်အတိုင်း တန်ခိုးတော်ပြည့်စုံခြင်း၊ ကောင်းကင်ပျံတက်ခြင်းစသော အံ့ဘွယ်သရဲ ထူးကဲသည့် ဖြစ်ရပ်များကိုလည်း ရှေးနည်းအတိုင်း တန်ခိုးတော်အရှင်ဖြစ်၍၊ ကြည်ညိုသူတို့ နှလုံးသွင်း ထင်မြင်နိုင်ကြပြီး ဖြစ်သည့်အတိုင်း အကျယ်တဝင့် ချဲ့ထွင်ချီးမြှောက်ခြင်း မပြုတော့ဘဲ ဆင်ခြင်ဖြည့်သွင်း မှတ်ယူရန် ချန်လှပ်ခဲ့ပေသည်။

ထို့အတူပင် စေတီရုပ်ပွားတည်ရာ၊ ပန္နက်ချရာ၊ ဌာပနာရာ၊ ထီးတော်တင်ရာ၊ ဖူးမြင်ရာတို့၌ အထူးထူးသော အစီအရင် အခမ်းအနား၊ အဆင့်ဆင့် အရပ်ရပ်တို့ကိုလည်း ပူဇော်သူတို့ အင်အားအလျောက် ကြီးမားဆန်းကျယ်ကြောင်းကို အသင့်နှလုံးသွင်း ဆင်ခြင်နိုင်သည်ဖြစ်၍ ချန်လှပ် ထားခဲ့ပေသည်။ ဖြည့်သွင်း၍ မှတ်ယူနိုင်ပေသည်။

www.dhammaransi.com



ထိုကြောင့်လည်း ဤစေတီရုပ်ပွား မှတ်စုများသည် လိုရင်းအကြောင်းအချက် အကျဉ်းမျှသာ ဖြစ်သည်ဟူ၍ ခွဲခွဲခြားခြား သိရှိသဘောပေါက်ထားရန် ကြိုတင်ဖေါ်ပြရပေသည်။

စေတီရုပ်ပွား သမိုင်းများနှင့် ပတ်သက်၍လည်း အစဉ်အလာ သူဟောင်းတို့ မှတ်သားခဲ့သည် တို့ကိုသာ ဖေါ်ပြထားပေသည်။ ဗုဒ္ဓပိဋကတ်ဒေသနာများ၊ ကျောက်စာများ၊ ဌာပနာဝတ္ထုပစ္စည်းများဖြင့် ချိန်ညှိဆက်စပ်၍ သုတေသနသဘောအားဖြင့် အတည်ပြု တင်ပြရန်ကား ရည်ရွယ်ရင်း မဟုတ်ပေ။ သို့ဖြစ်သောကြောင့် မြတ်စွာဘုရား ဒေသစာရီ ကြွချီခြင်း၊ ဓာတ်တော်မွေတော် ပြန့်နှံ့ကြွချီခြင်း၊ သီရိခမ္မာ အသောကမင်းကြီး စေတီတည်ခြင်း စသည်တို့နှင့် ပတ်သက်၍ရင်း၊ ကျန် သမိုင်းအချက်အလက်များနှင့် ပတ်သက်၍ရင်း၊ ဝိဝါဒ ဖြေရှင်းဘွယ်အကြောင်းလည်း ရှိမည်မထင်ပေ။ ကြည်ညိုရင်း သဒ္ဓါဆန္ဒပွားများခြင်းဖြင့် ပူဇော်အပ်သော ဓါတု၊ ပရိဘောဂ၊ ဥဒ္ဒိသကနှင့် ဓမ္မစေတီအဝင်အပါဖြစ်ကြောင်း လက်ခံယုံကြည်ခြင်းဖြင့် ပင်လျှင် သံသယ၊ ကုက္ကုစ္စ၊ ဝိတက္က၊ ဝိစိကိစ္ဆာ စသည်တို့သည် ချုပ်ငြိမ်းနိုင်ဘွယ် ရှိပေသည်။ ထိုမှတပါး အစဉ်အလာ မှတ်သားခဲ့သည်တို့နှင့် ပတ်သက်၍ ကြည်ညို ယုံကြည်ထားခဲ့ခြင်းများကိုလည်း အကြောင်းမဲ့ ပျက်ပြားစေခြင်းငှာ မသင့်သည့်အတိုင်း သမိုင်းစဉ် အမှတ်အသားတို့အတိုင်းပင် မှတ်သွင်းဖေါ်ပြထားပေသည်။

သမိုင်း ပြုစုခဲ့သူတို့သည်လည်း စဉ်လာစကားတို့ကို အားထားယုံကြည်ရင်းဖြင့်ရင်း၊ သဒ္ဓါပသာဒ ကြည်ညိုမှု ပီတိပွားစေ

www.dhammaransi.com



ရန် ထိုးထွင်း၍ငင်း၊ ကျမ်းဟောင်းစာပေ အထောက်အထား ယူဆသည့်အတိုင်းငင်း၊ အာစရိယဝါဒ မိန့်ဟနာယူခဲ့ဘူးသည်ကို ငင်း၊ မှတ်သား ရေးသွင်းခဲ့ကြသည်သာဖြစ်၍၊ ဝေမံသုတံ ဟူသော မဂ်လသုတ္တံ နိဒါန်းစကားဖြင့်ပင်လျှင်၊ ဤမှတ်စုတွင် လည်း ထည့်သွင်းမှတ်သားထားသည်ဖြစ်ကြောင်းကို နှလုံးသွင်း စေလိုပေသည်။

သမိုင်းမှတ်စုအနေဖြင့် မပြည့်စုံသော စေတီရုပ်ပွားတော် များနှင့်ပတ်သက်၍ ထောက်မိသမျှကိုလည်း အက္ခရာစဉ်၍ ဖေါ် ပြထားပေသည်။ သုတလိုလားသူများသည်ငင်း၊ ဗုဒ္ဓမြတ်စွာကို ကြည်ညိုသဒ္ဓါ ပွားများလိုသူတို့သည်ငင်း၊ ဆန္ဒပြည့်ဝလိမ့်မည် ဟု မျှော်လင့်ယုံကြည်မိပေသည်။

(လှသမိန်)

www.dhammaransi.com

# ကိုးကားသောကျမ်းများ

၁။ ရွှေဆံတော် စေတီတော်သမိုင်း၊ (ဦးမေဓာပြုစု၍ ကန်တွင်းဆရာတော်တည်းဖြတ်သည်။) တိဂိုဘုရားသား ပုံနှိပ်တိုက်၊ ပြည်မြို့၊ ၁၃၁၅။

၂။ ပုဂံဘုရား ၂၁-ဆူသမိုင်း၊ (ဦးမြတ်သွင်)မောင်ထွန်းဖေ ပုံနှိပ်တိုက်၊ မန္တလေး၊ ၁၃၂၀။

၃။ ပတ္တမြားစေတီသမိုင်း၊ (ရွှေကိုင်းသား) ကြီးပွားရေး ပုံနှိပ်တိုက်၊ မန္တလေး-၁၃၂၄။

၄။ ဆွမ်းဦးပုညရှင် စေတီသမိုင်း၊ (ရွှေကိုင်းသား)ကြီးပွား ပုံနှိပ်တိုက်၊ မန္တလေး၊၁၃၂၂။

၅။ ကျိုက်ထီးရိုးသမိုင်းသစ်၊ (ဦးဘဦး)စန္ဒာဝင်းပုံနှိပ်တိုက် ရန်ကုန်၊ ၁၃၂၇။

၆။ ကျောင်းတော်ရာနှင့် ရွှေစက်တော်သမိုင်း၊ (ဆရာတော် ဦးဒီပ)ဟံသာဝတီပုံနှိပ်တိုက်၊ ၁၃၂၅။

၇။ သီဟိုဠ်ရှင်သမိုင်း၊(လယ်တီ အရှင်ကောဝိဒသာမိ)ဇမ္ဗူ့ မိတ်ဆွေ ပိဋကတ်ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၃၁၅။

၈။ စွယ်တော်ရှင်သမိုင်း၊ (ဆရာအုံ့) သုခဝတီ ပိဋကတ် စာပုံနှိပ်တိုက်၊ မန္တလေး၊ ၁၃၁၃။

၉။ မယ်ဒက် စေတီတော်သမိုင်း (ဦးပု)ဇေယျစာပုံနှိပ်တိုက်၊ တောင်ငူမြို့၊၁၃၁၈၊

၁၀။ ရွှေကြက်ယက် ဘုရားသမိုင်း၊ (ဦးအောင်ဘ) — အောင်ဆုပန်ပုံနှိပ်တိုက်၊ မန္တလေး၊၁၃၁၃။

www.dhammaransi.com


၁၁။ ပြည်တော်ပြန်ဘုရားကြီးသမိုင်း၊ (ဦးအရိယဝံသ)မင်္ဂလာပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၃၁၈။

၁၂။ ကလျာဏီ သိမ်တော်ကြီးသမိုင်း ( - )သုဓမ္မဝတီပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၃၁၅။

၁၃။ မဟာမုနိ သမိုင်းတော်သစ် (အသျှင် ပဏ္ဍိစ္စ)သမတပုံနှိပ်တိုက်၊ မန္တလေး၊ ၁၃၁၃။

၁၄။ ရွှေမဥ္ဇူ ဘုရားသမိုင်း၊ (မောင်ကံဆက်) မျိုးစေ့ပုံနှိပ်တိုက်၊ မန္တလေး၊ ၁၃၁၃။

၁၅။ ပြည် ရွှေဆံတော်သမိုင်း၊ (ဦးမေဓာ) ဟံသာဝတီ ပုံနှိပ်တိုက်၊ရန်ကုန်၊ ၁၃၂၆။

၁၆။ ရွှေပေါကျွန်း သမိုင်း ဟောစာ (မန္လည် ဆရာတော်) ယုဝ ရောင်စုံပုံနှိပ်တိုက်၊ မန္တလေး၊ ၁၃၁၅။

၁၇။ မြောက်ဦးမြို့ ဘုရားသမိုင်း(ဦးသာထွန်း)ပြည်တော်သာပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၃၀၁။

၁၈။ ပါဒ နိုင်ငံတော် ရာဇဝင်နှင့် ရုပ်ပွား စေတီတော်များ သမိုင်း (ဦးထွန်းရီ) ပြည်တော်သာပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၃၁၉။

၁၉။ ကျိုက်မှော်ဝန်းစေတီတော်သမိုင်း(ကဝိဓဇ-ဦးကျော်) မြန်မာ့စည်းရုံးရေးပုံနှိပ်တိုက်၊ ကျောက်တန်းမြို့၊ ၁၃၁၇။

၂၀။ အင်းလေးဖေါင်တော်ဦး ဘုရားသမိုင်း (ဦးသောဘိတ) သင့်ဘဝပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၃၁၀။

www.dhammaransi.com



၂၁။ ပုဂံမြို့ ဘုရားတဆယ့်ခုနစ်ဆူသမိုင်း (မြတောင်ဆရာတော်) ဟံသာဝတီပုံနှိပ်တိုက်၊ မန္တလေး၊ ၁၂၉၁။
၂၂။ မဟာမြတ်မုနိသမိုင်းနှင့် ဦးရစ်တော် ဘုရားသမိုင်း၊ (ဆရာထွန်း) မဟာဝိဇ္ဇာပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၃၁၅။
၂၃။ ရွှေနတ်တောင် စေတီတော်သမိုင်း၊ (သခင်အေး) ရွှေပြည်ညွန့်စာပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၃၁၄။
၂၄။ မန်းရွှေစက်တော်ရာ နှစ်ဆူသမိုင်း၊ (—) ခေတ်စာပုံနှိပ်လုပ်ငန်း၊ ကြည့်မြင်တိုင်၊ ၁၃၂၀။
၂၅။ ပြည်မြို့ ရွှေဆံတော် ဘုရားသမိုင်း (ဦးသဲ) ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၂၉၀။
၂၆။ ကလျာဏီသိမ်တော် သမိုင်းစာ (--) မင်္ဂလာသောင်းစာပုံနှိပ်တိုက်။ ပဲခူးမြို့၊ ၁၃၁၇။
၂၇။ ပဲခူး ရွှေမော်ဓော သမိုင်းသစ် (ဦးသာသန) သုဓမ္မဝတီပုံနှိပ်တိုက်။ ရန်ကုန်၊ ၁၃၁၂။
၂၈။ မန္တလေးမြို့ တန်ခိုးကြီးဘုရားများသမိုင်း (ဦးပဏ္ဍိစ္စ)-ပိဋကတ်တော် လျှပ်စစ်ပုံနှိပ်တိုက်၊ မန္တလေး၊ ၁၃၂၁။
၂၉။ မန္တလေးတောင် ဓာတုပူဇနီယစာတမ်း၊ (ပါဠိဆရာဆရာဝံ) သူရိယသတင်းစာတိုက်၊ ရန်ကုန်၊ ၁၂၉၇။
၃၀။ ရွှေမော်ဓော သမိုင်းချုပ် မှုဟောင်း၊ (ရတနာဦးသွင်) ရတနာဦးသွင်ပုံနှိပ်တိုက် ရန်ကုန်၊ ၁၃၁၆။
၃၁။ မွန်ရာဇဝင် စေတီတော်သမိုင်းပေါင်းချုပ်၊ (စစ်ကဲဦးနော်) ပိဋကတ်တော်ပြန့်ပွားရေးပုံနှိပ်တိုက်၊ မန္တလေး၊ ၁၂၉၅။

www.dhammaransi.com


၃၂။ ရွှေတိဂုံသမိုင်းတော်(အရိယဝံသအာဒိစ္စရံသီ)ဟံသာဝတီပုံနှိပ်တိုက် ရန်ကုန်၊ ၁၃၁၉။
၃၃။ ရာမညတိုင်း သုံးရပ်ဓာတ်တော်သမိုင်း၊ (ဦးပါ)မြန်မာ့သြဘာ စာပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၂၇၃။
၃၄။ မန်းစက်တော်ရာနှင့် စေတီလေးဆူသမိုင်းမှု(ဦးတင်ရှိန်)ပြည်သူ့အလင်းပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၃၂၅။
၃၅။ သံလျင်ကျောက်တန်းစေတီတော်များသမိုင်း(ဦးသီလ)အောင်စာပုံနှိပ်တိုက်၊ ရန်ကုန်၊၁၃၁၄။
၃၆။ တကောင်းရာဇဝင် (ဦးယောကြီး) မောင်ဘုန်းဘောစာပုံနှိပ်တိုက်။ မန္တလေး၊ ၁၃၁၄။
၃၇။ ရွှေတိဂုံသမိုင်းသစ် (ဦးဝံသအဂ္ဂ)ဟံသာဝတီပုံနှိပ်တိုက် ရန်ကုန်၊ ၁၃၂၅။
၃၈။ တောင်တွင်းကြီးသမိုင်း (ဦးဥာဏ) ပညာသိပ္ပံပိဋကတ်တိုက်၊ မန္တလေး၊ ၁၂၈၉။
၃၉။ ပုပ္ပါးတောင်သမိုင်း (ဆရာရွှေ) ၁၃၁၇။
၄၀။ မင်းဘူးရွှေစက်တော်သမိုင်းနှင့် ကျောင်းတော်ရာသမိုင်း (မင်းဘူးမောင်သော်)ဇေယျာဘုမ္မိပုံနှိပ်တိုက်၊စလင်းမြို့၊ ၁၃၁၈။
၄၁။ ရွှေအင်းတော်စေတီသမိုင်း (ယင်းကျေးမှု ထိန်းသိမ်းရေးအဖွဲ့)ရွှေမန်းစာပုံနှိပ်တိုက်၊ မကွေးမြို့၊ ၁၃၁၄။
၄၂။ ပုဂံမြို့ ရွှေစည်းခုံနှင့် အာနန္ဒာ ဘုရားသမိုင်းရာဇဝင် - (ဦးမြတ်သွင်) မြန်မာ့တာရာ စာပုံနှိပ်တိုက်၊ မန္တလေး၊ ၁၃၁၄။

www.dhammaransi.com



၄၃။ မြသလွန်စေတီတော်သမိုင်း (--)ရွှေမန်းစာပုံနှိပ်တိုက်၊ မန္တလေး၊ ၁၃၁၇။

၄၄။ ရွှေဂူကြီးစေတီတော်သမိုင်း(မာဃ)ခေတ်စာပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၃၂၁။

၄၅။ ကျိုက္ခမိရေလယ်ဘုရားကြီးသမိုင်း(-) ဦးစိန်ရှံအင်ဆန်း စာပုံနှိပ်တိုက်၊ မော်လမြိုင်။

၄၆။ မြတ်စောညီနောင်သမိုင်းနှင့် တောင်ငူရာဇဝင်၊ -(ဦးအောင်ခင်)ဇေယျစာပုံနှိပ်တိုက် တောင်ငူ။

၄၇။ ရွှေဥမင် ဘုရားသမိုင်းနှင့် ပင်းတယမြို့ရာဇဝင် (--) ဗမာ့ခေတ်ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၃၁၇။

၄၈။ ရွှေစာရံသမိုင်း(လယ်တီဦးလှတင်)ဇောတိကပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၃၂၄။

၄၉။ ပုပ္ပါးတောင်ကလပ်ပုံနှင့် သမိုင်းအတ္ထုပ္ပတ္တိ၊(ဦးသာတင်) ဇမ္ဗူလစာပုံနှိပ်တိုက်၊ မြင်းခြံမြို့၊ ၁၃၁၀။

၅၀။ ကေလာသ စေတီတော်သမိုင်း၊ (ရှင်ဝေပုလ္လ) ရန်ကုန်၊ ၁၃၂၃။

၅၁။ သံလျင်ရာဇဝင်၊ ( - )သူရိယ သတင်းစာတိုက်၊ရန်ကုန် ၁၂၉၀။

၅၂။ တွံတေး ရွှေဆံတော်သမိုင်းသစ်(ကထိက ဦးသက်ဘင်) သုဓမ္မဝတီ ပုံနှိပ်တိုက်၊ရန်ကုန်၊ ၁၃၁၈။

၅၃။ ရွှေစက်တော် သမိုင်းကြီး၊ (ဆရာ ဦးတင်ရှိန်) ပြည်သူ့အလင်း ပုံနှိပ်တိုက်၊၁၃၂၀။

www.dhammaransi.com


၅၄။ မန်းရွှေစက်တော် သမိုင်း (စလင်း ဇေယျာသီရိ) ဇွဲစဉ်သယ ပိဋကတ် ပုံနှိပ်တိုက် ရန်ကုန်၊ ၁၃၂၁။

၅၅။ ရှင်ဖြူရှင်လှ ဘုရားသမိုင်း၊ (လယ်တီ ဦးလှပိုင်) အတုလဝတီ စာပုံနှိပ်တိုက်၊ စစ်ကိုင်း၊ ၁၃၂၅။

၅၆။ အကျွတ်အလွတ် ဘုရားသမိုင်း(လယ်တီအသျှင်ပဏ္ဍိတ) အမျိုးသား ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၃၂၅။

၅၇။ ကျိုက္ကစံ ဆံတော်ရှင် သမိုင်းသစ် (အသျှင် လက္ခဏ) အေးအေး ပုံနှိပ်တိုက် ရန်ကုန်၊ ၁၃၂၅။

၅၈။ သီဟတော စေတီတော်သမိုင်း၊ (ဦးစောလင်း) ကိုလေး ပုံနှိပ်တိုက် မန္တလေး၊ ၁၃၂၂။

၅၉။ မင်းကွန်းဘုရားများသမိုင်း၊(လယ်တီ ဦးလှပိုင်) အတုလဝတီ ပုံနှိပ်တိုက်၊ စစ်ကိုင်း၊ ၁၃၂၅။

၆၀။ မော်လမြိုင် (ပါဠိ ဆရာဦးဘသန်း) ဦးစိန်ရီ အင်ဆန်း စာပုံနှိပ်တိုက်၊ မော်လမြိုင်၊ ၁၃၁၁။

၆၁။ မိတ္ထီလာ ကန်တော်သမိုင်း (ကဗျာဘာဏီ ဦးမြင့်ဆွေ) မိဘာဂုဏ် ပိဋကတ်တိုက် မိတ္ထီလာမြို့၊ ၁၃၁၉။

၆၂။ တောင်တွင်းကြီး သမိုင်း (မင်းလှ သီရိသင်္ခယာ) ရွှေမြို့တော် ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၃၂၅။

၆၃။ ရှင်မုတ္ထီး ဘုရားသမိုင်း ( - ) ဗဟိုစည် စာပုံနှိပ်တိုက် ထားဝယ်မြို့၊ ၁၃၂၄။

၆၄။ ပတ္တမြားမြေသမိုင်း (ဦးသိန်းလွင်)မန္တလာဘုမ္မိပိဋကတ် ပုံနှိပ်တိုက်။ မန္တလေးမြို့၊ ၁၃၁၈။

www.dhammaransi.com



၆၅။ ဘုရားသမိုင်းပေါင်းချုပ်(မော်ပီဆရာသိန်း) မျိုးဇောင့် ပုံနှိပ်တိုက်။ ရန်ကုန်၊ ၁၂၉၆။

၆၆။ ပုသိမ်ရာဇဝင်(မဘဿ)ဇွဲစာပုံနှိပ်တိုက်။ ရန်ကုန်၊၁၃၂၉။

၆၇။ ဦးပါရဲစေတီကမ်းဆည်ရေးရှင်းတန်း၊ (ရှင်သီရိ - အာဘာ)ရွှေပြည်အေးပုံနှိပ်တိုက်။ ဟသ်ာတမြို့၊၁၃၂၂။

၆၈။ ကမ္ဘာ့သေမိုင်း၊ (ဦးသိန်း)ဘာဝပုံနှိပ်တိုက်။ ရန်ကုန်မြို့၊ ၁၃၂၅။

၆၉။ ကျိုက္ကမာစိန် စေတီတော်သမိုင်း (ရှင်ပညာဝံသ) မောရဝတီပုံနှိပ်တိုက်။ ရန်ကုန်မြို့၊ ၁၃၁၉။

၇၀။ ဆူးလေဆံတော်ရှင်စေတီတော်သမိုင်း မော်ကွန်းချုပ် (ဦးစိန္တာ) မြသော်တာပုံနှိပ်တိုက်။ရန်ကုန်မြို့၊ ၁၃၁၈။

၇၁။ ငါးထပ်ကြီး ဘုရားကြီးသမိုင်း၊ (ကဝိဓဇဦးကျော်) မြန်မာ့စည်းရုံးရေးပုံနှိပ်တိုက်။ကျောက်တန်းမြို့၊ ၁၃၁၈။

၇၂။ ကာလေးမြို့သမိုင်း၊(အရှင်ပဒုမ)ကြီးပွားရေးပုံနှိပ်တိုက် မန္တလေးမြို့၊ ၁၃၂၆။

၇၃။ စစ်ကိုင်းတောင် အတ္ထုပ္ပတ္တိ သမိုင်းညွှန့်ပေါင်း- [ဦးအရိယဝံသ]အောင်သီရိပုံနှိပ်တိုက်။စစ်ကိုင်း၊၁၃၁၈။

၇၄။ ရွှေမော်ဓောသမိုင်း (ဦးသက်တင်) စာပေဗိမာန် ပုံနှိပ်တိုက်။ ရန်ကုန်၊ ၁၃၁၇။

၇၅။ ရွှေဆံတော် သမိုင်းချုပ် (ပျို့ပူးတွဲပါ) ဦးချစ်မောင် တည်းဖြတ်သည်။ ပညာဒီပပုံနှိပ်တိုက်၊ ပြည်မြို့၊ ၁၂၉၈။

www.dhammaransi.com


၇၆။ သတ္တရူပကဝိလာသနီကျမ်း( - )စာပေဗိမာန် ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၃၂၂။

၇၇။ ဒါဌာဓာတုပကာသနီကျမ်း(ရှင်သိရိန္ဒထေရ်)သုဓမ္မဝတီ ပုံနှိပ်တိုက်။ ရန်ကုန်၊ ၁၃၀၂။

၇၈။ သမန္တစက္ခုဒီပနီကျမ်း (မုံရွေးဆရာတော်)သုဓမ္မဝတီ ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၃၀၂။

၇၉။ စေတီယပကာသနီကျမ်း(ရှင်မေဓာဝီ)ဂန္ဓမာပုံနှိပ်တိုက် ၁၃၂၇။

၈၀။ ကုန်းဘောင်မဟာ ရာဇဝင်တော်ကြီး၊- (မောင်မောင်တင်) တိုင်းသတင်းစာပုံနှိပ်တိုက်၊ မန္တလေး ၁၂၆၇။


၈၁။ ဇာတာတော်ပုံရာဇဝင် (အဇာဂရ) အစိုးရပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၃၂၂။

၈၂။ မြန်မာရာဇဝင် သံခိပ်ကျမ်း (လယ်တီပဏ္ဍိတ) ရန်ကုန်၊ ၁၂၉၂။


၈၃။ မှန်နန်းရာဇဝင်တော်ကြီး -၅-တွဲ (ပညာရှိအများ) မိဘဂုဏ်ပုံနှိပ်တိုက်။ မိတ္ထီလာမြို့၊ ၁၃၁၉။

၈၄။ မဟာရာဇဝင်ကြီး(ဦးကုလား)ပြည်ကြီးမဏ္ဍိုင်ပိဋကတ် ပုံနှိပ်တိုက်။ ရန်ကုန်၊၁၁၈၇။

www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com

# ဘုရားစေတီများသမိုင်း

www.dhammaransi.com

# ကလျာဏီသိမ်တော် (ပဲခူးမြို့)

ကလျာဏီသိမ်မှာ ပဲခူးမြို့ အနောက် တောင်ဘက်၌ တည်ရှိလေသည်။

သက္ကရာဇ် ၈၂၀ ပြည့်နှစ်တွင် ဟံသာဝတီ၌ မင်းအဖြစ်ကို ရရှိသော ဓမ္မစေတီမင်းသည်၊ မိဘုရားကြီး ရှင်စောပုအား ဓမ္မရေတ္တဲ့ဖြင့်ရှိစဉ် ရဟန်းဘဝကတည်းက ကူညီခဲ့ဘူးသူဖြစ်သည့် အတိုင်း၊ လောကုတ္တရာ ရေး၌လည်း အမြော်အမြင် ရှိလေရာ၊ သာသနာတော် တည်တံ့ရေးအတွက် ရဟန်းစစ် ရဟန်းကောင်းများ ဝိနည်းသိက္ခာနှင့်အညီ ပေါ်ပေါက်စေရန်၊ သီဟိုဠ်ကျွန်း၌ သာသနာသန့်ရှင်းသည့်အလျောက် ရဟန်းတော်များကို သိက္ခာသစ် တင်စေရသော် ကောင်းအံ့ဟု စိတ်ရည်သန်လေသည်။

ထိုကြောင့် ၈၃၇-ခုနှစ် တပို့တွဲလဆုပ် ၁၁-ရက်နေ့တွင် စိတြဒူတ အမတ်အုပ်ချုပ်သော သင်္ဘောတစင်း၊ တပို့တွဲလဆုပ် ၁၂-ရက်နေ့တွင် ရာမဒူတ အမတ်အုပ်ချုပ်သော သင်္ဘောတစင်းတို့ဖြင့် ရှင်မောဂ္ဂလန်၊ ရှင်မဟာသီဝလိစသော ထေရ်ကြီး ၂၂-ပါးနှင့် နောက်ပါ သံဃာ ၂၂-ပါးတို့ကို သီဟိုဠ်ကျွန်းသို့ ပို့ဆောင်ရာ တပေါင်းလဆုတ် ၈-ရက်နှင့်တန်ခူးလဆန်း ၉-ရက်နေ့များတွင် အသီးသီး ဆိုက်ရောက်ကြလေသည်။

www.dhammaransi.com


သီဟိုဠ်မင်း ဘုဝနေကဗာဟု သည်လည်း ကောင်းစွာပင့်ဆောင်၍ သီဟိုဠ်ကျွန်း ကလျာဏီမြစ်ရေသိမ်၌ ပဥ္စင်းသစ်အဖြစ် သိက္ခာဆောင်စေ၍ လှူတန်းပူဇော်လေသည်။ သိက္ခာသစ်တင်ပြီးသော ရဟန်းတို့သည် သင်္ဘော ၂ စင်းဖြင့် ပင်လယ်ခရီးမှ ပြန်လာရာ တစင်းမှာ လှိုင်းလေအန္တရာယ်ကြောင့် ထိုသင်္ဘောမှ ရဟန်းတော်များ ကုန်းလမ်းမှ ပြန်လာခဲ့ကြ၍ လမ်းခရီးတွင် ထေရ်ကြီး ၆-ပါးနှင့် တပည့်ရဟန်း ၄-ပါး ပျံလွန်တော်မူပြီး ကျန်ရဟန်းတော်များသည် ကာလအတန်ကြာမှ ဒဂုန်မှတဆင့် ဟံသာဝတီသို့ ရောက်ရှိကြလေသည်။

ဓမ္မစေတီမင်းသည် ရောက်နှင့်သောသင်္ဘောမှ သိက္ခာသစ်တင်သော ရဟန်းများဖြင့် ကလျာဏီသိမ်ကို သမုတ်တော်မူစေ၍ ရဟန်းတို့အား ထိုသိမ်၌ သိက္ခာသစ် တင်စေရာ၊ ၈၄၁-ခုနှစ် အတွင်း ရဟန်းတော်ပေါင်း ၁၅၀၆၅-ပါး သိက္ခာသစ် တင်ပြီးခဲ့လေသည်။ ကလျာဏီသိမ်မှာ ၃၈၃-ခုနှစ် နတ်တော်လဆန်း ၈-ရက်နေ့တွင် သမုတ်ခြင်းကိစ္စ ပြီးစီးလေသည်။

ထိုနောက်တွင် ကလျာဏီသိမ်၌ သိက္ခာတင်သော ရဟန်းတော်တို့ တိုးပွားခဲ့၍၊ သိမ်တော်မှာ နှစ်ကာလ ကြာရှည်သဖြင့် ပျက်စီးလေရာ၊ ၁၂၃၅-ခုနှစ်တွင် ဟံသာဝတီခရိုင် သံလျင်မြို့နယ် ပုဂံတောင်ရွာမှ ဦးသိန်း-ဒေါ်မှိုညတို့က မင်းတုန်းမင်းကြီး လက်ထက် မီးသင့်လောင်ခဲ့သော သိမ်တော်ကို အသစ်တဖန် တည်ဆောက် လှူတန်း၍ ၁၂၆၄-ခုနှစ်တွင် ပုဂံတောင်ရွာမှ ဒေါ်ကျေးနှင့် သားသမီး ၄-ယောက်တို့က အသစ်တဖန် တည်

www.dhammaransi.com



ဆောက်ခဲ့ပြန်ရာ နှစ်ကာလကြာရှည်သဖြင့် ယိုယွင်းပျက်စီးခဲ့ရပြန်လေသည်။

၁၃၁၅-ခုနှစ်တွင် ကလျာဏီဆရာတော် အရှင်ဥာဏဝံသကို အမှူးပြု၍ ပဲခူးမြို့မှ ရွှေခြူး ဦးသူတော်နှင့် ဒေါ်မြတင် မိသားစုတို့က ဒါယကာပြုလျက် ကလျာဏီသိမ်ကို ပြန်လည်ဆောက်လုပ်လှူတန်းရာ ၁၃၁၅-ခုနှစ် ဝါဆိုလပြည့် နေ့ဘွင် ဝန်ကြီးချုပ်နှင့်တကွ လူကြီး ၉-ဦးတို့က ပန္နက်ချခဲ့လေသည်။ ၁၃၁၆-ခုနှစ် သီတင်းကျွတ် လပြည့်နေ့တွင် သိမ်တော်ကြီးရေစက်ချပွဲ ကျင်းပခဲ့လေသည်။

ကလျာဏီသိမ်သမုတ်ခဲ့သည့် ဓမ္မစေတီမင်း၏ ကျောက်စာများလည်း သိမ်ဝင်း အရာမ်အတွင်း ကျောက်စာရုံ၌ရှိလေသည်။

✲

www.dhammaransi.com

# ကုသိုလ်တော် စေတီတော်(မန္တလေးမြို့)

ကုသိုလ်တော်စေတီတော် (မဟာလောက မာရဇိန်) မှာ မန္တလေး တောင်ခြေ အရှေ့ တောင်ဖက်တွင် ကျိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၁၂၂၁-ခုနှစ် ကဆုန်လဆန်း ၁၃-ရက်နေ့ ညဥ့် ၂-ချက်တီးကျော်တွင် မန္တလေးမြို့တော်ကို ပန္နက်ချရာတွင် တပြိုင်တည်း အုတ်မြစ် ပနက်ချသော *၇-ဌာနအနက်၊ မဟာလောကမာရဇိန် စေတီတော်လည်း ပါဝင်လေသည်။ ထိုနောက် ကဆုန်လဆုတ် ၆-ရက်နေ့တွင် ၇-ဌာနကို အုတ်စီ ခင်းရလေသည်။

မင်းတုန်းမင်းကြီး စေတီတော် တည်သည့် ကာလတွင် သီဟိုဠ်ကျွန်း ကဏ္ဏတိတ္ထမြို့မှ ရဟန်းတော်နှစ်ပါး သိမ်ကိစ္စ ဝါဒ ကွဲပြားသဖြင့် ဆုံးဖြတ်ခံရန် မန္တလေးနေပြည်တော်သို့ ကြွချီ

---

* ၇-ဌာနကား၊ မြို့တော်၊ ကျုံးတော်၊ မဟာလောက မာရဇိန်စေတီတော်၊ သိမ်တော်ကြီး၊ မဟာအတုလဝေယန် ကျောင်းတော်၊ ပိဋကတ်တိုက်တော်၊ သုဓမ္မာ စရပ်တော် တို့ဖြစ်သည်။

www.dhammaransi.com



လာရာ၊ ရဟန်းတော်များအပြန်တွင် အတွင်းတော်မြဲ ဦးကြီး၊ ဥပုသ်တော်ခေါင်း ဦးမွေးနှင့် ဦးအောင်ထွန်းတို့ကို သီဟိုဠ်ကျွန်းသို့ စွယ်တော်ပင့်ထည့်လိုက်၍၊ စွယ်တော်ပွားတဆူ ပင့်ဆောင်လာခဲ့သဖြင့်၊ ၁၂၂၃-ခုနှစ် တပေါင်းလဆုတ် ၁-ရက်နေ့တွင် စေတီတော်၌ ဌာပနာလေသည်။ ရတနာစေတီများနှင့် ဓာတ်တော်များ၊ ဗောဓိရွက် စသည်တို့ကိုလည်း ဌာပနာလေသည်။

၁၂၂၄-ခုနှစ် ဝါဆိုလတွင် မဟာရံတန်တိုင်း ၃-ထပ်နှင့် စေတီတော်ကြီး ပြီးစီး၍၊ လပြည့်ကျော် ၉-ရက်နေ့တွင် ထီးတော်တင်ကာ မဟာလောက မာရဇိန် စေတီတော်ဟူ၍ ဘွဲ့သမုတ်လေသည်။ ထိုနောက် မင်းတုန်းမင်းကြီးသည် ၁၂၃၃-ခုနှစ်တွင် ပဉ္စမသင်္ဂါယနာ တင်တော်မူရာ ၁၂၂၂-ခုနှစ် ကဆုန်လဆန်း ၁-ရက်နေ့က စတင် ထုလုပ်ခဲ့သော ပိဋကတ် ကျောက်စာချပ်များကို စေတီတော်၏ ပထမ၊ ဒုတိယ၊ တတိယ တန်တိုင်းအတွင်း၌ ဂူစေတီများတည်၍ သွင်းနှံစိုက်ထူခဲ့လေရာ ကျောက်စာချပ်နှင့် စေတီ ၇၂၉-ဆူ ရှိလေသည်။

စေတီတော်မှာ ဥဏ်ဟော ၅၁-တောင် ၁-မိုက် ၄-သစ်၊ ဖိနပ်တော်အခင်း ၆၅-တောင်ရှိ၍ ၃-နှစ်ကြာ တည်ခဲ့ရလေသည်။ အနောက်မျက်နှာ၊ မြောက်မျက်နှာတို့တွင် မူလတည်စက အုတ်စရပ် ၃၆-ဆောင်ပါ ဆောက်လုပ်ထားခဲ့၍ ယခုအခါ ပျက်စီးပျောက်ကွယ်ခဲ့လေသည်။

❀

www.dhammaransi.com

# ကေလာသ ခေတီတော်(တောင်စွန်းမြို့)

ကေလာသဘုရားမှာ ကျိုက်ထီးရိုးတောင်၏ အနောက်တောင်ဖက် တောင်စွန်းရွာအနီး ကေလာသတောင်ထိပ်ပေါ်တွင် ကျိန်းဝပ်တည်ရှိသည်။

မြတ်စွာဘုရား ပွင့်တော်မူချိန် ကာလတွင် သုဝဏ္ဏဘုမ္မိတိုင်း၌ တိဿမေ့မ္မရာဇာ မင်းကြီး မင်းပြုလေသည်။ ထိုမင်း၏ မွေးစားခမည်းတော်နှင့် ဦးရီးတော်ဖြစ်သော ဂဇ္ဇဂီရိတောင်မှ တိဿရသေ့၊ ဗန္ဓဝဂီရိတောင်မှ သီဟရသေ့တို့နှင့် သီတင်းသုံးဖော် အဆွေခင်ပွန်းဖြစ်သော ကေလာသရသေ့သည် ကေလာသတောင်၌ တရားအားထုတ် နေလေသည်။

မြတ်စွာဘုရားသည် သာသနာနှစ် ၁၁၀-ပြည့်နှစ်တွင် တိဿရသေ့နှင့် သီဟရသေ့တို့၏ မွေးစားသားဟောင်း လူဝင်စားဖြစ်သည့် ဂဝမ္ပတိထေရ်၏ အကျိုးဆောင် ချက် ကြောင့် သုဝဏ္ဏ ဘုမ္မိတိုင်းသို့ ဒေသစာရီ ကြွချီလာခဲ့၍ ရသေ့တို့နှင့် မင်းမိဖုရားတို့အား ၇-ရက်တိုင်တိုင် တရားရေအေး တိုက်ကျွေးတော်မူလေသည်။

မြတ်စွာဘုရားသည် မဇ္ဈိမဒေသသို့ ပြန်၍ကြွတော်မူမည်ပြုစဉ်၌ ရသေ့အသီးသီးတို့သည် အစဉ်ကိုးကွယ်ရာကို လျှောက်

www.dhammaransi.com


ထားကြရာ- ဆံတော်နှစ်ဆူစီကို ရရှိလိုက်ကြ လေသည်။ ထို ဆံတော်များအနက် ကေလာသရသေ့သည် မိမိသီတင်းသုံးရာ ကေလာသတောင်ထိပ်တွင် ဆံတော်တဆူကို ဌာပနာ၍ စေတီ တည်လေသည်။ ကျန်တဆူကိုကား ဆံကျစ်ထက်၌ ကိုးကွယ်ထား ရာ၊ စုတေသောအခါ တိဿရသေ့က ပင့်ဆောင်၍ နောင်အခါ ကျိုက်ထီးရိုးစေတီတွင် မိမိကိုးကွယ်သော ဆံတော်နှစ်ဆူနှင့်အတူ ဌာပနာ၍ စေတီတည်ခဲ့လေသည်။

ကေလာသစေတီတော်ကို ပေ-၁၀၀၀ ကျော်မြင့်သော တောင်ပေါ်တွင်တည်ရှိ၍ စေတီဉာဏ်တော် ၃၅-တောင်ခန့် မြင့်ခဲ့လေသည်။ မီးရထားပေါ်မှပင် ခရီးသွားများ ဖူးမြော် နိုင်လေသည်။ ထိုတောင်ကို ရှေးအခါက ဒိုးခလွန်းတောင်ဟု ခေါ်လေသည်။ မြောက်ဖက်တွင် ကျီးပင်ချောင်း တောင်ဖက် တွင် ဓနိုးချောင်း၊ အနောက်ဖက်တွင် ဝင်းကချောင်း စသည့် ချောင်းများ ဝိုင်းရံထားသဖြင့် ချောင်းဝိုင်းတောင်၊ ဒိုးခလွန်းဟု ခေါ်တွင်လေသည်။ စေတီတော်ကို သထုံ တိုက်ကုလားမြို့စား သပေါမင်း လက်ထက် သာသနာနှစ်၁၁၇-ခုနှစ်တွင် တည်လေ သည်။ ထို့ကြောင့် ကျိုက်သီလပေါ်ဟု ခေါ်တွင်ခဲ့ရာမှ၊ ကျိုက်ကေလာသ၊ ကေလာသဘုရားဟု ခေါ်တွင်ခဲ့လေသည်။

စေတီတော်ကို သာသနာ ၂၃၅-ခုနှစ်တွင် တိုက်ကုလား မြို့ သီရိမာသောကမင်းက ပြုပြင်ခဲ့၍၊ နောင်အခါ တောဖုံးခဲ့ ရာမှ ၁၂၂၂-ခုနှစ်တွင် သံဃာတော်များ ဦးဆောင်ပြုပြင်ကာ ထီးတော်သစ်တင်ခဲ့လေသည်။ ၁၂၄၀-ပြည့်နှစ်တွင် ဆရာတော်

www.dhammaransi.com




ဦးမဥ္ဇူက ထိန်းသိမ်း၍ ၁၂၄၄-ခုနှစ်တွင် ထီးတော်သစ်လှူ၍ ၁၂၆၄-ခုနှစ်တွင် အမြင့် ၁၆-ပေ ၉-လက်မရှိ၍ ထီးတော်သစ်ကို တင်ပြန်လေသည်။ ၁၂၉၂-ခုနှစ် ကဆုန်လဆန်း ၁၄-ရက်နေ့တွင် စေတီတော် ငုက်ပျောဖူးကို မိုးကြိုးခ၍၊ ဝါခေါင်လတွင် မိုးဒဏ်ကြောင့် ပြိုကျပြန်ရာ ၁၂၉၄-ခုနှစ် တန်ခူးလတွင် ဒါယကာများက ပြုပြင်၍ ထီးတော်တင်ခဲ့လေသည်။ ထိုနှစ်ဝါဆိုလတွင် စိန်ဖူးတော်ပျောက်၍ ကျိုက်ထို ရာဇဝတ် ဝန်ထောက် ဦးဖိုးစိန်က ကမ္မကထပြု၍ စိန်ဖူးတော် တင်ခဲ့လေသည်။

စေတီတော်မှာ ယခုအခါ ဉာဏ်တော်အမြင့် ၁၁၃ ပေ၊ ၉-လက်မ၊ ယင်ပြင်တော်အကျယ် ၁၇-တောင် ရှိလေသည်။

www.dhammaransi.com

(ကြိၢ်ဒုၣ်ယွၜ) ငှထၢဂုၤယဲၤ-ငှထၢဂီၤဒုၣ်ယၢ



www.dhammaransi.com

## ကောင်းမှုတော်စေတီတော် (စစ်ကိုင်းမြို့)

ကောင်းမှုထော် ရာဇမဏိစူဠာ စေတီတော်မှာ စစ်ကိုင်းမြို့ မြောက်ဖက်တွင် ကျိန်းဝပ်တော်မူလေသည်။ စစ်ကိုင်း ရွှေဘိုကားလမ်း၊ စစ်ကိုင်းမြို့မှ ၅-မိုင်ကွာခန့်တွင် တည်သေသည်။

သက္ကရာဇ် ၉၉၈ ခုနှစ် တော်သတင်း လဆန်း ၁၀-ရက်နေ့တွင် သာလွန်မင်းတရားကြီးသည် မြတ်စွာဘုရား၏ စွယ်တော် ဆံတော်၊ သပိတ်တော်တို့ကို ရတနာအထူးထူးဖြင့် ပူဇော်ဌာပနာ၍ သီဟိုဠ်စေတီပုံအတိုင်း တည်ခဲ့လေသည်။တန်တိုင်းသုံးထပ် ခြံရံ၍ စရပ်တန်ဆောင်းများလည်း ဆောက်လုပ်လှူတန်းလေသည်။ စေတီတော်ကို ၁၂-နှစ်တိုင် တည်ရလေသည်။ စေတီတော်ကို ၉၉၈-ခုနှစ်တွင်တည်၍ သားတော် ပင်းတလဲမင်း လက်ထက် ၁၀၁၁-ခုနှစ်တွင် ထီးတော်တင်ခဲ့လေသည်။ ဘွဲ့တော်ကို ရာဇမဏိစူဠာဟူ၍ သမုတ်တော်မူလေသည်။

သာလွန်မင်းကြီးသည် မဟာစေတီတော် ထီးတော်တင်ရန် ပုဏ္ဏား အဇာဂရုအား အခါတောင်းသည်ကို မင်းကြီး ထီးတော်မတင်ရမီ နတ်ရွာစံမည်၊ သားတော်သာလျှင် ထီးတော် တင်ရမည်ဟု လျှောက်လေသည်။ ပုဏ္ဏား ဟောချက် အတိုင်း

www.dhammaransi.com



နောက်တနေ့ ၁၀၁၀-ပြည့်နှစ် တော်သလင်းလဆန်း ၁၀-ရက်နေ့တွင် နတ်ရွာစံသဖြင့် သားတော် ပင်းတလဲလက်ထက် ၁၀၁၁-ခုနှစ် ကဆုန်လဆန်း ၈-ရက်နေ့တွင်မှ ထီးတော်တင်ခဲ့ရလေသည်။

ဌာပနာပစ္စည်းများတွင် ရုပ်ထုတော်ပေါင်း ၂၀၉၅-ဆူ၊ စေတီတော်ပေါင်း ၈၀၉-ဆူ၊ မွေတော်ဓာတ်တော် မြောက်မြားစွာတို့ကို ဌာပနာတိုက် ၇-တိုက်ဖြင့် ဌာပနာထားလေသည်။

စေတီတော်မှာ ဉာဏ်တော် ၁၀၁-တောင်၊ အချင်းအတောင် ၁၆၂-တောင်တမိုက်ရှိ၍ အဝေးမှပင် ဖူးမြော်နိုင်လေသည်။ ထီးတော်အလေးချိန်မှာ ပိဿာ ၃၄၄၀ ရှိလေသည်။ ထီးတော်အဝ ၉-တောင် ၂-မိုက်၊ အစောက် ၁၀-တောင် တမိုက် ၄-သစ်၊ စေတီတော်ပတ်လည်ကျောက်တိုင် ၈၀၂-တိုင် ဘုရားအုတ်ပေါင်း- ၁၀၁၈၆၅၅၂၊ မြေနီတင်း- ၁၆၄၄၅၈၅၊ အင်္ဂတေတင်း- ၂၂၄၉၈ ပါဝင်လေသည်။

✿

www.dhammaransi.com

## ကန်တော့ပလ္လင် စေတီတော် (ပုဂံမြို့)

ကန်တော့ပလ္လင်စေတီတော်မှာ ပုဂံမြို့ဟောင်း အနောက်ဖက် ဆုံကုန်းရပ်နှင့် ကိုးလုံးရပ်တို့အကြားတွင် ကျိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၅၂၅ ခုနှစ်တွင် ပုဂံပြည် အလောင်းစည်သူမင်းကြီးသည် ဘေးလောင်းတော်တို့သည်မိမိကဲ့သို့ဘုန်းမကြီးဟူ၍ ဝစီကံဖြင့် ပစ်မှားမိ သောကြောင့် မျက်စိကွယ် လေသော် ဘိုးလောင်းတော်တို့၏ ၄၅ ပါးသော မင်းရုပ်များကို ရွှေစင်သွန်းခုတ်၍ အင်းပျဉ် ပလ္လင်ထက်၌ တင်ကာ ရွှေတန်ဆောင်း ငွေတန်ဆောင်း တို့ဖြင့် ကန်တော့ပူဇော်သောအခါမှ မျက်စေ့ပြန်၍မြင်လေသည်။

*ပုဂံနရပတိ စည်သူမင်းလက်ထက် စူဠာမဏိ ဘုရားတည်သော အခါတွင်လည်း ပံ့သုကူသခင် မဟာထေရ်ကို ဝစီကံဖြင့် ပစ်မှားမိ၍၊ မထေရ်သည် သီဟိုဠ်ကျွန်းသို့ ကြွမည်ပြုသောအခါ

---

* အလောင်းစည်သူမင်း၏ သားတော်မှာနရသူဖြစ်၍ နရသူ၏ သားတော် (မင်းယဉ်နရသိင်္ခ၏ညီ) မှာ နရပတိစည်သူ မင်းဖြစ်သဖြင့် မြေးတော် တော်လေသည်။


www.dhammaransi.com



စွယ်ကြို့အရပ်မှ ပင့်ဆောင်ခဲ့၍ အလောင်းစည်သူမင်း၏ အင်းပျဉ် တော်ထားရာ ပလ္လင်ထက်၌ ကျိန်းဝပ်စေ၍ ပူဇော်ကန်တော့သဖြင့် အပြစ်မှ ကင်းလွတ်လေသည်။ ထိုအခါ မင်းကြီးသည် ထိုကန်တော့ ပလ္လင်ထားရာအရပ်၌ စေတီတော် တည်လိုသဖြင့် သက္ကရာဇ် ၅၆၅ ခုနှစ်တွင် ကန်တော့ပလ္လင်ဘွဲ့တော်သမုတ်၍ စေတီတော်တည်ထား လေသည်။ သို့ရာတွင် (၈) နှစ်ကြာသည့်တိုင်အောင် မပြီးစီးဘဲ ၅၇၃ ခုနှစ်တွင် နံရပတိစည်သူမင်းကြီး နတ်ရွာစံလေရာ ၅၈၈ ခုနှစ် သို့ရောက်သောအခါ သားတော် ဇေယျသိင်္ခ နားတောင်းများ မင်းက ဆက်လက်တည်ထား၍ အထွတ်တင်တော်မူလေသည်။

(အလောင်းစည်သူမင်း လက်ထက် တရားစီရင်သော ညှပ် ကြီးတည်ရှိရာ ပလ္လင်ဖြစ်၍ ညှပ်ကြီးကွယ်သော် ဂေါဓ၊ ဂေါဓိ ဘိလူးတို့စောင့်၍ တရားစီရင်သည်ဟူ၍ ဂေါဓပလ္လင်၊ ဂေါဓေါ ပလ္လင်စသည်ဖြင့်လည်း ခေါ်တွင်ကြလေသည်။)

www.dhammaransi.com



ကန်တော့ပလ္လင်-ဘုရားပုံတော်(ပုဂံမြို့)

www.dhammaransi.com

# ကမ္ဘာ့အေး စေတီတော် (ရန်ကုန်မြို့)

ကမ္ဘာအေး စေတီတော်မှာ ရန်ကုန်မြို့မြောက်ဖက် ၇-မိုင်အကွာ အင်လျားကန် အနောက်မြောက်ဖက်ရှိ ရေကူးရပ် သီရိမင်္ဂလာကုန်းတွင် ကျိန်းဝပ်တော်မူလေသည်။

ကမ္ဘာအေးစေတီကို ကမ္ဘာတဝှမ်းလုံး ငြိမ်းချမ်းစေရန် ရည်သန်လျက် ဝန်ကြီးချုပ်ဟောင်းဦးနုက ကြီးကြပ်နိုးဆော်လျက် ဒါယကာများ စုပေါင်းကုသိုလ်ပြုကာ ၁၃၁၂-ခုနှစ် ဝါခေါင်လဆုတ် ၄-ရက်နေ့တွင် စေတီတော်ကို တည်ထားခဲ့လေသည်။

စေတီတော်တွင် အတွင်းလိုဏ်ဥ ၁ပနာတိုက် နှင့် တကွ တည်၍ ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူသော ဘုရားငါးဆူကိုရည်မှတ်၍ ကြေးဆင်းတုတော်ကြီးငါးဆူကို မုခ်-၅-မျက်နှာ လိုဏ်အပြင် ပတ်ရံ၍ တည်ထားသေသည်။ ဘုရားငါးဆူတွင် ပွင့်တော်မူရာ ဗောဓိပင်များကို နောက်ခံရေးချယ်ထားသည့်ပြင်၊ လိုဏ်တွင်း ဥပနာတိုက်ပတ်လည် အထက်ဆင့်၌ နှစ်ကျိပ်ရှစ်ဆူသော ဘုရားဆင်းတုတော်များကို ပွင့်တော်မူရာ ဗောဓိပင်နှင့်တကွ ပူဇော်ထားလေသည်။

www.dhammaransi.com



စေတီတော်မှာ ဥာဏ်တော် ၇၈-တောင်နှစ်မိုက် ရှိလေသည်။ ၁၃၁၂-ခုနှစ် တပေါင်းလပြည့်ကျော် ၁-ရက်နေ့တွင် ထီးတင်ပွဲကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့လေသည်။

ကမ္ဘာအေး စေတီတော်ကုန်းတွင် ဆဋ္ဌသံဂါယနာတင်ရာ မဟာပါသာဏ ကျောက်လိုဏ်ဂူ၊ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပိဋကတ်တိုက်၊ သံဃာကျောင်းဆောင်များ၊ သိမ်တော်ကြီးနှင့် ဇရပ်တန်ဆောင်းများလည်း ရှိလေသည်။ လိုဏ်ဂူကို ၁၃၁၄-ခုနှစ် တပို့တွဲလဆန်း ၁-ရက်နေ့တွင် ပနက်ချ၍ တပို့တွဲလပြည့်ကျော် ၆-ရက်နေ့တွင် အုတ်မြစ်ချကာ၊ ၁၃၁၆-ခုနှစ် ကဆုန်လဆန်း ၈-ရက်နေ့တွင် ပြီးစီးလေသည်။ အပြင်အလျား ၄၅၅-ပေ၊ အနံ ၃၇၀-ပေ။ အတွင်းအလျားပေ-၂၂၀၊ အနံပေ-၁၄၀-ရှိလေသည်။

www.dhammaransi.com

# ကျောက်ကူးဘုရားစေတီတော် (ညောင်ဦးမြို့)

ကျောက်ကူးဘုရားစေတီတော်မှာ ညောင်ဦးမြို့ အရှေ့တာ-၇၀၀-ခန့်အကွာတွင် ကျိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၅၃၆-ခုနှစ်တွင် နန်းတက်သော နရပတိစည်သူမင်းကြီး၏ လက်ထက်တွင် ငှက်ပစ်တောင်ဂိုဏ်း အရှင်ဥတ္တရဇီဝထေရ်၏တပည့် အရှင်ပဏ္ဍိတထေရ်သည် သီလနှင့်လွန်စွာပြည့်စုံ၍ မင်းနှင့်တကွ ပြည်သူများ ကိုးကွယ်ကြလေသည်။ ထိုအခါ၌ ယုတ်ညံ့သော မိန်းမတဦးသည် တရားအားထုတ်ဟန်ဖြင့် ကျောင်း၏ဥပစာ ကမ်းထိပ်တွင် ရက်အတန်ကြာ လာရောက်နေထိုင်ပြီးနောက်၊ လူအများအား ရှင်ရဟန်းနှင့် ငြိစွန်းလေဟန် သတင်းလွှင့်လေသည်။

ဒါယကာများကြားသိ၍ ရှင်ရဟန်းအား သွားရောက်မေးမြန်းသောအခါ၊ ရဟန်းသည် သစ္စာပြုခြင်းဖြင့်သာ အမှန်ကိုသိစေအံ့ဟု ဒါယကာ ဒါယကာမအပေါင်းတို့အား ဖိတ်ခေါ်၍ မြစ်ဆိပ်ကမ်းသို့ ကြွသွားလေသည်။ မြစ်ကမ်းတွင် ခါးသေးနေသော ဒါယကာတယောက်ထံမှ ခါးမနှင့် ခါးသေးကျောက်ကို အလှူခံပြီးနောက်၊ မိမိသည် အကျင့်သီလ မပျက်ယွင်းပါက

www.dhammaransi.com



ကျောက်တုံးနှင့် ခါးမတို့သည် ရေသတ္တဝါကဲ့ သို့ မြစ်၌ ကူးသန်းစေသော်ဟု သစ္စာပြု၍ ပစ်ချလိုက်လျှင် ကျောက်တုံးသည် ရေ၌ပေါ်၍ မြစ်ညာသို့ ဆန်တက်ကူးသွားလေသည်။ ခါးမလည်း နောက်မှကူး၍လိုက်လေသည်။ ထိုအခါမှ ဒါယကာမျာနှင့်မင်းကြီးပါ ဝမ်းမြောက်နှစ်သိမ့်၍ သဒ္ဓါတရားတိုးပွားလေသည်။

ထိုအကြောင်းကို နောင်အစဉ် ထင်ရှားစေရန် သက္ကရာဇ် ၅၅၀-ပြည့်နှစ်တွင် နရပတိစည်သူမင်းသည် ချောက်ကမ်းပါးတွင်ဥမင်တူး၍ ကျောက်သား ကျောက်အုတ်တို့ဖြင့် မွမ်းမံ၍ ဂူတွင်း၌ ပလ္လင်တော်အမြင့် ၆-တောင် အထက်၌ ၁၂-တောင် ဥဏှိတော်မြင့်သော ရုပ်ပွားတော်ကိုတည်၍ ဂူနံရံ၌လည်းဗုဒ္ဓဝင်ဇာတ်တော်များ ရေးစေပြီး လျှင် ဂူနှစ်ဆင့်ထက်၌ ဥဏှိတော် ၇-တောင်ရှိသော စေတီတော်ကို တည်လေသည်။ ဓာတ်တော်မွေတော်များကိုလည်း ဌာပနာလေသည်။ ကျောက်ကူးသည်ကို အစွဲပြု၍၎င်း၊ ဥမင်ကို ကျောက်ဖြင့် ကူးဆက်ပေါင်းမိုး ပြုလုပ်သဖြင့်၎င်း၊ ကျောက်ကူးဘုရားဟု သမုတ်လေသည်။

❀

www.dhammaransi.com

# ကျောက်တော်ကြီးဘုရား (မန္တလေးမြို့)

ကျောက်တော်ကြီး ဘုရားမှာ မန္တလေးတောင်ခြေအနီး အရှေ့တောင်ဖက်တွင် ကျိန်းဝပ်တော်မူလေသည်။ အကြီးဆုံး သော သလင်းကျောက်သား ဆင်းတုတော် ဖြစ်လေသည်။

မင်းတုန်းမင်းကြီးသည် မန္တလေးမြို့တော်ကို တည်ထောင် စံမြန်း၍ ၅-နှစ်ကြာသောအခါ သက္ကရာဇ် ၁၂၂၆-ခုနှစ်တွင် မန္တလေးမြို့ မြောက်ဖက် မိုင် ၂၀-ခန့် ကွာဝေးသော စကျင် တောင်၌ ကြီးမားသော ကျောက်သားတော်မှ ကျောက်ဆင်းတု ရုပ်ပွားတော်ကြီး ထွင်းထုရန် ကျောက်ဆစ်ပညာကျော်များအား စေလွှတ်တော်မူလေသည်။

ရုပ်ပွားတော်ကြီး ထုလုပ်ပြီးသောအခါ လှေဖေါင်ဘော် နှစ်စင်းကို ခိုင်ခံ့စွာစီရင်ပြီးနောက် ဝါခေါင်လ ရေသင့်သော အခါ စကျင်တောင်ခြေရေစပ်မှ မြွေရွာမြစ်နားအရောက် ဆွဲယူ ပင့်ဆောင်ပြီးလျှင် မြစ်တွင်းမှ မြနန်းစကြာ မီးသင်္ဘောဖြင့် ပင့်ဆောင်ခဲ့ရာ ဝါခေါင်လပြည့်ကျော် ၂-ရက်နေ့တွင် မန္တလေး မြို့တော်အနောက် အီကင်းရွာဆိပ်သို့ ဆိုက်ရောက်တော်မူလေ သည်။ ထိုရွာဆိပ်မှ ခံကုန်းရွာမြောက် ရွှေတချောင်း မြောင်း

www.dhammaransi.com



အတွင်းမှ အမှုထမ်း တသောင်း နှစ်ထောင် ကျော်ဖြင့် တန်ဆောင်မုန်း လဆန်း ၂-ရက် နေ့တွင် မန္တလေးတောင်ခြေ ကျိန်းဝပ်ရာသို့ ပင့်ဆောင်လေသည်။

၁၂၂၆-ခုနှစ် တပေါင်းလတွင် ရုပ်ပွားတော် မျက်နှာတော်ဖွင့်၍ ၁၂၂၇-ခုနှစ် ကဆုန်လပြည့်ကျော် ၇-ရက်နေ့ တချက်တီးကျော်အချိန်တွင် မင်းကြီးကိုယ်တော်တိုင် ရွှေစုတ်တော်ဖြင့် မျက်ရေးတော်၊ မျက်ခုံးတော်တို့ကို ရေးဖွင့်၍ မဟာသကျ မာရဇိန်ဘွဲ့တော် ကမ္ပည်းတပ်လေသည်။ သို့ရာတွင် ကျောက်တော်ကြီးဟူ၍ ထင်ရှားလေသည်။

ရုပ်ပွားတော်၏ ဥဏှိတော်မှာ စမွခံမှ ရောင်လျှံတော် အထိ ၁၇-တောင် ၁ မိုက် ၄-သစ်၊ ထက်ဝယ်တော်အပြန့် ၁၂ တောင် အပန်း ၂၈-တောင် ၂-မိုက် ၄-သစ်၊ ခါးတော်အဝန်း ၁၀ တောင် ၂-မိုက် ၄ သစ်၊ ပုခုံးစွန်းအကျယ် ၈-တောင်၊ အဝန်းအတောင် ၂၀ ဦးခေါင်းတော်အဝန်း ၁၃-တောင် ရှိလေသည်။ ဘုရားကြီးဝဲယာပတ်လည်၌ အသီတိသာဝက ရဟန္တာ ရုပ်ထုတော်များကို အုဋ္ဌပြဿဒ်တဆောင်စီဖြင့် တည်ထားခဲ့လေသည်။

ရှသေ့ကြီးဦးခန္တီက အုဋ္ဌပြဿဒ်တို့၏ အနီးပတ်လည်တွင် လေးမျက်နှာပြည့် စောင်းတန်းများ ဆောက်လုပ်လှူတန်း ခဲ့လေသည်။ သီတင်းကျွတ်လတွင် ပွဲတော်ကျင်းပ၍ အထူးစည်ကားလှလေသည်။

❀

www.dhammaransi.com

# ကျောက်တော်ကြီးဘုရား (အမရပူရမြို့)

ကျောက်တော်ကြီး ရုပ်ပွားတော်မှာ အမရပူရမြို့ တောင်သမန်ရွာအနီးတွင် ကျိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၁၂၁၁-ခုနှစ် ကဆုန်လဆန်း ၅-ရက်နေ့တွင် ပုဂံမင်းသည် ရတနာပူရ အဝမြို့မှ ပင့်ဆောင်ခဲ့သော ရုပ်ပွားတော်ကြီးကို တည်ထားရန် ပုဂံအာနန္ဒာ ဘုရားပုံတော်ကိုယူ၍ လိုဏ်စေတီတော် တည်ထားရန် တောင်သမန် အနောက်တောင် ရွာနှစ်ရွာအကြားတွင် အုတ်ပြဿဒ် တည်ရန် မြေကွက်လပ်ကို မင်းကြီးကိုယ်တော်တိုင် ကြည့်ရှုရွေးချယ်၍ ဆောက်လုပ်စေရာ၊ ထိုနှစ် နယုန်လဆန်း ၁၄ ရက်နေ့တွင် အဝမြို့ အုတ်ပြဿဒ်တွင် ကျိန်းဝပ်ခဲ့သော ရုပ်ပွားတော်ကြီးကို ကျောက်မော် မြို့စား ဝန်ကြီး သတိုးမင်းကြီးမဟာမင်းလှသီဟသူ၊ ပန်းပဲဝန်အတွင်းဝန် သတိုးမင်းကြီး မဟာမင်းလှကျော်သူတို့ကို လှေအမှုထမ်း သုံးထောင်ပေးအပ်၍ ပင့်ဆောင်စေရာ၊ သုံးရက်နှင့် မုတ္တမ တံခါးပြင်၊ ဘုရားပင့်ဆောင်ရန် ဖေါင်ပေါ်သို့ရောက်၍ ဝါဆိုလပြည့်ကျော် ၆-ရက်နေ့တွင် သံဃာတော်တို့ကို သမ္ဗာန်တော်များဖြင့် တင်ဆောင်၍ ရှေ့ဦးကြွစေ၍ မင်းမှူးမတ်တို့ခြံရံကာ၊ ဖေါင်တော်ကို သင်္ဘောတော်ဖြင့် ဆွဲဆောင်ကာ အုတ်ပြဿဒ်အတွင်း ပင့်ဆောင်

www.dhammaransi.com



ကိုးကွယ်တော်မူလေသည်။ လိုဏ်အုတ်ပြာသာဒ်စေတီတွင် အသီတိရဟန္တာရှစ်ကျိပ် ကျောက်ရုပ်ထုတော်များနှင့် မနုဿီဟာရုပ်များကိုလည်း ထုလုပ်ထားခဲ့လေသည်။ ရုပ်ပွားတော် ပင့်ဆောင်တည်ထားပြီးနောက် ဘုရားဘွဲ့တော်ကို မဟာသကျရံသီ ဟူ၍ သမုတ်လေသည်။

www.dhammaransi.com

# ကျောက်ဝိုင်းစေတီတော် (သမိုင်းမြို့)

ကျောက်ဝိုင်းစေတီတော်မှာ ရန်ကုန်မြို့ သမိုင်းရပ်၊ သမိုင်း ရွာအရှေ့ဖက်တွင် ကျိန်းဝပ်တော်မူလေသည်။

ကျောက်ဝိုင်းဘုရားကို ရှေးအခါက ကျိုက်အဝိုင်အွတ် ဟူ၍ မွန်ဘာသာဖြင့် ခေါ်တွင်ရာ၊ ပုန်းတမ်းကစား ဘုရားဟု အဓိပ္ပါယ်ရှိသဖြင့် မြတ်စွာဘုရားသည် မဟောသရ နတ်မင်းနှင့် တန်းခိုးပြိုင်သည်ကို အစွဲပြု၍ ရှေးကတည်ခဲ့သည်ဟု ယူဆကြလေ သည်။ အချို့ကလည်း သံလျင်သမိုင်းနှင့်စပ်၍ ရှင်မွေးလွန်း (ဗေဒ္ဒ)သည် ငမိုးရိပ်မိချောင်း၏ အရိုးအရေများကို အုတ်ဂူ သွင်း၍ စေတီတည်ကာ ကျောက်များဖြင့် ဝိုင်းရံတည်ထားသဖြင့် ကျောက်ဝိုင်းဘုရားတွင်သည်ဟု ဆိုကြပေသည်။

သက္ကရာဇ် ၁၂၂၅ ခုနှစ်ခန့်တွင် ဘိုးကာယ အမည်ရှိ သူတော်တပါးသည် ကျောက်ဝိုင်းရပ်၌ တရားအားထုတ်နေထိုင် ခဲ့ရာ လူအများက အလွန်ကြည်ညို သဒ္ဓါဖြစ်လေသည်။ ထို သူတော်သည် မင်္ဂလာဒုံကျောက်ဝိုင်း သူကြီး ဦးသာရောက်နှင့် တိုင်ပင်၍ ကျောက်ဝိုင်းစေတီကို မွမ်းမံပြုပြင်ခဲ့လေသည်။ ထို အခါတွင် စေတီတော်ဟောင်းအောက်၌ အလွန်နက်သော တွင်း ခေါင်းကြီးရှိ၍ ကျောက်ဖျာဖြင့် ဖုံးအုပ်ပြီးနောက် ကျောက်အုတ် တို့ဖြင့် တည်လေသည်။ ရှေးက စေတီဟောင်းမှာ ဂဝံကျောက် သားတို့ဖြင့် ဝိုင်းရံထားသည်ကို တွေ့ရှိရလေသည်။

www.dhammaransi.com



သူတော်ဘိုးကာယသည် ၁၂၂၅-ခုနှစ် နတ်တော်လဆန်း ၁၀-ရက်နေ့တွင် ရသေ့ဝတ်လျက် ဘုရား ရင်ပြင်တော်ကို ရှင်းလင်းကာ ဥာဏ်တော် အတောင် ၃၀-ရှိသော အုတ်သား စေတီတွင် ဓာတ်တော်မွေတော်များ ဌာပနာ၍တည်လေရာ ၃-လ အတွင်းပြီး၍ တပို့တွဲလတွင် ပွဲသဘင်စည်ကားစွာ ကျင်းပခဲ့ လေသည်။

၁၂၂၈-ခုနှစ်တွင် မင်္ဂလာဒုံ တိုက်သူကြီးသစ် ဦးတာပိုး က ကြီးမှူးလျက် စေဘ်တော်ကို မွမ်းမံခဲ့လေသည်။ ရသေ့ကြီး သည် ၁၂၃၄-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂-ရက်နေ့တွင် ပျံလွန်တော်မူ၍ ဘုရားအနီးတွင် အုတ်ဂူသွင်း၍ သင်္ဂြိုဟ်ထားလေ သည်။ ရွာသားများက စေတီရံ ၁၂၇ ဆူနှင့် တည်ထားကြ၍ အိန္ဒိယအမျိုးသား ဆာမိဆိုသူက စေတီတော်ကို ဥာဏ်တော် ၄-တောင်တိုးမြှင့်၍ ပြုပြင်ခဲ့လေသည်။

၁၂၆၀-ပြည့်နှစ်တွင် ရန်ကုန်မြို့ ဗဟန်းကျောင်းတိုက်မှ နတ်ညွန်းဆရာတော် ကြွရောက်သီတင်းသုံး၍ ရုပ်ပွားတော် ၆-ဆူ နှင့် အုတ်ဂူများကိုငုံလျက် စေတီရံ ၆-ဆူတို့ကို တည်ထားခဲ့လေ သည်။ (၁၂၆၇-ခုနှစ်တွင် ထားဝယ် အရပ်မှ ဆင်ဖြူမတစီး ရောက်လာ၍ ထိုဘုရားအနီး၌ တလကျော်ထားရှိရာ အရပ်ရပ်မှ စည်ကားစွာ လာရောက်ကြည့်ရှု ကြလေသည်။) ၁၂၇၂ ခုနှစ် တွင် ဝဏ္ဏကံမြေ ၄၃-ကေက ဟံသာဝတီ အရေးပိုင်ရုံးမှ သတ်မှတ်လှူတန်းခဲ့လေသည်။

စေတီတော်မှာ ဥာဏ်တော် ၃၄-တောင် မြင့်တော်မူလေ သည်။

❀

www.dhammaransi.com

# ကျိုက္ကစံစေတီတော် (ရန်ကုန်မြို့)

ကျိုက္ကစံစေတီတော်မှာ ရန်ကုန်မြို့မြောက်ဖက် ကျိုက္ကစံရပ်ကွက်မြောက်ပိုင်းတွင် ကျိန်းဝပ်တော်မူသည်။ ယခုအခါကံဘဲ့ကျောက်ကုန်းရပ်ကွက်တွင် တည်ရှိလေသည်။

* ကျိုက်ခေါက်ဘုရားကိုတည်သော ရသေ့ခေါက်သည်မင်း၏ အကူအညီဖြင့် ကျိုက်ခေါက်စေတီတော်၌ ဌာပနာသောဆံတော်မှ ကြွင်းသောဆံတော်တဆူကို ဘုရားအလောင်း ဟသ်ာမင်းဖြစ်စဉ် နားနေဘူးသော ပဌမ ပတိတကုန်းသို့ လာရောက်၍စေတီတည်ပြီးလျှင် ဌာပနာလေသည်။ ဌာပနာတိုက်မှာ အကျယ်သုံးလံ၊ အလျား ၂၄-လံတွင် နံရံလေးမျက်နှာ၌ ပတ္တမြားချယ်စီထား၍ ပတ္တမြားပြာဿဒ်နှင့် ရွှေသဘော်၊ ရွှေငွေဖယောင်းတိုင်နှင့် ဓာတ်တော်ဆင်းတုတော်များကိုပါ ဌာပနာလေသည်။

ထိုနောက် သာသနာနှစ် ၂၃၇-ခုနှစ်တွင် သီဟိုဠ်မင်းသည် ရေဘေးကို ကာကွယ်နိုင်စွမ်းသော ပတ္တမြားကို အလိုရှိ၍သထုံပြည်သို့ ရဟန္တာရှစ်ပါးကို ကြွစေလျှက်၊ ဓာတ်တော် ၃၂-ဆူ

---

* သံလျင်ကျိုက်ခေါက်စေတီနှင့် ကျိုက္ကစံစေတီပွဲတော်တို့ကို နှစ်စဉ် တပို့တွဲလပြည့်နေ့တိုင်း ရက်တူကျင်းပလေသည်။

www.dhammaransi.com



နှင့် ဆံတော် ၁၆-ဆူကို လက်ဆောင်ပါးလေရာ၊ ပတ္တမြားသည် ဥဒ္ဒဒီပ သံလျင်ကျွန်း သီဟဒီပမင်းကြီးထံ၌ ရှိကြောင်းညွှန်ပြ၍ လာရောက်ပြီးလျှင် ဓာတ်တော် ဆံတော်တို့ကို အပ်နှင်း၍ပတ္တမြား ကို ဆောင်ယူသွားလေသည်။ သီဟဒီပမင်းသည် ဝမ်းမြောက် လှ၍၊ စေတီတည်ရန် နေရာကို ရွေးချယ်ရာ ရဟန္တာတို့ညွှန်ပြသည့် အတိုင်း ပဌမ ပတိတကုန်းကိုတွေ့၍ ရှိရင်း စေတီတော်ကိုငုံ၍ ဓာတ်တော်ဆယ်ဆူနှင့် ဆံတော်ဆယ့်ခြောက်ဆူတို့ကို ဌာပနာ ပြုန်လေသည်။

ရဟန္တာရှစ်ပါးကို အစွဲပြု၍ ကျိုက်တစံဟူ၍ ဘွဲ့တော် သမုတ်ရာမှ ကျိုက္ကစံဟု တွင်လာခဲ့လေသည်။

သက္ကရာဇ် ၁၁၈၁-ခုနှစ်၌ နန်းတက်သော ဘကြီးတော် မင်းလက်ထက် အင်္ဂလိပ် မြန်မာ စစ်ရေးဖြစ်ပေါ်ချိန်၌ လေပြင်း မတိုက်ခတ်ဘဲ စေတီတော် တောင်ဖက်သို့စောင်း၍ စစ်ရေးပြီး သောအခါ အလိုလိုပြန်၍ တည့်သည်ဟုဆိုလေသည်။ သက္ကရာဇ် ၁၁၉၄-ခုနှစ်တွင် အင်းဝမင်းက ရွှေကျင်ဝန်ကြီး မဟာမင်းလှ ရာဇာအား ဘုရားပြုပြင်စေသဖြင့် ပြုပြင်၍ ရွှေထီးသစ် တင်တော် မူခဲ့ပြီး၊ ၁၂၀၅-ခုနှစ်တွင် စေတီတော် ပြိုပျက်ပြန်ရာ ပုဂံမင်း လက်ထက်တွင် ဗုဒ္ဓရက္ခိတ ဂိုဏ်းထောက်ဆရာတော် အရှင်ဂန္ဓဓဇ က ကြပ်မလျက် ယင်းခဲဝန်ထောက်မင်းကြီး မဟာမင်းခေါင် ရာဇသူနှင့် မှုထမ်းများကွပ်ကဲကာ စေတီတော်ကို ပြုပြင်ပြန်လေ သည်။ တွေ့ရှိရသော ဌာပနာတို့ကိုလည်း ၁၂၁၁-ခုနှစ်နတ္တော် လဆန်း ၈-ရက်နေ့တွင် ဌာပနာ၍ ဓာတ်တော် မွေတော်သစ်များ

www.dhammaransi.com



ဆင်းတုတော်များကိုလည်း ဌာပနာခဲ့လေသည်။ ပြင်ဆင်မပြီးစီးသည်ကို အကောက်ဝန် သတိုးမင်းကြီး မဟာမင်းခေါင်သီဟသူက ဘုရင့်အမိန့်တော်အရ ဆက်လက်ပြုပြင်ခဲ့လေသည်။ ၁၂၁၂-ခုနှစ် တပို့တွဲလဆုတ် ၃-ရက်နေ့တွင် ပြီးစီးလေသည်။

ထိုနောက် ၁၂၅၉-ခုနှစ်တွင် ဦးဘိုးနီ ကြီးမှူး၍ ဒါယကာအများကရင်း၊ ဒေါ်ဒွေးက ၁၂၇၅-ခုနှစ်တွင်ရင်း၊ နောင်နှစ်များတွင်လည်း ဒါယကာ-ဒါယကာမ အသီးသီး က ရင်း၊ အဆင့်ဆင့် မွမ်းမံပူဇော်ခဲ့ကြလေသည်။

www.dhammaransi.com

# ကျိုက်ကမာဝစိန်စေတီတော် (ရန်ကုန်မြို့)

ကျိုက်ကမာဝစိန် စေတီတော်မှာ ရန်ကုန်မြို့ အရှေ့ပိုင်း ပုဇွန်တောင် ဘုရားဖြူကျောင်းတိုက်အတွင်း၌ ကိန်းဝပ်တော်မူလေသည်။

သာသနာနှစ် ၂၁၇-ခုနှစ်တွင် ပါဋလိပုတ်ပြည် သီရိဓမ္မာသောကမင်း လက်ထက် သရေခေတ္တရာ ရန်ပေါင်မင်းနှင့် နန်းပြိုင်ဖြစ်သော ရာမညသထုံပြည် သီဟဒီပမင်းသည် သီရိဓမ္မာအသောကမင်းကြီးထံမှ မြတ်စွာဘုရား၏ ဓာတ်တော် မွေတော်များကို ပူဇော်ခွင့်ရသဖြင့် မိမိ၏ စစ် သည် * သူရဲ ၇-ဦးအား

---

* သူရဲရှစ်ဦးတည်ခဲ့သော စေတီတော်များတွင် ရန်ကုန် မြစ်ဆိပ်အနီး ကျိုက်ဒေးတဲ(ထောင်မှူးဘုရား)၊ ကူရှင်ကျောင်း နေရာ၌ တည်ရှိခဲ့ဘူးသော ကျိုက်ဇွဲကမော (ညောင်ပင်ကုန်း ဘုရား)၊ ရွှေတိဂုံ အနောက်မြောက်တွင် တည်ရှိခဲ့ဘူးသော ကျိုက်ဒင်းမဲ၊ အလံပြဘုရားလမ်း ဆံတော်ကြို ဘုရား လမ်း ရှိ၊ ကျိုက်ခပေါက်စန္ဒတ်(အကြီးတော်ဘုရား) ကျိုက်ခပေါက်ဆွတ် (မင်းလက်ဝဲဘုရားခေါ် အလံပြဘုရား)၊ ကျိုက်ဒေဘဲ (တွံတေး ရွှေဆံတော်ဘုရား) စသည်တို့ ပါဝင်သည်ဟု ဆိုလေသည်။

www.dhammaransi.com



ဓာတ်တော်များ ခွဲဝေပေး၍ စေတီတော် တည်စေရာ ကျိုက္ကမာစိန် စေတီတော်ကိုပါ တည်ထားခဲ့လေသည်။

စေတီတည်ရာအရပ်မှာ ဆင်များ ရေသောက် သော ရေကန်ကြီးရှိသဖြင့် ထို့ရေကန်ကို အစွဲပြု၍ မွန်ဘာသာဖြင့် ကျိုက္ကမာစိန် စေတီတော်ဟူ၍ သမုတ်ခဲ့လေသည်။ ထိုစေတီတော်မှာ နှစ်ကာလကြာရှည်၍ ပြိုပျက်ခဲ့ရာ၊တောကျောင်း မဟာထေရ်တပါးက ပုဇွန်တောင် ချောင်းအနီးမှ ကမ်းပြို၍ပျက်စီးသော ရှေးဘုရား တဆူကိုပါ ပင့်ဆောင်ကာ၊ ထိုကျိုက်ကမာစိန် စေတီတော်၌ ဌာပနာ၍ ပြန်လည်ပြုပြင် တည်ထားခဲ့လေသည်။

ထိုစေတီတော်အနီး၌ သိ တင်း သုံး သော မန္တလေးမြို့ မိုးကောင်းဘိုက် ဇီးပင်ကျောင်းဘုန်းတော်ကြီး ဦးကေလာသဘက စေတီတော်ကို ထုံးသင်္ကန်း ကပ်လှူခဲ့သည်မှစ၍ ဘုရားဖြူဟု ခေါ်တွင်ခဲ့ရာမှ ကျောင်းတိုက်ကိုလည်း ဘုရားဖြူကျောင်းတိုက်ဟု ခေါ်တွင်ခဲ့လေသည်။

သက္ကရာဇ် ၁၂၆၄-ခုနှစ် တော်သလင်း လပြည့်ကျော် ၁၀-ရက်နေ့တွင် ဦးပိုက်နှင့် မိသားစုက အလျားအနံပေ ၄၀၊ အမြင့် ၄၆-ပေရှိသော ဘုရားဖြူစေတီတော် တန်ဆောင်းကို ဆောက်လုပ်ခဲ့၍၊ ၁၃၀၃-ခုနှစ်တွင် ရှင်ပညာဝံသထေရ်က စေတီတော်ကို ပြုပြင်ခဲ့ပြန်လေသည်။ ၁၃၁၈-ခုနှစ် သီတင်းကျွတ်လဆန်း ၁၄-ရက်နေ့တွင် ကြေးထီးတော်ကို အသစ်တင်ခဲ့လေသည်။

❁

www.dhammaransi.com

# ကျိုက်ကလဲ့စေတီတော် (မင်္ဂလာဒုံ)

ကျိုက်ကလဲ့စေတီတော်မှာ ရန်ကုန်မြို့ မြောက်ဖက်မင်္ဂလာဒုံ ဒေသ၊ ရန်ကုန်-ပြည် မော်တော်ကားလမ်းအနီးတွင် ကျိန်းဝပ်တော်မူလေသည်။

သာသနာနှစ် ၂၁၈ – ခုနှစ်တွင် ပါဋ္ဌလိပုတ်ပြည်မှ ဓမ္မာသောကမင်းကို အမှီပြု၍ တတိယ သင်္ဂါယနာတင်ပြီးနောက် ရှင်မဟာမောဂ္ဂလိ ပုတ္တတိဿထေရ်၏တပည့် အရှင်ယသ၊ အရှင်သောဏနှင့် အရှင်သုစိ အမှူးရှိသော ရဟန္တာရှစ်ပါးတို့ ရမညတိုင်းသို့ သာသနာတော်ပြုစုရန် ဓာတ်တော် မွေတော် တို့ကို ပင့်ဆောင်၍ ကြွချီလာရာ သီဟဒီပမင်းက ဓာတ်တော်မွေတော်တို့ကို ဌာပနာ၍ စေတီတည်ပြီးနောက် မှူးမတ်တို့အားလည်း ဓာတ်တော်များ ဝေခွဲချီးမြှင့်ရာ အ-တ်အသီးသီးက စေတီပုထိုးများ တည်ကြသည့်အနက်၊ ကျိုက်ကလဲ့နှင့် ကျိုက်ကလို့ စေတီတော်များလည်း ပါဝင်ခဲ့လေသည်။

ကကုသန် မြတ်စွာဘုရားသည် ဘီလူး၏ မျက်မှောင်ကြား၌ တန်ခိုးတော်ဖြင့် စကြံကြွတော်မူရာ ဘီလူးသည် ရှာဖွေ မရသောကြောင့် မြတ်စွာဘုရား ပျောက်ကွယ်သည်ဟု ပြောဆို

www.dhammaransi.com



သောနေရာ၌ တည်ထားသောကြောင့် ထိုကုန်းကို မွန်ဘာသာဖြင့် ကျိုက်ဒေးကလဲ့၊ (ဘုရားပျောက်ကုန်း)ဟု ခေါ်တွင်၍ စေတီတော်ကိုလည်း ကျိုက္ကလဲ့ဟု ခေါ်တွင်ခဲ့လေသည်။

သက္ကရာဇ် ၇၄၅-ခုနှစ်တွင် ဗညားနွဲ့မင်းက ပြုပြင်တည်ထားခဲ့လေသည်။ ဂဝံကျောက်များနှင့်တည်၍ ဖေါင်းလုံးကိုလည်း ဂဝံကျောက်ကိုဆစ်၍ထည့်လေရာ၊ အထက်ခေါင်းလောင်းပုံအထိ ဂဝံကျောက်သား သက်သက်ဖြင့် တည်လေသည်။

သက္ကရာဇ် ၁၂၅၉-ခုနှစ်တွင် အင်းစိန်အပိုင် စမ်းကြီးဝ ရွာသူကြီးနှင့် ဒါယကာများက စုပေါင်းပြင်ဆင်ကြ၍ ၁၂၆၄-ခုနှစ်တွင် ပြီးစီးကာ ၁၂၆၆-ခုနှစ်တွင် အုတ်ဖိုရွာ ဒေါ်ကျော့က ထီးတော် တင်လှူလေသည်။

ရှေးအခါက ထိုကုန်း၏အရှေ့ဖက် အနောက်ဖက်တို့သည် ပင်လယ်တိမ် ဖြစ်ခဲ့သည်ဟု ယူဆကြလေသည်။

စေတီတော်မှာ ပန်းတင်ခုံ ရှစ်မျက်နှာရှိ၍ တမျက်နှာလျှင် ၂၈-တောင်ရှိလေသည်။

www.dhammaransi.com

# ကျိုက္ကလို့စေတီတော်(မင်္ဂလာဒုံ)

ကျိုက္ကလို့ စေတီတော်မှာရန်ကုန်မြို့မြောက်ဖက်မင်္ဂလာဒုံ၊ (ယခု ကျိုက္ကလို့) ဒေသ၊ရန်ကုန်-ပြည်မော်တော်ကားလမ်း အနီးတွင် ကျိန်းဝပ်တော်မူလေသည်။

သာသနာနှစ် ၂၁၈ခုနှစ်တွင် မဇ္ဈိမဒေသမှ ရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်၏ တပည့်အရှင် ယသ၊ အရှင်သောနနှင့်၊ အရှင် သုစိအမှူးရှိသောရဟန္တာရှစ်ပါးတို့ရာမညတိုင်းသို့ သာသနာပြုစုရန် ဓါတ်တော် မွေတော်တို့ကို ပင့်ဆောင်၍ ကြွချီလာရာ၊ သီဟဒီပမင်းက ဓါတ်တော်မွေတော်ဘို့ကို ပင့်ဆောင်ဌာပနာ၍ စေတီပုထိုးတည်သည့်ပြင် မှူးမတ်တို့အားလည်း ဓါတ်တော်များ ခွဲဝေပူဇော်စေလေသည်။ အမတ်အသီးသီးက စေတီပုထိုးများ တည်ကြသည့်အနက် ကျိုက္ကလို့ စေတီတော်မှာလည်း ပါဝင်ခဲ့လေသည်။

စေတီတည်ရာ ကုန်းထိပ်မှာ ကကုသန်ဘုရား လက်ထက်တော်၌ ကျိုက္ကလဲ့ကုန်းတွင် မြတ်စွာဘုရား တန်ခိုးတော်ဖြင့် ပျောက်ကွယ်သွားသည်ကို ရှာဖွေမတွေ့သောကြောင့်အရှုံးပေး၍ ရှိခိုးကန်တော့ရာနေရာဖြစ်၍၊ မွန်ဘာသာဖြင့် ဘုရားအားပန်းပေးသော ကုန်းဟူ၍ကျိုက်ဒေးကလော့ဟု ခေါ်တွင်ခဲ့ရာမှာ ဘုရားကို

www.dhammaransi.com



လည်း ကျိုက်ကလော့ဟု ခေါ်တွင်ခဲ့ရာ ယခုအခါ ကျိုက်ကလို့ဟူ၍ထင်ရှားခဲ့လေသည်။

သက္ကရာဇ် ၇၄၅-ခုနှစ်တွင် နန်းတက်သော ဗညားနွဲ့(ရာဇဓိရာဇ်)မင်းက ပြုပြင်ခဲ့လေသည်။

စေတီတော်ကိုတောင်ကုန်းအစွန်းထိပ်၌ ၈၀ ကျော်ကျော်ခန့်၌ တည်ထားရာ ပန်းတင်ခုံ ရှစ်မျက်နှာရှိ၍ တမျက်နှာလျှင် ၃၅ တောင်ကျယ်ပြီးလျှင် ၅ တောင်မြင့်လေသည်။ အနောက်မျက်နှာ၌ အတောင် ၁၀ ရှိသော မဟာရံတံတိုင်း၊ မြောက်မျက်နှာ၌ ၁၁၂ တောင်ရှိသော မဟာရံတံတိုင်းများပြုလုပ်၍ မုခ်ပေါက်လှေကားများလည်းရှိလေသည်။ ဘုရားပွဲကို တပို့တွဲလပြည့်ကျော် ၆ ရက်မှ ၈ ရက်နေ့အထိ ကျင်းပလေ့ရှိလေသည်။

www.dhammaransi.com

# ကျိုက္ခမီရေလယ်ဘုရား (ကျိုက္ခမီမြို့)

ကျိုက္ခမီ ရေလယ်ဘုရားမှာ မော်လမြိုင်ခရိုင် ကျိုက္ခမီမြို့ ပင်လယ်ကမ်းခြေစပ်တွင် ပေါ်ထွန်းသော ကျောက်ဇဆောင်ကုန်း ထက်တွင် ကိန်းဝပ်တော်မူလေသည်။

မြတ်စွာဘုရား ပွင့်တော်မူခါနီးတွင် ရမညကရဋ္ဌကတိုင်း သုဓမ္မနဂရမြို့၊ (သုဝဏ္ဏဘူမိ) တွင် တိဿရာဇာမင်း နန်းစံရာ၊ သားတော် တိဿကုမ္မာနှင့် သီဟကုမ္မာတို့သည် သံသရာဝဋ်ကိုမြင် ၍ ရသေ့ပြုလုပ်၍ နေခဲ့တော် တိဿရသေ့သည် ဂဝမ္ပတိရိ (ဇင်းကျိုက်) တောင်၌ရှင်း၊ ညီတော်သည် ဗန္ဓဝဂိရိ(ဇွဲကပင်) တောင်၌ရှင်း သီတင်း သုံးတော်မူလေသည်။

ထိုရသေ့တို့မွေးစားသော သူငယ်သည် သေလွန်၍ မဇ္ဈိမ ဒေသ၌ လူဝင်စားဖြစ်ကာ မြတ်စွာဘုရား ပွင့်တော်မူသောအခါ တရားနာကြားရ၍ ၇-နှစ်အရွယ်တွင်ပင် ဂဝမ္ပတိ ရဟန္တာ ဖြစ်လေသည်။ ထိုနောက် ဂဝမ္ပတိထေရ်သည် ဘဝဟောင်းက မွေးစားခမည်းတော် ရသေ့တို့ မြတ်စွာဘုရားကို ဖူးမြင်စေနိုင်ရန် မြတ်စွာဘုရားကိုပင့်တော်မူ၍၊ မြတ်စွာဘုရားသည် သုဝဏ္ဏဘူမိ ပြည်သို့ကြွတော်မူရာ ယောနကတိုင်း၊ သာဂရပြည် ကြင်းမိုင်း မြို့သို့ ရှေးဦးစွာရောက်ရှိတော်မူလေသည်။

www.dhammaransi.com



ကြွင်းမိုင်းမင်းတွင် သားတော်နှစ်ကျိပ်ရှိ၍ မင်းကိုးကွယ်သော ကပိန္ဒရသေ့တပါးလည်း ရှိလေသည်။ မင်းသားများနှင့် ရသေ့တို့သည် ဘုရားရှင်အားဖူးမြင်၍ တရားနာကြားပြီးနောက် ကိုးကွယ်ရာကို တောင်းပန်သဖြင့် ဆံတော်တဆူစီ ပေးအပ်တော်မူလေသည်။ မြတ်စွာဘုရားသည် ကြွင်းမိုင်းမြို့မှ တောငိုင်းတောင် (ကျိုက္ခမီတောင်ဖက် သုံးမိုင်ခန့်ကွာ) ပေါ်သို့ ကြွရောက်သီတင်းသုံး၍၊ ကျိုက္ခမီဘုရားတည်ရာ ကျောက်ဆောင်ပေါ်တွင် ဘဖန်သီတင်းသုံးပြီးမှ သုဝဏ္ဏဘုမ္မိသို့ ကြွတော်မူလေသည်။

ရသေ့နှင့် မင်းသားတို့သည် ဆံတော်ကို အထူးထူးပူဇော်ကြ၍ ရတနာအမျိုးမျိုးတို့ဖြင့် မွမ်းမံပြီးသော် စေတီတည်ရန် နေရာကိုရှာဖွေရာ မော်လမြိုင်မြို့အထက် မြစ်မကြီး နှစ်ကွေ့ခွဲအကွာ အရှေ့ဖက်ကမ်း၌ရှိသော တောင်ပေါ်တွင် ဆံတော် ၁၀-ဆူ ဌာပနာ၍ ၁၈-တောင်မြင့်သော စေတီကို တည်လေသည်။ သာသနာနှစ် ၁၁၇-ခုနှစ်တွင်ပြီး၍ ဒသမစေတီတော်ဟု သမုတ်လေသည်။ ဆံတော်၁၁-ဆူကိုလည်း ကျိုက္ခမီရေလယ်ကျွန်း ကျောက်ဆောင်ပေါ်၌ ဌာပနာ၍ ၁၈-တောင် မြင့်သော စေတီတည်ကာ ကေဒဿမစေတီတော်ဟု သမုတ်လေသည်။ ဒဿမစေတီတော်ကို နောင်အခါ ဒမသစေတီဟုခေါ်၍ ရွာကို ဒမသရွာဟုခေါ်တွင်ရာ ယခုအခါ ကော့ကရိတ်မြို့နယ်ထဲ၌ တည်ရှိလေသည်။

မင်းသားညီနောင်တို့သည် ကေဒဿမဘုရား တောင်ဖက် ကော့ဘိန်းအရပ်၌ မြို့တည်ထောင်ရာ အရပ်အနေမသင့်သဖြင့် ဥဒေါင်းပေါသော မြစ်လေးမြွာဆိုင်ရာ တောကို ရှင်းလင်း၍

www.dhammaransi.com



ရမ္မာဝတီမြို့တည်ပြန်ရာ ရမ္မာဝတီဟုသမုတ်၍ နောင်အခါ မောရမြို့၊ မော်လမြို့ဟု ခေါ်တွင်လေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံပြီးနောက် သာသနာနှစ် ၂၁၇ - ခုနှစ်တွင် သီဟိုဠ်ကျွန်း ဒေဝါနံ ပိယတိဿ မင်းသည် အဓိဋ္ဌာန်၍ ရအပ်သော ရုပ်ပွား ၄ - ဆူကို သာသနာတည်တံ့ရန် ကျွန်းတုံး၊ သက်န်းတုံး၊ ကျောက်လှည်းဘီးထက်တွင် တင်၍ သာသနာတည်ရာအရပ်၌ ဆိုက်စေရန် အဓိဋ္ဌာန်၍ မျှောလွှတ်ရာ သက်န်းတုံးနှင့် ရုပ်ပွားတော်သည် ကျိုက္ခမီရေလယ်ဘုရားကုန်းသို့ ၂၁၇-ခုနှစ် နတ်တော်လပြည့်နေ့၌ ဆိုက်တော်မူ၍ ဧကာဒဿမ စေတီ အရှေ့မုခ်တွင် ပင့်ဆောင်ထား၍ နောင်အခါ စေတီတော် ပြိုပျက်သဖြင့် အပေါ်မှငုံကာ ဝတ်ကျောင်း ဆောက်လုပ်၍ ရုပ်ပွားတော်ကို ပင့်ဆောင်ထားလေသည်။ ရုပ်ပွားတော်သည် အစဉ်သဖြင့် တောင်ဖက်ပင်လယ်သို့သာ မျက်နှာမူမြဲ ကျိန်းဝပ်သဖြင့် မွန်ဘာသာဖြင့် ကျိုက်ဟာမီ၊ ဘုရားမျှော်ဟု ခေါ်တွင်ရာမှ ကျိုက္ခမီဟု တွင်ခဲ့၍ မြို့ရွာကိုပါ ကျိုက္ခမီဟု ခေါ်တွင်ခဲ့လေသည်။

ဝတ်ကျောင်း ပတ်ဝန်းကျင်တွင် တံတား၊ ကျောက်လမ်း ကျောင်း၊ ဇရပ်၊ မုခ်ဦးတို့ကို ဒါယကာများက အဆင့်ဆင့်က တည်ထား လှူတန်းခဲ့ကြလေသည်။ ၁၂၈၂ - ခုနှစ်ကစ၍ အဆောက်အဦများတိုးပွားလာခဲ့၍ သီတင်းကျွတ်လဆန်း ၁၄-ရက် နေ့မှ လဆုတ် ၈-ရက်နေ့အထိ ဘုရားပွဲတော် ကျင်းပလေ့ရှိလေ သည်။

www.dhammaransi.com

# ကျိုက်ခေါက်စေတီတော်(သံလျင်မြို့)

ကျိုက်ခေါက်စေတီတော်မှာ ဟံသာဝတီခရိုင် သံလျင်မြို့မှ ကျောက်တန်းသို့ သွားရာ လမ်းမကြီး၏ အနောက်ဖက် တောင်ကုန်းပေါ်တွင် ကျိန်းဝပ်တော်မူလေသည်။

သာသနာနှစ် ၃၅-ခုနှစ်တွင် အထရံမြို့ (သံလျင်မြို့)၌ ပါဒနိုင်ငံ မင်းတပါးဖြစ်သော သုခမုခ နန်းစောရှင်မင်းသည် ရွှေဥဒေါင်းကို ဖမ်းမိရာ ထိုဒေါင်းဝပ်သော ကုန်းမြေ၌ ဘုရားတည်လိုသောကြောင့် စုံစမ်းရာ ဂူတခုတွင် တိဿနာဂ ဘွဲ့ခံ မှန်ရသေ့ကြီး *ဘိုးမှန်ခေါက်ကို တွေ့ရ၍ ရသေ့ကြီးက ဒေါင်း

* ရသေ့ကြီး ဘိုးမှန်ခေါက်သည် အိပ်မက်အရ မိမိနေသော ဂူအနီးရှိတောင်ပေါ်မှမြကြ ပ်နှင့်တကွ ဆံတော်မြတ်လေးဆူကို တူးဖေါ်ရရှိ၍၊ ဒါယကာ မှန်ဘို ကွန်ကလေစာကို ခေါ်၍ မန္တစ်သားသမီးတစု၊ ဘိုးအန်စာ၊ ဘိုးနီဒက်တို့နှင့် ဆယ်တနီ ရွာသား မှန်အမျိုးသာ များက ဘုရားတည်ခဲ့သည်ဟု သမိုင်းတစောင်၌ ဆိုလေသည်။

သမိုင်းတစောင်ကမူ သီဟဒီပ ကျွန်းမှ တိဿရသေ့ (ရသေ့ခေါက်)သည် ဆံတော်နှစ်ဆူကို မြတ်စွာဘုရား သထုံပြည်သို့ ကြွတော်မူစဉ်က ရရှိခဲ့သည်ဟု ဆိုသည်။

**(ကျိုက်ခေါက် ဆံတော်ရှင် သမိုင်းသစ်။ စာမျက်နှာ-၉။)**

www.dhammaransi.com


ဝပ်သောနေရာ၌ ရှေးက တိဿဘောဂသေန ရှင်ရသေ့ ဌာပနာခဲ့သော ဆံတော်မြတ်ရှိ၍၊ တူးဖေါ်ကာ ဌာပနာ၍ ဘုရားတည်လေဟု ညွှန်ကြားသည့်အတိုင်း၊ ဝါးယားတောကို ရှင်းလင်းကာ၊ ဆံတော်ကို ဌာပနာ၍ စေတီတည်လေသည်။

(မြတ်စွာဘုရားသည် ၈-ဝါမြောက်အခါ မဟာသက္ကရာဇ် ၁၁၁-ခုနှစ်တွင် ဂဝမ္ပတိထေရ်ပင့်၍ သုဝဏ္ဏဘုမ္မိသို့ ကြွတော်မူစဉ် ပါဒဘုရင်ဟောင်း တိဿဘောဂသေန ရသေ့နှင့် ရသေ့ ၇၁-ဦးတို့လိုက်ပါသွားရောက် ဖူးမြော်၍ ဆံတော်ဘဆူ ရရှိခဲ့ရာ၊အစိဋ္ဌာန်ဖြင့် ၇၁ ဆူပွားစေ၍ ရသေ့တို့ ပင့်ဆောင်ခဲ့ပြီးနောက်၊ပါဒမြို့တော် ဝန်းကျင်၌ စေတီ ၇၁-ဆူတည်၍ ဌာပနာခဲ့သည်ဟု ဆိုလေသည်။)

စေတီတည်ရာ ကုန်းတော်ကို ဝါးယားကုန်း ဟူ၍၎င်း၊ ဟင်္သာတောင်ဟူ၍၎င်း၊ မွန်ဘာသာဖြင့် ဟွေ့ (ဝါးယားကုန်း) ဟူ၍၎င်း၊ ဒေါင်းဝပ်ကုန်းဟူ၍၎င်း၊ ဓါတ်တော်ကုန်းဟူ၍၎င်း ခေါ်ဆိုခဲ့ကြလေသည်။ ဘုရားဘွဲ့တော်မှာ ရသေ့ခေါက်ကိုအစွဲပြု၍ ကျိုက်ခေါက် (မျိုးနွယ်ဘုရား)ဟု ခေါ်တွင်လေသည်။ ကျိုက်ဟွေ့ (ဝါးယားကုန်းဘုရား)ဟု ခေါ်တွင်ရာမှ ကျိုက်ခေါက်ဟု တွင်လာခဲ့သည်ဟုလည်း ဆိုလေသည်။

စေတီတော်ကို သာသနာနှစ် ၃၈-ခုနှစ်တွင် တည်ပြီးခဲ့၍ ဥဘဏ်တော် အတောင် ၈ဝ-ရှိလေသည်။

❀

www.dhammaransi.com

# ကျိုက်ထီးရိုး စေတီတော် (ကျိုက်ထို)

ကျိုက်ထီးရိုးဘုရားမှာ ကျိုက်ထိုမြို့မြောက်ဖက် ၁၆-မိုင်ကွာရှိ တောင်ကုန်းမြင့်ပေါ်တွင် တည်ရှိလေသည်။ အရှေ့ရိုးမတောင်တန်းအပါအဝင် ပေါင်းလောင်းဘောင်၏ တောင်ထွတ်တခုဖြစ်၍ လုံးတင်တောင်ဟုခေါ်ရာမှ ကျိုက်ထီးရိုးဘုရားကို အစွဲပြု၍ ကျိုက်ထီးရိုးတောင်ဟုတွင်လေသည်။အမြင့်ပေ ၃၆၁၈-ပေမြင့်လေသည်။ ကျိုက်ထီးရိုးစေတီမှာ တောင်ထိပ်စွန်းရှိ လုံးပတ်ပေ ၅၂-ခန့်ရှိသော ကျောက်တုံးကြီးပေါ်တွင် တည်ထားသောစေတီတော် ဖြစ်လေသည်။

မြတ်စွာဘုရား ပွင့်တော်မူချိန်လောက်တွင် ရှေးကသုဘိန္နနဂရဟု တွင်ခဲ့သော သုဝဏ္ဏဘူမိနေပြည်တော်၌ တိဿဓမ္မမင်းနှင့် သီရိကပ္ပ အမည်ရှိသော မိဖုရားကြီးမှ ဖွားမြင်သော သားတော် တိဿဓမ္မနှင့် သီဟရာဇာတို့သည် ထီးနန်းမှခွါ၍ ရသေ့ပြုလျက် တောတောင်တို့၌ တရားအားထုတ်နေကြ၍ မင်းကြီး နတ်ရွာစံလျှင် ရသေ့တို့ မွေးစားသောသားက တိဿဓမ္မ သီဟရာဇာမင်းအဖြစ် ဆက်ခံထီးနန်းစံလေသည်။ ထိုအချိန်ကား မဟာသက္ကရာဇ် ၁၁၀-ပြည့်နှစ်ခန့်ပင် ဖြစ်လေသည်။

www.dhammaransi.com



ဖနာင်တော်တိဿရသေ့သည် ဂစ္ဆဂိရိတောင် (သထုံမြို့တောင်ဖက် ၃၅-မိုင်ကွာ)တွင် သီတင်းသုံး၍၊ ညီတော်သီဟရသေ့သည် ဗန္ဓဝဂိရိတောင် (ဇင်းကျိုက်တောင် အရှေ့ဖက်မိုင် ၃၀-ခန့်ကွာ)တွင် သီတင်းသုံးနေလေသည်။ ကမ္မဋ္ဌာန်းဘာဝနာအားထုတ်၍ လောကီအဘိညာဉ်ကိုလည်း ရရှိကြလေသည်။ ထိုအချိန်၌ ကေလာသတောင်၌လည်း သီတင်းသုံးဖေါ်ရသေ့တပါး သီတင်းသုံးလျက် ရှိလေသည်။

ထိုစဉ်အခါ ညီတော်သီဟရသေ့ မွေးစား သားသည် မဇ္ဈိမဒေသသို့ လှူဝင်စားဖြစ်၍ မြတ်စွာဘုရား တရားတော်ကို နာကြားရသဖြင့် ၇-နှစ်အရွယ်၌ ဂဝမ္ပတိထေရ်အဖြစ် ရဟန္တာဖြစ်ခဲ့ပြီးလေရာ၊ ကျေးဇူးရှိသော မိမိခမည်းတော်နှင့် ဦးရီးတော်ရသေ့တို့ထံသို့ သွားရောက်၍ ရှေးဦးစွာ မြတ်စွာဘုရားပွင့်တော်မူကြောင်းနှင့် တရားတော်ကို နာကြားရကြောင်း များကို တင်လျှောက်လေသည်။ရသေ့တို့လည်း ကြည်ညိုလှသောကြောင့် မြတ်စွာဘုရားကို ပင့်ဆောင်ပေးရန် တိုက်တွန်းလေသည်။ ဂဝမ္ပတိထေရ်လည်း တိဿမေ့ သီဟရာဇာမင်းထံသို့လည်း ဝင်၍ မြတ်စွာဘုရား ကြွတော်မူမည့်အကြောင်းကို ပြောကြား၍ မင်းလည်းဝမ်းမြောက်စွာ ကျောင်းတော်နှင့် မဏ္ဍပ်ကြီးများ ဆောက်လုပ်လေသည်။

မြတ်စွာဘုရားသည် ဂဝမ္ပတိထေရ်၏ ပင့်လျှောက်ချက်အတိုင်း သုဝဏ္ဏဘူမိတိုင်းသို့ ဒေသစာရီ ကြွချီတော်မူခဲ့၍ ၇-ရက်တိုင် သီတင်းသုံးတော်မူပြီးလျှင် တိဿရသေ့၊ သီဟရသေ့နှင့်

www.dhammaransi.com



ကေလာသရသေ့တို့နှင့် မင်းမိဖုရား ပရိသတ်တို့အား တရားဟောကြားတော်မူလေသည်။ မြတ်စွာဘုရားသည် မဇ္ဈိမဒေသသို့ ပြန်ကြွတော်မူမည်ရှိရာ၊ရသေ့တို့က အစဉ်ကိုးကွယ်ရာကို လျှောက်ထားတောင်းပန်သဖြင့် ရသေ့ ၃-ပါးအား ဆံတော်နှစ်ဆူစီ ပေးအပ်တော် မူလေသည်။

ထိုအခါတွင် ကုသိနာရုံ တောင်ရသေ့၊ ဒိုးကမော့ခတွန် ဂလိုင်တောင်ရသေ့၊ ဒိုးခလွန်းတောင်ရသေ့ မဲလံတောင်ရသေ့၊ မှတ်လအိတောင်ရသေ့၊ ဒိုးယွန်းတောင်ရသေ့၊ ဆောင်ခဲတောင် ရသေ့ စသည်တို့လည်း ဆံတော်များကို ရရှိလိုက်လေသည်။

ရသေ့တို့ရရှိသော ဆံတော်များအနက် သီဟရသေ့သည် ဇင်းကျိုက်တောင်နှင့် ဇွဲကပင်တောင်တို့၌ စေတီတဆူစီ တည်၍ ဌာပနာခဲ့လေသည်။ကေလာသ ရသေ့လည်း ကေလာသ တောင်၌ စေတီတဆူတည်၍ ဆံတော်တဆူ ဌာပနာပြီး၊ ကျန်တဆူကို ဆံကျစ်ကြား၌ ကိုးကွယ်ထားလေသည်။ တိဿရသေ့ကြီးလည်း ဆံတော်နှစ်ဆူလုံးကို ဆံကျစ်ကြား၌ပင် ကိုးကွယ်ထားလေသည်။ ကေလာသရသေ့ စုတေသော် ဆံတော်တဆူကို တိဿရသေ့ကြီးကပင် ဆက်လက်၍ ဆံကျစ်ကြား၌ ကိုးကွယ်ပူဇော်ထားလေသည်။

ရသေ့ကြီး စုတေချိန် နီးသောအခါ သိကြားမင်းက ဆံတော်ကို လူအများကိုးကွယ်နိုင်ရန် စေတီတည်၍ ဌာပနာသင့်ကြောင်း တိုက်တွန်းသဖြင့် ရသေ့ကြီးက မိမိဦးခေါင်းပေါ်၌ ပင့်ဆောင်ထားဘိ သကဲ့သို့ တည်ရှိရန် မိမိ ဦးခေါင်းပုံသဏ္ဍာန်

www.dhammaransi.com



ရှိသော ကျောက်တုံးကို ရှာစေလေသည်။ ထိုနောက်ရသော ကြီး အသက် ၈၀-ပြည့်၊ မဟာသက္ကရာဇ် ၁၂၂-ခုနှစ်တွင် တောင် ထိပ်၌ရှိသော ဦးခေါင်းပုံကျောက်တုံးကြီးတွင် ဆံတော်သုံးဆူ ဌာပနာ၍ စေတီတော် တည်ထားလေသည်။

ထိုဘုရားကို မွန်ဘာသာဖြင့် ရသေ့ရွက်သော ဘုရား ဟူသော အဓိပ္ပါယ်ဖြင့် ကျိုက်ဣသိရိုဟု ခေါ်တွင်ရာမှ ကျိုက်ထီးရိုးဟူ၍ တွင်လာခဲ့လေသည်။

ကျိုက်ထီးရိုးစေတီတည်ရာ တောင်ထွတ်မှ တောင်ကုန်း ထက်မှ ပေ-၈၀ မြင့်၍၊ လုံးဝန်း ၅၅-ပေခန့်ရှိ၍ စေတီတည်ရာ ကျောက်လုံးမှာ လုံးပတ် ၅၂-ပေ၊ အမြင့် ၁၈-ပေ ရှိလေသည်။ တည်စဉ်က ဥာဏ်တော် ၃-တောင် တမိုက်သာရှိ၍ စစ်တောင်း မြို့ဝန်မင်း၊ လှသိင်္ခသူရက ဥာဏ်တော် ၁၂-တောင်မြင့်အောင် မွမ်းမံတည်ထားခဲ့လေသည်။

ကျိုက်ထီးရိုးတောင်၏ ပတ်ဝန်းကျင်တွင် ရသေ့တောင်၊ မုဆိုးတောင်၊ ကျီးကန်းဂူ၊ ကျောက်ထပ်ကြီး၊ နဂါးဘုရား၊ ဖါး ဘုရား၊ စကြံန်ကျောက်၊နတ်ရေတွင်း စသည်တို့ရှိ၍ လမ်းခရီးတွင် လည်း စခန်းများနှင့်၊ လွမ်းစေတီ၊ မြစေတီ၊ ကျောက်သမ္ဘာန် စေတီများလည်း ရှိလေသည်။

www.dhammaransi.com

# ကျိုက်ဗျင်းနတ်စေတီတော်(ဇင်းကျိုက်မြို့)

ဗျင်းနတ်စေတီတော်မှာ သထုံမြို့တောင်ဖက် ၃၅-မိုင်ခန့် အကွာ၊ အရှေ့ရိုးမ တောင်တန်းတောင်စွယ်ရှိ ပေ ၃၀၂၂-ပေ မြင့်သော ဇင်းကျိုက်တောင် (ဂစ္ဆဂိရိတောင်)ထွတ်ပေါ်၌ ကျိန်း ဝပ်တည်ရှိလေသည်။ တောင်တက်ခရီး ၄-မိုင်နီးပါးခန့် ရှိ၍ ဇင်းကျိုက်လမ်းမှရင်း၊ ဖလပ်လမ်းမှရင်း သွားရောက်ဖူးမြော် နိုင်လေသည်။

မြတ်စွာဘုရား ပွင့်တော်မူချိန်လောက်တွင် သုဝဏ္ဏဘူမိ နေပြည်တော်၌ တိဿမေမြမင်းနှင့် သီရိကပ္ပအမည်ရှိ မိဖုရားကြီးမှ ဖွားမြင်သော သားတော်တိဿမေနှင့် သီဟရာဇာတို့သည် ထီးနန်း မှခွာ၍ ရသေ့ပြုလျက် နေခင်တော်သည် ဂစ္ဆဂိရိတောင်၌ရင်း ညီတော်သည် ဗန္ဓဝဂိရိတောင်၌ရင်း၊ သီတင်းသုံးတော်မူကြလေ သည်။ ထိုရသေ့တို့သည် ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်ကြ သဖြင့် လောကီအဘိဉာဏ်ကိုလည်း ရရှိလေသည်။

ထိုစဉ်အခါ သီဟရသေ့သည် သူငယ် တယောက်ကို ကောက်ယူမွေးစားထားရာမှ သူငယ်ကွယ်လွန်ရာ မဇ္ဈိမဒေသတွင် လူဝင်စားဖြစ်လေသည်။ မြတ်စွာဘုရား ပွင့်တော်မူသောအခါ

www.dhammaransi.com



ထိုလူဝင်စားသည် ၇-နှစ်အရွယ်၌ပင် တရားတော်ကိုနာကြားရသဖြင့် ဂဝမ္ပတိ ရဟန္တာဖြစ်လေပြီးသော် ခမည်းတော်ဟောင်းနှင့် ဦးရီးတော် ဟောင်းတို့အား မြတ်စွာဘုရား ပွင့်တော်မူ၍ တရားတော်ကို နာကြားရကြောင်း လာရောက် ပြောကြားလေသည်။

ရသေ့တို့လည်း ကြည်ညိုပီတိဖြစ်၍ မြတ်စွာဘုရားကို ပင့်ဆောင်ပေးပါရန် တောင်းပန်ကြသဖြင့် ဂဝမ္ပတိထေရ်သည် မြတ်စွာဘုရားထံ ပြန်ကြွ၍ လျှောက်ထားသည့် အတိုင်း မဟာသက္ကရာဇ် ၁၁၀-ပြည့်နှစ်တွင် သုဝဏ္ဏဘုမ္မိတိုင်းသို့ မြတ်စွာဘုရားကြွချီလေသည်။ သုဝဏ္ဏဘုမ္မိတွင် တိဿဓမ္မ သီဟရာဇာမင်း ဆောက်လုပ်လှူတန်းသော ကျောင်းတော်၌ သီတင်းသုံး၍ မဇ္ဈိမဒေသသို့ ပြန်လည်ကြွချီမည် ရှိသောအခါ ရသေ့တို့က အစဉ်ကိုးကွယ်ရာ ကို လျှောက် ထား တောင်း ပန် သည့် အ တိုင်း တိဿရသေ့၊ သီဟရသေ့နှင့် ကေလာသရသေ့တို့အား ဆံတော်နှစ်ဆူစီ သနားတော်မူခဲ့လေသည်။

သီဟရသေ့သည် မိမိရရှိ ကိုးကွယ်ရသော ဆံတော်နှစ်ဆူအနက် တဆူကို တိဿဓမ္မ သီဟရာဇာမင်း၏ အကူအညီဖြင့် သာသနာနှစ် ၁၁၂-ခုနှစ်တွင် ဇင်းကျိုက်တောင်ပေါ်၌ ဘိနပ်တော်အကျယ် ၁၀-တောင်ရှိ စေတီတော်တည်၍ ဌာပနာလိုက်လေသည်။ မင်းကြီးသည်လည်း ဘုရားကိုပူဇော်ဈောင့်ရှောက်ရန်

www.dhammaransi.com



တောင်ခြေ၌ ရှာတည်ပေးခဲ့ရာ၊ ဘုရား တောင်ခြေရှာ ဟူ၍ မွန်ဘာသာဖြင့် ကွမ်ဇိုင် ကျိုက်ဟု ခေါ်တွင်ရာမှ ဇိုင်းကျိုက်၊ ဇင်းကျိုက်ဟူ၍ ထင်ရှားခဲ့လေသည်။

စေ တီ တော် တည် ရာ တောင် တန်း မှာ ရှေး အ ခါ က ပင်လယ်ကမ်းစပ်ဖြစ်၍ နဂါးမတို့ လာရောက်ပျော်ပါးရာ နေရာ ဖြစ်၍ နဂါးမဘုရားဟူ၍ မွန်ဘာသာဖြင့် ကျိုက်ဗျော်နပ်၊ ဗျော်နတ်၊ ဗျင်းနတ်ဘုရားဟူ၍ ခေါ်တွင်ခဲ့လေသည်။ စေတီတော်သည် ဥာဏ်တော်အတောင် ၃၀-ခန့် မြင့်လေသည်။

www.dhammaransi.com

# ကျိုက်မွတ်လအိ စေတီတော် (ကျိတ်မြို့)

ကျိုက်မွတ်လအိ စေတီတော်သည် မော်လမြိုင်မြို့အထက် ဟောင်းတရောချောင်းဖျားရှိ ကျိတ်မြို့အရှေ့ တာတသောင်း ကျောက်ကွာ မွတ်လအိတောင်ထိပ်တွင် ကိန်းဝပ်တော်မူလေသည်။

(ထိုတောင်၏ အရှေ့ခရီးအဖြောင့် ၈-မိုင်ကွာမွတ်လအပ် တောင်ထိပ်၌လည်း မွတ်လအပ်ရသေ့တည်သော ကျိုက်မွတ် လအပ်စေတီတော် ကိန်းဝပ်လေသည်။)

မဟာသက္ကရာဇ် ၁၁၁-ခုနှစ်တွင် မြတ်စွာဘုရားသည် သထုံပြည်သို့ ကြွတော်မူရာ၊ မွတ်လအိတောင်မှ ကပ္ပရှင်ရသေ့နှင့် မွတ်လအပ်တောင်မှ နာရဒရှင်ရသေ့တို့သည် အခြားတိဿရသေ့၊ သီဟရသေ့ စသည်တို့နှင့်အတူ မြတ်စွာဘုရား၏ ဆံတော်ဓါတ် များကို ကိုးကွယ်ခွင့် ရရှိခဲ့လေသည်။

ထိုအခါ ကပ္ပရှင်ရသေ့သည် ကျိတ်တောင်ပို့ မြို့ကို အုပ်ချုပ်သော ကုလာပုမင်းနှင့် တိုင်ပင်ကာ မဟာသက္ကရာဇ် ၁၁၄-ခုနှစ် နတ်တော်လတွင် ပွဲသဘင်ကြီးစွာဖြင့် တောင်ထိပ်၌ စေတီတည်၍ ဆံတော်ကိုဌာပနာကာ ကိုးကွယ်ကြလေသည်။ လူအများလည်း ရတနာအထူးထူးတို့ဖြင့် ပူဇော်လေသည်။

www.dhammaransi.com



စေတီတော်မှာ ဖိနပ်တော် ၁၀ တောင်၊ ဥဏှိတော် ၁၅ တောင်ရှိ၍ ကျောက်သားဖြင့် တည်လေသည်။ တောင်ထိပ်ပြင်မှာ အရှေ့အနောက် အတောင် ၄၀ ကျယ်၍ တောင်နှင့်မြောက် ၂၅ တောင်ကျယ်လေသည်။ စေတီတော်ကို အမြဲထင်ပေါ်သော ဘုရားဟူ၍ မွန်ဘာသာဖြင့် ကျိုက်မွတ်လအိဟူ၍ ခေါ်တွင်လေသည်။

ထိုတောင်ထိပ်မှာ ပေ ၆၀၀၀ ကျော် မြင့်လေသည်။

www.dhammaransi.com

# ကျိုက်မှော်ဝန်းစေတီတော်(ကျောက်တန်းမြို့)

ကျိုက်မှော်ဝန်းစေတီတော်မှာ ဟံသာဝတီခရိုင် သံလျင်မြို့တောင်ဖက် ကျောက်တန်း မှော်ဝန်းချောင်းအတွင်း ရေလည်ကျွန်းပေါ်၌ ကျိန်းဝပ်တော်မူ၍ ကျောက်တန်း ရေလည်ဘုရားဟု ထင်ရှားလေသည်။

သာသနာနှစ် ၂၃၈-ခုနှစ်တွင် ပါဒမြို့(သံလျင်)၌ ဘောဂသေနမင်းသည် ထီးနန်းစံခိုက် သမုဒ္ဒရာရေ တက်သောကြောင့် ခြသေ့ သေတကောင် မျောပါလာရာ၊ ဆရာတော်ရသေ့က ထိုခြသေ့သည် မင်း၏အနွယ်တော် ဝိဇယမင်းနှင့် သွေးစပ်ကြောင်း ပြောပြ၍ ခြသေ့ကို သိဟရာဇာကုန်းအမည် တွင်အံ့သောနေရာတွင် ဆည်တင်ပြီးနောက်၊ ခြသေ့ဦးခေါင်းကို ကျောက်သေတ္တာဖြင့်ထည့်ပြီးလျှင် မိမိသိဟိုဠ်ကျွန်းမှ လှေငယ်ဖြင့် ကူးလာစဉ်က လှေငယ်ဆိုက်ရာကွေ့၌မြှုပ်ကာ၊ ထိုနေရာ၌ အမှတ်တရ စေတီဘဆူတည်ထားရာ၊ ထိုစေတီတော်ကို ကျိုက်မှော်ကလော့ ဟူ၍ ခေါ်တွင်လေသည်။

www.dhammaransi.com



* ထိုစေတီကို တတ္တနာဂမင်း (ပါဒမြို့မင်း ၁၁-ဆက်မြောက်)က ဆက်လက်ပြုပြင်လေသည်။ ထိုမင်းသည်သီဟိုဠ်ကျွန်းသို့ တိုင်ခန်းလှည့်ရာ ရဟန္တာမြတ်တို့ကို ဖူးမြင်ရ၍ ရွှေကြုတ်၊ ငွေကြုပ်တို့နှင့် ဓါတ်တော်များကိုရရှိ၍ဘုရားတည်ရန် မိန့်ကြားခြင်းခံရပြီး နေပြည်တော်သို့ ပြန်ရောက်လာပြီးနောက် ရဟန္တာများအကူအညီဖြင့် ကျိုက်မျှော်ကလော့စေတီကို ငုံ၍ ဓါတ်တော်များဌာပနာကာ ကျိုက်မှော်ဝန်းစေတီတော်ဟု ဘွဲ့သမုတ်လေသည်။

နှစ်ကာလကြာမြင့်ခဲ့သဖြင့် စေတီတော်သည် ပျက်စီးပြိုကွဲ၍ ခြုံနွယ်တို့ရစ်ဆိုင်းပျောက်ရှိခဲ့ရာ ၁၂၇၀-ပြည့်နှစ်တွင် ကျောက်တန်းမြို့နေ အမိန့်တော်ရဦးဘထွန်း၏ဇနီး ဒေါ်သက်က အိပ်မက်အရ ပြန်လည်ပြုပြင် မွမ်းမံခဲ့လေသည်။

၁၃၁၁-ခုနှစ် တန်ခူးလဆုတ် ၁၁-ရက်နေ့ နံက်တွင် လေမုန်တိုင်းဒဏ်ကြောင့် ထီးတော်နှင့်ငှက်ပျောဖူး မြေခဲ့ရသဖြင့် ထိုနှစ်နယုန်လဆန်း ၁၂-ရက်နေ့တွင် ကျောက်တန်းမြို့မှ ဦးကျော်နှင့်ဒါယကာဒါယိကာမများက ပြန်လည်ပြုပြင် ခဲ့လေသည်။

စေတီတော်မှာ အရှေ့အနောက်ဖိနပ်တော် ၂၆-တောင်တောင်နှင့်မြောက် ဖိနပ်တော် ၃-တောင်တမိုက်ရှိ၍ ဉာဏ်တော်အမြင့် ၃၄-တောင် ရှိလေသည်။

---

* ပါဒပြည် ဇေယျသေနမင်းလက်ထက် သာသနာနှစ် ၁၄-ခုနှစ်တွင် အိန္ဒိယနိုင်ငံ မဟာဗောဓိမှ ရှင်ဝိစိတ္တဉာဏနှင့်မဟာရေဝတ ထေရ်တို့အမှူးပြုသော ရဟန္တာ ၇၀၀-တို့သည် သွားတော်ဓါတ်၊ဆံတော်ဓါတ် ခမ္မကရိုဏ်တို့ကို သင်္ဘော ၃-စင်းဖြင့် ပင့်ဆောင်ခဲ့လျက် မင်းအားအပ်နှင်းသဖြင့် စေတီတော်တည်၍ ဌာပနာကြောင်းနှင့်လည်း သမိုင်းမှုကွဲရှိ၏။

www.dhammaransi.com

# ကျိုက်သလွံစေတီတော် (မော်လမြိုင်မြို့)

ကျိုက်သလွံ စေတီတော်မှာ မော်လမြိုင်မြို့ နဂါးဝီသ တောင်တန်း တောင်ရိုးပေါ်တွင် ကျိန်းဝပ် စံပယ်တော်မူလေသည်။

သာသနာနှစ် ၁၉၁-ခုနှစ် ဥပဒေဝမင်းလက်ထက်တွင် သထုံပြည်ပျက်စီးပြီးနောက် ဆံတော်ဓါတ်၊သွားတော်ဓါတ်တို့ပျောက်ကွယ်ခဲ့ပြီးနောက် မြို့သစ်တည်သောအခါ ရဟန္တာတို့ ရှာဖွေစုဆောင်းပြန်ရာ သွားတော်ဓါတ် ၃၃-ဆူရရှိလေသည်။ထိုဓါတ်တော်များအနက် ရမ္မာဝတီ (မော်လမြိုင်)မြို့မှ အကြီးအကဲတဦးက တဆူရရှိခဲ့ရာ၊ မှတ်ပိရာဇာမင်းသည် စေတီတော် တည်ထားကိုးကွယ်လိုသောကြောင့် နေရာကောင်းကို ရှာဖွေလေသည်။

ထိုအခါဆရာတော်က မြတ်စွာဘုရား ဒေသစာရီကြွတော်မူစဉ်က ခေတ္တရပ်တန့်ဘူးသော ရမ္မာဝတီမြို့ထိပ်နဂါးဝီသသံလင်းတောင်ထိပ်စွန်း၌ တည်ရန်အကြံပေး၍ ဘုရားရှင် သုဝဏ္ဏဘူမိသထုံပြည်သို့ ကြွချီးစဉ်က မှတ်လအိတောင် ရသေ့အား ပေးအပ်ချီးမြှင့်သော ဆံတော်ဓါတ်ကိုလည်း ဆရာတော် ကိုးကွယ်ရင်းရှိရာမှ ထုတ်ယူပေးအပ်သေသည်။

www.dhammaransi.com



ထိုကြောင့် သာသနာနှစ် ၂၃၆-ခုနှစ်တွင် မင်းနှင့်တကွ မှူးမတ်၊ သူဌေး ဆင်းရဲသားများပါ စုဝေး၍ မြို့အရှေ့ နာဂစီသ တောင်ထိပ်တွင် ဖိနပ်တော်အတောင် ၄၀၊ ဥာဏ်တော် အမြင့် ၅၅-တောင်ရှိသော စေတီတော်ကို တည်လုပ်၍ မြတ်စွာဘုရား ဓါတ်တော်၊ဆံတော်နှင့် ရုပ်တုတော်များ၊ မင်းရုပ်တုနှင့် ရတနာ များကိုပါ ဌာပနာလေသည်။

ထိုစေတီမှာ ရှေးက ပင်လယ်ကမ်းစပ် တောင်ကမ်းဖြစ်၍ မွန်ဘာသာဖြင့် ကျိုက်သံလင်၊ ကမ်းပျက်ဘုရားဟု ခေါ်တွင်ရာမှ ကျိုက်သံလွံဘုရားဟု တွင်လာခဲ့သည်။ အချို့ကလည်း ဆံတော် ဌာပနာ၍ ကျိုက်စလင်မှကျိုက်သလွံ ဖြစ်လာသည်ဟူ၍လည်း ဆို လေသည်။

နောင်အခါ မင်းအဆက်ဆက်တို့ ပြုပြင်ကြ၍ ၁၁၈၆-ခု နှစ်တွင် မွန်ဦးထော်လေးက ပြုပြင်ခဲ့လေသည်။ ၁၁၂၅-ခုနှစ် လောက်တွင် ဆင်ဖြူရှင်မင်း၏ အမတ်ကြီး မဟာနော်ရထာနှင့် နောက်အခါ အင်္ဂလိပ်မြန်မာစစ်ပွဲအတွင်း ၁၁၈၅-ခုနှစ်ခန့်တွင် စကြာဝန်ကြီးက ၎င်းကျိုက်သလွံဘုရားကို ပြုပြင်ခဲ့သေးသည်ဟု သိရှိရလေသည်။

စေတီတော်မှာ ဖိနပ်တော်အဝန်း ပေ ၄၅၀၊ ဥာဏ်တော် အမြင့်ပေ-၁၅၀၊ ထီးတော်အမြင့် ၂၅-ပေခွဲရှိ၍ စေတီ ၇၃၄-ဆူ ရှိလေသည်။

www.dhammaransi.com

# ကျောင်းတော်ရာစေတီတော် (လယ်ကိုင်းမြို့)

ကျောင်းတော်ရာ စေတီတော်မှာ မင်းဘူးမြို့နယ် လယ်ကိုင်းမြို့မြောက်ဖက်၊ ပွင့်ဖြူမြို့၏အရှေ့ဖက်၊ ရော၀တီမြစ်တွင်းသို့ စီးဝင်သော မုန်းချောင်းအနီးတွင် တည်ရှိသည်။ မြတ်စွာဘုရား သီတင်းသုံးတော်မူခဲ့သော စန္ဒကူးကျောင်းတော် နေရာတွင် တည်ထားသော စေတီတော်ဖြစ်သည်။

တရံရောအခါ သုနာပရန္တတိုင်း၊ ဝါဏိဇဂါမရွာ၌ ကုန်သည်တဦးတွင် မဟာပုဏ္ဏနှင့် စူဠပုဏ္ဏဟူ၍ သား ၂-ယောက် ရှိလေသည်။ မဟာပုဏ္ဏသည် မဇ္ဈိမဒေသ၊ ကောသလတိုင်း၊ သာဝတ္ထိပြည်သို့ ကုန်ကူးသွားရာ၊ မြတ်စွာဘုရား ပွင့်တော်မူစဉ် ကာလဖြစ်၍ မြတ်စွာဘုရားကိုဖူးမြင်ရပြီး တရားနာကြားရသဖြင့် ရဟန်းပြုလေသည်။ ထိုနောက် ခွင့်ပန်ကာ ဝါဏိဇဂါမသို့ ပြန်ကြွခဲ့လေသည်။ စူဠပုဏ္ဏလည်း နောင်တော်ရဟန်းအား ဆွမ်းလုပ်ကျွေးလေသည်။

ပုဏ္ဏထေရ်သည် အဇ္ဇုဟာသွာတောင်မှ သမုဒ္ဒဂိရိအရပ်သို့ ၎င်း၊ မာတုလာဂီရိအရပ်သို့၎င်း၊ ကြွရောက်သီတင်းသုံးတော်မူလေသည်။ မာတုလာဂီရိအရပ်ကား - မင်းဘူးလယ်ကိုင်းအနီး

www.dhammaransi.com



ကျောင်းတော်ရာပတ်ဝန်းကျင် သစ်တော်ရှာ ပင်ဖြစ်လေသည်။ တရံခါသော် စူဠပုဏ္ဏသည် ကုန်ကူးသွားရာ သမုဒ္ဒရာ၌ လှိုင်းလေအန္တရာယ် ကျရောက်သဖြင့် ပုဏ္ဏထေရ်က တန်ခိုးဖြင့် စောင့်ရှောက်ကာ ကယ် ပေး လေ သည်။ ကုန်သည်တို့လည်း ပုဏ္ဏထေရ်အား စန္ဒကူးနံ့သာတို့ဖြင့် လှူတန်းပူဇော်ရာ ပုဏ္ဏထေရ်က စန္ဒကူးကျောင်းတော်ကို ဆောက်လုပ်စေ၍ သာဝတ္ထိပြည်သို့ ကြွရောက်ကာ မြတ်စွာဘုရားအား ပင့်လျှောက်လေသည်။

မြတ်စွာဘုရားသည် ပင့်လျှောက်ချက်အတိုင်း သုနာပရန္တတိုင်း ဝါဏိဇဂါမသို့ ကြွချီတော်မူရာ သစ္စဗန် တောင်ထိပ်၌ သစ္စဗန်ရသေ့အား တရားဟောကြားကာ ဧဟိဘိက္ခု ဖြစ်စေပြီး ဝါဏိဇဂါမသို့ ကြွရောက်လာလေသည်။ ရွာသားများလည်း ဝမ်းမြောက်စွာ ပူဇော်လှူတန်းကြလေသည်။ မြတ်စွာဘုရားသည် ဂန္ဓာရုံ စန္ဒကူးကျောင်းတော်တွင် ခုနစ်ရက် သီတင်းသုံးကာ တရားဟောကြားတော်မူပြီးနောက် သာဝတ္ထိပြည်သို့ ပြန်ကြွတော်မူလေသည်။

ထိုစန္ဒကူးကျောင်းတော်သည် နှစ် ကာ လ ကြာ ရှည် ၍ ပျက်စီးခဲ့ရာ၊ သက္ကရာဇ် ၄၂၈-ခုနှစ် တပေါင်းလဆန်း ၉-ရက်နေ့တွင် ရွှေဂူဒါယကာ ဇေယျသူရအလောင်းစည်သူမင်းကြီးသည် မစ္ဆဂိရိကိုအောင်နိုင်ပြီး၍ မပဥ္စယဆည်ကို ဆည်တော်မူပြီးနောက် တာတော်အဆုံးရှိသော ကျောင်းတော်ရာ၌ စေတီတည်ကာ ဝတ္ထုကံမြေများလည်း လှူတန်းခဲ့လေသည်။ အလောင်းစည်သူမင်းကြီးသည် ဝတ္ထုကံမြေလှူသော ကျောက်စာကိုလည်း ရေးထိုးစိုက်ထူခဲ့၍ နောက်မင်းများကလည်း ပူဇော်လှူတန်းခဲ့ကြ

www.dhammaransi.com



လေသည်။ သီရိနန္ဒဓမ္မရာဇပဝရာဓိပတိမင်းနှင့် ဘိုးတော်ဘုရားတို့သည် ထင်ရှားသော ဒါယကာများ ဖြစ်လေသည်။ သက္ကရာဇ် ၁၂၃၈-ခုနှစ်တွင် မင်းတုန်းမင်းကြီးသည် လယ်ကိုင်းအမတ်နေမျိုး မင်းလှသီဟသူ၊ပန်းဆေးကန်တောရဂိုဏ်းအုပ်ဆရာတော် ဂိုဏ်းထောက်ဆရာတော်၊ကျောက်စစ်ပုံ ဂိုဏ်း ထောက်ဆရာတော် ကျောင်းတော်ရာဘိုက် ဆရာတော်တို့ကို ကြပ်မတ် စေလျက်၊ ဓာတ်တော်မွေတော်များ ဌာပနာ၍ စေတီတော် တည်ထားလေသည်။

ထိုစေတီတော်သည် ပိန္နဲတိုင်စိုက်ထူပြီးခိုက် ၁၂၄၀-ပြည့်နှစ်တွင် မင်းတုန်းမင်းကြီး နတ်ရွာစံသဖြင့် သီပေါမင်းနန်းတက်ရာ၊ လယ်ကိုင်းမြို့ဝန်သစ် ဦးဘိုးအိုကို အမတ်ခန့်ထား၍ စေတီတော် ဆက်လက်ဘည်စေရာ၊ ထီးတော်၊ ငှက်မြတ်နား၊ စိန်ဖူးနှင့်တကွ ၁၂၄၃ ခုနှစ်တွင် သေလာမယ စေတီတော်ကြီး အောင်မြင်ပြီးစီးခဲ့လေသည်။ ၁၃၁၉ ခုနှစ်မှ ၁၃၂၃-ခုနှစ် အထိ ဆေးဝက်ပါ ဆရာတော်ကကြီးမှူး၍ ရတနာများ ဌာပနာ ကာ စေတီတော်ကို မွမ်းမံဘည်ထားခဲ့ပြန်လေသည်။

စေတီတော်မှာ ဖိနပ်ဘောင်ဘဖက် ၇၅-တောင်တထွာ၊ ဥဏ်ှတော် ၉၂-တောင်တထွာ၊ ထီးတော်အမြင့် ၁၅-တောင်၊ မုခ်ဘုရားပါ စေတီပေါင်း ၁၀၈-ဆူ ရှိလေသည်။

www.dhammaransi.com

# ချောင်းမမွေ့တော် စေတီတော် (ညောင်ကန်မြို့)

ချောင်းမမွေ့တော် စေတီတော်မှာ မုံရွာခရိုင် ညောင်ကန်ရွာ၏ အနောက်မြောက်အရပ်၌ ကျိန်းဝပ်တော်မူလေသည်။

ချောင်းမမွေ့တော် စေတီတော်မှာ ညောင် ကန် ရွာတော်လေးဆူ အပါအဝင် ဖြစ်လေသည်။ ထိုအရပ်၌ တိမ်းရင်းမြို့ကြီးပွားထွန်းကားစဉ်က တည်ထားကိုးကွယ်ခဲ့လေသည်။ မဇ္ဈိမဒေသ ရာဇဂြိုဟ်ပြည်မှ အဇာတသတ်မင်း၏ အဆက်အနွယ်ဖြစ်သော နာဂဒါသမင်းအား နန်းချ၍ သုသုနာဂမင်း နန်းတက်ရာ၊ နာဒါသမင်းနှင့် နှမတော် သီဝလိဒေဝီတို့သည် ဓာတ်တော်မွေ့တော်တို့ကိုပင့်ဆောင်ကာ မြန်မာနိုင်ငံတွင်းသို့ တိမ်းရှောင်ခဲ့၍ ကလေးရာဇဂြိုဟ်၌ရင်း၊ တိမ်းရင်းရာဇဂြိုဟ်၌ရင်း မြို့ပြတည်ထောင်နေထိုင်ခဲ့ကြရာ တိမ်းရင်းမြို့ (ညောင်ကန်ရွာ)ဒေသ၌ ဓာတ်တော်မွေ့တော်တို့ကို ဌာပနာ၍ ဖလားကမ်းဘုရား၊ ဆင်ဝပ်ဘုရား၊ မြတံဆိပ်ဘုရား၊ မွေ့ရှင်တော်ဘုရား စသည့်ဘုရားစေတီအများကိုလည်း တည်ထားခဲ့လေသည်။

www.dhammaransi.com



စေတီတော်ကို သံဖိုချောင်းဦးတိုက်၍ နှစ်မွှာကွဲသော ကုန်းတော်အလယ်ဗဟို၌ တည်ထားသောကြောင့် ချောင်းမွှာ မွေ့တော်ဟု ခေါ်တွင်ခဲ့ရာမှ ချောင်းမမွေ့တော်ဟူ၍ ခေါ်တွင် လေသည်။နှစ်စဉ် ဝါဆိုလဆန်း ၁၂-ရက်နေ့တွင် ဘုရားဆွမ်းတော် ကြီးပွဲတော် ကျင်းပမြဲ ဖြစ်လေသည်။

၁၂၇၄-ခုနှစ်တွင် မောဂ္ဂလန်တိုက်၊ တောင်ကျောင်း ဘုန်းတော်ကြီး ဦးနာယက က ကြီးမှူး၍ ပြုပြင်ထားခဲ့လေသည်။

www.dhammaransi.com

# ဂူပြောက်ကြီးစေတီတော် (ပုဂံမြို့)

* ဂူပြောက်ကြီးနှင့် ဂူပြောက်ငယ် စေတီတော်နှစ်ဆူမှာ ပုဂံမြို့တောင်ဖက် မြင်းကပါရွာ မြစေတီအနီးတွင် ကျိန်းဝပ်တော်မူ၍၊ မြစေတီဂူပြောက်ကြီးဟူ၍ရင်း၊ မြင်းကပါဂူပြောက်ကြီးဟူ၍ရင်း ခေါ်တွင်လေသည်။

ကျန်စစ်သားမင်းကြီးသည် အနော်ရထာမင်းကြီး မျက်တော်မူသဖြင့် ထွက်ပြေးတိမ်းရှောင်စဉ်က မထီးတူမ သမ္ဘူလနှင့် သင့်မြတ်ခဲ့ရာတွင် လက်ဝတ်တော်ပေး၍ မှာထားခဲ့သည့်အတိုင်း၊ မင်းကြီးနန်းတက်၍ သားငယ်ရာဇကုမာရနှင့်အတူ မင်းကြီးထံသို့ လိုက်ပါသွားရာ တြိလောက ဝဋ္ဋ သကာဒေဝီ ဦးဆောက်ပန်း အမည်ဖြင့် မိဖုရားမြှောက်တော်မူ၍၊ ထီးနန်းကိုမူ မြေးတော် အလောင်းစည်သူ မင်းသားအား လွှဲအပ်ရန်စီမံပြီး ဖြစ်သဖြင့်

*ပုဂံမြို့နှင့် ညောင်ဦးမြို့ အကြားရှိ ဝက်ကြီးအင်း ရွာ၏ အရှေ့တောင်ဖက်၌ ဂူပြောက်ကြီး၊ ဂူပြောက်ငယ်ဟူ၍ စေတီတော် နှစ်ဆူရှိသေး၍ ထိုစေတီတို့ကို ကျန်စစ်မင်းတည်ခဲ့သည်ဟု သိမှတ်ရလေသည်။

www.dhammaransi.com



သားတော်အား ဇေယျခေတ္တရာဘွဲ့ဖြင့် ကျေးရွာသုံးရွာကိုလည်း အပိုင်စားစေလေသည်။

သက္ကရာဇ် ၄၇၄ ခုနှစ်တွင် ခမည်းတော်ကျန်စစ်မင်းကြီးသည် နာမကျန်း ဖြစ်တော်မူရာ သားတော် ရာဇကုမာရသည် ခမည်းတော်အား ကောင်းစွာပြုစု၍၊ ကျေးဇူးဆပ်သောအားဖြင့် ရွှေစင်တို့ဖြင့် ဘုရားရုပ်ပွားတော် သွန်းကာ၊ မိမိစားရသော ရွာသုံးရွာကိုလည်း ရုပ်ပွားတော်အားလှူတန်း၍ မင်းကြီးရှေ့မှောက်တွင် မဟာထေရ်တို့ကိုပင့်၍ ရေစက် သွန်းချ စေလျှင် မင်းကြီးလည်း ဝမ်းမြောက်တော်မူလေသည်။ ထိုနောက် ရွှေအထွတ်တင်သော ဂူစေတီတော်ကိုတည်ပြီးလျှင် ရွှေရုပ်ပွားတော်ကို ဌာပနာပြီးလျှင် ရွာသုံးရွာကိုလည်း စေ တီ တော် ဝတ် ပြု ရန် လှူတော်မူ၍ ဘုရားဆုပန်ကာ၊ ဘုရားကိုလှူခဲ့သော ကျွန်တို့အား နှိပ်စက်ပါက အရိမေတ္တေယျဘုရားရှင်အား မဖူးရစေသားဟူ၍ အစိဋ္ဌာန်ဆုတောင်းကာ ပါဠိ၊ ပြူ၊ မွန်၊ မြန်မာ လေးဘာသာတို့ဖြင့် ကျောက်စာရေးထိုး စိုက်ထူတော်မူခဲ့လေသည်။

ထိုကျောက်စာကို သက္ကရာဇ် ၁၂၄၈-ခုနှစ်လောက်တွင် မြန်မာနိုင်ငံ ကျောက်စာဝန် ဒေါက်တာဖိုးရှမ်းမားက မြစေတီခြေရင်းတွင်ကပ်လျက် တွေ့ရှိရပြီး မိတ္ထူကျောက်စာ တချပ်ကိုလည်း ဂူပြောက်ကြီးလိုဏ်အတွင်းမှ တွေ့ရှိရလေသည်။ လိုဏ်အတွင်းမှကျောက်စာမှာ ၃-ပိုင်းကျိုးလျက်ရှိ၍ အောက်နှစ်ပိုင်းကို

www.dhammaransi.com


သာတွေ့ရှိရပြီး၊ ၁၂၆၆ ခုနှစ်တွင် မြစေတီမဟာရံ တံတိုင်းပြုရှ်ပြင်ဆင်ရာ၌ ကျန်တပိုင်းကို တံတိုင်းပျက်အတွင်းမှ တွေ့ရှိရလေသည်။ မြစေတီမှာ ဂူပြောက်ကြီးနှင့်ကပ်လျက်ရှိ၍၊ ရှေးဦးစွာကျောက်စာကိုမြစေတီခြေရင်းမှတွေ့ရသဖြင့် မြစေတီကျောက်စာဟု ခေါ်တွင်ခဲ့ကြလေသည်။သို့ရာတွင် ဂူပြောက်ကြီးကျောက်စာဟူ၍ရင်း၊ ရာဇကုမာရ်ကျောက်စာဟူ၍ရင်း ပြောင်းလဲခေါ်တွင်ခဲ့ကြလေသည်။

❀

www.dhammaransi.com

# ငါးထပ်ကြီး ဘုရား (သံလျင်မြို့)

ငါးထပ်ကြီးဘုရားမှာ သံလျင်မြို့တောင်ဖက်၊ ကျောက်တန်းသွား လမ်းမကြီးပေါ်ရှိ ပါဒမြို့တော်ဟောင်း တည်ရာ ပါဒကြီးရွာ၌ ကိန်းဝပ်တော်မူလေသည်။

၁၂၄၀ ပြည့်နှစ်တွင် အထက်မြန်မာနိုင်ငံမှ စုန်ဆင်း၍ ပါဒကြီးရွာ၌ သီတင်းသုံးတော်မူသော ရဟန်းတော် ဦးကုသလသည် ကျောင်းတိုက် စည်ကားပြီးနောက် ရုပ်ပွားတော်ကြီး တည်ထားတော်မူလိုသဖြင့် ကျောင်းအရှေ့ဖက် ကုန်းမြေကို ၁၂၆၆ ခုနှစ်တွင် မြေညှိစေပြီး၊ ၁၂၆၈ ခုနှစ် တော်သလင်းလဆုတ် ၇-ရက်နေ့တွင် အုတ်မြစ်ချ၍ ရုပ်ပွားတော်ကြီးတည်ခဲ့ရာ ၁၂၆၉ ခုနှစ် ကဆုန်လပြည့်နေ့တွင် ရုပ်ပွားတော်ကြီး ပြီးစီးတော်မူလေရာ မာရ်ငါးပါး အောင်မြင်သည်ကို အစွဲပြု၍ ငါးထပ်ကြီးဘုရားဟူ၍ ဘွဲ့တော်သမုတ်လေသည်။

ထိုနောက် ပါဒကြီး ရွာသူရွာသားတို့က ဘုံငါးဆင့်ရှိသော တန်ဆောင်းကြီးကိုဂင်း၊ ၁၂၇၀ ပြည့်နှစ်တွင် ဦးမောင်ကလေး၊ ဒေါ်အေးမယ် မိသားစုတို့က အရှုဏ်ခံ

www.dhammaransi.com



တန်ဆောင်းကြီးကိုင်း၊ ၁၂၇၃ ခုနှစ်တွင် ဦးဖေကိုး၊ ဒေါ်အေးကြိုင် သားသမီးတစုတို့က ဘုံ ၇-ဆင့်ရှိ တန်ဆောင်းကြီးကိုင်း၊ ၁၂၇၇ ခုနှစ်တွင် ဦးသာကျော် ဒေါ်အုန်းပွင့်မိသားစုတို့က တန်ဆောင်းသစ်ကြီးကိုင်း၊ ၁၂၇၈ ခုနှစ်တွင် ဦးဖေတိုး ဒေါ်ငြိမ်းတို့က အထက်မန္တလေးစက်တော်ရာပုံ ခြေတော်ရာတဆူကိုင်း အသီးသီး လှူတန်းခဲ့ကြလေသည်။

ရုပ်ပွားတော်ကြီးမှာ ဥာဏ်တော်အမြင့် ၆-ပေ ၄ဝ၊ ၈-လက်မ၊ပလ္လင်တော်အလျား ၃၃-ပေ၊ ၁၁ လက်မ၊အနံ ၂၀-ပေ ၁၁ လက်မ၊ ပလ္လင်တော်အမြင့် ၄ ပေ ၆ လက်မ၊ ရှိလေသည်။

www.dhammaransi.com

# ငှက်ပစ်တောင် ဇေတီတော် (ပုဂံမြို့)

ငှက်ပစ်တောင်ဘုရားမှာ ညောင်ဦးမြို့တွင်ရှိ၍ ဈေး၏ တောင်ဖက် ဆပ္ပဒဘုရား၏ အရှေ့ဖက်တွင် တည်ရှိသေသည်။

ငှက် ပစ် တောင် ဘုရားသည် ပုဂံ ပြည်စောထီးမင်း၏ ကောင်းမှုတော်ဖြစ်လေသည်။ သက္ကရာဇ် ၉၂-ခုနှစ်တွင် တည်သည်ဟု မှတ်သားကြလေသည်။

သတိုးမဟာရာဇာမင်း၏အနွယ် သတိုးအာဒိစ္စမင်း၏သား မင်းထီးသည် မလည်အရပ်မှ ပုဂံမြို့တော်သို့ ရောက်ရှိပြီးနောက် ပြုအိုလင်မယားထံ၌ တည်းခိုနေလေသည်။ ထိုအခိုက် ပုဂံပြည် အရပ်လေးမျက်နှာတွင် ဝက်ကြီး ငှက်ကြီး၊ ရှူးပံ့၊ ကျားကြီး ဟူသော ရန်သူလေးဦး ပေါ်ပေါက်လေရာ လေးအဟတ်တတ် မြောက်သော မင်းထီးသည် ရန်သူများကို ဖြိုခွင်းနှိမ်နင်းလေသည်။ထိုသို့နှိမ်နင်းရာ၌ ငှက်ကြီးကိုပစ်သတ်သောနေရာ၌ နောင်အခါ ဘုရားတည်လေသည်။

မင်းထီးသည် ပုဂံမင်း၏ ချီးမြှောက်ခြင်းခံရ၍ မင်း၏ သမီးတော် သီရိစန္ဒာဒေဝီနှင့် လက်ထပ်ပြီးနောက်၊ အိမ်ရှေ့အရာ

www.dhammaransi.com



ခံလေသည်။ မင်းကြီး နတ်ရွာစံသောအခါ မိမိဆရာရသေ့အား လူဝတ်လဲစေ၍ နန်းတင်ပေးပြီးလျှင်၊ ထို ရသေ့ကြောင်မင်း နတ်ရွာစံသောအခါမှ သက္ကရာဇ် ၈၉-ခုနှစ်တွင် ပြူစောထီး မင်းအဖြစ် မင်းပြုလေသည်။

ပြူစောထီးမင်းသည်

ကျားကိုသတ်ရာ ဌာနဦရင်း၊
ရှူးပျံကိုသတ်ရာ ဌာနဦရင်း၊
ဝက်ကြီးကိုသတ်ရာ ဌာနဦရင်း၊
ငှက်ကြီးကို သတ်ရာဌာနဦရင်း၊
လေးဆက်ရာ ဌာနဦရင်း၊
လေးညှို့တင်ရာ ဌာနဦရင်း၊
မြှားသွေးရာ ဌာနဦရင်း၊
မင်းသမီးများအား ငှက်ရန်မှ ဝှက်ရာဌာနဦရင်း၊
ငှက်တောင်ပစ်ရာ ဌာနဦရင်း၊
ဗျိုင်းနားရာ ဌာနဦရင်း၊
ဖွတ်ဝပ်ရာ ဌာနဦရင်း၊
ပေါက်ပင်ပေါက်ရာ ဌာနဦရင်း၊
ဖါးဝပ်ရာ ဌာနဦရင်း၊
ဗူးပင်များပေါက်ရာ ဌာနဦရင်း၊

ဘုရားတဆူစီတည်ခဲ့၍၊ဂေါတမဘုရားကိုလည်း တည်ခဲ့လေသည်။ ငှက်ပစ်တောင်ဘုရားမှာ ပြူစောထီးသည် ထီးလိုင်ကာ ငှက်ကြီး

www.dhammaransi.com



ကို ပစ်သတ်ရာနေရာ၌ တည်ထားခဲ့သော ဘုရားဖြစ်လေသည်။ ထိုနေရာသည် ငှက်တောင်ကို စွန့်ပစ်ရာဌာနဟူ၍လည်း ယူဆကြလေသည်။

ငှက်ပစ်တောင်ဘုရား ကျိန်းဝပ်ရာဌာနမှာ ၂၅-ပေခန့် မြင့်သော တောင်တန်းဖြစ်၍ မုခ်လေးမျက်နှာနှင့် စေတီနှစ်ဆူ တည်ထားလေသည်။ ဂေါတမဘုရားမှာ လက်ဝဲဖက်စောင်းတော်၏ အောက်ဖက်တောင်ခြေတွင် တည်ရှိလေသည်။ စေတီနှစ်ဆူ အနက် လက်ျာစေတီ ပျက်စီးသည်ကို သက္ကရာဇ် ၇၂၆-ခုနှစ်တွင် ငှက်ပင်တောင်မဟာထေရ်က ပြင်ဆင်ခဲ့လေသည်။ ထိုတောင်၏ မြောက်ဖက်တွင် ငှက်ပစ်တောင် ကျောင်းတိုက်ရှိ၍၊ နရပတိစည်သူမင်းကြီးသည် ဥမင်ပေါင်း ၁၀၀၀-ကျော် တည်ဆောက် လှူတန်းခဲ့လေသည်။

www.dhammaransi.com

# စူဠာမုနိစေတီတော် (ပုဂံမြို့)

စူဠာမုနိစေတီတော်မှာ ပုဂံမြို့ အရှေ့တောင်ဖက် မင်းနန်သူရွာသို့သွားရာ လမ်းအနီးတွင် ကျိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၅၃၆ - ခုနှစ်တွင် နန်းတက်တော်မူသော နရပတိစည်သူမင်းကြီးသည် အနော်ရထာမင်းကြီး တည်တော်မူခဲ့သော တုံ့ဝပ်တောင် စွယ်တော်ရှင်စေတီသို့ မှူးမတ်များနှင့် အဖူးမျှော်ထွက်တော်မူ၍ အပြန်တွင် ချောက်တခုဆီမှ အရောင်တဝင်းဝင်း တောက်ပနေသည်ကို တွေ့မြင်ရလေလျှင်၊ မင်းချင်းတယောက်အား စေလွှတ်ကြည့်ရှုစေရာ၊ ထိုနေရာ၌မီးရောင်ကိုရင်း၊ ပတ္တမြားကိုရင်း မတွေ့ရှိရသဖြင့်မင်းကြီးသည်ထိုဒေသ၌ကောင်းမှုတော် ပြုစေလို၍ နတ်များညွှန်ပြသည်ဟုယူဆကာ၊ ထိုချောက်ကို မြေဖို့စေလေသည်။

ချောက်ကိုဖို့၍ မြေပြင်ညီညာလေလျှင် သက္ကရာဇ်၅၄၅- ခုနှစ်၌ စေတီတော်တဆူကို လိုဏ်နှစ်ဆင့်နှင့် တည်တော်မူလေသည်။ ထိုစေတီတော်ကိုတည်ရာ၌ ပြည်သူပြည်သားများအား ကွပ်ညှပ်ခြင်း ပြင်းသောကြောင့် ကုသိုလ်ပြုရာ၌ အကုသိုလ်

www.dhammaransi.com


များလှသည်ဟူ၍ ပုံသုကူထေရ်က ကဲ့ရဲ့၍ မင်းကြီး၏ဆွမ်းကို မစားဘဲ နေလေသည်။ ထိုအခါ မင်းကြီးက ပြည်သူ၏ဆွမ်းလည်း မိမိ၏ဆွမ်းပင် ဖြစ်သည်ဟုဆိုရာမှ မထေရ်မြတ်သည် သီဟိုဠ်သို့ ကြွတော်မူမည်ရှိရာ မင်းကြီးတောင်းပန်ဝန်ချ၍ ကန်တော့ရလေသည်။

စေတီတော်တည်ရာမှ ပိုသော အုတ်များကို စေတီတော် အနီးတွင် ၅၄၇-ခုနှစ်၌ စေတီတဆူ တည်ထားရာ သပိတ်မှောက် စေတီဟု တွင်လေသည်။

စေတီတော်ကြီး ပြီးစီးလျှင် စူဠာမဏိ စေတီတော်ဟူ၍ သမုတ်တော်မူလေသည်။

www.dhammaransi.com

## စက္ကုတဲစေတီတော် (မင်းဘူးမြို့)

စက္ကုတဲစေတီတော် (ရှင်ပင်စက္ကုနိုးတဲ)မှာ မင်းဘူးမြို့ စက္ကုတဲတောင်ထိပ်တွင် ကျိန်းဝပ်တော်မူလေသည်။

မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၂၃-ခုနှစ်တွင် စူဠပုဏ္ဏ၊မဟာပုဏ္ဏညီနောင်တို့ ပင့်လျှောက်ချက်အရ၊ သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမရွာသို့ ကြွရောက်ပြီးနောက် စန္ဒကူးကျောင်းတော်တွင် ၇-ရက် သီတင်းသုံးတော်မူပြီးလျှင် မဇ္ဈိမဒေသသို့ ပြန်၍ ကြွတော်မူမည် ရှိသောအခါ မင်းဘူးမြို့ တောင်ဖက်၊ ဆားပွတ်တောင်ညိုတို့ခန်းရံလျက်ရှိသော ကေလာသဘ စက္ကုနိုးတဲ တောင်ထိပ်သို့ ကြွရောက်သာလေသည်။

ထိုတောင်သို့ ရောက်သောအခါ သိကြား မင်း သည် နောင်တော်ဘုရားရှင်တို့အား လှူမြဲဖြစ်သော ရတနာမြသလွန်တော်ကို ဆက်ကပ်ပူဇော်၍ မြတ်စွာဘုရားသည် ယာယီ သီတင်းသုံးတော်မူလေသည်။

ထိုသို့ သီတင်းသုံးနေရာမြတ်တွင် စေတီတဆူ တည်ထားကိုးကွယ်ခဲ့ကြရာ ရှင်ပင်စက္ကုနိုးတဲ စေတီတော်ဟု ခေါ်တွင်ရာမှ စက္ကုတဲစေတီတော်ဟု ခေါ်တွင်လာခဲ့လေသည်။

www.dhammaransi.com

# စွယ်တော်ရှင် စေတီတော် (ဂုံဂေါမြို့)

စွယ်တော်ရှင်စေတီတော်မှာ ဂုံဂေါမြို့လယ် တောင်ကုန်း ပေါ်တွင် ကျိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၆၀၄-ခုနှစ်တွင် ပုဂံပြည့်ရှင် နရပတေ့မင်း လက်ထက် မစ္ဆဂီရိသို့ ပုန်ကန်သူများအား နှိမ်နင်းရန် စေလွှတ် သောတပ်များ ချရပ်စဉ်၊တပ်လန့်၍ ကစဉ့်ကလျားဖြစ်ရာ ဗိုလ်မှူး၊ စစ်ကဲ၊ စစ်ကွပ်တို့အား သစ်တောလေးရပ်သို့ အပြစ်ဒဏ်ခတ်၍ ပို့လွှတ်ရာမှ မြစ်သာမြစ်အနီးတွင် ဂုံဂေါမြို့ကို တည်ခဲ့ကြလေ သည်။ ထိုမြို့တွင် သီရိဓမ္မာ အသောကမင်းကြီးသည် စေတီပုထိုး များ တည်ခဲ့၍ အလောင်းစည်သူမင်းကြီးသည်လည်း မြစ်သာမြစ် တလျှောက်တွင် စေတီတည်ထားခဲ့လေသည်။

တရံခါသော် ဂုံဂေါကျောင်းနေ ရှင်စန္ဒာလင်္ကာရ၏ တပည့်လောင်း၊ စတာရွှာမှ မောင်ထွားသည် မြစ်သာမြစ်တွင် ရေငုပ်ကစားရာမှ စွယ်တော်ခေတ်ကို ရောင်ခြည်သော် ကွန့်မြူး လျက် ဖူးတွေ့ရသဖြင့် ပင့်ဆောင်၍ ဆရာတော်အား ဆက်ကပ် လေသည်။ ဆရာတော်သည် ကျောင်း၌ကိုးကွယ် ပူဇော်ထားရာ အင်းဝဘုရင် ကြားသိတော်မူသဖြင့် သက္ကရာဇ် ၁၁၄၉-ခုနှစ်

www.dhammaransi.com



ဝါခေါင်လဆုတ် ၁၀ ရက်နေ့တွင် မှူးမတ်တို့ကို စေလွှတ်ပင့်ဆောင်စေရာ စွယ်တော်မြတ်နှင့်တကွ၊ စွယ်တော် တွေ့ရှိရင်းမောင်ထွားကိုပါ ခေါ်ဆောင်ခဲ့ပြီးလျှင် တော်သလင်းလဆန်း ၆-ရက်နေ့တွင် ရွာသစ်ကြီးသို့ ဆိုက်ရောက်လေသည်။

မင်းကြီးလည်း စွယ်တော်မြတ်ကို တဲတော်ဆိပ်မှ ကြိုယူပင့်ဆောင်၍ ရတနာပြောင် မွန်ဆင်တော်ဖြင့် ပင့်ဆောင်ကာ နန်းတော်ဦး စွယ်တော်စင်၌ ကိန်းဝပ်စေလေသည်။ မောင်ထွားအားလည်း ချီးမြှောက်အခွင့်အရေး ပေးလေသည်။ မောင်ထွားသည် အင်းဝမြို့ ရွှေညောင်ပင်ရပ်သူ ခင်သေးနှင့် ရည်ငံကြလေသည်။

ထိုအချိန်တွင် စွယ်တော်စင်မှ စွယ်တော်ပျောက်ကွယ်ခဲ့၍ နန်းတော်ကြီးတွင် ရုတ်ရုတ်သဲသဲဖြစ်ကာ ရွှေပြည်စိုး ဇေတရစ်အား စုံစမ်းစေရာ၊ မောင်ထွားပင် ခိုးယူမည်ဟု ဖမ်းဆီးစစ်ဆေး၍ မရသည့်အခါတွင် မိမိရည်မှန်းရင်း ခင်လေး၏ အရေးပေးခြင်းခံရသူ ဖြစ်သဖြင့် အငြိုးဖြင့်သတ်ရန် သုဿန်သို့ ထုတ်လေသည်။

စွယ်တော်မြတ်မူကား ယောနယ်အတွင်း လောင်းထောင်ရွာကုန်းထိပ်၌ ကိန်းဝပ်၍ ရောင်ခြည်တော်လွှတ်သဖြင့် လောင်းထောင်သူကြီးက ပင့်ဆောင်၍ ဘုရားတည်ရန်စီစဉ်ရာ၊ ဂုံဂေါရွာသားများသိ၍ လာရောက် ဖူးမြော်ကြပြီး၊ ၎င်းတို့ရွာမှ စွယ်တော်မြတ်ဖြစ်သည်ဟု လုယူပင့်ဆောင်ရာမှ အချင်းများကြ၍ လောင်းထောင်ရွာသူကြီးသည် အင်းဝနန်းတော်သို့ ၁၀၅၁-ခုနှစ် နယုန်လဆန်း ၉-ရက်နေ့တွင် လာရောက်သံတော်ဦးတင်ရာ၊

www.dhammaransi.com



စွယ်တော်မြတ်သည် ကိန်းဝပ်ရင်းအရပ်သို့ ပြန်ကြွကြောင်း ပုဏ္ဏားတော်တို့ တင်လျှောက်ချက်နှင့်ညီ၍ မောင်ထွားအသက် ချမ်းသာရာရ၍ ချီးမြှောက်မြဲ ချီးမြှောက်ခံရလေသည်။

သို့နှင့် မင်းတရားကြီး နတ်ရွာစံပြီးနောက် သားတော် နန်းတက်ရာ၊ ၁၀၆၁-ခုနှစ် ဝါခေါင်လဆန်း ၄ ရက်နေ့တွင် စွယ်တော်မြတ်ကို မြစ်ကြောင်းမှ ပင့်ပြန်လေသည်။ သို့ရာတွင် ထိုနှစ်သီတင်းကျွတ်လပြည့်နေ့တွင် ဂုံဂေါ ကျောင်း၌ စွယ်တော် မြတ်ပြန်လည် ကိန်းအောင်းနေကြောင်း၊ ဆရာတော် အရှင် စန္ဒာလင်္ကာရ ဖူးတွေ့ရပြန်လေသည်။ ထိုအကြောင်းကို မင်းကြီး ကြားသိ၍ ခြေမြန်တော်လွှတ်၍ ကြည့်စေပြီး၊ စွယ်တော်ကိန်း ဝပ်ရာအရပ်၌ပင် စေတီတည်ရန် ဝတ္တကမြေ လှူလေသည်။ ဂုံဂေါ မြို့သူမြို့သားများအားလည်း အခွန်တော်မင်းတိုင်း ကင်းလွတ်ခွင့် ပြုလေသည်။ သို့ရာတွင် ၁၀၆၇-ခုနှစ် ဝါဆိုလပြည့်ကျော် ၉-ရက် နေ့တွင် တတိယအကြိမ် အင်းဝသို့စွယ်တော်မြတ်ပင့်ဆောင်တော် မူပြီး ပြန်လည်ကိန်းဝပ်သည့်အခါမှ စေတီတော်ဘွင် ဌာပနာ လေသည်။ ၁၁၁၀-ပြည့်နှစ်ဘွင် ဂုံဂေါသူကြီးက စွယ်တော်ရှင် စေတီအားငုံ၍ စေတီသစ်တည်၍ ထီးတော်သစ် လှူတန်းလေ သည်။

သက္ကရာဇ် ၁၂၇၀ ပြည့်နှစ်တွင် ဂုံဂေါမြို့အုပ်နှင့် ဆရာ တော် ဦးတိဿတို့ကြီးမှူး၍ ရွာသားများက စေတီတော် ဖိနပ် တော် ၃၂ တောင်၊ ဥာဏ်တော် ၃၉ တောင်မြင့်ကာ မွမ်းမံတည် ထားခဲ့ကြလေသည်။

www.dhammaransi.com

# ဆပဋ္ဌ စေတီတော် (ညောင်ဦးမြို့)

ဆပဋ္ဌ စေတီတော်မှာ ညောင်ဦးမြို့ ရွှေမင်းဝံကျောင်းတိုက် တောင်ဖက်တွင် ကျိန်းဝပ်တော်မူလေသည်။

မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာတော် ဖြန့်ချီတော်မူသော ရှင်သောဏထေရ်နှင့် ရှင်ဥတ္တရထေရ်တို့၏ တပည့် အနွယ်ရှင် ဥတ္တရာ ဇီဝမဟာထေရ်သည် ပုဂံပြည် နရပတိစည်သူ မင်းလက်ထက် သက္ကရာဇ် ၅၄၂-ခုနှစ်တွင် သီဟိုဠ်ကျွန်းသို့ ဘုရားဖူးကြွရာ၊ ပုသိမ်ကျေးလက် ဆပဋ္ဌရွာသား သာမဏေတပါးကိုပါ ခေါ်ဆောင်သွားပြီးလျှင် သီဟိုဠ်ကျွန်း၌ ဆပဋ္ဌသာမဏေအား ပဉ္စင်းခံပေးလေသည်။ ထိုနောက် ဆပဋ္ဌရဟန်းသည် ပိဋကတ်တော်တို့ကို သင်ကြားပေါက်မြောက်ပြီးနောက် ပုဂံပြည်၌ ရဟန်းများကို ဝိနည်းနှင့်အညီ ကံပြုနိုင်ရန် သီဟိုဠ်သံဃာ လေးပါးကိုပါ ပင့်ဆောင်၍ မြန်မာနိုင်ငံသို့ ပြန်လာခဲ့လေရာ၊ ၅၅၃-ခုနှစ်တွင် ပုသိမ်မြို့သို့ ရောက်ရှိလေသည်။ ပုသိမ်မြို့တောင်အရပ်၌ ဝါဆိုတော်မူ၍ ဝါကျွတ်လျှင် ပုဂံပြည်ကို ကြွတော်မူလေသည်။

www.dhammaransi.com



ထိုအခါ နရပတိစည်သူမင်းကြီးသည် မထေရ်မြတ်တို့ကို ကြည်ညိုလှ၍ ရေဝတီမြစ်အတွင်း၌ ဖေါင်ဖွဲ့ကာ သာမဏေများ ကို ပဉ္စင်းခံပေးလေသည်။ ထိုနောက် အနော်ရထာမင်းကြီး တည်ထားခဲ့သော ငှက်ပစ်တောင်ကြီး၊ တာမနီကြီး၊ မြင်းကပါ ကြီး၊ တုရွင်းတောင်ကြီး ဟူသော ကျောင်းတိုက်ကြီး များနှင့် မနီးမဝေးတွင် သက္ကရာဇ် ၅၅၃-ခုနှစ်၌ ကျောင်းတိုက်တည်၍ ကိုးကွယ်တော်မူလေသည်။ ထိုကျောင်းတိုက်အတွင်း၌ သီဟိုဠ် ကျွန်းရှိ စေတီများ၏ ပုံတော်အတိုင်း ဆပဋ္ဌထေရ် ကြပ်မတ်စီရင် တော်မူစေ၍ စေတီတော်တည်ထား ကိုးကွယ်လေသည်။ ထိုစေတီ တော်ကို ဆပဋ္ဌစေတီတော်ဟူ၍ ခေါ်တွင်ကြလေသည်။

www.dhammaransi.com

# ဆူးလေစေတီတော် (ရန်ကုန်မြို့)

ဆူးလေစေတီတော်မှာ ရန်ကုန်မြို့လယ်တွင် ကျိန်းဝပ်တော်မူလေသည်။

ဆူးလေစေတီတော် ကျိန်းဝပ်သော ကုန်းမြေမှာ ရွှေတိဂုံစေတီတော်ကို ဥက္ကလာပမင်းကြီး တည်တော်မူသောအခါက၊ သိင်္ဂုတ္တရကုန်းမြေကို ရှာဖွေရန် ကမ္ဘာစောင့် နတ်ကြီးများ စုဝေးရာအရပ် စုလေးဟုနှီးဆော်ရာအရပ်ဖြစ်သည်ဟုဆိုလေသည်။

သာသနာနှစ် ၂၃၅-ခုနှစ်ခန့်တွင် သီဟိုဠ်ကျွန်းမှ ရှင်ယသ ရှင်သောဏနှင့် ရှင်သုခိအမှူးရှိသော ရဟန္တာ ရှစ်ပါးတို့သည် ဆံတော်နှင့်ဓာတ်တော်တို့ကို ပင့်ဆောင်ခဲ့၍ သံလျင်ဘောဂသေန မင်းအား ပေးအပ်လေရာ ထိုမင်းကြီးသည် ဆံတော်ဓာတ်တော် အချို့ကို ကျိုက္ကဆံစေတီတည်၍ ဌာပနာပြီးနောက် ရဟန္တာ တပါး ပျံလွန်တော်မူသဖြင့် မင်းကြီး စိတ်ဝမ်းငယ်တော်မူ၍ ဆူးလေစေတီတည်ရန်အတွက် အသုတ်အမည်ရှိ အမတ်ကြီးအား တာဝန်လွှဲအပ်လေသည်။

အမတ်ကြီးသည် ကောင်းမြတ်သော ဆူးလေကုန်းတော်ကိုညှိ၍ စေတီတော်တည်ပြီးလျှင် ဓာတ်တော် ဆံတော်များကို ဌာပနာလေသည်။ ထိုစေတီကို အသုတ်အမတ်တည်၍ ကျိုက်အသုတ်ဘုရားဟု တွင်လေသည်။ နှစ်ပေါင်း များစွာ ကြာမြင့်

www.dhammaransi.com



သောအခါ ဆူးလေပင်များ ဖုံးအုပ်နေသဖြင့် ဆူးလေစေတီ တွင်သည်ဟူ၍ရင်း၊ဆံတော်ကို ဥဒ္ဒါနဒသောကြောင့် မွန်ဘာသာဖြင့် အသုတ် ပါဠိဘာသာဖြင့် စူဠဟုခေါ်ရာမှ စူဠစေတီ၊ဆူးလေ စေတီတော်ဟူ၍ ရွေ့လျောလာသည်ဟူ၍ရင်း၊ မှတ်သားကြလေ သည်။

အချို့က ရဟန္တာရှစ်ပါး ပင့်ဆောင်ခဲ့သော ဓာတ်တော် ဆံတော်များကို သထုံသီဟဒီပမင်းရရှိ၍ မူးမတ်ဘိုအား ဝေပေး ရာမှ မဟာသူရအမတ်ရရှိခဲ့ပြီး စေတီတော်တည်သဖြင့် ကျိုက်သူရ မွန်အသံထွက်ဖြင့် ကျိုက်စူရဲမှ (စူးသဲ) ဆူးလေဟူ၍ ပြောင်းသဲ လာသည်ဟုလည်း မှတ်ယူလေသည်။(ရန်ကုန်ရာဇဝင် စာမျက်နှာ ၅၇)

ဆူးလေစေတီတော်ကို မွန်မင်းအဆက်ဆက် ပြုပြင်ခဲ့ကြ၍ မင်းတုန်းမင်းကြီးသည် ရွှေဘိုဂုံစေတီတော် ဆည်းလည်းတော် တင်လှူရန်နှင့် ဆူးလေစေတီတော်ကိုပါ ပြုပြင်ရန် စစ်ကဲ- ဦးထော်လေးအား တာဝန် ပေးအပ်သဖြင့် ဥာဏ်တော် ၈၂- တောင်မြင့်အောင် ပြုပြင်မွမ်းမံခဲ့သေသည်။

စေတီတော်မှာ ဥာဏ်တော် ၁၅၂ ပေ၊ ၇-လက်မခွဲမြင့်၍ အောက်ခြေမှစ၍ ချယားသီး ပိန္နဲသီးတိုင်အထိ ရှစ်မြှောင့်ချိုး ဖြစ်လေသည်။ ရင်ပြင်တော်မှာ ပေ-၂၀- ကျယ်လေသည်။ မုခ် လေးဖက် တန်ဆောင်းများရှိ၍ မဟာဗောဓိပင်နှင့် ဆူးလေ နတ်ရုပ်များလည်း ရှိလေသည်။ မြေပြင်မှ စိန်ဖူးတော်အထိ ၁၆၃-ပေ၊ ၇ လက်မခွဲရှိလေသည်။ ယင်ပြင်တော် စတုရန်းပေ ၃၇၁၀၀-ရှိလေသည်။

www.dhammaransi.com

# ဆင်များရှင်စေတီတော် (စစ်ကိုင်းမြို့)

ဆင်များရှင် စေတီတော်မှာ စစ်ကိုင်းမြို့ အနောက်မြောက်ဖက် ရွှေဘို မုံရွာသွား မော်တော်ကားလမ်း အနောက်ဖက်တွင် ကျိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၇၉၁-ခုနှစ်တွင် မိုးညှင်းမင်းတရားကြီး၏ လက်ထက်တော်တွင် သီဟိုဠ်ကျွန်းမှ သီရိသဒ္ဓမ္မာလင်္ကာရနှင့် သီဟဠ မဟာသာမိထေရ် နှစ်ပါးသည် ဓာတ်တော်ငါးဆူ ပင့်ဆောင်၍ အင်းဝသို့ ရောက်လာလေသည်။ ပုသိမ်သို့ရောက်စဉ် မွန်ဘုရင် ဗညားရံက ပင့်ဆောင်ကိုးကွယ်လိုသော်လည်း အခွင့်မရချေ။

မိုးညှင်းမင်းလည်း စစ်ကိုင်းအနောက် သာယာသော မြေအပြင်၌ ၇၉၂-ခုနှစ် တပေါင်းလပြည့်နေ့တွင် စေတီတော် တည်လေသည်။ ဘုရားအနောက်တွင် ရွှေအုတ်ကျောင်း ဆောက်ကာ သီဟိုဠ်ထေရ်များကို တင်လှူလေသည်။ ဓာတ်တော်ငါးဆူကို စေတီတော်တွင်ဌာပနာ၍ ရတနာစေတီဟူ၍ သမုတ်တော်မူလေသည်။

www.dhammaransi.com



ထိုနောက် သက္ကရာဇ် ၇၄၇-ခုနှစ်တွင် ဒုတိယမင်းခေါင်က ရတနာစေတီ ပြိုပျက်သည်ကို မယ်တော် အမိတ္တာသီရိနှင့် ထွက်တော်မူ၍ ပြုပြင်ကာ တံတိုင်းမဟာရာမ်တွင် ဆင်ရုပ်အများ ရံလျက် မုခ်ဦးတွင်လည်း ဆင်ရုပ်ခံလေရာ၊ ထိုအခါမှစ၍ ဆင်များရှင်စေတီတော်ဟူ၍ ထင်ရှားလာခဲ့လေသည်။

စေတီတော်မှာ ဉာဏ်တော်အတောင် ၁၂၀- ရှိခဲ့လေသည်။ ၁၃၁၈-ခုနှစ် ဝါဆိုလဆန်း ၉-ရက်နေ့တွင် ငလျင်ဒဏ်ကြောင့် စေတီတော်ပြိုကျသဖြင့် ဌာပနာပစ္စည်းများတွင် ရွှေစေတီများ၊ ရွှေကြုပ်များနှင့် ပတ္တမြား ရတနာများကို ဖူးမြင်ကြရလေသည်။ ဌာပနာများကို ပြန်လည်ဌာပနာ၍ စေတီတော်ကို ပြုပြင်တည်ထားခဲ့လေသည်။

www.dhammaransi.com

# တန့်ကြည့်တောင် စေတီတော် (တန့်ကြည့်တောင်)

တန့်ကြည့်တောင် စေတီတော်မှာ ပုဂံမြို့ တဖက်ကမ်း တန့်ကြည့်တောင်ထိပ်ပေါ်တွင် ကျိန်းဝပ်တော်မူလေသည်။

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး နောက် သုနာပရန္တတိုင်းသို့ ဒေသစာရီ ကြွချီတော်မူသောအခါ ရပ်တန့်၍ ကြည့်ရှုတော်မူရာ တောင်ထိပ်ဖြစ်သဖြင့် ဟိုရှည်က ပဗ္ဗတတောင်ထိပ်ကို တန့်ကြည့်တောင်ဟု ခေါ်တွင်ခဲ့လေသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာတော်နှစ် ၂၃၈ ခုနှစ်တွင် သီရိဓမ္မာအသောကမင်းကြီးသည် စေတီပေါင်း ၈၄၀၀၀ တည်တော်မူရာ တန့်ကြည့်တောင်ထိပ်၌လည်း စေတီတော်တဆူ တည်ထားခဲ့လေသည်။

ထို့နောက် နှစ်ကာလရှည်ကြာ၍ စေတီတော်ပြိုပျက်ရာ ပုဂံပြည်အနော်ရထာမင်းကြီးသည် သိဟိုဠ်ကျွန်း ဓာတုသေနမင်း ဆက်သလိုက်သော စွယ်တော်ပွားကို ဆင်ဖြူတော်တွင် တင်၍ အဓိဋ္ဌာန်ကာ လွှတ်ရာ၊ ဆင်ဖြူတော်သည် မြစ်ကိုကူး၍ တန့်ကြည့် တောင်ထိပ်ပေါ်၌ ဝပ်ရာမှ ထိုနေရာ၌ စေတီတည်မည်ပြုရာ၊

www.dhammaransi.com



စေတီဟောင်းကိုတွေ့ရှိရလေလျှင် ရှင်အရဟံ၏ မိန့်ကြားချက်အရ အသောကမင်းကြီး၏ ကောင်း မှု ဖြစ် ကြောင်း သိရှိရကာ ဝမ်းမြောက်စွာဖြင့် စေ တီ တော် ကို ငုံ၍ ပြုပြင်တည်တော်မူလေသည်။

ထိုစေတီတော်ကို တန့်ကြည့် စေတီတော်ဟူ၍ပင် သမုတ်တော်မူးလေသည်။ စေတီတော်၌ ဌာပနာသော စွယ်တော်မှာ ဒုတိယ စွယ်တော်ပွားဖြစ်၍၊ မူရင်းစွယ်တော်ကို ရွှေစည်းခုံ စေတီတော်၌ ဌာပနတော် မူလေသည်။

www.dhammaransi.com

# ဇွဲကပင် စေတီတော် (ဘားအံမြို့)

ဇွဲကပင် စေတီတော်မှာ ဘားအံမြို့နှင့် ၈-မိုင်ခန့်အကွာ၌ တည်ရှိသော ဇွဲကပင်တောင် (ဗန္ဓုဝဂီရိ) ပေါ်တွင် ကျိန်းဝပ်တည် ရှိလေသည်။ ဇင်းကျိုက်တောင်၏ အရှေ့ဖက် မိုင် ၃၀ ခန့်ကွာဝေး ၍ အခြားတောင်တန်းများနှင့်မစပ်ဘဲ ကွင်းလယ်၌ တောင်တလုံး တည်း တည်ရှိ၍ ၂၃၇၂-ပေကျော် မြင့်လေသည်။

မြတ်စွာဘုရား ပွင့်တော်မူချိန်လောက်တွင် သုဝဏ္ဏဘူမိ နေပြည်တော်၌ တိဿဓမ္မမင်းနှင့် သီရိကပ္ပအမည်ရှိသော မိဖုရား ကြီးမှ ဖွားမြင်သော သားတော် တိဿဓမ္မနှင့် သီဟရာဇာတို့သည် တရားသံဝေဂရ၍ နန်းမွေကိုစွန့်ကာ ရဟန်းပြုလျက် နောင်တော် သည် ဂစ္ဆဂီရိတောင်၌ရင်း၊ ညီတော်သည် ဗန္ဓုဝဂီရိ ဇွဲကပင် တောင်၌ရင်း သီတင်းသုံးတော် မူကြလေသည်။

ထိုစဉ်အခါ သီဟရသေ့သည် သူငယ်တယောက်ကို ကောက်ယူမွေးစားထားရာမှ သူငယ်ကွယ်လွန်ရာ မဇ္ဈိမဒေသတွင် လူဝင်စား ဖြစ်လေသည်။ မြတ်စွာဘုရား ပွင့်တော်မူသောအခါ

www.dhammaransi.com



ထိုလူဝင်စားသည် ၇-နှစ် အရွယ်၌ပင် တရားတော်ကို နာကြားရသဖြင့် ဂဝမ္ပတိဘဲ့ဖြင့် ရဟန္တာဖြစ်လေပြီးသော် ခမည်းတော်ဟောင်းနှင့် ဦးရီးတော်ဟောင်းတို့အား မြတ်စွာဘုရား ပွင့်တော်မူ၍ တရားတော်ကို နာကြားရကြောင်း လာရောက် ပြောကြားလေသည်။

ရသေ့တို့လည်း ကြည်ညိုဝမ်းမြောက်လှ၍ မြတ်စွာဘုရားကို ပင့်ဆောင်ပေးပါရန် တောင်းပန်ကြသဖြင့် ဂဝမ္ပတိထေရ်သည် မြတ်စွာဘုရားထံ ပြန်ကြွ၍ လျှောက်ထားသည့် အတိုင်း မဟာသက္ကရာဇ် ၁၁ဝ-ပြည့်နှစ်တွင် သုဝဏ္ဏဘုမ္မိတိုင်းသို့ မြတ်စွာဘုရား ကြွချီလာလေသည်။ သုဝဏ္ဏဘုမ္မိတွင် တိဿဓမ္မသီဟရာဇာမင်း ဆောက်လုပ်လှူတန်းသော ကျောင်းတော်၌ သီတင်းသုံး၍ မဇ္ဈိမဒေသသို့ ပြန်လည်ကြွချီမည် ရှိသောအခါ ရသေ့တို့က ထာဝစဉ်ကိုးကွယ်ရာကို လျှောက်ထား တောင်းပန်သည့် အတိုင်း တိဿရသေ့နှင့် သီဟရသေ့တို့အပြင် ကေလာသ ရသေ့ကိုပါ ဆံတော်နှစ်ဆူစီ ပေးအပ်ခဲ့လေသည်။

သီဟရသေ့သည် မိမိရရှိသော ဆံတော် နှစ်ဆူအနက် တဆူကို ဇင်းကျိုက်ဘုရားတောင်တွင် ဘုရားတည်၍ ဌာပနာခဲ့ပြီးနောက် ကျန်ဆံတော်တဆူကို ဗန္ဓဝဂိရိတောင်၌ မိမိသီတင်းသုံးခဲ့ဘူးသည့်အတိုင်း စေတီတည်၍ ဌာပနာလေသည်။

တောင်မှာစောက်မတ်၍ တောင်စွန်းအမြင့်ဆုံး နေရာတွင် တောင်ဖက်ချောက်နှင့် ၅-ပေကွာခန့်၌ စေတီတော် ကျိန်းဝပ်လေသည်။ ဉာဏ်တော် အတောင် ၃ဝ-ခန့် မြင့်လေသည်။တောင်ထိပ်

www.dhammaransi.com



တွင် ရေ လုံလောက်စွာရရှိ၍ ခရီးလမ်းတလျှောက်၌ စခန်းများ ရှိ၍ ဂမုန်းပင်များ ပေါများလေသည်။ သံလွင်မြစ်အရှေ့ဖက် ကမ်းရှိ ဝင်းကျန်ရွာ၊ တရုပ်လှရွာတို့မှ လှည်းဖြင့်၎င်း၊ ဘားအံမြို့မှ ခမော်တော်ကားဖြင့်၎င်း သွားရောက်နိုင်၍ သံလွင်မြစ်အတွင်း သင်္ဘောပေါ်မှ ထင်ရှားစွာ ဖူးမြင်နိုင်လေသည်။ တောင်တက် ခရီး ၃-မိုင်ခွဲခန့် တက်ရောက်ရလေသည်။

ဇွဲကပင် ခေါ်ခြင်းမှာ ထိုတောင်ခြေတွင်ကပ်၍ သင်္ဘော ကြီးများ ချည်နှောင်ခဲ့သဖြင့် မွန်ဘာသာဖြင့် ဒိုးဂရှယ်ကပန်ဟု ခေါ်၍ ဘုရားကို **ကျိုက်ဂရှယ်ကပန်** ဟု ခေါ်ရာမှ ဂရွဲကပန်၊ ဇွဲကပန်၊ ဇွဲကပင် ဖြစ်လာသည်ဟု ဆိုသည်။ (မွန်စေတီတော် သမိုင်းပေါင်းချုပ် ၊စာမျက်နှာ-၂၆။) ကရင်ဘာသာစကားဖြင့် သင်္ဘောကြိုးချည်တောင် **ခွဲကပေါင်**မှ ဇွဲကပင်ဟူ၍ တွင်လာ ကြောင်းနှင့်လည်း ဆိုသည်။ (ဘားအံမြို့လမ်းညွှန်၊ စာမျက်နှာ-၂၃)

www.dhammaransi.com

# တူဝေစေတီတော် (ဘားအံမြို့)

တူဝေ (ဒူဝေ)စေတီတော်မှာ ဘားအံမြို့ တော်ပုံစခန်း၊ တောင်ဖက်၊ ဇွဲကပင်တောင်ခြေတွင် ကျိန်းဝပ်တော်မူလေသည်။

မြတ်စွာဘုရား ပွင့်တော်မူပြီးနောက် နှစ်ပေါင်း ၅၀၀-ခန့်တွင် ဇွဲကပင်တောင်ခြေအနီး၌ သေဆုံးသွားသော ကရင်အကြီးအကဲ တဦးအား မီးသင်္ဂြိုဟ်ရာ ပြာပုံမှ ထူးဆန်းသော သခွါးပင် ပေါက်လာ၍ အသီးတလုံးသာ သီးပြီး၊ ထိုအသီးမှ သူငယ်တယောက်ပေါက်ဖွား၍ သုဝဏ္ဏဘုမ္မိ မွန်ဘုရင်က မွေးစားထားခဲ့ရာ အရွယ်ရောက်လျှင် သာမဏေဝတ်စေပြီး သီဟိုဠ်ကျွန်းသို့ ပိဋကတ်စာပေ သင်ကြားရန် စေလွှတ်လိုက်လေသည်။

သာမဏေသည် အကျင့်သီလထူးမြတ်လှ၍ သက်တော် ၂၆-နှစ်တွင် ရဟန္တာဖြစ်ပြီးနောက် မိမိနေရင်းဒေသသို့ ကြွရောက်လာကာ အယူမှားယွင်းသော ပြည်သူတို့အား တရားဟောပြောလေသည်။ ထိုနောက် သခွါးပင်ပေါက်ရာ၌ ပေါက်၍နေသော ညောင်ပင်ကြီးကို နုတ်ထွင်ရှင်းလင်းကာ၊ ညောင်စောင့်နတ်အစား ကိုးကွယ်ပူဇော်ရန် သစ္စာစေတီတော်တဆူ တည်ထားခဲ့

www.dhammaransi.com



လေသည်။ လူမျိုးအပေါင်းတို့ အဘူအညီခွဲဝေ၍ စိုက်ပျိုးလုပ်ကိုင် စားသောက်စေရန် ရည်ရွယ်ချက်ဖြင့် တူဝေစေတီတော်ဟူ၍ သမုတ်ခဲ့လေသည်။

ထိုစေတီတော်ဘွင် ဒုံရင်း က ရင် အမျိုး သား တို့ က လက်ထပ်ပြီးစ မောင်မယ်များ သစ္စာပြုစေသော့ ရှိ၍ တောင်ခြေရှိ ကရင်အမျိုးသားများက လေးမြဘ်ကိုးကွယ်ကြလေသည်။

စေတီတော်မှာ အုတ်စေတီဖြစ်၍ ဉာဏ်တော် ၉-တောင်မျှ ရှိလေသည်။

www.dhammaransi.com

# တန်တားဦး မင်္ဂလာစေတီတော် (အင်းဝမြို့)

တန်တားဦး မင်္ဂလာစေတီတော်မှာ အင်းဝမြို့ ဇေယျပုထ တန်တားဦးထိပ်တွင် ကျိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၈၄၂ - ခုနှစ်တွင် နန်းတက်သော အင်းဝ ဒုတိယမင်းခေါင်သည် အိမ်ရှေ့မင်းအဖြစ်နှင့် ရှိစဉ်ကပင် တန်တားဦးအရပ်၌ မင်္ဂလာစေတီ တည်မည်ဟု ဆန္ဒရှိခဲ့သဖြင့် အုတ်ကျောက်များကို စုဆောင်းခဲ့လေသည်။ ထိုနောက်မင်းအဖြစ်သို့ ရောက်သည့်နှစ်တွင်ပင် စေတီတော်ကို စ၍တည်လေသည်။ သို့ရာတွင် ဓာတ်တော်မွေတော်များကို ဌာပနာရန် ရှာဖွေ ပင့်ဆောင်ရသည်နှင့် ၈၅၈-ခုနှစ်တွင်မှ အလယ်ဌာပနာတိုက်ကို ပိတ်နိုင်ပြီး ၈၆၁-ခုနှစ်တွင်မှ စေတီတော်ကြီးပြီးစီး၍ ထီးတော် တင်ရသဖြင့် ၁၉-နှစ်လုံးလုံး ကြာမြင့်လေသည်။ စေတီတော်တွင် ရုပ်တုအသီးသီး၊ ရတနာများနှင့် ပဒေသာပင်များကိုပါ ဌာပနာ လေသည်။ ဓာတ်တော်ပင့်ဆောင်ဌာပနာခန်း၊ ဌာပနာအစီအရင် များနှင့် ပွဲသဘင်ကြီးကျယ်ခမ်းနားပုံများကို ရှင်သီလဝံသနှင့် ရှင်ရဋ္ဌသာရ စာဆိုရဟန်းတော်နှစ်ပါးလုံးက မော်ကွန်းအသီးသီး

www.dhammaransi.com



ရေးထိုး ဖွဲ့ဆိုခဲ့ကြ၍ တန်တားဦးတည်မော်ကွန်းဟူ၍ ထင်ရှား လေသည်။

တန်တား(ဦး)မှာ အင်း၀ ပထမ မင်းခေါင် မင်းအဖြစ်သို့ ရောက်သောအခါ ငယ်ဆရာသိဃ်ရာဇာဆရာတော်၏ဆန္ဒအတိုင်း တည်ဆောက်ခဲ့ခြင်း ဖြစ်လေသည်။

သာလွန်မင်းတရားကြီး လက်ထက်တွင် မင်္ဂလာစေတီကို ရွှေသင်္ကန်း ကပ်လှူခဲ့လေသည်။

www.dhammaransi.com

# ထီးဆောင်းစေတီတော် (ဇုတ်သုတ်ရွာ)

ထီးဆောင်းစေတီတော် (ကျိုက်ကလွှတ်ဒက်စေတီတော်) မှာ ဘီးလင်းနယ် ဇုတ်သုတ်ရွာတွင် ကျိန်းဝပ်တော် မူလေသည်။

သာသနာနှစ် ၁၁၁-ခုနှစ်တွင် မြတ်စွာဘုရားသည် သုဝဏ္ဏဘုမ္မိ ဘိုင်းသို့ ဒေသစာရီ ကြွတော်မူသော အခါ ကော့ကလွှတ်ဘကော နတ်ဘီလူးကျွန်းမှ ဘီလူးညီနောင်တို့သည် မြတ်စွာဘုရားကို ဖူးမြင်ရ၍ ဆံတော်တဆူ ပူဇော်ခွင့်ရရှိကြရာ၊ မိမိနေရပ်သို့ ရောက်သော် ရွာသားများနှင့် တိုင်ပင်၍ သာသနာနှစ် ၁၁၃-ခုနှစ်ဘွင် ဂဝံကျောက်အုတ်တို့ဖြင့် စေတီတဆူ တည်ထားခဲ့လေသည်။ မြတ်စွာဘုရားရုပ်တု၊ ဘီလူးညီနောင်ရုပ်တု၊ ရွှေငွေများအပြင် နတ်သမီးဆံပင်တို့ကိုဖြတ်၍ ကျစ်ခွေ ကာ ဌာပနာလေသည်။

စေတီတော်မှာ ဖိနပ်တော် အတောင်-၉၀၊ ဖိနပ်ခုံ-၂၃ တောင်၊ ဒုတိယဖိနပ်တော် ၃၆-တောင်၊ ရှစ်မြှောင့် ၁၈-တောင် စီ၊ ဉာဏ်တော် အတောင်၆၀-ရှိလေသည်။ စေတီတော်ပတ်လည်၌ ကျောက်ပြင်ပျက် နှစ်တောင်တမိုက်၊ ထီးရိုးနှစ်တောင်ထွာ

www.dhammaransi.com



ရှိသော ကျောက်ထီး ၁၂-စင်းကိုလည်း လှူတန်းလေသည်။ ဂဝံကျောက်အုတ်များမှာ လူ-၂၀-မှ၊ ၁၀-အထိ မ,ချီရသော ကျောက်တုံးကြီးများ ပါဝင်လေသည်။ ဘွဲ့တော်ကိုနတ်တည်သော ဘုရားဟူ၍ မွန်ဘာသာဖြင့် ကျိုက်ကလွတ်ဒက် ဟူ၍ငင်း နတ်သမီး ဆံပင်ကြိုး ဌာပနာ၍ ကျိုက်ဇုတ်သွတ် ဟူ၍ငင်း ခေါ်တွင်လေသည်။ ကျိုက်ဇုဘ်သုတ်၊ ထီးဆောင်းဘုရားဟု ထင်ရှား၍ ရွာကိုလည်း ဇုတ်သုတ်ရွာဟူ၍ ခေါ်ဝေါ်လေသည်။


www.dhammaransi.com

# ထီးလှိုမင်းလှိုစေတီတော်(ပုဂံမြို့)

ထီးလှိုမင်းလှို စေတီတော်မှာ ပုဂံမြို့နှင့် ညောင်ဦးမြို့သွားကားလမ်းမ၏အရှေ့ဖက် ဥပါလိ သိမ်အနီးတွင် ကျိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၅၅၀ ပြည့်နှစ်တွင် ပုဂံပြည်၌ နန်းတက်တော်မူသော နရပတိစည်သူမင်းကြီးတွင် ဇေယျသူရ၊ ရာဇသူရ၊ အင်္ဂသူ၊ ပျံချီနှင့် ဇေယျသိခ်ဟူ၍ သားတော်ငါးပါး ရှိတော်မူလေသည်။ မယ်တော်မိဖုရားကြီးသည် မင်းကြီးအား မြတ်နိုးယုယတော်မူ၍ ခုနှာကိုင်ရ၍ သက်သာရာရစေလေသည်။ ထိုအခါ မင်းကြီးထံမှ လိုရာကိုတောင်းခံခွင့် ရရှိလေရာ သားတော်ထွေးဇေယျသိခ်အား နန်းစောင့်ထားရန် လျှောက်တောင်းသဖြင့် မိဖုရားကြီး အလိုအတိုင်း ပြည့်စေလေသည်။ နောင်တော်ကြီးများကလည်း ကြင်နာသဖြင့် ခွင့်ပြုတော် မူကြလေသည်။

တခါသော် နရပတိစည်သူမင်းကြီးသည် သားတော်ငါးပါးအလယ်၌ ထီးဖြူကိုစိုက်၍ ထီးဖြူညွတ်ရာသူသည် ထီးနန်းမွေခံစေရမည်ဟူ၍ မင်းသားများ၏ ဆန္ဒနှင့်ညှိ၍ ထီးဖြူကိုလက်တော်မှလွှတ်ရာ၊ ထီးဖြူသည် ဇေယျသိခ်ဘက်သို့ ညွတ်လေ



ထီးလိုမင်းလို-ဘုရားပုံတော်(ပုဂံမြို့)

www.dhammaransi.com

www.dhammaransi.com



သဖြင့် ထီးရောမင်းပေါ် အလိုဆန္ဒတူညီလိုလားသည်ဟူ၍ အသိ အမှတ် ပြုကြလေသည်။

နရပတိစည်သူမင်း နတ်ရွာစံတော်မူသောအခါ ဇေယျ သိင်္ခမင်းသားသည် မင်းအဖြစ်ကိုရသဖြင့် ထီးဖြူစိုက်ရာအရပ်၌ သက္ကရာဇ် ၅၈၆-ခုနှစ်တွင် ကောင်းမှုတော်စေတီ တည်တော် မူလေသည်။ စေတီတော်ကို တိလောကမင်္ဂလာဟူ၍ ဘွဲ့ချီးရာမှ တိလောမင်္ဂလာ၊ တိလောမင်လာ၊ ထီးလိုမင်းလိုဟူ၍ အမည် ပြောင်းလဲခဲ့လေသည်။ အချို့ကလည်း ထီးနှင့်မင်း လိုလားသည် ကိုစွဲ၍ ထီးလိုမင်းလိုအမည်တွင်သည်ဟု ယူဆကြလေသည်။

www.dhammaransi.com

# ထူပါရုံစေတီတော် (စစ်ကိုင်းမြို့)

ထူပါရုံစေတီတော်မှာ စစ်ကိုင်းမြို့တွင် ကျိန်းဝပ်တော်မူလေသည်။

မိုးညှင်းမင်း၏ သားတော်ဖြစ်သော ပြည်စားနရပတိသည် သက္ကရာဇ် ၈၀၄-ခုနှစ်တွင် ထီးနန်း ဆက်ခံရရှိလေသည်။ နရပတိမင်းသည် ကောင်းမှုတော် တည်လိုသဖြင့် သက္ကရာဇ် ၈၀၉-ခုနှစ်တွင် စစ်ကိုင်းမြို့၌ ထူပါရုံစေတီတော်ကိုတည်၍ ဓာတ်တော်မွေတော်များကို ဌာပနာတော်မူလေသည်။ ထူပါရုံဒါယကာ နရပတိဟူ၍ ရာဇဝင်၌ ထင်ရှားလေသည်။

ထူပါရုံစေတီတော် ထီးတင်ပွဲကို ၇-ရက်တိုင်တိုင် ကျင်းပရာ အထူးစည်ကားလှ၍ သီဟိုဠ်၊ ဟံသာဝတီ၊ ယိုးဒယား၊ လင်းဇင်း၊ တရုပ်ပြည်တို့မှ လူအမြောက်အများ လာရောက်ဖူးမျှော်ကြလေသည်။ (ပခူးမဟာစေတီတော် ပွဲတော်စည်ကားလှသဖြင့် ဟံသာဝတီမင်းက အင်းဝမှ သံတမန်တို့အား ဤမျှစည်ကားသော ဘုရားပွဲတော်ကို တွေ့မြင်ဘူး၏လောဟု မေးရာ၊ ထူပါရုံစေတီ ထီးတင်ပွဲ နောက်ဆုံးရက်မျှလောက် စည်ကားပါသည်ဟု လျှောက်သဖြင့် မင်းကြီး ပြုံးတော်မူသည်ဟု ဆိုလေသည်။)

❀

www.dhammaransi.com

# ဓမ္မရံကြီးစေတီတော် (ပုဂံမြို့)

ဓမ္မရံကြီး စေတီတော်မှာ ပုဂံမြို့ အရှေ့တောင်ဖက်၊ ရွှေဆံတော်စေတီ၏ အရှေ့ဖက်တွင် ကျိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၅၄၄-ခုနှစ်တွင် နန်းတက်တော်မူသော နရသူမင်းကြီးသည် ကောင်းမှုကုသိုလ်တော် ပြုလိုသောကြောင့် စေတီတော် တည်တော်မူရာ အာဏာတော် ပြင်းထန်သောကြောင့် ပန်းရံတို့သည် စေ့စေ့စပ်စပ် လုပ်ဆောင်ကြရသဖြင့် အချိန်ကြာရှည်ခဲ့လေသည်။ စေတီတော်ကြီးအနီးတွင် ဓမ္မရံသီမထေရ် မြတ် သီတင်းသုံးတော်မူသောကြောင့် ဓမ္မရံသီစေတီတော်ဟူ၍ ဘွဲ့တော်ချည်တော်မူရာ၊ နောင်အခါ ဓမ္မရံကြီးဟု အမည်တွင်လေသည်။

နရသူမင်းကြီးသည် ကောင်းမှုတော် ဓမ္မရံသီစေတီကို ဖူးမျှော်ရန်ထွက်တော်မူရာ၊ ပဏ္ဏားယောင်ဆောင်၍ ခစားလာသော ကုလားရှစ်ယောက်တို့က လုပ်ကြံသဖြင့် နတ်ရွာစံသဖြင့် ကုလားကျမင်းဟူ၍ ရာဇဝင်၌ တွင်လေသည်။

စေတီတော်မှာ အလွန်ကြီးမားတော်မူသဖြင့် တည်ရင်းကပင်လျှင် ပြီးစီးအောင်မတည်နိုင်ခဲ့ဘဲ ရှိခဲ့၍ နောင်အခါ ပြုပြင်တည်ထားရန်လည်း ခက်ခဲလှသောကြောင့် စေတီအုံ့အဆင့် မတက်နိုင်ဘဲ၊ အောက်ခံ ကုလားကျောင်းတိုက်ဂူသာလျှင် တည်ရှိနေခဲ့လေသည်။

❀

www.dhammaransi.com

# နဂါးရုံစေတီတော် (ပုဂံမြို့)

နဂါးရုံစေတီတော်မှာ ပုဂံမြို့ မြင်းကပါရွာ၏ တောင်ဖက် သုံးဖါလုံခန့်တွင် လမ်း၏အရှေ့ဖက်၌ ကျိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၄၃၉-ခုနှစ်တွင် စောလူးမင်း နန်းတက်၍ မိဖုရား ဦးဆောက်ပန်း နတ်ရွာစံသဖြင့် ဥဿာမင်းသမီးတော် သီရိစန္ဒာဒေဝီကို မိဖုရားမြှောက်လေသည်။ ထိုအခါ ကျန်စစ်သားကိုလည်း အတွင်းတော်သို့ ခေါ်၍ ထားပြန်လေသည်။ တနေ့သောအခါ သီရိစန္ဒာဒေဝီနှင့် ကျန်စစ်သားတို့ ယခင် ပဲခူးမှ ခေါ်ဆောင်လာစဉ်ကပင် အငြိအစွမ်း ရှိခဲ့ဘူးသည့်အတိုင်း မောင်းမတို့က အထင်အမြင် လွဲမှားကာ စောလူးမင်းအား သံတော်ဦးတင်ကြလေရာ ကျန်စစ်သားကို အရာမှနှုတ်သိမ်း၍ ဒလသို့ပို့ရာ ဒလသို့မသွားမီ မြင်းကပါအရပ်တွင် အိပ်ပျော်နေစဉ် နဂါးတကောင်သည် ကျန်စစ်သား၏ ဦးခေါင်းဖက်မှလာ၍ အုပ်မိုးနေလေသည်။ ထိုအခါ ကျန်စစ်သား၏ မိဖုရား အပယ်ရတနာမြင်၍ ကျန်စစ်သားအား ပြောလေသော်၊ ငါကား

www.dhammaransi.com



မချွတ်ကေန် မင်းဖြစ်ရမည်တည်း၊ မင်းဖြစ်သော် ဤအရပ်၌ ဘုရားတည်မည်ဟု အဓိဋ္ဌာန်ပြုတော်မူလေသည်။

ကျန်စစ်သားသည် သက္ကရာဇ် ၄၄၆ခု-နှစ်တွင် မင်းဖြစ်တော်မူလေရာ၊ ၄၄၉-ခုနှစ်တွင် ယခင် နဂါးအုပ်စိုးခဲ့ဘူးသောနေရာ၌ စေတီတဆူတည်၍ နဂါးရုံဘုရားဟု ဘွဲ့သမုတ်တော်မူလေသည်။ အပယ်ရတန ပုန်းအောင်းရာအရပ်၌လည်း အပယ်ရတနာဘုရားတဆူ တည်ထားခဲ့လေသည်။ အပယ်ရတနာဘုရားမှာ နဂါးရုံဘုရားအနီး၊ လမ်း၏ အနောက်ဖက်တွင် ရှိလေသည်။

❀

www.dhammaransi.com

# နန်းဘုရားစေတီတော် (ပုဂံမြို့)

နန်းဘုရား စေတီတော်မှာ ပုဂံမြို့တောင်ဖက်၊ မြင်ကပါ အနောက် မနူဟာဘုရားနှင့် ကပ်လျက် ကျိန်းဝပ်တော်မူလေသည်။

အနော်ရထာမင်းသည် သုဝဏ္ဏဘူမိသထုံပြည်မှ ပိဋကတ်တော်နှင့်တကွ မနူဟာမင်းကို ဆောင်ကြဉ်းခဲ့၍ မြင်းကပါအရပ်၌ ထားတော်မူရာ၊ မနူဟာမင်း နတ်ရွာစံပြီးနောက်၊ ထိုမင်း၏ မြစ်တော်သော နာဂသမန်း အမတ်သည် ဘေးတော် မနူဟာမင်း၏ နန်းတော်ရာကို နောင်အစဉ်အမှတ်ရစေရန်၊ ခြူးပန်းခြူးနွယ်တို့ဖြင့် အဆန်းတကျယ်စီမံ၍ သက္ကရာဇ် ၅၅၀-ပြည့်နှစ်တွင် စေတီတော် တည်ထားလေသည်။

နာဂသမန်းသည် နရပတိစည်သူ မင်းကြီးထံ၌ ခစားတော်မူရာ၊ မိချောင်းကိုငင်း၊ ဆင်၊ ကျားတို့ကိုငင်း တယောက်ချင်းသတ်နိုင်စွမ်းသောကြောင့် အနန္တသူရိယဘွဲ့ကို ရရှိလေသည်။ တိုင်းပြည် အန္တရာယ်ရှိတိုင်း နှိမ်နင်းရ၍ အောင်မြင်သည်သာများလေသည်။ ကောင်းမှုကုသိုလ်လည်း များစွာပြုလေသည်။ မင်းကြီးသည် နှစ်သက်တော်မူ၍ဖြင့် မိဖုရားငယ်မှ ဖွားသော မင်းသမီး (ဇေယျသိခ်မင်းသား၏ နှမတော်)နှင့် ထိမ်းမြားတော်မူလေသည်။

www.dhammaransi.com

# နန်းဦးရွှေဘုံသာစေတီတော် (ကင်းတပ်မြို့)

နန်းဦးရွှေဘုံသာ စေတီတော်မှာ အထက်ချင်းတွင်း ကင်းတပ်မြို့ဘွင် ကျိန်းဝပ်တော်မူလေသည်။

အလောင်း မင်းတရားကြီးသည် မဏိပူရသို့ ချီတက်ရန် ဗိုလ်မှူးတပ်မှူး စစ်သည်ရဲမက်တို့နှင့် ၁၁၂၀-ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၂-ရက်နေ့တွင် ကျောက်မြောင်းမြို့မှ ရောဝတီမြစ်ကြောင်းစုန်ငြိးနောက် ချင်းတွင်းမြစ်ကြောင်း ဆန်တက်ရာ နတ်ကျွန်းတောင်မြေသို့ ဆိုက်ရောက်ကာ အောင်တပ်ချရပ်လေသည်။ ထိုနောက် မြစ်၏အနောက်ဖက်ကမ်း မော်လူးရွာမှ ချောင်းရိုးလမ်းအတိုင်း ချီတက်ရာ၊ တာတထောင် ရောက်တိုင်း လက်ဝဲလက်ျာရှိ သစ်ငင်ကြီးများတွင် ဆင်တရပ်အမြင့်၌ တွင်းဖေါက်၍ ရုပ်ပွားတော်တဆူကျ သွင်းထားပူဇော်ခဲ့ရာ တမူးမြို့အထိ ၂၉-ဆူနှင့် ကက်စိန်စခန်းအထိ ၄၆-ဆူ ပူဇော်ခဲ့လေသည်။

ထိုနောက် ပြာသိုလဆန်း ၁၄-ရက်နေ့တွင် မဏိပူရမြို့ကို အောင်မြင်၍ အအုပ်အချုပ်ခန့်ထားခဲ့ပြီး ပြန်ခဲ့၍ တမူးမြို့မှတဆင့်

www.dhammaransi.com



မော်လူးနတ်ကျွန်း တောင်မြေ စခန်းသို့ တပို့တွဲလဆန်း ၁ ရက်နေ့တွင် ရောက်ရှိလေရာ၊ ထိုအရပ်ကို ကင်းတပ်တော်ဟု တွင်စေလေသည်။ ထိုအရပ်တွင် ယာယီစံမြန်းသော နန်းတော်ဦး ကုန်းထိပ်မော်တွင် ဓါတ်တော်များကို ဌာပနာလျက် စေတီတော်တဆူ တည်ထားလေသည်။ ရွှေဆင်းတု ငွေဆင်းတု များကိုလည်း ဌာပနာ၍ ဗိုလ်မှူး တပ်မှူးတို့ကလည်း ဆင်းတုများကို ဌာပနာခဲ့လေသည်။

စေတီတော်ကြီးပြီးလျှင် ရွှေထီးတင်တော်မူ၍ နန်းဦးရွှေဘုံသာဟူ၍ သမုတ်တော် မူလေသည်။ စစ်ချီတက်ရာတွင် တပ်ဦး၌ ပင့်ဆောင်ကိုးကွယ်သော ဒက္ခိဏသာခါ နှစ်ဆူအနက် တဆူမှာ နန်းတော်ရာ၌ ဆောက်လုပ်ခဲ့သော မင်းကျောင်းတွင် ပူဇော်ခံထားရှိခဲ့၍ ဆရာတော်အဆက်ဆက် ကိုးကွယ်ခဲ့လေသည်။

စေတီတော်ပျက်စီးသည်ကို ၁၂၅၁-ခုနှစ်တွင်း ကင်းတပ်မြို့ ညောင်ဝိုင်းဆရာတော်က ပြုပြင်ခဲ့၍ ၁၂၉၀- ပြည့်နှစ်တွင် ဒုတိယ ညောင်ဝိုင်းဆရာတော်နှင့် ဒါယကာများက ပြုပြင်ခဲ့၍ ၁၃၁၄-ခုနှစ်တွင် ကလေးဝ တောကျောင်းဆရာတော် ဦးသာဂရက ကြီးကြပ် ပြုပြင်ခဲ့ပြန်လေသည်။

www.dhammaransi.com

# ပုညရှင်စေတီတော် (စစ်ကိုင်းတောင်)

ပုညရှင် စေတီမှာ စစ်ကိုင်းတောင်ရိုး ပုညတောင်စွယ်တွင် ကျိန်းဝပ်သော စေတီတော်ဖြစ်လေသည်။

ပုညရှင်တောင်ကို ကကုသန်ဘုရားလက်ထက်က သေလာပဗ္ဗတတောင်ဟူ၍၎င်း၊ ကောဏာဂုံဘုရား လက်ထက်က ဝင်္ဂစာရတောင်ဟူ၍၎င်း၊ ကဿပဘုရား လက်ထက်က ဓမ္မိကတောင်ဟူ၍၎င်း၊ ဂေါတမဘုရား လက်ထက်တွင် နာဂဒတ္တတောင်ဟု မည်တွင်စေခဲ့လေသည်။ ထိုနောက်တွင် ငဖါးတောင်ဟု တွင်ရာမှ ပုညရှင်စေတီကို အစွဲပြု၍ ပုညတောင်ဟူ၍ပင် ခေါ်ဆိုခဲ့လေသည်။ ပုညတောင်၊ ပုညရှင် စေတီ တို့ ကို စာဆိုတော် ဇေယျရန္တမိတ်နှင့် ရှင်ထွေးနာသိန်စသော ရှေးစာဆိုတို့ ဖွဲ့ဆိုခဲ့ကြဘူးလေသည်။

မြတ်စွာဘုရားသည် ၃-ဝါမြောက်အခါက သုနာပရန္တတိုင်း စစ်ကိုင်းဒေသသို့ ကြွချီတော်မူခဲ့၍ စစ်ကိုင်းတောင်၌ ဇေတဘီလူးအမှူးပြုသော ဘီလူး ၉-ကျိပ် ၉-ယောက်တို့အား တရားဟောကြားတော်မူခဲ့သည်ဟု မှတ်သားရလေသည်။ ထိုမှတဆင့်

www.dhammaransi.com



ဖေါ်းတောင်သို့ ကြွတော်မူ၍ ယူန်မင်းဖြစ်စဉ်က ကျင်လည်ခဲ့ဘူးသော နေရာဖြစ်ကြောင်း ဗျာဒိတ်တော် ထားတော်မူသည်ဟုလည်း ဆိုလေသည်။

သက္ကရာဇ် ၆၇၄-ခုနှစ်တွင် တစီးရှင်သီဟသူသည် ဝိဇယပူရ ပင်းယမြို့ကိုတည်ထောင်လေသည်။ ထိုမင်းလက်ထက် ဘေးအိုးစဉ်ဆက် ကိုးကွယ်လာခဲ့သော သရိရဓါတ်တော် ၇ ဆူ ကိန်းအောင်းသော ရတနာကွမ်းခွက်တွင် မင်းကြီးသည် ဓါတ်တော်ကိန်းအောင်းသည်ကိုမသိဘဲ ကွမ်းထည့်စားမိရာမှ ယားယံသောအနာရောက်၍ ကွမ်းခွက်ကို ပန်းတိမ်သည် ငစိန်သင်ထံသို့ ပို့၍ဖျက်ကြည့်စေရာ ဓါတ်တော်တို့ကို တွေ့ရလေသည်။ ဓါတ်တော်နှစ်ဆူမှာ ပေနှင့်တူတွင် မြုပ်ဝင်နေသဖြင့် ဓါတ်တော် ၅-ဆူကိုသာလျှင် မင်းကြီးထံသို့ ပို့ဆက်လေရာ၊ မင်းကြီးက ကွမ်းခွက်တော်၌ ရွှေမယ်န ၇ ချက်ရှိသည်ကိုသိ၍ ဓါတ်တော် ၇-ဆူရှိတန်ရာလျက် နှစ်ဆူကိုထိန်ဝှက်သည်ဟု ပန်းတိမ်သည်ငစိန်သင်ကို ဖမ်းဆီးစေလေသည်။

ငစိန်သင်သည် တူနှင့်ပေကိုထမ်းလျက် သန်လျက်ခုံကျွန်းအရောက်ပြေး၍ လှေကြုံဖြင့်စစ်ကိုင်းဖက်သို့ ကူးပြီးနောက် ပုညအမတ်ထံသို့ ရောက်ရှိလေသည်။ ထိုပုညအမတ်ကား စစ်ကိုင်းမြို့တည် အသင်္ခယာစောယွန်း၏ အမတ်ဖြစ်လေသည်။ အမတ်ကြီးသည် ဓါတ်တော်နှစ်ဆူ ရောင်ခြည်ကွန့်မြူးသည်ကို ဖူးမြင်ရ၍ ငစိန်သင်ထံမှ ပေနှင့်တူကိုတောင်းယူပြီးလျှင် ကောင်းစွာ ပူဇော်ပင့်ဆောင်သဖြင့် ဓါတ်တော်များ ပေနှင့်တူမှထွက်၍ ရတနာပုန်းတောင်း၌ တည်လေသည်။

အမတ်ကြီးလည်း ဓါတ်တော်များ အိမ်ဦး၌ ရိုသေမြတ်နိုးစွာ ကိုးကွယ်ထားရာမှ လူအများ ကိုးကွယ်နိုင်အောင် ဌာပနာ၍ စေတီတည်လိုသဖြင့် ဓါတ်တော်ပတ္တမြားကြုပ်ကို ရွှေလင်ပန်းနှင့်တင်ကာ သင်ပုတ်ပွဲပြု၍ မင်းမှုထမ်းတဦးအား စစ်ကိုင်းတောင်ရိုးရှိ တင်လိုရာအရပ်၌ ကင်လားခိုင်းလေသည်။ ထို အမှုထမ်းကာ ငဖါးတောင်ပေါ်၌ ဘင်ထားခဲ့သဖြင့် အဓိဋ္ဌာန်အတိုင်း ထိုငဖါးတောင်ထိပ်၌ သက္ကရာဇ် ၆၇၄-ခုနှစ်တွင် စေတီတော်ကိုတည်လေသည်။ ထိုတောင်ထိပ်၌ သီရိဓမ္မာအသောကမင်း တည်ခဲ့သော ဘုရားစေတီအဟောင်းပေါ်၌ ထပ်ဆင့်၍တည်သည်ဟုလည်း ဆိုလေသည်။

ထိုအခါ အသင်္ခယာစောယွမ်းမင်း သိ၍ မိမိအားမတင်လျှောက်ဘဲ ဦးစွာစေတီတည်သည်ဟု ပုညအမတ်နှင့် ငစိန်သင်တို့ကို ရေနစ်၍သတ်စေသော်လည်း ရေသည် ထိုသူနှစ်ဦးကို မဖုံးနှစ်ဘဲ ပတ်ဝန်းကျင်၌သာ ရေဝှမ်း၍နေလေသည်။ ထိုအခါ အပြစ်မှလွှတ်၍ မင်းနှင့်အမတ်တို့ စေတီတော်ကို အပြီးမွမ်းမံကာ ရွှေထီးအထွတ်တင်တော်မူလေသည်။

ပုညအမတ်တည်သဖြင့် ပုညစေတီ၊ ပုညရှင်စေတီဟူ၍၎င်း နောင်အခါ ဝါစဉ်ဘုရားပွဲတွင် ဦးစွာ ဆွမ်းကပ်ရာ ဖြစ်သဖြင့် ဆွမ်းဦးပုညရှင် စေတီဟူ၍၎င်း ခေါ်တွင်ခဲ့ကြလေသည်။

ထိုနောက် မင်းအဆက်ဆက် ကိုးကွယ်ပူဇော်ခဲ့ကြ၍ အင်းဝမိုးညှင်းမင်း လက်ထက်တွင် သီဟိုဠ်ကျွန်းမှ ပင့်ဆောင်ခဲ့သော မွေတော် ၄-ဆူအနက် နှစ်ဆူကို ပုညရှင်ဘုရား၌ ဌာပနာခဲ့ပြန်လေသည်။

www.dhammaransi.com



သက္ကရာဇ် ၉၂၀-ပြည့်နှစ်တွင် ဟံသာဝတီ ဆင်ဖြူရှင်မင်းကြောင်း၊ သက္ကရာဇ် ၉၅၃ ခုနှစ်တွင် ငါးဆူဒါယကာ မင်းကြောင်း၊ ၉၇၉-ခုနှစ်တွင် အနောက်ဖက်လွန်မင်းကြောင်း၊ ၁၀၀၂-ခုနှစ်တွင်, သာလွန်မင်းကြီးကြောင်း၊ ၁၀၆၁-ခုနှစ်တွင် စနေ မင်း ကြောင်း၊ ၁၁၃၅-ခုနှစ်တွင် ကုန်းဘောင် ဆင်ဖြူရှင်မင်းကြောင်း၊ ၁၁၄၇-ခုနှစ်တွင် ဘိုးတော်မင်းတရားကြောင်း၊ အသီးသီး မွမ်းမံပြုပြင်၍ ဝတ္ထုကံမြေ၊ကျွန်သီးတော်စသည် လှူဒါန်းပူဇော်ခဲ့ကြလေသည်။

သက္ကရာဇ် ၁၂၆၅-ခုနှစ်မှစ၍ စစ်ကိုင်းတောင်ရိုး ခနိုဖြူ ချောင်ဆရာတော် အရှင်အရိယဝံသကကြီးမှူး၍ အဆောက်အဦ များ ထပ်ဖြည့်ဆောက်လုပ် ခဲ့လေသည်။ ၁၃၁၈ ခုနှစ် ဝါဆို လဆန်း ၉ ရက်နေ့တွင် ငလျင်ဒဏ်ကြောင့် ပုညရှင် စေတီတော်ကြီး အတန်ငယ်ပျက်စီးခဲ့ရာ ပြန်လည်ပြုပြင်မွမ်းမံပြီးခဲ့ လေသည်။

ပုညရှင်စေတီတော်မှာ ဖိနပ်တော် ၆၂-ပေ (၄၁ တောင် ၁ မိုက်)ဉာဏ်တော် ၁၃၃-ပေ(၈၈-တောင် ၂-မိုက်) ထီးတော် အမြင့် ၂၅-ပေ၊ ၁၀-လက်မ ရှိလေသည်။

www.dhammaransi.com

# ပတ္တမြားစေတီတော် (စစ်ကိုင်းတောင်)

ပတ္တမြား စေတီတော်မှာ စစ်ကိုင်းတောင်တန်း ငဖါး တောင်၏ အရှေ့မြောက်ယွန်း၊ ဝတ်ချက်ရွာ၏ အနောက်ဖက် အမြင့် ၈၅၉-ပေ မြင့်သော တောင်ထိပ်ထက်၌ ကျိန်းဝပ်သော စေတီဖြစ်၍ ပတ္တမြားတောင်ကို အစွဲပြုကာ ပတ္တမြားတောင်ဟု ခေါ်တွင်လေသည်။

ပတ္တမြားတောင်သည် ကကုသန် ဘုရားလက်ထက်တွင် ဂန္ဓမာဒန တောင်ဟူ၍၎င်း၊ ကောဏာဂုံ ဘုရားလက်ထက်တွင် သီတာရထ တောင်ဟူ၍၎င်း၊ ကဿပ ဘုရားလက်ထက်တွင် မဏိ ကဋ္ဌန တောင်ဟူ၍၎င်း၊ ဂေါတမမြတ်စွာဘုရား လက်ထက်တွင် ပတ္တမြားတောင်ဟူ၍၎င်း အမည်တွင်ခဲ့လေသည်။ မြတ်စွာဘုရား သည် ၃-ဝါမြောက်တွင် ညီတော် အာနန္ဒာ ထေရ်နှင့်အတူ သုနာပရန္တတိုင်း စစ်ကိုင်းဒေသသို့ ဒေစာရီကြွချီတော် မူခဲ့၍ ဇေတဘီလူး အမှူးရှိသော ဘီလူး ၉-ကျိပ် ၉-ယောက်တို့ကို တရား ဟောကြား၍ ငဖါးတောင်နှင့် ပတ္တမြားတောင် များသို့လည်း ကြွချီလာကာ၊ ထိုတောင်ထက်၌ ရွှေသမင် ဖြစ်ခဲ့ဘူးကြောင်းကို ဗျာဒိတ်ထားတော် မူခဲ့သည်ဟု မှတ်သားရလေသည်။

www.dhammaransi.com



သာသနာနှစ် ၂၁၈-ခုနှစ်တွင် နန်းတက်သော သီရိဓမ္မာ အသောက မင်းကြီးသည် စေတီပေါင်း ၈၄၀၀၀-တည်ထား ကိုးကွယ်ခဲ့ရာတွင် စစ်ကိုင်းတောင် ပတ္တမြားတောင်ထိပ်ရှိ စေတီ တော်မှာလည်း အပါအဝင် ဖြစ်ခဲ့လေသည်။ စစ်ကိုင်းမြို့တည် အသင်္ခယာ စောယွမ်းမင်းလက်ထက် အပြင်မုဋ္ဌော ၉-ဆူသတ်မှတ် ရာတွင် ပတ္တမြားစေတီ ပါဝင်ခဲ့လေသည်။

သက္ကရာဇ် ၇၇၆-ခုနှစ်တွင် ပတူသဃ်ရာဇာသည် ပတ္တမြား စေတီကို ခု-ထပ်ငုံ၍ တည်လေသည်။ ၇၉၁-ခုနှစ်ဘွင် မင်းကြီးစွာ ၏ မိဖုရားကြီး စောဥမ္မာက ပတ္တမြားစေတီကို ဝတ္ထုကံမြေများ လှူတန်းခဲ့၍ သိမ်လည်းသမုတ်လေသည်။ အင်းဝမင်းအဆက်ဆက် တို့လည်း ပူဇော်ခဲ့ကြလေသည်။ ရေသွန်းပွဲများလည်း ကျင်းပခဲ့ လေသည်။

(ပတ္တမြားစေတီကို ဝတ်ချက်ရွာမှ ယာကြီးအမ အမည် တွင်သော မကြီးဆိုသူက ကျောက်မိကျောင်း သိုက်တွင်းမှ ပတ္တမြား ရတနာများရရှိသဖြင့် ထုခွဲရောင်းချ၍ စေတီတည်ထား ကိုးကွယ်ခဲ့သည်ဟူ၍လည်း စကားစဉ် ရှိလေသည်။)

အင်းဝမင်းရဲကျော်ထင် လက်ထက်တွင် ပတ္တမြားစေတီ၌ ရေသွန်းရာ၌ မိုးသည်းထန်စွာ ရွာခဲ့ဘူးလေရာ မိုးကောင်းဘုရား ဟူ၍ အမှတ်ပြုခဲ့ကြလေသည်။ ကုန်းဘောင်ခေတ်တွင် ဘိုးတော် ဘုရား၏ မိထွေးတော် ဒလမြို့စားမိဖုရားက စေတီတော်ကြီးနှင့် တန်ဆောင်းကိုပြုပြင်ခဲ့၍ ၁၁၅၇-ခုနှစ် တပို့တွဲလပြည့်နေ့တွင် ဘိုးတော်ဘုရားကိုယ်တိုင် ရေစက်သွန်းချခဲ့လေသည်။

www.dhammaransi.com



၁၂၀၀-ပြည့်နှစ်တွင် ငလျင်ကြီးလှုပ်ရာ ပတ္တမြားစေတီမှာ ငလျင်ဒဏ်ခံရလေသည်။ ၁၂၇၇-ခုနှစ်တွင်လည်း လေမိုးကျသဖြင့် ထီးတော်မြေခလေရာ သံဃအဖွဲ့ကြီးက တာဝန်ယူ၍ မန္တလေးမြို့အနောက်ပြင် ဦးကျစ်လစ် ဇနီးမောင်နှံက ပြုပြင်ခဲ့လေသည်။

ပတ္တမြားစေတီတော်သည် ဘိနပ်တော် ၃၈-ပေ၊ (၂၅-တောင် ၁-မိုက်) ဉာဏ်တော် ၄၃-ပေ၊ ၃-လက်မ (၂၈-တောင် ၂-မိုက် ၄-သစ်) ရှိလေသည်။

၁၃၁၅ ခုနှစ်မှစ၍ ပတ္တမြားစေတီတော် ပြုပြင်စောင့်ရှောက်ရေး သံဃအဖွဲ့ကြီးက ကြီးမှူး၍တာဝန်ယူခဲ့ရာ ၁၃၁၈-ခုနှစ် ဝါဆိုလဆန်း ၉-ရက်နေ့တွင် ငလျင်လှုပ်ခဲ့သဖြင့် စေတီတော် ကွဲပျက်သည်ကို ၁၃၂၀-ပြည့်နှစ်တွင် ပြန်လည်မွမ်းမံတည်ထားခဲ့လေသည်။

ပတ္တမြားတောင်ပေါ်သို့ မော်တော်ကားလမ်းကို ၁၃၁၈ ခုနှစ်က ဖေါက်လုပ်ခဲ့၍ ၁၃၂၁-ခုနှစ်တွင် တိုးတက်ပြုပြင်နိုင်ခဲ့လေသည်။

www.dhammaransi.com

# ပြည်တော်ပြန်ဘုရား (ဇလွန်မြို့)

ပြည်တော်ပြန်ဘုရားရုပ်ပွားတော်မှာ ဇလွန်မြို့ ဘိုးပုဏ္ဏား ကုန်း၌ ကျိန်းဝပ်လေသည်။ မူလကျိန်းဝပ်ရာ နေရာ၌ မြစ်ကမ်း နှင့်နီး၍ ရေဝပ်သောကြောင့် ကုန်းမြင့်ဖို့၍ ရွှေ့ပြောင်းကိုးကွယ် ခဲ့ကြလေသည်။

ပြည်တော်ပြန်ဘုရားကို သာယာဝတီမင်း နှင့် ပုဂံမင်းတို့ လက်ထက် မင်းလှကျော်ထင် နော်ရထာဘွဲ့နှင့် မဟာသမန္တ မင်းခေါင်ဘွဲ့များ ချီးမြှင့်ခြင်းခံရသော ဇလွန်နှင့် ခဲပေါင် မြို့သူကြီး ဦးရွှေပွင့်က တည်ထားခဲ့ခြင်း ဖြစ်လေသည်။ ဦးရွှေပွင့် သည် ရင်ရှာမှအလှူငွေကောက်ခံ၍ ရန်လွင့်လှေတော်ဖြင့် နေပြည် တော်သို့ ဆန်တက်ကာ ဘုရင့်မယ်တော်ထံတွင်အခွင့်ပန်၍ နန်းဦး ၌ ကိုးကွယ်ရန် ထုလုပ်ထားသော ဖယောင်းပုံကို ၁၂၁၀-ပြည့် နှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် ကြေးသွန်းစေ၍ ဇလွန်မြို့သို့ ပင့်ဆောင်လာကာ၊ မာရ်အောင်မြင် ဘွဲ့တော်ဖြင့် တန်ဆောင်း ဆောက်လုပ် ကျိန်းဝပ်တော် မူစေလေသည်။ မြို့သူမြို့သားတို့ လည်း ဝမ်းမြောက်ကြည်ညိုစွာ ပူဇော်ကိုးကွယ်ကြလေသည်။

www.dhammaransi.com



သက္ကရာဇ် ၁၂၁၃-ခုနှစ်တွင် ပုဂံမင်းလက်ထက် အင်္ဂလိပ် မြန်မာ စစ်ဖြစ်ပွားရာတွင် ဇလွန်မြို့သည် ဗြိတိသျှလက်အောက်သို့ ရောက်ရှိပြီးနောက် တော်လှန်ထကြွသူများကို လိုက်လံတိုက်ခိုက် သော အင်္ဂလိပ်စစ်ဗိုလ် ဆာဂျွန်ချစ်သည် မာရ်အောင်မြင်ရုပ်ပွား တော်ကို ၁၂၁၄-ခုနှစ် ဝါခေါင်လတွင် သင်္ဘောဖြင့် ပင့်တင်၍ ကာလကတ္တားမြို့သို့ ပင့်ဆောင်သွားလေသည်။ သို့ရာတွင် ဝိတိုရိယ ဘုရင်မကြီး၏အမိန့်ဖြင့် ၁၂၁၅-ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန် လည်ပို့ဆောင်စေရာ ဇလွန်မြို့တွင် ဆိပ်ကမ်း မကောင်းသော ကြောင့် ဟင်္သာတဆိပ်ကမ်း ဆန်ကာတန်းတွင် ကျိန်းဝပ်စေခဲ့ လေသည်။ ထိုအခါ ဇလွန်မြို့အုပ် ဦးဆောင်းကြီးက လှေတော် ဖြင့် ပင့်ဆောင်ခဲ့၍၊ ဇလွန်မြို့မြောက်ပိုင်း ဆိပ်ကမ်းမှတင်ဆောင် ၍ ယာယီစံကျောင်းတွင် သီတင်းသုံးစေလေသည်။ ထိုအခါမှစ၍ ပြည်တော်ပြန်ဘုရားဟူ၍ ထင်ရှားလေသည်။

ထိုနောက် စံကျောင်းအနောက်ဖက်ရှိ ဆရာတော် ဦးဖြူ၏ ကျောင်းတိုက်တွင် နှစ်ကာလအတော်ကြာ ပင့်ဆောင်သီတင်း သုံးစေလေသည်။ သစ်သားပလ္လင်မှ အုတ်ဂူတည်ဆောက်၍ သစ် သား တန်ဆောင်းများလည်း အဆင့်ဆင့်ဆောက်လုပ် ပူဇော် ခဲ့လေသည်။ ထိုမှ မန္တလေးကျောင်းအနီးသို့၎င်း၊ သရက်တော ရှေ့သို့၎င်း ပြောင်းရွှေ့စံတော်မူစေ၍ ၁၂၄၁- ခုနှစ်တွင် ဒေါ်နှင်းဖူးက အုတ်ပလ္လင်ထက်သို့ ပြောင်းရွှေ့ သီတင်းသုံးစေ လေသည်။ ထိုနောက်တွင် ရေဝတီမြစ်ရေလျှံခြင်းကြောင့် တာဖို့

www.dhammaransi.com



ခြင်း၊ တောင်ကုန်းဖို့ခြင်းများနှင့် စရပ်တန်ဆောင်းဆောက်လုပ်ခြင်းများ ပြုလုပ်ခဲ့ပြီး၊ ၁၂၆၃-ခုနှစ်တွင် တောင်ကုန်းပေါ်သို့ ပြောင်းရွှေ့သီတင်းသုံးစေလေသည်။ ၁၂၇၀-ပြည့်နှစ်တွင် တမြို့လုံး ရေလွှမ်းမိုးသဖြင့် နေရာသစ်ရှာဖွေပြုပြင်ကာ ၁၂၈၀-ပြည့်နှစ် ကဆုန်လပြည့်နေ့တွင် ဘိုးပုဏ္ဏားကုန်းသို့ ပင့်ဆောင်ကိုးကွယ် ခဲ့ကြပြန်လေသည်။ ၁၂၈၃-ခုနှစ်တွင် အလျား အနံပေ ၃၀-ရှိသော အုတ်ဂန္ဓကုဋီတိုက်ကို ကုသိုလ်ရှင်များက တည်ဆောက် လှူတန်းခဲ့လေသည်။

www.dhammaransi.com

# ဖေါင်တော်ဦးဘုရား (အင်းလေး-နမ့်ဟူးရွာ)

ဖေါင်တော်ဦးရုပ်ပွားတော်များမှာ ရှမ်းပြည် အင်းလေးကန်တွင်းရှိ နမ့်ဟူးရွာ ဂန္ဓကုဋိတိုက်ကြီးတွင် ကျိန်းဝပ်တော်မူလေသည်။ ရုပ်ပွားဆင်းတုတော် ငါးဆူဖြစ်၍ ရွှေတုံးကြီးများ ကဲ့သို့ ဖူးမြင်ရလေသည်။ သရက္ခန်သားကို ထုလုပ်ပူဇော်ထားခြင်း ဖြစ်လေသည်။

သက္ကရာဇ် ၄၅၄-ခုနှစ်တွင် နန်းတက်တော်မူသော ပုဂံပြည့်ရှင် အလောင်းစည်သူ မင်းကြီးသည် ဖေါင်တော်ဖြင့် တိုင်းခန်းလှည့်လည်တော်မူရာ၊မလ္လာယုကျွန်းသို့ ရောက်သည်တွင် သရက္ခန်နှံ့ သာနှစ်တို့ဖြင့် ထုလုပ်သော ရုပ်ပွားတော် ၅-ဆူကို ပင့်ဆောင်ကိုးကွယ်ခွင့်ရသဖြင့် ဖေါင်တော်ဦးတွင် ပင့်ဆောင်ကာ ပုဂံမြို့တော်သို့ ပြန်လေသည်။ ထို့နောက် ၄၅၇-ခုနှစ်တွင် ဖေါင်စကြာဖြင့် တိုင်းခန်းလှည့်လည်တော်မူပြန်ရာ၊ ရုပ်ပွားတော် ၅-ဆူကို ပင့်ဆောင်လာခဲ့ရာ၊ ထန်းလေးစင်အရပ်သို့ ရောက်သောအခါ သပြေညိုတောင်တန်း ကာဆီးလျက်ရှိရာ၊ ခါးသန်လျက်ဖြင့် ခုတ်ဖြတ်ဖေါက်ထွင်း၍ ဖေါင်တော်ဝင်ရောက် ပြန်လေသည်။ ဖေါင်တော်သည် ဖေါင်တော်ပေါက်မှ ဆက်လက်၍ တောင်ခြေရင်းရှိ

www.dhammaransi.com



သန်းထောင်အရပ်သို့ ဖေါင်ဆိုက်တော်မူသည့်အခါ ဖေါင်တော်ဦးတွင် ပင့်ဆောင်ခဲ့သော ရုပ်ပွားတော် ငါးဆူကို ဌာပနာ၍ စေတီတည်ခဲ့လေသည်။ ထိုမှတဖန် ရမ္မာဝတီပြည် (သလဲဦးနယ်မြေနှင့် မိုင်းသောက်နယ်မြေစပ်ကြား ပေပင်ရွာ အနောက်ဖက်) သို့လည်း ထွက်ချီစံမြန်းခဲ့ပြန်လေသည်။

နှစ်ကာလ ကြာရှည်လွန်မြောက် ပြီးနောက် သက္ကရာဇ် ၇၂၁-ခုနှစ်တွင် ညောင်ရွှေမြို့တော်ကို တည်ထောင်သော စော်ဘွားကြီး စီဆိုင်ဖ လက်ထက်တွင် သန်းထောင်ဘုရားဒေသရှိ တောချုံအတွင်း လိုဏ်ဂူမှ ရောင်ခြည်တော်ကွန့်မြူးသဖြင့် စီဆိုင်ဖသည် ပရိသတ်တို့နှင့်ထွက်ကာ ချုံတို့ကို ခုတ်ထွင်ရှင်းလင်း ရှာဖွေရာ အလောင်းစည်သူ ဌာပနာခဲ့သော ရုပ်ပွားတော် ၅ဆူကိုဖူးတွေ့ရလေသည်။

စော်ဘွားကြီးသည် ရုပ်ပွားတော်မြတ်တို့ကို ညောင်ရွှေမြို့သို့ ပင့်ဆောင်ကိုးကွယ်ခဲ့၍ သီတင်းကျွတ်လဆန်း ၇-ရက်နေ့တိုင်း ဟော်နန်းတော်ဦးမှ ပြာသာဒ် မဏ္ဍာပ်တွင်းသို့ ပင့်ဆောင်၍ အများပြည်သူ ပူဇော်ခံလေသည်။ သက္ကရာဇ် ၉၇၇- ခုနှစ်တွင် ညောင်ရွှေစော်ဘွား မစောနန်းဖ စဝ်နန်းဟေး လက်ထက်တွင် ပတ်ဝန်းကျင်ရှိ စော်ဘွားတို့က မြို့တော်ကို ထိပါး တိုက်ခိုက်သဖြင့် ရုပ်ပွားတော်များကို အန္တရာယ်ကင်းရာ ညောင်ရွှေနယ် ရွှေအင်းတိမ်ဘုရားကြီး အရံစေတီ့များရပ်ကွက်၌ ကျောင်းတော်ဆောက်လုပ်၍ ကျိန်းဝပ်စေလေသည်။ နှစ်စဉ် သီတင်းကျွတ်လဆန်း၇-ရက်နေ့တွင်မူကား ရုပ်ပွားတော်များကို ညောင်ရွှေမြို့သို့ ပင့်ဆောင် အပူဇော်ခံလေသည်။

www.dhammaransi.com



သက္ကရာဇ် ၁၁၃၃-ခုနှစ်တွင် ပေါင်တော်ဦး ကျောင်းတော်ကို မီးသင့်သဖြင့် ရွာကြီးဘန်းပုံအရပ်သို့ ပြောင်းရွှေ့ပြီးနောက် ၁၂၄၃ ခုနှစ်တွင် သာလေးတိုက် နမ့်ဟူးရွာ၊ နမ့်ဟူးကျောင်းတော်သို့ ပြောင်းရွှေ့ကျိန်းဝပ်စေလေသည်။ ထိုမှအစဉ်အဆက်အားဖြင့် နှစ်စဉ် သီတင်းကျွတ်လတိုင်း ရုပ်ပွားတော်များကို အင်းလေးကန်တွင်း ၁၉-ဌာနသို့ ဒေသစာရီပင့်ဆောင်၍ အပူဇော်ခံလေ့ရှိ၍ ညောင်ရွှေမြို့တွင် ၂ ညဉ့်နှင့် ၃ ရက် ကျိန်းဝပ်တော်မူစေလေသည်။ ထိုကာလအတွင်း သဘင်ကြီးစွာပူဇော်လေ့ရှိလေသည်။ ထိုနောက်မှ ဌာနစဉ်အတိုင်း ကျောင်းတော်သို့ ပြန်လည်ပင့်ဆောင်လေသည်။

ရုပ်ပွားတော်များ ကြွချီအပူဇော်ခံရာ ဌာနများမှာ မူလကျောင်းတော်မှ အင်းတိမ်၊ ဟဲယားရွာမ ညောင်ရွှေမြို့၊ နမ့်သဲ၊ လင်းကင်း၊ ကြေးစားကုန်း၊ မိုင်းသောက်၊ သလဲဦး၊ ငါးဖယ်ချောင်း၊ စရပ်ကြီး၊ ဘုရားပေါက်၊ နမ့်ပန်၊ နောင်တော၊ မန်ကျည်းဆိပ်၊ ကျိုင့်ခန့် မိုင်းပျိုး၊ အင်းပေါခုံ၊ ရွာကြီး ရေသာတို့ ဖြစ်လေသည်။

⊛

www.dhammaransi.com

# ဗူးဘုရားစေတီတော် (ပုဂံမြို့)

ဗူးဘုရားဟုထင်ရှားသော စေတီတော်မှာ ပုဂံမြို့ ဧရာဝတီမြစ်ကမ်း ကျောက်မော်ရပ်အထူပေါ်တွင် ကျိန်းဝပ်တော် မူလေသည်။

သက္ကရာဇ် ၂၉-ခုနှစ်တွင် (သမုဒ္ဒရာဇ်မင်း) သမုတိရာဇ်မင်းသည် ယုန်လွှတ်ကျွန်းတွင် အရိမဒ္ဒနာဟု သမုတ်၍ မြို့တည်ခဲ့လေသည်။ ထိုအခါတွင် ကျားကြီး၊ဝက်ကြီး၊ငှက်ကြီး ရှူးပျံတို့နှင့် ဗူးပင်များသည် အန္တရာယ်ကြီးစွာ ပြုလေသည်။ နှိမ်နင်း၍ မရနိုင်အောင် ဖြစ်လေသည်။ ထိုကာလ၌ တကောင်း မင်း ရိုး စောထီး-အမည်ခံ လုလင်ပျိုသည် ပြုအိုလင်မယားထံ၌ ခိုလှုံနေထိုင်ရာမှ လေးအတတ်ကို တတ်မြောက်သဖြင့် ရန်သူတို့အား ကောင်းစွာ ဖြိုဖျက်ပေးနိုင်သဖြင့်မင်းကြီးက သမီးတော် သီရိစန္ဒာနှင့် ထိမ်မြား၍ အိမ်ရှေ့အရာပေးလေသည်။

မင်းကြီး နတ်ရွာစံလျှင် စောထီးသည် ဆရာရသေ့အား ဦးစွာနန်းတင်၍ သက္ကရာဇ် ဂ၉-ခုနှစ်တွင်မှပြုစောထီးမင်းအဖြစ်



ဗူးဘုရား-ပုံတော်(ပုဂံမြို့)

www.dhammaransi.com

www.dhammaransi.com



နန်းတက်လေသည်။ နန်းတက်ပြီးနောက် ရန်အန္တရာယ် တို့အား နှိမ်နင်းရာ အောင်မြေအရပ်တို့၌ စေတီတော်များ တည်ထားခဲ့ရာ ဗူးပင်များကို ပယ်ရှင်းရာနေရာ၌ ဗူးဘုရားစေတီကို တည်ခဲ့လေ သည်။

ထိုစေတီတော်ကို မင်းအဆက်ဆက် ပြုပြင်ခဲ့၍ ကုန်းငူကို လည်း ကျောက်အုပ်ဖို့လျက် မွမ်းမံပြုပြင်ထား ခဲ့လေသည်။ စေတီ တော်ကျိန်းဝပ်ရာ ကျောက်စိုင်မှာ ဗူးသီးပုံသဏ္ဌာန်ရှိသည်ဟု မှတ် ယူကြလေသည်။လက်ရှိ စေတီတော်မှာ အဆင့်ဆင့်ပြုပြင်ခဲ့သော စေတီပင် ဖြစ်လေသည်။

www.dhammaransi.com

# ဗိုလ်တထောင်စေတီတော် (ရန်ကုန်မြို့)

ဗိုလ်တထောင် စေတီတော်မှာ ရန်ကုန်မြို့ အရှေ့ပိုင်း ရန်ကုန်မြစ်ကမ်းအနီးတွင် တည်ရှိ ကျိန်းဝပ်တော်မူလေသည်။

ဗိုလ်တထောင် စေတီတော်ကို ဥက္ကလာပမင်းကြီး တည်ထားခဲ့လေသည်။ ဥက္ကလာတိုင်းမှ တပုဿနှင့် ဖလိကတို့သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ဝါဆိုလဆန်း ၅-ရက်နေ့၌ မြတ်စွာဘုရားထံမှ ဆံတော်ဓါတ်များကိုရရှိခဲ့ကြ၍ ဆံတော်ကိုပင့်ဆောင်လာခဲ့ရာ၊ ဥက္ကလာပမင်းကြီးသည် ဗိုလ်ခြေတထောင်နှင့် ဆင်း၍ ဆံတော်ကြိုရာအရပ်တွင်၊ ဆံတော်ကိုဌာပနာ၍ စေတီတော်တည်ထား ကိုးကွယ်တော်မူလေသည်။ ထိုစေတီတော်ကို ဆံတော်ဦးစေတီဟုခေါ်တွင်လေသည်။မွန်ဘာသာဖြင့် ကျိုက်ဒေးအပ်ဘုရားဟု ခေါ်တွင်လေသည်။

ကျိုက်ဒေးအပ်မှာ၊ ကျိုက်၊ဘုရား။ ထေး၊ လသော်းအဖိုးကြီး။ အတ်၊ တောင်းဆိုသည်ဟူ၍ အဖိုးကြီးများ ဆံတော်တောင်းသည်ဘုရားဟု အဓိပ္ပါယ်ဖေါ်လေသည်။ အချို့က လည်း ကျိုက်၊ဘုရား။ဒေး၊ကုန်း။ အပ်၊သာချင်းသည် ဟူ၍ သာချင်းသည်ကုန်း ဘုရားဟူ၍လည်း အဓိပ္ပါယ် ဖေါ်လေ

www.dhammaransi.com



သည်။ ဥက္ကလာပမင်း၏ သားတော် ရေနစ်သေဆုံး၍ ဘုရားဝင်း၌ သင်္ဂြိုဟ်မြှုပ်နှံသောကြောင့် မွန်နန်းဘုရား ဟုလည်း ခေါ်ဆိုခဲ့ကြလေသည်။

ဗိုလ်တထောင် စေတီတော်ကို မင်းအဆက်ဆက် ပူဇော်လှူဒါန်းခဲ့ကြရာ၊ ဘိုးတော်မင်းတရားလက်ထက်တွင် ရွှေကျင်မင်းကြီး ဦးခိုင်က ထပ်မံ ပြုပြင်ခဲ့လေသည်။ ၁၃၀၇-ခုနှစ် နတ်တော်လဆန်း ၁၂-ရက်နေ့တွင် ဒုတိယကမ္ဘာစစ်အတွင်း ဗုံးဒဏ်ကြောင့် စေတီတော် ပြိုပျက်ခဲ့ရာ၊၁၃၀၉-ခုနှစ် ပြာသိုလဆုတ် ၉-ရက်နေ့တွင် ပြန်လည်တည်ထား ခဲ့လေသည်။ ၁၃၁၅-ခုနှစ် ပြာသိုလဆုတ် ၆-ရက်နေ့မှစ၍ ၇ ရက်တိုင် ထီးတော်တင်ခဲ့လေသည်။

စေတီပြိုပျက်ရာမှ ဓါတ်တော် နှစ်ဆူနှင့် ဆံတော်တဆူတို့ကို ဓါတ်တော်ကြုပ်နှင့်တကွ စေတီတော် ဌာပနာတိုက်တွင် ထည့်သွင်း ဌာပနာခဲ့လေသည်။

စေတီတော်သစ်မှာ ဉာဏ်တော် ၁၃၂-ပေ ၇-လက်မ မြင့်၍ ဖိနပ်တော်ပတ်လည် ၃၇၆-ပေ ရှိလေသည်။ ငှက်မြားဖူးမှာ ၁၉-ပေမြင့်၍ ထီးတော်မှ စိန်ဖူးတော်အထိ ၂၇-ပေ ၃-လက်မ ရှိလေသည်။

۞

www.dhammaransi.com

# မနုဟာဘုရား(ပုဂံမြို့)

မနုဟာဘုရားမှာ ပုဂံမြို့တောင်ဘက် မြင်းကပါအနီး လမ်း၏အနောက်ဖက်တွင် ကျိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၄၀၀-ပြည့်နှစ်တွင် ပုဂံအနော်ရထာမင်းကြီး သည် သထုံပြည်သို့ ပိဋကတ်တော်များ ပင့်ဆောင်ရန် ချီတက်ပြီး နောက် ပိဋကတ်တော်များနှင့်အတူ သထုံမင်း မနုဟာအား ခေါ်ဆောင်ခဲ့၍ မြင်းကပါအရပ်တွင် နေရာချထားတော်မူလေ သည်။ မနုဟာမင်းသည် အာခံတွင်းမှ စက်ပြောင်ပြောင် ထွက် သည်တွင် အနော်ရထာမင်း ထိတ်လန့်၍ ဘုန်းတန်ခိုး ယုတ်နိမ့် အောင်ပြုသဖြင့် စက်အရောင် ကင်းပျောက်လေသည်။ ထိုအခါ မနုဟာမင်းသည် မာန်မာနနှိမ့်ချ၍ မိမိလက်ဝတ်တော် မနောမယ ပတ္တမြားကို မြင်းကပါ သူဌေးထံသို့ရောင်းချ၍ သိရိဇေယျဘုံ အရပ်၌ သက္ကရာဇ် ၄၁၉-ခုနှစ် တပေါင်းလဆန်း ၆-ရက်နေ့တွင် စေတီတဆူ တည်လေသည်။

စေတီအုတ်ကျောင်း လိုဏ်တွင်း၌ အလျား ၂၉-တောင် ရှိသော ပလ္လင်တော်ထက်၌ ဥာဏ်တော် ၃၂-တောင်ရှိ ဆင်းတု တော်တဆူ၊ လက်ဝဲလက်ျာတို့၌တဆူစီ၊ ပေါင်း ၃-ဆူစီကို

www.dhammaransi.com



တည်၍ အနောက်မျက်နှာတွင် ဥာဏ်တော် ၅၈-တောင်ရှိ လျောင်းတော်မူ ရုပ်ပွားတော်ကြီးကို တည်လေသည်။ ထိုနောက် ဘဝအဆက်ဆက်မင်းဖြစ်၍ သူတပါး နိုင်နင်းခြင်းကို မခံရပါလို၏ ဟု ဆုပန်လေသည်။

မနုဟာမင်းကို အစွဲပြု၍ မနုဟာဘုရားဟု တွင်လေသည်။ ရုပ်ပွားတော်သည် လိုဏ်ဂူပမာဏနှင့် ကျဉ်းကျပ်စွာ တည်ထားသဖြင့် မင်းကြီးသည် အကျဉ်းအကြပ်နေရပုံကို ဘုရားဖူးသူတို့၏ စိတ်၌ အာရုံထင်စေရန်ရည်၍ ထိုကဲ့သို့တည်ထားသည်ဟု ယူဆကြလေသည်။

www.dhammaransi.com

# မဟာစေတီတော်(ပဲခူးမြို့)

မဟာစေတီတော်မှာ ပဲခူးမြို့အနောက်ဖက်တွင် ကျိန်းဝပ်တော်မူလေသည်။

ဟံသာဝတီ ဆင်ဖြူရှင်နှင့် ဘုရင့်နောင်မင်းကြီးလက်ထက် သက္ကရာဇ် ၉၃၈-ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃-ရက်နေ့တွင် သီဟိုဠ်ကျွန်းမှ ဓမ္မပါလမင်း လက်ဆောင်ပဏ္ဏာများနှင့်စွယ်တော်တဆူ ဆက်သ လာလေသည်။

မင်းကြီးသည် မူလကပင် မြစ်အနောက်ဖက်တွင် ပုထိုးစေတီတော်ကြီးတည်ရန် သဒ္ဒါထက်သန်တော်မူသဖြင့် ၉၂၁-ခုနှစ် နယုန်လကစ၍ တောချုံတို့ကို ခုတ်ထွင် ရှင်းလင်းခဲ့၍ ဗညားသော၊ဗညားဒလ၊ဗညားပရံ၊ဗညားကျန်းတော၊သီရိဇေယျနော်ရထာ၊ သီရိဇေယျကျော်ထင်၊ နေမျိုးကျော်ထင်၊ နန္ဒကျော်ထင်၊ ဟူသော အမတ်ကြီး ၈-ယောက်တို့က ကြပ်မတ်၍ ထိုနှစ်ဝါဆိုလဆန်း ၅-ရက်နေ့တွင် ဖိနပ်တော်ခင်း၍ လဆုတ် ၂-ရက်နေ့တွင် သံဃာတထောင်ကို ဆွမ်းလုပ်ကျွေးကာ ရွှေအုတ်ငွေအုတ်တို့ကို စ၍စီလေသည်။

ထို့နောက် ရွှေအဆင်း ဓါတ်တော်-၆၀၊ ပုလဲအဆင်း ဓါတ်တော် ၈၂၁၈၊ မြတ်လေးငုံအဆင်းဓါတ်တော်-၁၂၉၁၆

www.dhammaransi.com



တို့ကို ပတ္တမြားစေတီတွင်ထည့်ကာ၊ ရွှေ၊ ငွေ၊ မိုးကြိုး၊ ကြေးနီ၊ စသည်စသည် အဆင့်ဆင့်ထပ်၍ ဓါတ်တော်ပေါင်း-၃၆၃၆၉ ဆူ၊ ရုပ်တုတော်များ၊ မင်းမိဖုရားအရုပ်များ စသည်တို့ကို ဌာပနာတော်မူလေသည်။

သက္ကရာဇ် ၉၂၂-ခုနှစ် ပြာသိုလပြည့်ကျော် ၂-ရက်နေ့တွင် ထီးတော်တင်၍ ဆောင်းတော်မူသော မကိုဋ်ကို လှူတော်မူလေသည်။ နန်းတော်ကိုဖျက်၍ မဟာစေတီပတ်လည်၌ ကျောင်းကြီးလေးကျောင်း ဆောက်လုပ်လေသည်။ ကျောင်းစရပ် အသီးသီးနှင့် ရွှေကိုယ်လေး လှူတော်မူ၍၊ ၉၂၃-ခုနှစ် တန်ခူးလပြည့်ကျော် ၆-ရက်နေ့တွင် ပဉ္စင်းတထောင် ခံတော်မူလေသည်။ ထိုနေ့တွင် မဟာစေတီတော်ကို ရွှေကိုယ်လေး မျက်ပါးခတ်၍ သက်နန်းကပ်တော်မူလေသည်။ပွဲတော်မှာ ခြိမ့်ခြိမ့်သဲ စည်ကားလှလေသည်။

မဟာစေတီတော်သည် တည်စဉ်က ဥာဏ်တော်အတောင် ၁၅၀၊ ဖိနပ်တော်အတောင် ၁၀၀-ရှိလေသည်။

နှစ်ကာလကြာရှည်၍ စေတီတော်ပြိုပျက်ခဲ့ရာ လွတ်လပ်ပြီးသောကာလတွင် ဒါယကာအများ စုပေါင်း၍ ပြုပြင် တည်ထားခဲ့ကြပြန်လေသည်။

(၉၂၁-ခုနှစ် နတ်တော်လဆန်း ၁၄-ရက်၊ နန်းတော်မှ မဟာစေတီသို့ ဓါတ်တော်ပို့သောနေ့တွင် ဘုရင့်နောင်၏မိဖုရားကြီး ရာဇဒေဝီမှ သမီးတော်တပါး ဖွားမြင်သဖြင့် ရာဇာဓါတုကလျာဟု အမည်ပေးလေသည်။)

www.dhammaransi.com

# မဟာဗောဓိစေတီတော်(ပုဂံမြို့)

မဟာဗောဓိ စေတီတော်မှာ ပုဂံမြို့ရိုးအတွင်း၊ ဗူးဘုရား၏ အရှေ့တောင်ဖက်တွင် ကျိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၅၇၃ ခုနှစ်တွင် နားတောင်းများမင်းဟု တွင်သော ဇေယျသိင်္ခမင်းသည် ပုဂံပြည်တွင် နန်းတက်တော်မူရာ နန်းစံ ၄-နှစ်မြောက် သက္ကရာဇ် ၅၇၇-ခုနှစ်တွင် မဇ္ဈိမဒေသမှ ခါတ်တော်မွေတော် လက်ဆောင်တော်များနှင့် မဟာဗောဓိပင် အရပ်၌ တည်ထားကိုးကွယ်သော စေတီတော်ပုံ ထုလုပ်ထားသည့် ပုံတော်စေတီတော်တဆူကို ဆက်သ လေသည်။

မင်းကြီးလည်း လွန်စွာနှစ်သက် အားရတော်မူ၍ ထိုပုံတော်အတိုင်း ဓါတ်တော်မွေတော်တို့ကို ဌာပနာ၍ စေတီတော်တဆူ တည်ထားလိုသောကြောင့် မှူးမတ်တို့အား အမိန့်ထုတ်ပြန်၍ ကျွမ်းကျင်သော ပန်းရံတို့နှင့် မဟာဗောဓိ စေတီပုံတော်အတိုင်း စေတီတော်တည်၍ ဘွဲ့တော်ကိုလည်း မဟာဗောဓိဟူ၍ပင် သမုတ်တော်မူလေသည်။ စေတီတော်ပတ်ဝန်းကျင်၌ ဗုဒ္ဓဂယာ မဟာဗောဓိအရပ်၌ တည်သော သတ္တဌာနကဲ့သို့ သတ္တဌာန စေတီ ၆ - ဆူ ဝန်းရံ၍ တည်တော်မူပြန်လေသည်။ စေတီတော် ဆွမ်းဝတ် ဆီမီးဝတ်များအတွက် နယ်သတ်မှတ်၍ အကောက်အခွန်တော်များ လှူတန်းလေသည်။

❀

www.dhammaransi.com

# မဟာမြတ်မုနိဘုရား (နမ့်ဆမ်မြို့)

မဟာမြတ်မုနိဘုရားမှာ ရှမ်းပြည်မြောက်ပိုင်း နမ့်ဆမ်မြို့နှင့် တမိုင်ကွာ ရွှေစကားပင်တောင် (ဝိန်းထွန်းစံ) ပေါ်တွင် ကျိန်းဝပ်တော်မူလေသည်။

မဟာမြတ်မုနိ ရုပ်ပွားတော်ကြီးကို သက္ကရာဇ် ၁၁၄၃-ခုနှစ်က တောင်ပိုင်နယ် ကွန်ဟယ်ရွာဇာတိ ပလောင်ဘုန်းတော်ကြီး သုဓမ္မာဆရာတော် ဦးဂုဏ္ဍုန်ဘွဲ့ခံ၊ ဦးစန္ဒာကြီးမှူး၍ ပဥ္စလောဟာဖြင့် သွန်းလုပ်တော်မူခဲ့လေသည်။ထိုနောက် ပေ ၅၀၀၀-ကျော်မြင့်သော ရွှေစကားပင် တောင်ပေါ်သို့ ပင့်ဆောင်၍ ကိုးကွယ်ထားခဲ့လေသည်။

ဘုရားကြီး၏ ပထမ မကိုဋ်တော်မှာ ရွှေချိန် ၅-ပိဿာ ၉ဂ-ကျပ်ရှိ၍ နဝရတ်ကျောက်မျက်ရတနာတို့ဖြင့် ပူဇော်ထားရာ ငွေနှစ်သိန်းနီးပါးခန့် တန်ဘိုးရှိလေသည်။ ၁၂၉၆-ခုနှစ် ကဆုန်လပြည့်ကျော် ၁၁-ရက်နေ့ညတွင် မကိုဋ်တော်ကို လူမသမာများ ခိုးယူသွားသဖြင့် စော်ဘွားကြီး ခွန်ပန်းစိန်ကကြီးကြပ်၍ ရွှေချိန်

www.dhammaransi.com



၄-ပိဿာကျော်နှင့် ကျောက်မျက် ရတနာတို့ဖြင့် မကိုဋ်သစ် ပြုလုပ်ကာ ၁၂၉၈-ခုနှစ် တပေါင်းလပြည့်နေ့တွင် တင်လှူလေသည်။ တောင်ပိုင်းနယ် ဆဋ္ဌမဂိုဏ်းချုပ် ဦးဇနိယက ကျောက်မျက်စီချယ်သော ရွှေစလွယ်တော်ကြီးကို တင်လှူလေသည်။

ရုပ်ပွားတော်ကြီးမှာ စမ္မခံမှ မဏိတော်အထိ ဉာဏ်တော် ၇-တောင် တမိုက်ရှိလေသည်။

❁

www.dhammaransi.com

# မဟာမြတ်မုနိဘုရား (မန္တလေးမြို့)

မဟာမြတ်မုနိ ရုပ်ပွားတော်မှာ မန္တလေးမြို့ တောင်ဖက်၊ အမရပူရမြို့၏ မြောက်ဖက်တွင် ကျိန်းဝပ်စံနေတော်မူလေသည်။ ရခိုင်ပြည်မှ ပင့်ဆောင်ကိုးကွယ်ခဲ့ခြင်း ဖြစ်လေသည်။

မဟာသက္ကရာဇ် ၉၇-ခုနှစ်တွင် ရခိုင်ပြည်၌ သီရိရာဇာ မင်းနှင့် ကုမာရီဒေဝီတို့မှ ဖွားမြင်သော စန္ဒသူရိယ မင်းသားသည် မင်းအဖြစ်သို့ ရောက်လေသည်။ တရံခါတွင် စန္ဒသူရိယ မင်းသည် မဇ္ဈိမဒေသ၌ ဘုရားပွင့်တော်မူကြောင်းကို ကြားသိရသဖြင့် ဘုရားရှင်အား ဖူးမြင်လိုစိတ် ထက်သန်ပြင်းပြတော်မူလေသည်။ ထိုကြောင့် မှူးမတ်တို့နှင့် တိုင်ပင်လျက် မြတ်စွာဘုရားအား ၇-ရက်တိုင် ပူဇော်ရည်မှန်း၍ တောင်းတ ဆုပန်ကြလေသည်။ ထိုအခါ မြတ်စွာဘုရား သိမြင်တော်မူ၍ ညီတော်အာနန္ဒာနှင့် ရဟန္တာ ၅၀၀-တို့ကိုပါ ခေါ်ဆောင်လျက် မဟာသက္ကရာဇ် ၁၁၃-ခု ကဆုန်လပြည့်နေ့တွင် ရက္ခပူရတိုင်း၊ ဓညဝတီရခိုင်ပြည်သို့ ကြွရောက်၍ မြို့အနောက်မျက်နှာ ကစ္ဆပနဒီ မြစ်အရှေ့ဖက်ကမ်း သေလာဂီရိတောင်သို့ ရောက်ရှိတော်မူလေသည်။

www.dhammaransi.com



စန္ဒသူရိယ မင်းသည် မြတ်စွာဘုရား ကြွချီတော်မူလာကြောင်း ကြားရလျှင် အားရဝမ်းမြောက်စွာဖြင့် သေလာဂီရိတောင်သို့ သွားရောက်ဖူးမြော်ကာ တရားနာကြားပြီးလျှင် နန်းတော်သို့ ကြွတော်မူရန် ပင့်လျှောက်လေသည်။ နန်းတော်တွင် မြတ်စွာဘုရားအား ၇-ရက်ပတ်လုံး ဆွမ်းလုပ်ကျွေး၍ ပရိသတ်နှင့်အတူ တရား နာ ကြား လေ သည်။ ရွှေ ကျောင်း တော် ကြီး ဆောက်လုပ်၍လည်း လှူတန်းလေသည်။ မြတ်စွာဘုရားသည် မဇ္ဈိမဒေသသို့ ပြန်လည် ကြွရောက်မည်ရှိသောအခါ စန္ဒသူရိယမင်းက ပူဆွေးသောကရောက်၍ လူအပေါင်းတို့ အစဉ်ပူဇော်ရန် နိမိတ်ကိုယ်စား ချီးမြှင့်တော်မူရန် လျှောက်ထားလေရာ၊ မြတ်စွာဘုရားက ခွင့်ပြုတော်မူလျှင် ရတနာ ၆၅-တင်းကို ကြိုချက်၍ ဓညဝတီမြို့၏ အရှေ့မြောက်ထောင့် သီရိမကုဋ္ဌတောင်ထိပ်တွင် ရုပ်ပွားတော် သွန်းလုပ်လေသည်။ ထိုအခါတွင် ရုပ်ပွားတော် ဦးခေါင်းမစေ့ဘဲ ကွဲကွာနေသဖြင့် အကြိမ်ကြိမ် ပြန်လည်သွန်းလုပ်သော်လည်း မရဘဲရှိလေလျှင် မြတ်စွာဘုရားသည် ရင်ငွေ့တော်ယူ၍ ၇-ကြိမ်ထည့်တော်မူရာ ရုပ်တုတော်သည် ကောင်းစွာစေ့စပ်၍ သက်ရှိထင်ရှား မြတ်စွာဘုရားနှင့် မတိမ်းယိမ်းရှိလေသည်။ ထိုအခါကား မဟာသက္ကရာဇ် ၁၁၃-ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက်နေ့ ဖြစ်သတည်း။

မြတ်စွာဘုရား ပြန်ကြွတော်မူလေလျှင် စန္ဒသူရိယမင်းသည် ရုပ်ပွားတော်ကို ကောင်းစွာပူဇော်၍ ဂန္ဓကုဋိတိုက်ကို ဆောက်လုပ်၍ ကျိန်းဝပ်စေတော်မူလေသည်။ မင်းအဆက်ဆက်တို့လည်း ကိုးကွယ်ပူဇော်ကြလေသည်။

www.dhammaransi.com



မဟာမြတ်မုနိ-ဘုရားပုံတော်(မန္တလေးမြို့)

www.dhammaransi.com



သက္ကရာဇ် ၁၁၄၆-ခုနှစ်တွင်ကား အင်းဝဘုရင်သည် မဟာမြတ်မုနိရုပ်ပွားတော်ကို ကိုးကွယ်ရန် ဆန္ဒပြင်းပြထက်သန်လှသဖြင့် အိမ်ရှေ့မင်းက ဗိုလ်မင်းသီရိကျော်ထင်နှင့်အတူ သွားရောက်ပြီးလျှင် စစ်သည်တပ်သားအများနှင့် ထိုနှစ် တပို့တွဲလဆန်း ၁၀-ရက်နေ့တွင် ရုပ်ပွားတော်ကို ဖေါင်တော်နှင့်တင်ကာ ပင့်ဆောင်၍ ပိုးချည်ကျွန်းတပ်တော်သို့ ရောက်တော်မူလေသည်။ ထိုနောက် တောင်ကုပ်ဆိပ်မှ ဥယျာဉ်ကြောင်းဖြင့် ယန္တယားရထားဖြင့် ပင့်ဆောင်တော်မူကာ ပန်းတောင်းမြို့ဆိပ်မှ ရောဝတီမြစ်ကြောင်းအတိုင်း ဖေါင်တော်ဖြင့်တဖန် ပင့်ဆောင်ခဲ့ပြန်ရာ၊ ၁၁၄၇-ခုနှစ် ကဆုန်လပြည့်ကျော် ၁၂-ရက်နေ့တွင် စစ်ကိုင်းဆိပ်သို့ ဆိုက်လေသည်။ မင်းတရားကြီးသည်၊ လည်ပင်းထိနစ်သော မြစ်ပြင်သို့ဆင်း၍ ကြိုယူပင့်ဆောင်ကာ၊ အမရပူရမြို့တော် မြောက်ယွန်းတွင် ကျိန်းဝပ်တော်မူစေ၍ ပြသာဒ်တန်းဆောင်း ဆောက်လုပ်ပူဇော် ကိုးကွယ်ခဲ့လေသည်။

ကုန်းဘောင်မင်း အဆက်ဆက်တို့လည်း ပူဇော်လှူဒါန်းကြရာ ၁၁၅၂-ခုနှစ် တော်သလင်း လပြည့်ကျော် ၁၁-ရက်နေ့တွင် ရွှေသင်းကျစ်ကို လှူတော်မူ၍ ကျိဝန်မင်းကြီး ကလည်းစောင်းတန်း ဆောက်လုပ်လေသည်။ ၁၁၅၃-ခုနှစ်တွင် တရုပ်မြို့စား မိဖုရား သုသီရိမင်္ဂလာဒေဝီက အာရုံခံတန်ဆောင်း ဆောက်လုပ်ပြန်၍ ၁၁၆၁-ခုနှစ်တွင် တောင်ငူမြို့စား သုသီရိ မဟာဓမ္မရာဇာက ဂန္ဓကုဋိကို ပြုပြင်ပြီးလျှင် ၁၂၀၄-ခုနှစ်တွင် မြောက်နန်းမိဖုရား သီရိပဘာနန္ဒာဘိ ရတနာဒေဝီက မြောက်မျက်နှာ ဂန္ဓကုဋိပြာသာဒ်၊ မဟာရံတံတိုင်း၊ မီးတားတို့ကို တည်လုပ်လှူတန်း

www.dhammaransi.com



လေသည်။ အမရပူရ စတုတ္ထနန်းစံ မင်းတရားကလည်း န၀ရတ် ၉-ပါး မကိုဋ်တော်၊နရကင်း၊ဒုရင်္ဂစလွယ်တော်များကို ဆက်ကပ်လှူဒါန်းလေသည်။

မင်းတုန်းမင်းကြီး၏ မြောက်နန်းမိဖုရား သီရိသုမဟာရတနာဒေဝီကလည်း ဂန္ဓကုဋိ ပြာသာဒ်တော်ကို မွမ်းမံပြုပြင်၍ ၁၂၄၅-ခုနှစ် ကဆုန်လဆန်း ၁၀-ရက်နေ့တွင် မင်းတုန်းမင်းကြီးက ကနကဒဏ် ထီးဖြူတော်ကို လှူတန်းလေသည်။ ၁၂၄၅-ခုနှစ် နှောင်းတန်ခူးလဆန်း ၁၃-ရက်နေ့တွင် မဟာမုနိပြာသာဒ်တော်၊ စောင်းတန်းတော်များကို မီးခဲ၍ ရွှေသားမကိုဋ်၊နားပန်၊ စလွယ်၊ သင်္ကန်းတော်များ ပျက်စီးလေရာ၊ ရွှေချိန် ၅၄-ပိဿာခွဲကျော် ပြန်လည်စုဆောင်းရရှိ၍ ၁၂၄၆-ခုနှစ်ဦး တန်ခူးလဆုတ် ၇-ရက်နေ့မှစ၍ ပြန်လည်ပြုပြင်ကာ၊ ထိုနှစ် ကဆုန်လဆန်း ၁၀-ရက်နေ့တွင် မကိုဋ်တော်ကို သွန်းလုပ်တော်မူ၍ ရွှေပုဇွန်သင်္ကန်းတော် ကပ်လှူလေသည်။ ၁၂၄၆-ခုနှစ် ဝါဆိုလဆန်း ၁၃-ရက်နေ့တွင် မကိုဋ်တော်ကပ်လှူ၍ ရွှေပုဇွန်သင်္ကန်းတော် ကပ်လှူပြန်ရာ သင်္ကန်းတော်ရွှေချိန် ၁၀၀-ပိဿာမျှ ရှိလေသည်။

၁၂၆၀-ပြည့်နှစ်တွင် အနောက်ပိုက်ဏ် သူမြတ်က အုတ်ပြာသာဒ်တော် ဆောက်လုပ်လှူတန်းခဲ့၍ ၁၂၇၈-ခုနှစ်တွင် လေခ,သဖြင့် ပြာသာဒ်ထီးတော် မြေကျပြန်ရာ မိုင်းပျဉ်ရပ်ဝေဘက်စော်ဘွားက ထီးတော်ကိုရင်း၊ ညောင်ရွှေစော်ဘွားက ငှက်မြတ်နားတော် စိန်ဖူးတော်ကိုရင်း လှူတန်းပြန်လေသည်။ ၁၂၈၁-ပြည့်နှစ် ဝါခေါင်လဆုတ် ၄-ရက်နေ့တွင် ထီးတော် တင်ခဲ့လေ

www.dhammaransi.com



သည်။ ၁၃၀၄-ခုနှစ်တွင် အင်္ဂလိပ်တပ်တို့ မြေလှန်စံနစ်ဖြင့် မန္တလေးမြို့ကို မီးရှို့ရာ၌ ဘုရားကြီး မြောက်ဖက်နှင့် အနောက်ဖက် စောင်းတန်းများ မီးခံခဲ့ရလေသည်။ ၁၃၁၀-ပြည့်နှစ် တော်သလင်းလတွင် မြောက်ဖက်စောင်းတန်းကို ပြန်လည် တည်ဆောက်ပြီးလေသည်။

မဟာမြတ်မုနိ ရုပ်ပွားတော် ဓမ္မခံမှ မကိုဋ်ခေါ် အဆုံး ဉာဏ်တော် ၁၅-ပေတိတိရှိ၍ ဓမ္မခံအမြင့် ၁-ပေ ၄-လက်မ ရှိလေသည်။ ဒူးတော်အစွန်းနှစ်ဖက် အကွာအဝေးမှာ ၇-ပေ ၆-လက်မရှိလေသည်။

www.dhammaransi.com

# မဟာမြတ်မုနိဘုရား (မော်လမြိုင်မြို့)

မဟာမြတ်မုနိ ရုပ်ပွားတော်မှာ မော်လမြိုင်မြို့ အရှေ့ဖက် တောင်ရိုးတန်းပေါ်၌ ကျိန်းဝပ်တော်မူလေသည်။

၁၂၄၀-ပြည့်နှစ်တွင် ရတနာပုံနေပြည်တော်၌ နန်းတွင်း ရေး ရှုပ်ထွေးပြီးနောက် သီပေါဘုရင် နန်းတက်တော် မူလေရာ၊ ထီးမွေနန်းမွေနှင့်ပတ်သက်၍ မင်းတုန်းမင်းအား အကြံပေး မိန့် ကြားခဲ့သော ဝဇီရာရာမ ဆရာတော်နှင့် သင်္ဂဇာ ဆရာတော်တို့ သည် နေပြည်တော်ကိုစွန့်၍ မော်လမြိုင်မြို့သို့ ကြွရောက်တော်မူ လေသည်။ စိန်တုံးမိဖုရားကြီးလည်း ဆရာတော်ကို ကိုးကွယ်ရင်း ရှိ၍ လိုက်ပါလာလေသည်။ ကာလရှည်ကြာလေသော် မန္တလေး မြို့တော်ရှိမဟာမြတ်မုနိရုပ်ပွားတော်ကိုဖူးမြင်လိုစိတ်ထက်သန်ဖြစ် ပေါ်လေသောကြောင့် မော်လမြိုင်မြို့နေ လူအများလည်း အစဉ် မကွာ ဖူးမြော်ရစေရန် ဝဇီရာရာမဆရာတော်သည် ကျောင်းအမ ဒေါ်ရွှေပွင့်အား မိန့်ကြားသဖြင့်၊ ဒေါ်ရွှေပွင့်သည် အဖော်များ နှင့်အတူ မန္တလေးမြို့သို့ သွားရောက်၍ မဟာမြတ်မုနိ ပုံတော်ကို

www.dhammaransi.com



ကူးယူကာ၊ ကျိုက်သလ္လံကုန်းတော် မြောက်ဖျား တောင်စွယ်၌ ၁၂၆၆-ခုနှစ် ကဆုန်လဆန်း ၁၄-ရက်နေ့တွင် မဟာမုနိ ရုပ်ပွား တော်ကို သွန်းလုပ်လေသည်။

သွန်းလုပ်ရာတွင် ရွှေသား ၁၀၄၃-ကျပ်၊ ငွေသား ၆၂၀၄ ကျပ်ထည့်သွင်း သွန်းလုပ်၍ ဂါနာပတီအမည်ရှိ အိန္ဒိယတိုင်းသား မဒရာစီလူမျိုးတဦးက ၂၃-ရတီရှိ ပတ္တမြားကို သင်းကျစ်တော်၌ ချယ်လှယ်ရန် လှူတန်းလေသည်။

www.dhammaransi.com

# မဟာသကျသီဟဘုရား (မန္တလေးမြို့)

မဟာသကျသီဟ ရုပ်ပွားတော်မှာ မန္တလေး မြို့ တွင်း အောင်နန်းရိပ်သာရပ်၌ ကျိန်းဝပ်တော်မူလေသည်။

အင်းဝ စတုတ္ထမြို့တည် ဘကြီးတော်မင်းတရားသည် ရုပ်ပွားဆင်းတုတော်ကြီးတဆူ တည်ထား ကိုးကွယ်လိုသောဆန္ဒဖြင့် ၁၁၆၆-ခုနှစ်မှစ၍ မြေညက်ကိုရင်း၊ ဖယောင်းပုံတော် ကိုရင်း၊ အရိမေတ္တေယျ ဘုရားရှင်၏ ဉာဏ်တော်အတိုင်းအတာ ကျမ်းဂန်ထွက်အတိုင်းသွန်းထုစေပြီးလျှင် ၁၁၇၇-ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ရက်နေ့တွင် ကြေးနီ၊သလွဲ၊ကြေးစင် ပိဿာ ၁၆၀၀၀၊ ငွေစင် ၁၀၀၀၊ ရွှေစင် ၁၀၀၀ စုစုပေါင်းလျက် ကိုယ်တိုင် သွန်းလုပ်တော်မူလေသည်။ မင်းညီမင်းသား မှူးမတ်တို့ကလည်း ရွှေ၊ ငွေရတနာများ ထည့်ဝင်၍ သွန်းလောင်းကြလေသည်။

ရုပ်ပွားတော်ကြီးပြီးမြောက်သောအခါ မဟာသကျသီဟ ဘွဲ့တော်ဖြင့် အနေကဇာတင်၍ မဟာမြတ်မုနိစေတီ အနောက်လေးထပ်ကျောင်း နေရာတွင် ဘုံ၇-ဆင့်ရှိ ပြာသာဒ်ဆောက်လုပ်၍ ကျောက်ဖြူပလ္လင်တော်ထက်၌ ပင့်ဆောင်ကိုးကွယ်တော် မူလေသည်။ သွန်းလုပ်ရာ၌ ကြပ်မပ်သောပန်းတည်းဝန်အားချွန်းတောင်မြို့ကိုစားစေ၍ အမှုထမ်းတို့အားလည်း ဆုလာဘ်ချီးမြှင့်လေသည်။

www.dhammaransi.com



၁၂၀၉-ခုနှစ်သို့ ရောက်သောအခါ ရုပ်ပွားတော် တန်ဆောင်းပြာသာဒ်ပျက်စီးသဖြင့် ပုဂံမင်းက ထိုနှစ် ဝါခေါင်လဆန်း ၂-ရက်နေ့တွင် ဖေါင်တော်၊ လှော်ကားတော်တို့ဖြင့် အမရပူရမြို့သို့ ရုပ်ပွားတော်ကို ရွှေ့ပြောင်း ပင့်ဆောင်ကာ အမရပူရ အနောက် မဟာဝိဇယရံသီစေတီတော် တောင်ဖက်တွင် ဘုံ ၅-ဆင့်ရှိ တန်ဆောင်း ပြာသာဒ်ဆောက်လုပ်၍ ကိုးကွယ် ပြန်လေသည်။

ထိုနောက် ၁၂၄၇-ခုနှစ် နှောင်းတန်ခူး လပြည့်ကျော် ၁၂-ရက်နေ့တွင် သီပေါမင်းက ရုပ်ပွားတော်ကြီးအား မန္တလေးမြို့တွင်းသို့ ပင့်ဆောင်၍ ပြာသာဒ်ဆောက်လုပ် ကိုးကွယ်တော်မူပြန်လေသည်။ ထိုသို့ပင့်ဆောင်ရာတွင် မန္တလေးမြို့ဝန် ယင်းတော်မြို့စားမင်းကြီး သီရိမဟာဇေယျဂါမဏိက အုပ်ကွပ်၍ ၁၉-ရက်တိုင်တိုင် အခမ်းအနားကြီးကျယ်စွာဖြင့် ပင့်ဆောင်ရလေသည်။

၁၃၀၃-ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၄-ရက်နေ့တွင် ဒုတိယ ကမ္ဘာစစ်ဒဏ်ကြောင့် အဆောက်အဦ ပြာသာဒ်များ ပျက်စီးခဲ့ရာ ဒါယကာအများက စုဆောင်း ပြုပြင်ခဲ့ပြန်သဖြင့် ပြာသာဒ် မုခ်ဦး များနှင့်တကွ ခမ်းနားပြည့်စုံခဲ့ရ ပြန်လေသည်။ ပရိယတ္တိဂုဏ်ထူး စာပြန်ပွဲကျင်းပလေ့ရှိသဖြင့် သကျသီဟ စာပြန်ပွဲဟု ထင်ရှားလေသည်။

ရုပ်ပွားတော်ကြီးမှာ ဥဏှိတော်အမြင့် ၉-တောင် ၂-မိုက်၊ ယက်ဝယ်အချင်း ၇-တောင် တမိုက် လေးသစ်၊ စမ္ဗခံဒွာချင်း ဂ တောင် ၁-မိုက် ၄-သစ်၊ အမြင့် ၂-မိုက် ၄-သစ် မောင်းလုံးတော်လုံးပတ် ၃-တောင် ၂-မိုက် ၄-သစ်ရှိလေသည်။

www.dhammaransi.com

# မုပွန်စေတီတော် (မော်လမြိုင်မြို့)

မုပွန်စေတီတော်မှာ မော်လမြိုင်မြို့ တောင်ဖက်စွန်းတွင် ကျိန်းဝပ်တော်မူလေသည်။

သာသနာတော်နှစ် ၂၃၆-ခုနှစ်တွင် မုပွန်အရပ်နေ လူတို့သည် သွားတော်ဓါတ်တဆူကို ပူဇော်ခွင့် ရရှိကြသည့်အတိုင်း ရပ်ရွာအကြီးအကဲတို့ တိုင်ပင်ကာ မြစ်ကမ်းနဖူးပေါ်တွင် ဌာပနာပြီးနောက် စေတီတဆူ တည်ထားကြလေသည်။ မြတ်စွာဘုရားရုပ်ပွားတော်ကိုလည်း ဌာပနာလေသည်။

ထိုစေတီမှာ ကျောက်ကမ်းပါး အငူလေးခုအစွန်းပေါ်၌ တည်ရှိ၍၊ အစွန်းလေးခုဘုရားဟူ၍ မွန်ဘာသာဖြင့် ကျိုက်မူးပွန်ဟု ခေါ်တွင်လေသည်။ ထိုဒေသကိုလည်း မုပွန်ရပ်ဟုပင် ခေါ်ဆိုလေသည်။

မူလစေတီတော်မှာ ပြိုပျက်၍ ကမ်းနား ကျောက်စွန်းပေါ်၌ စေတီငုတ်တိုသာ ကျန်လေလျှင်၊ ကုန်းတွင်းသို့ရွှေ့၍ တည်ထားခဲ့ကြပြန်လေသည်။ (စေတီတော် သမိုင်းပေါင်းချုပ်၊ စာမျက်နှာ-၄၉။)

www.dhammaransi.com

# မော်တင်စေတီတော် (မော်တင်စွန်း)

မော်တင်စေတီတော်မှာ ပုသိမ်ခရိုင် ပင်လယ်ကမ်းစပ် မော်တင်စွန်းတွင် ကျိန်းဝပ်တော်မူလေသည်။

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်ပြီးနောက် လင်းလွန်းပင်ရင်း၌ သီတင်းသုံး နေတော်မူစဉ် ရာမညတိုင်း ဥက္ကလာပမြို့မှ တပုဿနှင့် ဘလ္လိက ကုန်သည် ညီနောင်တို့ ဖူးမျှော်ခွင့်ရပြီးနောက်၊ ဒွေးဝါစိက သရဏဂုဏ်တည်၍ ပြန်မည်ပြုသောအခါ မြတ်စွာဘုရားအား အစဉ်ကိုးကွယ်ရာကို တောင်းပန်ခဲ့သည့်အတိုင်း ဆံတော်ရှစ်ဆူကိုရရှိ၍ ပင့်ဆောင် လာခဲ့ကြလေသည်။

ထိုအခါ လမ်းခရီးမော်တင်နဂါးရစ်ဝဲအင်းဌာ၌ စံပျော်သော နဂါးမင်းက ဆံတော်နှစ်ဆူကို ခိုးယူလိုက်လေသည်။ ထိုနောက် ဇယသေန နဂါးမင်းသည် မော်တင်တောင်စွန်းတွင် မြသား ရတနာတို့ဖြင့် ၁၀၃-ခုနှစ် ဝါဆိုလပြည့်နေ့တွင် စေတီတည်ကာ ဌာပနာ၍ ကိုးကွယ်လေသည်။

မြတ်စွာဘုရားသည် ဂ-ဝါမြောက်တွင် သုဝဏ္ဏဘူမိ သထုံပြည်သို့ ကြွတော်မူသောအခါ သရန မော်တင်တောင်ထိပ်

www.dhammaransi.com



သို့ ရောက်သောအခါ နဂါးကိုးကွယ်သည့် ဆံတော်နှစ်ဆူ ရောင်ခြည်တော် ကွန့်မြူးသဖြင့် ဘုရားရှင်သည် လကျၤာရစ် ရစ်ပတ်၍ ကြွတော်မူလေသည်။ ဒုတိယအကြိမ် ကြွတော်မူသော အခါလည်း ထိုနည်းတူပင် လကျၤာရစ် ရစ်ပတ်လေသည်။ သီရိဓမ္မာ အသောကမင်းကြီးလည်း ထိုစေတီတော်ကို ထပ်မံ၍ တည်လေ သည်။ အနော်ရထာမင်းနှင့် ကျန်စစ်မင်းတို့လည်း မော်တင် အထူသို့ရောက်၍ စေတီတော်ကို ပူဇော်ခဲ့ဘူးသည်ဟု ဆိုလေသည်။

အလောင်းစည်သူမင်းကြီးသည် ပင်လယ်သို့ တိုင်းခန်း လှည့်လည်တော်မူရာ နဂါးရစ်အငူ မော်တင်စွန်းသို့ ရောက်သော အခါ အလိုအလျောက် ဖေါင်တော်ရပ်တံ့လေရာ အကြောင်း အရာကိုစုံစမ်း၍ မော်တင်စေတီတော်ကို တက်ရောက်ပူဇော်၍၊ ထိုစေတီတော်အနီးတွင် မင်းမြောက် တန်ဆာငါးပါး၊ သက်နှိန်း နက် ရုပ်ပွားတော်နှင့် ဓါတ်တော်များကို ဌာပနာ၍ ဖေါင်တော် ဦး စေတီတော်ကိုလည်း တည်ခဲ့လေသည်။ မော်တင်စေတီကို လည်း ရတနာကျောက်အုတ်တို့ဖြင့် မွမ်းမံကာ ဉာဏ်တော်၄၀- အထိမြှင့်၍ တည်တော်မူလေသည်။ ဖေါင်တော်ဆိပ် စေတီကို လည်း ကျောက်ဆောင်ပေါ်၌ တည်ခဲ့လေသည်။

၁၃၂၈-ခုနှစ် သီတင်းကျွတ်လတွင် ဂေါပကအဖွဲ့ ဖွဲ့စည်း ၍ ပြုပြင် စောင့်ရှောက် ပူဇော်လျက် ရှိလေသည်။ နှစ်စဉ် တပေါင်းလတွင် ပွဲတော်ကို စည်ကားစွာ ကျင်းပလေသည်။

www.dhammaransi.com

# မင်္ဂလာစေတီတော် (ပုဂံမြို့)

မင်္ဂလာစေတီတော်မှာ ပုဂံမြို့မှ မြင်ကပါရွာသို့ သွားရာလမ်းတွင် အနောက်ဖက်၌ ကျိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၆၁၇-ခုနှစ်တွင် ပုဂံပြည်၌ နန်းတက်သော နရသီဟပတေ့ မင်းကြီးသည် ဥယျာဉ်ကစားကျူး၍ အပျော်အပါး များတော်မူလေသည်။ တနေ့သောအခါ သတိသံဝေဂရ၍ ၆၃၀-ပြည့်နှစ် တပေါင်းလဆန်း ၆-ရက်နေ့တွင် ပုဂံမြို့တောင်ဖက် ပန်းပွတ်အရပ်တွင် ကောင်းမှုတော်စေတီကို တည်တော်မူလေသည်။

စေတီတည်၍ ပစ္စယာ သုံးဆင့်ပြီးလေလျှင် "ဘုရားလည်းပြီး၊ ပြည်ကြီးလည်း ပျက်လတ္တံ့"ဟူ၍ တပေါင်စကား ပေါ်သောကြောင့် မင်းကြီးသည် ဘုရားကို ဆက်လက်မတည်ဘဲ ၆-နှစ်တိုင်တိုင် ရပ်ဆိုင်းထားလေသည်။ ထိုအခါ ပံ့သုကူ မဟာထေရ်က အသင်မင်းကြီးသည် ဘုရားဆုပန် မင်းဖြစ်ပါလျက် အသက်သေရမည်ကိုကြောက်၍ ဘုရားကိုအပြီးမတည်ဘဲ ထားသည်မှာကဲ့ရဲ့ဘွယ်ဖြစ်တော့သည်။ ပြည်နှင့်မင်းကြီးသည် သင်္ခါရတရားကို လွန်နိုင်မည်မဟုတ်ဟူ၍ သတိပေး ဟောပြောသောအခါမှ သတိ

www.dhammaransi.com



သံဝေဂရကာ ၆၃၆-ခုနှစ် ကဆုန်လပြည့်နေ့မှစ၍ ဆက်လက်တည်တော်မူပြန်လေသည်။

စေတီတော်၌ ဓာတ်တော်၊ မွေတော်များ ရတနာအတိပြီးသော နှစ်ကျိပ်ရှစ်ဆူဘုရား၊ သတ္တဌာနဘုရား၊ သာဝကရုပ်တုများ၊ ဆွေတော် မျိုးတော်အရုပ်များ၊ ရတနာပန်းတောင်းဖြင့်ထည့်သော သရီရဓာတ်တော်များကိုလည်း ဌာပနာလေသည်။ အိမ်တော်မှ စေတီတော်သို့ ဓာတ်တော်များ ပို့ဆောင်ရာတွင် အခမ်းအနား ကြီးကျယ်စွာ ကျင်းပလေသည်။ ထိုနှစ်တွင် မင်းကြီးလည်း တောကစားထွက်တော်မမူချေ။ ဓာတ်တော်များ ပင့်ဆောင်ရာတွင် မင်းညီမင်းသား၊ မှူးမတ်သမီး၊ မင်းသမီးတို့ ဝတ်ဆင်သော တန်ဆာများ၏ ကြိုးကိုဖြတ်၍ ဌာပနာတိုက်သို့ ချည်း ပူဇော်လေသည်။

သီဟိုဠ်ကျွန်းမှ သရီရဓာတ်တော် ရောက်ရှိ လာသော်လည်း စေတီတော် ဌာပနာပိတ်ပြီး၍ အနောက်မြောက်ထောင့် ပုထိုးသာတွင် ဌာပနာတော်မူလေသည်။ စေတီတော်ပြီးလျှင် မင်္ဂလာစေတီတော်ဟု သမုတ်၍ သဘင်ကြီးစွာ ခံလေသည်။

www.dhammaransi.com

## မင်းကွန်းစေတီတော်(မင်းကွန်းရွာ၊စစ်ကိုင်း)

မင်းကွန်းစေတီတော်မှာ စစ်ကိုင်းမြို့မြောက်ဖက် ဧရာဝတီမြစ်ကမ်းနဖူးရှိ မင်းကွန်းရွာတွင် ကျိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၁၁၄၃-ခုနှစ်တွင် အင်းဝနေပြည်တော်၌ မင်းအဖြစ်ရောက်တော်မူသော ဘိုးတော်ဘုရားသည် ပမာဏအားဖြင့် နိုင်းဘွယ်မတူအောင် ကြီးမားလှသော စေတီပုထိုးတော်ကြီးတဆူ တည်ထားကိုးကွယ်တော်မူလိုသဖြင့် မင်းဝံတောင်စွယ်ရှိ မင်းရွာအရပ်၌ သင့်လျော်သောနေရာမြတ်ကို ရွေးချယ်စေကာ ၁၁၅၂-ခုနှစ် နတ်တော်လဆန်း ၅-ရက်နေ့တွင် ထွက်တော်မူ၍ တပို့တွဲလဆန်း ၅-ရက်နေ့တွင် ရွှေအုတ် ငွေအုတ်တို့ဖြင့် ဖိနပ်တော်ခင်းတော်မူ၍ ရွာကိုလည်း မင်းကွန်းဟု သမုတ်လေသည်။

ဘိုးတော်ဘုရားသည် အမရပူရမြို့တော်သို့ ပြောင်းရွှေ့စံမြန်းသော်လည်း၊ မြို့နန်းတော်တွင် မစံမြန်းဘဲ မင်းကွန်းသို့ မကြာခဏ ထွက်တော်မူကာ ယာယီနန်းတွင် ရက်လအတန်ကြာ စံမြန်း၍ စေတီတော် တည်လုပ်ရာ၌ ကြပ်မတ်ဆော်ဖန်တော်မူလေသည်။

၁၁၅၃-ခုနှစ် ပြာသိုလဆန်း ၁၂-ရက် နေ့တွင်၎င်း၊ ၁၁၅၄-ခုနှစ် နတ်တော် လပြည့်ကျော် ၁-ရက်နေ့တွင်၎င်း၊

www.dhammaransi.com



၁၁၅၅-ခုနှစ် ပြာသိုလဆန်း ၁-ရက်နေ့တွင်၎င်း၊ ၁၁၆၂-ခုနှစ် ပြာသိုလပြည့်ကျော် ၂-ရက်နေ့တွင်၎င်း၊ အကြိမ်ကြိမ် မင်းကွန်းသို့ ထွက်တော်မူ၍ ယာယီနန်းတွင် စံမြန်းတော်မူလေသည်။

မင်းကွန်းပုထိုးတော်ကြီးတွင် အလယ်ဌာပနာ တိုက်မဥ္ဇ စတုရန်းအချင်း ၁၀-တောင် အစောက် ၇-တောင်ရှိသော ဌာပနာ တိုက်နှင့် တိုက်ပေါင်း ၁၂-တိုက်ကို ကြေးသလွှဲမည်း အချိန် ပေါင်း ၂၀၆၆၉၀၀-ပိဿာတို့နှင့် သွန်းလုပ်၍ အုတ်တိုက်၊ သဲတိုက်တို့ဖြင့်ရံကာ၊ ဘုရားရုပ်တုတော်၊ ဓာတ်တော်မွေတော် များကို ပင့်ဆောင်ပြီးနောက် ၁၁၅၀-ခုနှစ် တန်ဆောင်မုန်း လဆန်း ၂-ရက်နေ့တွင် ထွက်တော်မူ၍ တပေါင်းလဆန်း ၁၅-ရက်နေ့တွင် ဌာပနာတော်မူလေသည်။ တရုပ်ပြည်မှ စွယ်တော် သီဟိုဠ်ကျွန်းမှ မွေတော် ဓာတ်တော်၊ အံတော်၊ နှစ်ကျိပ်ရှစ်ဆူ ဌာပနာများကိုပါ ထည့်သွင်းဌာပနာတော်မူလေသည်။ ဌာပနာ သော ဆင်းတုရုပ်တုတော်ပေါင်းကား အလွန် များပြားလှလေ သည်။

စေတီတော်ကြီး ပြီးစီးသည့်အခါ ကျိန်းဝပ်တော်မူမည့် ပုံတော်ကို စေတီတော်ကြီး၏ အရှေ့တောင်ဖက်၌ ပုံတော်စေတီ ဟူ၍ တည်ထားလေသည်။

ပုထိုးတော်ကြီးမှာ ပမာဏကြီးမားလှသဖြင့် မပြီးစီးနိုင် ရှိလေရာ၊ သိုက်တဘောင်အရ ဆက်လက်တည်လုပ်ခြင်းမပြုခဲ့ဟု အဆိုရှိလေသည်။ ဘိုးတော်ဘုရားသည် ၁၁၈၁-ခုနှစ်တွင် နတ်ရွာ စံတော်မူလေသည်။

❁

www.dhammaransi.com

# မင်းမျှော်ရာဇာ စေတီတော်(ပုဂံမြို့)

မင်းမျှော်ရာဇာ စေတီတော်မှာ ပုဂံမြို့အရှေ့မြောက်ဖက် လမ်းမ၏အနီးတွင် ကျိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၂၉၃-ခုနှစ် ပုဂံပြည်၌ နန်းတက်တော်မူသော တောင်သူကြီးမင်း လက်ထက်တော်တွင် တန်နက်မင်း၏ မိဖုရား တပါးမှဖွားမြင်၍ တိမ်းရှောင်နေရသောသူငယ်သည် ကွမ်းဆော် အဖြစ် အမှုထမ်းရာမှ၊ မင်းလောင်းပေါ်မည်ဟူသော ကောဋ္ဌာ ဟာလသတင်းကြောင့် တူရှင်းတောင်သို့သွားရာ၊ ထိုသူအားပင် လျှင် လူအများက မင်းလောင်းဟူ၍ အမှတ်ပြုကာ ဦးတိုက်ကြ သဖြင့်၊ ထိုမှ နန်းတော်သို့ဝင်ရာ၊ နန်းတော်ဦးတွင် တောင်သူကြီး မင်းထွက်၍ ကြိမ်းဝါးရာ၌ ဦးစောက်ကျ၍ နတ်ရွာစံတော်မူလေ သည်နှင့် သက္ကရာဇ် ၃၂၆-ခုနှစ်တွင် ကွမ်းဆော်သားသည် မင်း အဖြစ်သို့ ရောက်တော်မူလေသည်။

သက္ကရာဇ် ၄၄၆-ခုနှစ်တွင် ကျန်စစ်သားမင်းသည် မင်း အဖြစ်သို့ ရရှိတော်မူသောအခါ ဘိုးတော်မင်းကြီး မင်းအဖြစ်သို့ ရောက်သည့် ပြည်သူအများ မင်းလောင်းမျှော်ရာ နေရာ၌ စေတီ တော်တဆူ တည်ထားတော်မူ၍ မင်းမျှော်ရာဇာဟူ၍ ဘွဲ့သမုတ် တော်မူလေသည်။

www.dhammaransi.com

# မင်းအိုချမ်းသာစေတီတော် (ပုဂံမြို့)

မင်းအိုချမ်းသာ စေတီတော်မှာ ပုဂံမြို့၏ အရှေ့မြောက်ဖက်၊ ညောင်ဦးလမ်းမတောင်ဖက် ကုန်းမြင့်ပေါ်တွင် ကျိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၄၄၆-ခုနှစ်တွင် ပုဂံပြည်၌ ကျန်စစ်မင်းကြီးသည် မင်းအဖြစ်သို့ရောက်၍ ကောင်းမှုတော် စေတီ ပုထိုးများလည်း တည်တော်မူလေသည်။ မင်းကြီးသည် သက်တော် ၇၂-နှစ်ရှိတော်မူသောအခါ သီဟိုဠ်ကျွန်းမှ သီဟိုဠ် မင်း သည် မြတ်စွာဘုရား၏ သရီရဓါတ်တော် ကိုးဆူကို ရတနာကြုပ်နှင့် ပို့လွှတ်ဆက်သလေသည်။ ထိုအချိန်တွင် မင်းကြီးသည် ဇရာရွယ်ရောက်သဖြင့် နာမကျန်း ဖြစ်တော်မူလျက်ရှိရာ၊ထိုသရီရဓါတ်တော်များကို ဌာပနာ၍ မိမိအသက်ရှည်ရန်အတွက် ရည်စူးကာ စေတီတော်တည်လိုသဖြင့် မှူးမတ်တို့အား ၄၇၄-ခုနှစ်တွင် စေတီတည်ထားစေ၍ မင်းအိုချမ်းသာဟူ၍ ဘွဲ့သမုတ် တော်မူလေသည်။ မင်းကြီးသည် စေတီတော်ကိုတည်ရာ၌ စေတနာ တက်ကြွတော်မူသဖြင့် ရတနာအမျိုးမျိုးနှင့် သရီရဓါတ်တော် များကိုလည်း ဌာပနာတော်မူလေသည်။

www.dhammaransi.com

## မာရ်အောင်ရတနာစေတီတော် (မန္တလေးမြို့)

မာရ်အောင်ရတနာ စေတီတော်မှာ မန္တလေးမြို့ အရှေ့တောင်ဖက် မဟာသီရိဟေမဝန် ဦးယျ ခဥ်တော်အတွင်း၌ ကျိန်းဝပ်တော်မူလေသည်။ ဝါခင်းကုန်းဘုရားဟု ထင်ရှားလေသည်။

သီပေါမင်း လက်ထက်တွင် မင်းတရားကြီး၏ ကုသိုလ်တော်အဖြစ် တည်တော်မူခဲ့ရာ၊ ၁၂၄၁-ခုနှစ် ကဆုန် လဆန်း ၄-ရက်နေ့တွင် ပွဲသဘင်ကြီးစွာဖြင့် ရွှေထီးတင်တော်မူလေသည်။ စေတီတော်တွင် ရတနာသိင်္ခမြို့အပိုင် ရွှာသာယာအရပ် တလည်းချောင်းအနီး ဥမင်လိုဏ်မှ ဖူးတွေ့ရသော ဓါတ်တော် မွေတော်များနှင့် မဏ္ဍိမဒေသ ပလ္လင်တော်ပေါ်ရာ ဒေသမြေ၊ ရုပ်တုဆင်းတုတော်များ၊ ဓမ္မခန္ဓာပါဠိတော် ရွှေ ပေ ချပ် များကို ထည့်သွင်း ဌာပနာတော်မူလေသည်။

စေတီတော်မှာ ဖိနပ်တော် ၅၅-တောင်၊ ဥာဏ် တော် ၅၆-တောင် ရှိလေသည်။ သီပေါမင်းအားလည်း မာရ်အောင်ရတနာစေတီတော် ဒါယကာဟူ၍ ခေါ်တွင်လေသည်။

❁

www.dhammaransi.com

# မယ်ဒက်စေတီတော် (ရေတာရှည်မြို့)

မယ်ဒက်စေတီတော်မှာ တောင်ငူခရိုင် ရေတာရှည်မြို့နယ်တွင် ကျိန်းဝပ်လေသည်။ ရေတာရှည်မြို့မှ ၁၂၈၆-ခုနှစ်ကပင် မြေလမ်း ဖေါက်လုပ်ထားရှိခဲ့လေသည်။

သက္ကရာဇ် ၉၀၀-ကျော်တွင် အင်းဝ၌ ရှမ်းမင်းများ ဝင်ရောက်၍ တိုင်းပြည် စနောင့်စနင်းဖြစ်စဉ် မင်းကြီး ရန်နောင်၏ ဆွေမျိုးများဖြစ်သော မယ်ဒက်၊မယ်နဲ ညီအမ နှစ်ယောက်သည် မိခင်ကြီးနှင့်အတူ တောင်ငူနယ်သို့ ထွက် ပြေး တိမ်း ရှောင် ရာ မှ ပိတောက်ကုန်းရွာတွင် နေထိုင်ကြလေသည်။ မကြာမီ မိခင် သေဆုံးသဖြင့် သူကြီးအိမ်တွင် ကိုယ်နေကြေးဖြင့် ငွေချေးကာ မိခင်ကြီးအား သင်္ဂြိုဟ်ရပြီး၊ မိမိတို့သည် သူကြီးအိမ်၌ ငြိုငြင်စွာ နေထိုင်ကြရလေသည်။

တနေ့သော် အင်းဝမှ ဘားမဲ့ဆရာတော်၏တပည့် သာမဏေတပါးသည် သိုက်စာအရ တောင်ငူမြို့ မြောက်ဖက် ပေါင်းလောင်းမြစ်နှင့် ဆက်စပ်နေသော မိကျောင်းအိုင်၌ ကျောက်မိကျောင်းသိုက်ကို တူးဖေါ်ရန် လာရောက်ကြရာ၊ မယ် ဒက် နှင့် မယ်နဲတို့က ကျောက်မိကျောင်းရှိရာသို့ လမ်းညွှန်ပြပေးကြသဖြင့်

www.dhammaransi.com



သိုက်ကိုအောင်သော်သာမကောက ရွှေငွေရတနာများပေးခဲ့သဖြင့် မယ်ဒက်နှင့် မယ်နဲတို့သည် သူကြီးအား ကြွေးဆပ်ကာ ထိုရွာ၌ပင် နေထိုင်ကြလေသည်။

ထိုနောက် မယ်ဒက်သည်မိကျောင်းအိုင်မှ ၃-မိုင်ခန့်အကွာ တောတွင်း၌ စေတီတဆူ တည်ထားကိုးကွယ်၍ မယ်ဒက်စေတီဟု တွင်လေသည်။ မယ်နဲကလည်း စစ်တောင်းမြစ်အရှေ့ဖက် ၂-မိုင် ခန့်အကွာတွင် ဘုရားစေတီတည်လေရာ မယ်နဲစေတီဟု တွင်လေ သည်။ ထိုညီအမသည် သိုက်စောင့်များနှင့် ချစ်ခင်၍ လိပ်ပြာနုတ် ခံရကာ သေဆုံး၍ ဥစ္စာစောင့်ဖြစ်သွားကြသည်ဟု ဆိုလေသည်။

ထိုနောက် ၁၂၆၇-ခုနှစ် တပေါင်းလတွင် အင်းဝမိုးထား သာသနာပိုင်ဆရာတော်ကြီး၏ တပည့်၊ပျဉ်းမနား ဇာတိဖြစ်သော မယ်ဒက်တောရ ဆရာတော်သည် ဟောင်းနွမ်းပျက်စီး နေသော မယ်ဒက်စေတီကို ငုံအုပ်၍ ဖိနပ်တော် ၅၂-တောင်၊ ဥဏ်တော် ၅၄-တောင်မြင့်သော စေတီတော်ကို တည်ထားတော်မူ၍ သတ္တ ဌာနဘုရား ၇-ဆူ၊ ဗျာဒိတ်ခံသည်မှ ဓါတ်တော် ဝေသည်အထိ၊ ၄၉-ဌာနဘုရား ၄၉-ဆူ၊ ရဟန္တာရုပ်တု စသည်တို့နှင့် ဓါတ်တော် မွေတော်များစွာကို ပင့်ဆောင်လျက် နိုင်ငံအနှံ့ ဖြန့်ချီစိုက်ပျိုး တော်မူ၍ ၁၃၀၅-ခုနှစ်တွင် ပျံလွန်တော်မူသည်အထိ မယ်ဒက် တောရ၌ပင် သီတင်းသုံးတော်မူလေသည်။

www.dhammaransi.com

## မြသလွန်စေတီတော်(မကွေးမြို့)

မြသလွန် စေတီတော်မှာ မကွေးမြို့ ဧရာဝတီမြစ်ကမ်းထိပ် နဂါးတွင်းတောင်ကုန်းထက်တွင် ကျိန်းဝပ်တော်မူလေသည်။

မဟာသက္ကရာဇ် ၁၂၃-ခုနှစ် ဝါဆိုလပြည့်ကျော် ၈-ရက်နေ့တွင် မြတ်စွာဘုရားသည် သုနာပရန္တတိုင်း၊ လယ်ကိုင်းသို့ ဒေသစာရီ ဖြန့်ချီတော်မူ၍ လယ်ကိုင်း စန္ဒကူးကျောင်းတော်တွင် သီတင်းသုံးပြီးနောက် ပြန်၍ကြွစဉ် ကေလာသဘ စက္ကတဲတောင်ထိပ် (မင်းဘူး)၌ သီတင်းသုံးတော် မူပြန်လေသည်။ ထိုအခါ သိကြားမင်းသည် ရတနာသလွန်ကို ပူဇော်လှူတန်းလေသည်။

မြတ်စွာဘုရား ပြန်ကြွတော်မူလျှင် ဧရာဝတီမြစ် အရှေ့ဖက် တောအုပ်မှ ဘီလူး မောင်နှမ ခြောက်ယောက်တို့ အနက် ဘောကျော်၊ ဘောသော၊ ဘောရသူ၊ ဘောရသ၊ ညီအစ်ကို လေးယောက်က မြတ်စွာဘုရားကို ဖူးမျှော်ရ၍ နောင်အစဉ် ကိုးကွယ်ရန် မြသလွန်တော်ကို သနားချီးမြှင့်ခြင်း ခံရလေသည်။ ဘီလူးတို့သည် တောတွင်း၌ မြသလွန်ကိုဌာပနာ၍ စေတီတည်ရာ အရပ်မသင့်သဖြင့် သိကြားမင်းကဖျက်၍ မြစ်ဆိပ်ကမ်းအနီး

www.dhammaransi.com



သီတင်းသုံးသော ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတနှင့် ဒိဗ္ဗဈာန ရသေ့ သုံးဦးတို့အား အပ်နှံပြီးနောက် ကဿပဘုရားရှင်၏ ရွှေသလွန် တော်ဌာပနာရာ နဂုတ္တမတောင်ထိပ်၌ သက္ကရာဇ် ၁၂၈-ခုနှစ် တပေါင်းလပြည့်နေ့တွင် ဌာပနာထားလေသည်။ စေတီတည်ရန် ကိုမူ သလွန်တော်ပင့်ဆောင်ခဲ့သော ဘီလူးလေးဦးတို့ လူ့ဘဝသို့ ရောက်မှ တည်စေရန် အမိဋ္ဌာန်ထားခဲ့လေသည်။

ဘီလူးမငယ် ဒက္ခဒါလီသည် ဘုရားရှင်ကို ဖူးခွင့်မကြုံခဲ့၍ မြသလွန်တော် ဌာပနာရာ၌ ပူဇော်၍ လူ့ဘဝရရန် ဆုပန်ရာ သေလွန်သော် ဝေလာမ ပုဏ္ဏားသမီးဖြစ်၍ တကောင်းမင်းကြီး မိဖုရားဖြစ်လေသည်။ ထိုအခါ ရသေ့သုံးပါး စံရာဌာန၏ မြောက်ဖက် မဟာဂါမရွာမှ သုဘောဂသဌေးသည် မြသလွန်တော် ဌာပနာရာ နေရာ၌ စေတီတည်လိုသဖြင့် ရသေ့တို့ထံ ခွင့်တောင်း ရာ ဘီလူးတို့ လူ့အဖြစ်ရောက်မှ ထိုသူတို့နှင့်အတူ တည်နိုင်မည် ဖြစ်ကြောင်း ပြောပြသဖြင့် ဘီလူးဝင်စားသူတို့ကိုသာ ရှာဖွေ စောင့်မျှော်နေရလေသည်။ ထိုအခါ သဌေးသမီး ပုဏ္ဏဝတီသည် ပန်းကုံး၌ စာခွေထည့်၍ ဘီလူးဝင်စားသူသာလျှင် တွေ့ရှိစေရန် အမိဋ္ဌာန်ပြုကာ နဂုတ္တရကုန်းအနီး၌ ချထားလေသည်။

ဘီလူးညီနောင်တို့လည်း သေလွန်၍ လူ့ဘဝကိုရကြပြီး သလွန်တော်ကိုပူဇော်ရန် နဂုတ္တမကုန်းသို့လာကြရာ ပုဏ္ဏဝတီ၏ ပန်းကုံးနှင့်စာကိုတွေ့၍ လိုက်လာလေရာ သုဘောဂသဌေးထံသို့ ရောက်လျှင် ဘောကျော်ဝင်စားသူအား သမီးနှင့်လက်ထပ်ပေး၍ ရွှေငွေရတနာများပေးကာ မြသလွန်တော် တည်ရာဌာန၌ စေတီ

www.dhammaransi.com



တည်ရန် တိုင်ပင်ကြပြီးနောက် မဟာသက္ကရာဇ် ၁၅၀-ပြည့် နှစ်တွင် ဥာဏ်တော် ၃၅-တောင်မြင့်သော စေတီကို တည်ကြလေသည်။

နှစ်ကာလ ကြာရှည်သော် သက္ကရာဇ် ၄၁၂-ခုနှစ်တွင် ပုဂံပြည်၌ နန်းတက်သော စောလူးမင်းက ပြုပြင်၍ ဓါတ်တော် ၁၂၀၊ ရုပ်ပွားတော် ၇-ဆူတို့ကို ထပ်မံဌာပနာ၍ ဥာဏ်တော် ၅၅-တောင်မြင့်အောင် တည်လေသည်။ ဘီလူးမ ဆုတောင်းရာ၊ ပန်းကုံးချရာ၊ လင်လျှာမျှော်ရာ၊ ရသေ့သိတင်းသုံးရာတို့၌လည်း စေတီများတည်ခဲ့လေသည်။ထိုနောက် ကျန်စစ်မင်းက ဝတ္ထုကံမြေလှူ၍ ရွှေသင်္ကန်း ကပ်လှူခဲ့ပြီး အလောင်းစည်သူ မင်းကလည်း ရွှေသင်္ကန်း ကပ်လှူခဲ့ပြန်လေသည်။

သက္ကရာဇ် ၁၂၀၉-ခုနှစ်တွင် ငလျင်ဒဏ်ကြောင့်ပြိုပျက်ရာ မကွေးမြို့သူကြီးမင်း၊မင်းထင်၊မင်းလှကျော်ခေါင်က အမိန့်တော်ခံ၍ ၁၂၀၉-ခုနှစ် တပေါင်းလပြည့်နေ့တွင် စေတီတော်ကို ထပ်မံတည်ထား၍ ဓာတ်တော်များကိုလည်း ဌာပနာခဲ့လေသည်။ ဥာဏ်တော် ၆၆-တောင် နှစ်မိုက်ထိအောင် မြင့်တည်၍ အချင်း ၅-တောင်နှစ်မိုက်၊ အမြင့် ၁၇-တောင်ရှိသော ထီးတော်ကို တင်လှူလေသည်။

သက္ကရာဇ် ၁၂၁၄-ခုနှစ်တွင် မင်းတုန်းမင်းလက်ထက် မကွေးမြို့စား အဂ္ဂမဟာသေနာပတိ သတိုးမင်းကြီး မဟာမင်းလှသီဟသူက မွမ်းမံပြုပြင်၍ ရွှေသင်္ကန်း ကပ်လှူခဲ့ပြန်လေသည်။

www.dhammaransi.com

# မြသိန်းတန်စေတီတော် (မင်းကွန်း)

မြသိန်းတန်စေတီတော်မှာ ဧရာဝတီမြစ်၏ အနောက်ဖက်ကမ်း၊ မင်းကွန်းရွာ၊မင်းကွန်းပုထိုးတော်ကြီး၏ မြောက်ဖက်အနီးတွင် ကျိန်းဝပ်တော်မူလေသည်။

ဘိုးတော်ဘုရားသည် သက္ကရာဇ် ၁၁၅၂-ခုနှစ်တွင် မင်းကွန်းပုထိုးတော်ကြီးကို တည်တော်မူရာ၊ မြေးတော် စစ်ကိုင်းမင်းကလေးနှင့် မြေးတော်ဆင်ဖြူရှင်မယ်တို့သည် ပုထိုးတော်ကြီးအနီး စေတီတဆူတည်ထားလိုကြောင်း ခွင့်တောင်း ရရှိသည့်အတိုင်း၊ ဘုရားအလောင်းတော် ဆဒ္ဒန်ဆင်မင်းဖြစ်စဉ် ပျော်စံခဲ့ဘူးသော ဆင်ဖြူတောင်၌ မြေညှိကာ ၁၁၆၄-ခုနှစ် တန်ခူးလဆန်း ၅-ရက်နေ့တွင် စစ်ကိုင်းမြို့ဝန် ကြပ်မတ်လျက် စတင် တည်လုပ်စေလေသည်။

စစ်ကိုင်းမင်းကလေးမှာ ဘိုးတော်ဘုရား၏ သားတော် အိမ်ရှေ့မင်း၏ သားတော်ဖြစ်၍ ဆင်ဖြူရှင်မယ်မှာ ဘိုးတော်ဘုရား၏သားတော် ပြည်မင်းသား၏ သမီးတော်ဖြစ်လေသည်။

စေတီ ဖိနပ်တော်အချင်း ၆၄-တောင်၊ ၂-မိုက်၊ ၄-သစ်ခင်း၍ ပန္နက်ချကာ၊ ပထမ အာလိန်မှစ၍ တည်လုပ်ပြီး၊ အာလိန်

www.dhammaransi.com



ထိပ်၌အလျား၊အနံ ၁၂-တောင်မျှသော ဌာပနာတိုက် ၁၆-တိုက်ကို ပြုလုပ်၍ သီဟိုဠ်ကျွန်းမှ ပင့်ဆောင်ခဲ့သော ဓါတ်တော် ၅-ဆူကို ၁၁၆၄-ခုနှစ် ဝါဆိုလဆန်း ၂ ရက်နေ့တွင် ဌာပနာလေသည်။ ဆင်ဖြူရှင်မယ် ဝတ်နေကျ တသိမ်းတန်မြရတနာကိုလည်း လှူတန်းဌာပနာခဲ့လေသည်။ ဆင်ဖြူမယ်တည်သဖြင့် ဆင်ဖြူမယ်ဘုရားဟူ၍၎င်း၊ တသိမ်းတန် မြရတနာကို ဌာပနာ၍ မြသိမ်းတန်ဘုရားဟူ၍၎င်း ထင်ရှားလေသည်။

စေတီတော်၌ အာလိန်ငါးဆင့်၊ တောင်စဉ် ခုနစ်ထပ်၊ လိုဏ်မုခ်များနှင့်တည်၍ မြတ်စွာဘုရား တာဝတိံသာမှ ကြွတော်မူသည်ကို ရည်စူး၍ စောင်းတန်းသုံးသွယ်ဖြင့် မွမ်းမံတည်ထားလေသည်။ စေတီတော် ပြီးမြောက်သောအခါ ဘိုးတော်ဘုရားကိုယ်တော်တိုင် မင်းခမ်းမင်းနားဖြင့် ထွက်တော်မူ၍ သဘင်ကြီးစွာခံပြီးလျှင်၊ ၁၁၆၉-ခုနှစ် တန်ခူးလပြည့်ကျော် ၄-ရက်နေ့တွင် ရေစက်သွန်းချ၍ ထီးတော် တင်လှူတော်မူလေသည်။

ထိုစေတီတော်ကြီးသည် ကာလရှည်ကြာ၍ ငလျင် ဒဏ်ကြောင့် ပြိုပျက်ရာတွင် မင်းတုန်းမင်းကြီး၏မိဖုရားခေါင် ဆင်ဖြူမရှင်က ပြုပြင်ခဲ့ပြန်လေသည်။

❁

www.dhammaransi.com

# မြတ်စောညီနောင်စေတီတော် (တောင်ငူမြို့)

မြတ်စောညီနောင်ဘွဲ့ခံ နောင်တော်စေတီ၊ ညီတော်စေတီနှင့် မယ်တော်စေတီတို့မှာ တောင်ငူမြို့ပေါင်းလောင်းမြစ် အရှေ့ဖက်ကမ်းတွင် ကျိန်းဝပ်တည်ရှိလေသည်။

မြတ်စွာဘုရားသည် သုနာပရန္တတိုင်း ကျောင်းတော်ရာသို့ စူဠပုံ၊ မဟာပုံညီနောင်တို့ ပင့် လျှောက် သ ဖြင့် ကြွတော်မူစဉ်က ဇေယျာဝဍ္ဎနတိုင်း၊ အာသာဝတီ ပေါင်းလောင်းမြစ်ဖျားတွင် ရပ်တံ့တော်မူ၍ ကြက်မင်းဖြစ်စဉ်က ကျက်စားတော်မူရာ နေရာဖြစ်ကြောင်းနှင့် ဗျာဒိတ်ထားခဲ့လေသည်။

ထိုနောက် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် ဓါတ်တော် မွေတော်များ ကြွင်းကျန်ရစ်ရာ၊ သီရိဓမ္မာအသောကမင်းကြီးသည် အဇာတသတ်မင်း မြှုပ်နှံထားရာမှ ဖော်ထုတ်၍ စေတီတော်တည်ရန် အရပ်ရပ်မင်း၊ အကြီးအကဲတို့အား ဓါတ်တော်ဖြန့်ဝေရာ၌ တောင်ငူဒေသ၌ ရွာတည်၍နေခဲ့ကြသော မြတ်လှရွာအုပ်၊ စောလှရွာအုပ်၊ ကျောက်ဖါး ရွာအုပ်တို့လည်း ဓါတ်တော်များကို ပူဇော်ခွင့်ရကြ၍၊ မြတ်စွာဘုရား ဗျာဒိတ်

www.dhammaransi.com



ထားတော်မူခဲ့ရာ၌ စေတီအသီးသီး တည်ထား၍ ဌာပနာကိုးကွယ်ကြလေသည်။


ထိုသို့ တည်ထားရာတွင် နောင်တော်မြတ်လှ(မြတ်လှရွာအုပ်)တည်သော နောင်တော်စေတီနှင့် ညီတော် စောလှ(စောလှရွာအုပ်)တည်သော ညီတော် စေတီတို့ကို မြတ်စောညီနောင်ဟု ခေါ်တွင်ခဲ့၍၊ ဦးရီး ဦးကျောက်ဖါး(ကျောက်ဖါးရွာအုပ်)တည်သော စေတီတော်ကို ရှင်ပင်ကျောက်ဖါးဟု ခေါ်တွင်ခဲ့ရာမှ ရှင်ပင်ကျောက်ဆောက်ဟု တွင်လာခဲ့လေသည်။ မြတ်လှနှင့်စောလှတို့၏ မိခင် မယ်စန္ဒာတည်သော စေတီတော်ကိုကား မယ်တော်စေတီဟု တွင်လေသည်။ *

ပုဂံနရပတိစည်သူမင်းကြီးသည် တိုင်းခန်းလှည့်လည်တော်မူရာ ပေါင်းလောင်းမြစ်ကို ဆန်တက်၍ မြတ်စောညီနောင်စေတီနှင့် ရှင်ပင်ကျောက်ဆောက် စေတီတို့ကိုလည်း ပူဇော်ခဲ့သည်ဟု ဆိုလေသည်။

---

* သမလနှင့် ဝိမလညီနောင်တို့ တည်သည်ဟုလည်း မှတ်သားကြသည်။

www.dhammaransi.com



မြတ်စေတီနောင်-ဘုရားပုံတော်(တောင်ငူမြို့)

www.dhammaransi.com

# ရတနာသင်းကျစ်စေတီတော် (မိတ္ထီလာမြို့)

ရတနာသင်းကျစ် စေတီတော်မှာ မိတ္ထီလာမြို့ ထီးသုံးဆင့်ဘုရားကြီး၏ အနောက်ဖက် ခရစ်ယမ်ကျောင်းဝင်း အတွင်း၌ တည်ရှိ၍ ပြိုပျက်လျက်ရှိလေသည်။ ဘုရားကျောက်စာကို ဈေးကုန်း ရန်အောင်မြင်ဘုရား ပရဝုဏ်အတွင်းသို့ ရွှေ့ ပြောင်း ထားလေသည်။

ဘိုးတော်ဘုရားသည် ၁၁၅၈- ခုနှစ်တွင် မိတ္ထီလာကန်တော်ကိုဆည်ရန် စစ်အင်္ဂါလေးပါးဖြင့် အမရပူရမြို့မှ ထွက်တော်မူလာ၍ ရွှေစောလူးကုန်းတွင် ကွန်းချ စံမြန်းတော် မူလေသည်။ ထိုအခါ သားတော် ဥပရာဇာလည်း လိုက်ပါလာ၍၊ အသီးသီး တာဝန်ယူကာ ကန်တော်ကို ဆည်ဖို့လေသည်။ ဥ ပ ရာ ဇာသည် ကန်တော် ဆည်ဖို့ပြီးနောက် မြောက်ဖက် ကန် တော် ထိပ် တွင် အမှတ်တရ ကျောက်စေတီတဆူ တည်ထားတော်မူ၍၊ ထိုစေတီတော်တွင် ခမည်းတော်မင်းကြီး၏ မကိုဋ်တော်နှင့် ငွေ ဆင်း တု တော် ၂၅-ဆူကို ဌာပနာတော်မူလေသည်။ ၁၁၅၈- ခု နှစ် ဝါဆိုလပြည့်နေ့မှစ၍ ပန္နက်ချမှတ်ကာ၊ စေတီ ဌာပနာတိုက်

www.dhammaransi.com



ပြီးသောအခါ ဆင်းတုရုပ်တုနှင့် ရတနာများကို ၇-ရက် ၇-လီ ကြီးကျယ်စွာ ဌာပနာလေသည်။ ကျောက်ချပ်ရေ ၂၇၄၆-ချပ်ကို စေတီတည်၍၊ ၂၁၈၆-ချပ်ကို အခင်းပြုလေသည်။ အလုံးစုံ ကျောက်တို့ဖြင့် မွမ်းမံတည်ထား၍ ပြီးစီးလျှင် ရတနာသင်းကျစ် စေတီတော်ဟုသမုတ်၍ ကျောက်စာလည်း စိုက်ထူတော်မူလေ သည်။ ဌာပနာတိုက်မှာ ဖိနပ်တော်အောက် ၁၉-တောင်အစောက် တွင် တိုက်ခန်းပြုလုပ်ခဲ့လေသည်။

ကျောက်စာမှာ အနည်းငယ်ချို့ယွင်းနေ၍ ၁၃၁၅-ခုနှစ်က မိတ္ထိလာမှ ဦးဘရင်က ရန်အောင်ဘုရားအတွင်းသို့ ရွှေ့ပြောင်း ထားခဲ့လေသည်။

www.dhammaransi.com

# ရွှေကျီးမြင့်စေတီတော် (မန္တလေးမြို့)

ရွှေကျီးမြင့် (ရွှေကျီးမြင်) စေတီတော်မှာ မန္တလေးမြို့ ကျုံးမြို့ရိုးအနောက် ပြည်ကြီးကြက်သရေရပ်တွင် ကျိန်းဝပ်တော်မူလေသည်။

ပုဂံပြည် အနော်ရထာမင်းကြီး၏မြေးတော် မင်းရှင်စောသည် တိုင်းခန်းလှည့်လည်ရာတွင် မန္တလေးတောင် ပတ်ဝန်းကျင် တနေရာသို့ ရောက်သောအခါ ရွှေအဆင်းရှိသော ကျီးတကောင်ကို ထူးဆန်းစွာတွေ့မြင်ရသဖြင့် မှူးမတ်များ၏ တင်လျှောက်ချက်အရ၊ ရွှေကျီးမြင်ရသောနေရာတွင် စေတီတော်တဆူ တည်ထားခဲ့လေသည်။ ထိုစေတီ၏ လိုဏ်ဂူတွင် ဆုတောင်းပြည့်ရုပ်ပွားတော် တဆူနှင့် ဓါတ်တော်များကိုလည်း ဌာပနာခဲ့လေသည်။

အလောင်းစည်သူ မင်းကြီးလည်း ဓါတ်တော်များကို ဌာပနာ၍ မွမ်းမံပူပြင်တော်မူခဲ့လေသည်။ မင်းတုန်းမင်းကြီးအား မဟာန်နကီဇော်ဂီဆက်သသော ဗောဓိသားကို မင်းကြီးကိုယ်တိုင် ထုလုပ်ခဲ့သည့် ဒက္ခိဏာသာခါ ရုပ်ပွားတော်ကို ၁၂၅၁-ခုနှစ်မှစ၍ ရွှေကျီးမြင့်စေတီတော် အာရုံခံ တန်ဆောင်းတွင် လိုဏ်ဂူ ဂန္ဓကုဋိတိုက်နှင့် ပင့်ဆောင် ပူဇော် ထားလေသည်။ အလောင်းစည်သူမင်း ကိုးကွယ်တော်မူခဲ့သော ရှင်မဟာကဿပ ရုပ်ပွားတော်နှင့် အံတော်တို့ကိုလည်း ပင့်ဆောင်ကျိန်းဝပ်စေခဲ့လေသည်။ ထို့ပြင် စိန်ဆင်းတု၊ မြဆင်းတု စသော နန်းစဉ်ဘုရား ၃၆-ဆူကိုလည်း ပင့်ဆောင်ထားလေသည်။

www.dhammaransi.com

## ရွှေကြက်ယက် စေတီတော် (အမရပူရမြို့)

ရွှေကြက်ယက်၊ရွှေကျက်ကျစေတီတော်များမှာ အမရပူရ မြို့နယ် ဧရာဝတီမြစ် ကမ်းနဖူးရှိ တောင်ကုန်းငယ်များပေါ်တွင် ကျိန်းဝပ်စံပယ်တော်မူလေသည်။

မြတ်စွာဘုရား အလောင်းတော်သည် ဟိမဝန္တာတော၌ ကြက်မင်းဖြစ်စဉ် ဗာရာဏသီမင်း၏ မိဖုရားက တရားနာလိုသော ကြောင့် မုဆိုးအားဖမ်းဆီးစေရာမှ ကြက်မင်းသည် ပျံသန်းထွက် ပြေးလာခဲ့ပြီး၍ ဧရာဝတီမြစ် ရွှေတောင်ဦးမော်အနီးရှိ မန္တာဂိရိ တောင်ထိပ် နဂါးရစ် တောင် ထိပ် တို့၌ ခိုလှုံ သော ကြောင့် ရွှေကြက်ယက်၊ ရွှေကြက်ကျဟု အမည်တွင်သော တောင်ငယ်နှစ် လုံးပေါ်တွင် သာသနာနှစ် ၁၂၈-ခုနှစ်၌ သီရိဓမ္မာအသောက မင်းကြီးသည် ဓါတ်တော်များကို ဌာပနာ၍ စေတီတည်ထားခဲ့ လေသည်။

, ထိုနောက် သက္ကရာဇ် ၄၁၁-ခုနှစ်တွင် ထိုစေတီတော် ပျက်စီးသည်ကို ပုဂံပြည်အနော်ရထာမင်းကြီးက ပြုပြင်တည်ထား ပူဇော်ခဲ့၍ ၅၄၇-ခုနှစ်တွင် နရပတိစည်သူမင်းကြီး တည်ထား ပြုပြင်ပြန်လေသည်။ နရပတိစည်သူသည် အိမ်ရှေ့မင်းသား

www.dhammaransi.com



အဖြစ် စံစဉ်က နေခင်တော် နရသိခ်မင်းသည် ခယ်မတော် ဝေဠုဝတီမင်းသမီးကို တိမ်းမတ်သဖြင့် လည်ဆယ်၍ ငဆောင်ချမ်း အရပ်သို့ ရန်သူနှိမ်နင်းရန် စေလွှတ်သည်ကို ချီတက်သွားရောက် ရလေသည်။ နရပတိစည်သူ တပ်ထွက်ခိုက် နရသိခ်မင်းသည် ဝေဠုဝတီကို သိမ်းပိုက်သဖြင့် မြင်းတော်ခံပြည့် လိုက်သွား လျှောက်တင်ရာ တပ်ကိုရုပ်သိမ်း၍ နေပြည်တော်သို့အပြန်တွင် ရွှေကြက်ယက်ဘုရား၌ သက်နိုးကပ်၍ စဉ်းလဲသောနေခင်တော်ကို လုပ်ကြံအောင်မြင်စေရန် ဆုပန်သဖြင့် ဆုတောင်းပြည့်လေသော ကြောင့် မွှမ်းမံပြုပြင်၍ မင်းညီမင်းသားတို့ တက်ရောက်ဖူးမြော် ဆုပန်ခြင်းမပြုရန် ပိတ်ပင်ခဲ့လေသည်။

ထိုနောက် သက္ကရာဇ် ၆၇၇-ခုနှစ်တွင် စစ်ကိုင်းတရဖျား မင်းကြီး၏မယ်တော်ကရင်း၊ ၇၃၃-ခုနှစ်တွင် အင်းဝ မင်းကြီးစွာ စော်ကဲကရင်း၊ ၁၁၂၅-ခုနှစ်တွင် ဆင်ဖြူရှင် မင်းတရားကြီး ကရင်း၊ ၁၁၇၃-ခုနှစ်တွင် ဘိုးတော်မင်းတရား၏ သားတော် ဥပရာဇာကရင်း၊ ၁၁၈၄-ခုနှစ်တွင် ဘကြီးတော် မင်းကရင်း၊ အဆင့်ဆင့် ထပ်မံပြုပြင်တည်ထားခဲ့ကြပြီးနောက် ၁၂၀၀-ပြည့် နှစ်တွင် လျင်ဒဏ်ကြောင့် ပျက်စီးရပြန်လေသည်။ ၁၂၀၇-ခုနှစ် တွင်ကား ဘကြီးတော်မင်း၏မယ်တော်၊ တိလောကမဟာရတနာ ပဒုမာဒေဝီ မိဖုရားကြီးသည် စာရေးတော်ကြီး မဟာမင်းကျော် မင်းထင်ကို ကြပ်မတ်စေလျက် ပြုပြင်တည်ထား၍ ဓါတ်တော် မွေတော်များကိုလည်း ဌာပနာလေသည်။ ဉာဏ်တော်ကိုလည်း ၆-တောင်တိုးမြှင့်၍ တည်လေသည်။ ထိုနှစ် တပို့တွဲလဆုတ် ၅- ရက်နေ့တွင် ရေစက်သွန်းချတော်မူလေသည်။

www.dhammaransi.com



ထိုနောက် နှစ်ကာလကြာရှည်၍ ပျက်စီး ပြန်သည်ကို ၁၂၆၂-ခုနှစ်တွင် ရွှေကြက်ယက် လယ်ပြင်ဆရာတော် အမှူးပြု၍ ဒါယကာ၊ ဒါယကာမအများက၊ စေတီတန်းကျောင်းစရပ်တို့နှင့်တကွ မွမ်းမံတည်ဆောက် လှူတန်းပြန်လေသည်။ ၁၂၇၉-ခုနှစ် သီတင်းကျွတ်လဆုတ် ၈-ရက်နေ့တွင် ရွှေကြက်ယက်တောင်သည် အလျားအတောင် ၅၀၊ အနံ ၁၀-တောင်၊ အစောက်အတောင် ၂၀-ခန့် နိမ့်ကျပြိုဆင်းသောကြောင့် နောင် ၃-နှစ်အကြာတွင် ညောင်စင်ဆရာတော် အရှင်သောဘိတ အမှူးပြု၍ အလှူရှင်များက ပြန်လည်ပြုပြင် မွမ်းမံကြပြန်လေသည်။ ၁၂၈၃-ခုနှစ် ဝါဆိုလတွင် ပြီးစီးအောင်မြင်ခဲ့လေသည်။

ရွှေကြက်ယက်၊ ရွှေကြက်ကျ စေတီတော်များ နှင့်စပ်လျဉ်း၍ ပြည်နဝဒေး၊ ဦးမင်း၊ သူတော်ဦးမင်းစသော စာဆိုပုဂ္ဂိုလ်အများက ကဗျာဖွဲ့စီ ခဲ့ကြလေသည်။ ဘုရားအနီးတွင် နတ်ကွန်းများရှိ၍ ဘုရားပုံပြင်ကြောင်း ကျောက်စာများလည်း ရှိလေသည်။

www.dhammaransi.com

# ရွှေချက်သိုစေတီတော် (ရွှေဘိုမြို့)

ရွှေချက်သို စေတီတော်မှာ ရတနာသိခ် ရွှေဘိုမြို့တွင် ကျိန်းဝပ် စံပယ်တော်မူလေသည်။

အလောင်းဘုရား ဦးအောင်ဇေယျသည် ရန်အပေါင်းကို နှိမ်နင်း၍ နိုင်ငံတော်ကို စည်းရုံးထူထောင်ပြီးသောအခါ မြို့တော် တည်ရန်သင့်မြတ်သော ဌာနကို ပညာရှိအမတ်တို့အား မေးတော် မူသောအခါ မှူးမတ်တို့က အလောင်းဘုရား ဖွားမြင်တော်မူ၍ ရွှေချက်သိုရာ မုဆိုးဘိုမြို့၌သာ မြို့တော် တည် သင့် ကြောင်း လျှောက်တင်ကြလေသည်။

ထို့ကြောင့် ၁၁၁၅-ခုနှစ် ပထမ ဝါဆိုလပြည့်ကျော် ၆-ရက်နေ့တွင် ရွှေအုတ်၊ ငွေအုတ်၊ မိုးကြိုးအုတ်၊ ကြေးအုတ်၊ ကြေးနီအုတ်၊ သံအုတ်၊ မြေအုတ်စသည်တို့ဖြင့် မြို့တော်ကိုရင်း၊ နန်းတော်ကိုရင်း၊ ကျုံးတော်ကိုရင်း၊ မဟာနန္ဒာကန်တော်ကိုရင်း၊ ရွှေချက်သိုရာ၌ စေတီတော်ကိုရင်း၊ နတ်ကွန်းကိုရင်း၊ ဗဟိုရ်စင်ကို ရင်း၊ ၇-ဌာနတဖြိုင်တည်းကို နေ့နံသင့်သော မင်းသား၊ မှူးမတ်၊ ပုဏ္ဏားပညာရှိ၊ သင်္ဘေး၊ ဗိသုကာ စသည်တို့နှင့် မြေစံနစ်၍ တည် တော်မူလေသည်။ မြို့တော်မတည်မီ (၇) ရက်ကပင် ပွဲသဘင် ကျင်းပလေသည်။

www.dhammaransi.com



သက္ကရာဇ်၁၁၁၆-ခုနှစ်တန်ဆောင်မုန်းလဆန်း ၁၃-ရက်နေ့တွင် အလောင်းမင်းတရားသည် ရတနသိခ် ရွှေနန်းကို သိမ်းတော်မူ၍ တန်ဆောင်မုန်း လပြည့်နေ့တွင် ရွှေချက်သို စေတီတော်ကို ရွှေထီးအထွတ် တင်တော်မူလေသည်။ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ နဝရတ်ပေါက်ပေါက်၊ တမ်းခွန်၊ တန်ဆောင် စသည်ပူဇော်၍ ရက်လည်အောင် သဘင်ကျင်းပတော်မူလေသည်။ အလှူကြီးပေး၍ စေတီတည်လုပ်သော အကြီးအကြပ်၊ ပန်းရံ၊ ပန်းတော့၊ ပန်းတမော့၊ပန်းပဲ ရွှေသစ္စေးသမားတို့ကိုလည်း ထိုက်သင့်ရာ ချီးမြှောက်လေသည်။

စေတီတည်ရာအရပ်မှာ မယ်တော်ခမည်းတော်တို့ စံနေတော်မူသည့် မင်္ဂလာအိမ်တော်ရာဖြစ်၍ မင်းတရားကြီး ဖွားမြင်စဉ်က ချက်မြှုပ်ရာနေရာဖြစ်သည့်အတိုင်း ရွှေချက်သို စေတီတော်ဟု သမုတ်တော်မူလေသည်။

www.dhammaransi.com

# ရွှေဂူကြီးစေတီတော် (တောင်ငူမြို့)

ရွှေဂူကြီးစေတီတော်မှာ တောင်ငူမြို့ ပန်းလှိုင်ရပ်တွင် ကျိန်းဝပ်တော်မူလေသည်။

ရွှေဂူကြီးစေတီမှာ တောင်ငူမြို့ မတည်မီကပင် ရှိခဲ့သဖြင့် သီရိဓမ္မာ အသောကမင်းကြီးလက်ထက်တွင် စေတီပေါင်း၈၄၀၀၀ တည်ထားခဲ့စဉ်က ဓာတ်တော်မွေတော်များကို ဌာပနာ၍ တည်ခဲ့သော စေတီဖြစ်သည်ဟု မှတ်ယူကြလေသည်။

ထိုစေတီတော်ကို သက္ကရာဇ် ၆၄၁-ခုနှစ်တွင် တောင်ငူ၌ နန်းတက်သော သဝန်ကြီးမင်းကရင်း၊ ၆၈၇-ခုနှစ်တွင် နန်းတက်သော ကရင်ဘမင်းကရင်း၊ ပြုပြင်မွမ်းမံခဲ့ကြလေသည်။

စေတီတော်သည် နှစ်ကာလကြာရှည်၍ ပြိုပျက်ခဲ့ရာ ရန်ကုန်မြို့ ကြည့်မြင်တိုင် ညောင်ပင်တန်းရပ်မှ ဦးစံဖေနှင့်ညီ ဦးညီပုတို့က ကြီးမှူးလျက် ၁၃၁၃-ခုနှစ် တပို့တွဲလပြည့်နေ့တွင် အုတ်မြစ်ချပြီးလျှင် သီဟိုဠ်ကျွန်းမှ ဝန်ကြီးချုပ်ဟောင်း ဦးနု ပင့်ဆောင်ခဲ့သော ဓာတ်တော်များကို ဌာပနာ၍ တည်ထားခဲ့ရာ ပြီးစီး၍ ၁၃၁၄-ခုနှစ် ကဆုန်လဆုတ် ၂-ရက်နေ့နံက်တွင် ထီးတော်တင်ပွဲ ကျင်းပခဲ့လေသည်။

www.dhammaransi.com

# ရွှေဂူကြီးစေတီတော် (ပုဂံမြို့)

ရွှေဂူကြီးစေတီတော်မှာ ပုဂံမြို့ရိုးတွင်း နန်းတော်ရာ၊ သဗ္ဗညုဘုရား၏ မြောက်ဖက်တွင် ကျိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၄၇၄-ခုနှစ်တွင် ပုဂံပြည်၌ နန်းတက်တော်မူသော အလောင်းစည်သူမင်းကြီးသည် ၄၇၅-ခုနှစ်တွင်ရှင်အရဟံ စိမ်းညက်မင်း သားတော် မဟာထေရ်တို့နှင့်တိုင်ပင်လျက် မြတ်စွာဘုရား၏ ဇေတဝန်ကျောင်းတော်၌ အရှင်သာရိပုတ္တာရာစီမံဆောက် လုပ်အပ်သော ဂန္ဓကုဋိတိုက် ပုံသဏ္ဌာန်နှင့်တူစွာ ဂူစေတီတော်ကြီး တဆူကို တည်ထားလေသည်။

ထိုစေတီတော်၌ မလည်တောင်ခြေမှ ပတ္တမြားတို့ကို ကြဲဖြန့်၍ နန်းစဉ်ကိုးကွယ်ရာ ဓါတ်တော် မွေတော်တို့ကို ဌာပနာ တော်မူ၍၊ သဘင်ကြီးစွာဖြင့် ရွှေထီး တင်တော်မူလေသည်။ အလောင်းစည်သူမင်းကြီးသည် ပင်လယ်ဒေသသို့ တိုင်းခန်းလှည့် လည်တော်မူ၍ အပြန်တွင် သက္ကရာဇ်-၅၀၃-ခုနှစ်၌ အနော်ရထာ မင်း၊ စောလူးမင်း၊ ကျန်စစ်မင်းနှင့် ခမည်းတော် စောယွန်းမင်း အရုပ်၊ သူရဲကောင်းလေးဦး၏ အရုပ်များကို ကြေးဖြင့်သွန်း၍ ရွှေဂူကြီးဘုရား၌ သွင်းထားလေသည်။ ထိုနောက် ဘဝဟောင်း..

www.dhammaransi.com



ပဋ္ဋိက္ကရားမင်းသားဘ၀က အရိုးများကို ရှင်အရဟံ စုထားရာ၌ သွားရောက်ယူဆောင်၍ ရွှေဂူဘုရား၌ မြှုပ်နှံလေသည်။ ကြေးချိန် တသောင်းရှိသော ခေါင်းလောင်းကြီးကိုလည်း သွန်းလှူတော်မူလေသည်။

မင်းကြီးသည် နာမကျန်း ဖြစ်သောအခါ သားတော် နရသူမင်းသားသည် ထီးနန်းရလိုဇောဖြင့် ရွှေဂူကြီးဘုရားတွင်းသို့ ပို့၍ထားခဲ့ပြီး အဝတ်နှင့်ဖိ၍ လုပ်ကြံသဖြင့် ထိုဘုရားလိုဏ်တွင်း၌ပင် မင်းကြီး နတ်ရွာစံရလေသည်။

အလောင်းစည်သူမင်းကြီးအား ရွှေဂူကြီးဒါယကာဟူ၍ ခေါ်ဆိုကြလေသည်။

www.dhammaransi.com

# ရွှေဂူကြီးစေတီတော် (မိုးကုတ်မြို့)

ရွှေဂူကြီးစေတီတော်မှာ မိုးကုတ်မြို့ အရှေ့မြောက်အရပ်တွင် ကျိန်းဝပ်တော်မူလေသည်။

သာသနာနှစ် ၂၃၆-ခုနှစ်တွင် သီရိဓမ္မာအသောက မင်းကြီးသည် မြတ်စွာဘုရား ဓါတ်တော်မွေတော်များကို ရရှိသဖြင့် စေတီပေါင်း ၈၄၀၀၀တည်ထားရာ၌ မိုးကုတ်ဒေသတွင် ဆံတော်သွားတော်နှင့် သရီရဓါတ်တော်များကို ဆင်တော်ပေါ်၌ တင်ကာ အဓိဋ္ဌာန်ပြု၍လွှတ်ပြီး၊ ဆင်တော်ဝပ်ရာ၌ ရွှေဂူစေတီတော် တဆူတည်၍ ဓါတ်တော်များ ဌာပနာခဲ့လေသည်။

နှစ်ကာလကြာရှည်၍ စေတီတော်ပြိုပျက်ရာ အင်းဝပထမမင်းခေါင်လက်ထက်တွင် မိုးကုတ်နယ်၌ ထိန်းသိမ်း စောင့်ရှောက်ရသော ဗညာဒလအမတ်ကြီးက ၇-တောင်အမြင့်ရှိအောင် စေတီတော်ကို ထပ်မံတည်မတော်မူခဲ့လေသည်။ ထိုနောက် နှစ်ပေါင်းကြာမြင့်စွာ တောဆိုင်း၍နေခဲ့ပြီးမှ ၁၂၇၀-ပြည့်နှစ် ခန့်တွင် ဦးကုလားနှင့် ဦးစံလှ စသူတို့က စေတီပျက်ကို ဖူးတွေ့ရ၍ တောခုတ်ထွင်ကာ ၂၅-တောင် အမြင့်ရှိသော စေတီတော်ကိုတည်ကာ ရွှေသင်္ကန်းကပ်လှူခဲ့ကြလေသည်။

www.dhammaransi.com



သက္ကရာဇ် ၁၂၇၄-ခုနှစ်တွင်လျှင်လှုပ်သဖြင့် စေတီဇတော် ပြိုပျက်ပြန်ရာ၊ ၁၂၇၆-ခုနှစ်တွင် ဒါယကာအများ စုပေါင်း၍ ဥာဏ်တော်အတောင် ၅၀-မြင့်သော စေတီတော်ကို ကျောက် သားဖြင့် တည်ထားခဲ့ကြလေသည်။ စေတီအရှေ့မုခ်တွင် ကျောက် တိုက် အရုဏ်ခံတန်ဆောင်းကြီးကိုလည်း ဒေါ်ငွေက ဆောက်လုပ် လှူတန်းခဲ့လေသည်။

www.dhammaransi.com

## ရွှေစာရံစေတီတော် (ရွှေစာရံရွာ၊ မန္တလေး)

ရွှေစာရံစေတီတော်မှာ မန္တလေးမြို့ အရှေ့မြောက်ဖက်၊ အမရပူရမြို့နယ် ရွှေစာရံရွာတွင် ကျိန်းဝပ်တော်မူလေသည်။

ပုဂံပြည် အနော်ရထာမင်းကြီးအား မောကိုးပြည်ထောင်စော်ဘွားက သမီးတော် စောမွန်လှကို ဆက်သလေရာ၊ မင်းကြီးသည် မြတ်နိုးစွာဖြင့် မိဖုရားမြှောက်လေသည်။ စောမွန်လှသည် ရတနာသုံးပါးကို ဆည်းကပ်ရိုသေ၍၊ နားဒေါင်း၌ ဓါတ်တော်ကိန်းအောင်းသဖြင့် အရောင်အဝါ ထွန်းတောက် လေ သည်။ အခြားမိဖုရားများသည် စောမွန်လှကို မနာလိုသဖြင့် စုန်းဖြစ်၍ တောက်စားကြောင်းနှင့် ကုန်းချောကြလေရာ၊ မင်းကြီးယုံကြည်သဖြင့် မိမိဌာနသို့ပြန်စေရာ၊ မိဖုရားသည် မောပြည်သို့ ပြန်လေသည်။

လမ်းခရီးတွင် လက်ဝဲနား၌ ဆင်ဝတ်သော နားဒေါင်းသည် ချောင်းထဲသို့ ကျွတ်ကျ၍ရှာဖွေရာ နားဒေါင်းမှ ရောင်ခြည်တော်ကို ဖူးတွေ့ရသဖြင့် နားဒေါင်းကို ရရှိပြီးနောက် ထိုအရပ်တွင် မိမိအခြွေအရံများနှင့် ဉာဏ်တော် ၅-တောင် ရှိသောစေတီကိုတည်၍ ဓါတ်တော် ကိန်းအောင်းသော နားဒေါင်းများကို ဌာပနာလေသည်။

www.dhammaransi.com



ထိုအကြောင်းကို အနော်ရထာမင်းကြီးကြားလျှင် စေတီမုခ်ဝ ရှမ်းပြည်ဖက်သို့လှည့်လျှင် သတ်စေ၊ ပုဂံပြည်ဖက်သို့ လှည့်လျှင် အသက်ချမ်းသာစေဟု မင်းမှုထမ်းများကို စေလွှတ်ရာ၊ ညချမ်းအချိန်ရောက်လေသော် နောက်တနေ့မှ အမိန့်ပြန်ရန် ဆိုင်းငံ့ထားပြီး အမိန့်တော်အကြောင်းကို နောက်ပါ အမှုထမ်းများထံမှ သိရပြီးနောက်၊ မြတဘက်ဖြင့် စေတီကိုလွှမ်း၍ အဓိဋ္ဌာန်ကာ လှည့်လေလျှင် မုခ်ဦးသည် ပုဂံပြည်ဘက်သို့ လှည့်လေသည်။ နောက်တနေ့တွင် စေလွှတ်သောအမှုထမ်းတို့ တွေ့မြင်၍ ပုဂံပြည်သို့ပြန်ကာ မင်းကြီးအားလျှောက်ထားရာ ဝမ်းမြောက်တော်မူ၍ သက္ကရာဇ် ၄၁၆-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀-ရက်နေ့တွင် ရှင်မွန်လှတည်၍ စာရံနားဒွောင်း ဌာပနာသော ရွှေစာရံ စေတီတော်ကို ဝတ္ထုကံမြေ တာ ပေါင်း တ ထောင် လှူတော်မူလေသည်။

ထိုနောက် ၄၇၅-ခုနှစ်တွင် အလောင်းစည်သူ မင်းကဝတ်မိုးမြတ်မြေ တိုးချဲ့လှူတန်း၍ကျွန်သီးတော် ၅၀-လှူလေသည်။ မိုးညှင်းမင်းတရားကြီးက ရွှေစာရံဘုရားကို သံတောင် ၃၀-မြှင့်၍ တည်တော်မူပြီးနောက်၊ငါးထပ်ဒါယကာမင်း၏မယ်တော် မိဖုရားခေါင်ကြီးက ထပ်မံပြုပြင်၍ ရွှေထီးအထွတ်တင်ကာ မြေအထိ ရွှေမွမ်းမံခဲ့လေသည်။

۞

www.dhammaransi.com

# ရွှေစာရံစေတီတော် (သထုံမြို့)

ရွှေစာရံစေတီတော်မှာ သထုံမြို့အနောက်တောင်ဖက်ပိုင်း၌ တွင် ကျိန်းဝပ်တော်မူလေသည်။

မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၅-ခုနှစ်တွင် သုံးဝါမြောက်အခါ၌ ဂဝမ္ပတိထေရ်ကို အကြောင်းပြု၍ သုဝဏ္ဏဘုမ္မိ သထုံပြည်သို့ ကြွတော်မူလေသည်။ ထိုအခါ၌ *သထုံမင်းကြီးနှင့် မိဖုရားတို့သည်ရင်း၊ ပြည်သူပြည်သား တို့သည်ရင်း ရတနာတို့ဖြင့် အထူးထူးပူဇော်ကြ၍ မြတ်စွာဘုရား သီ တင်း သုံး တော် မူ ရန် ကျောင်းတော်ကိုလည်း ဆောက်လုပ်လှူတန်းလေသည်။ ကျောင်းတော်ကို မြတ်စွာဘုရား ဥဒေါင်းမင်း၊ ဆင်မင်း၊ ရသေ့မင်း ဘဝက ပျော်မွေ့ဘူးသည့် မောရပဗ္ဗတကုန်း၌ တည် ဆောက် လေလေသည်။

မြတ်စွာဘုရားသည် မဇ္ဈိမဒေသသို့ ပြန်၍ကြွတော်မူမည်ရှိသောအခါ၊ မင်းကြီးသည် ပူပန်ငိုကြွေးကာ နောင်အစဉ် ကိုး

---

* သထုံမင်းအမည်ကို သူရိယစန္ဒ မဟာဒွတ္တပေါင် ဟူ၍ ဆိုသည်။ အခြားသမိုင်းတို့၌ တိဿဓမ္မသီဟရာဇာဟု ဆိုသည်။

www.dhammaransi.com



ကွယ်ရာကို တောင်းပန်သဖြင့် သွားတော် လေးဆူကို ပေးအပ်တော်မူလေသည်။

မင်းကြီးသည် ရှင်လန်းအားရတော်မူ၍ သုနာပရန္တဥန္နတကုန်းထက်၌ အဝှမ်း ၄၇-တောင် အစောက် ၄၇-တောင် တူးဖေါ်၍ ဌာပနာမည့်ပြုရာ၊ ရှေးဘုရား သုံးဆူတို့၏ ဆံတော် ဓါတ်၊ တောင်ဝှေးတော်နှင့် မြသပိတ်တော်တို့ကို ဖူးတွေ့ရလေလျှင် အထူး ဝမ်းမြောက်တော်မူ၍ ရတနာအထူးထူးဖြင့် ဌာပနာတိုက်မွမ်းမံ၍ ၁၀၅-ခုနှစ် တပေါင်းလဆန်း ၅-ရက်နေ့တွင် ဌာပနာကာ မြကျောက်ဖျာပိတ်၍ အထက်မှ စေတီတော်ကို တည်ထားခဲ့လေသည်။ပြည်သူတို့လည်း ရတနာအသီးသီးဖြင့် ပူဇော်ကြလေသည်။ စေတီတော်ကိုလည်း စိရံဌာတုစေတီတော်ဟု သမုတ်လေသည်။ ကာလကြာမြင့်သောအခါ စိရံမှ စာရံသို့ပြောင်း၍ ရွှေစာရံစေတီတော်ဟူ၍ မည်တွင်ခဲ့လေသည်။

မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၁၉ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့တွင် ဒုတိယအကြိမ် သထုံပြည်သို့ မြတ်စွာဘုရား ကြွတော်မူ၍ မဟာသိမ်တော်ကြီးကို ရဟန္တာများ သိမ်သမုတ်ခဲ့ပြီး ၁၂၈-ခုနှစ်တွင် တတိယအကြိမ် ကြွရောက်တော်မူပြန်လေသည်။

ရွှေစာရံစေတီတော်မှာ ဥဏှာတော်အမြင့် ပေ - ၂၄၀၊ စိန်ဖူးတော်မှ ဖိနပ်တော်အထိ ပေ ၃၆၀ ဖြစ်၍၊ စေတီရံပေါင်း ၃၇-ဆူ ရှိလေသည်။

www.dhammaransi.com

# ရွှေစက်တော်ဘုရား (မင်းဘူးမြို့)

ရွှေစက်တော်ဘုရား၊ အထက်အောက် ခြေတော်ရာနှစ်ဆူမှာ မင်းဘူးမြို့အနောက်ဖက် ပန်းတိမ်း၊ ငဖဲဒေသ၏အရှေ့ဖက်၊ မန်းချောင်းအနီး ရခိုင်ရိုးမအစပ် တောင်ထိပ်နှင့် မန်းချောင်းကမ်းနဖူးပေါ်တွင် တည်ရှိ၍ အထက်စက်တော်ရာနှင့် အောက်စက်တော်ရာဟူ၍ ခေါ်မှတ်ကြသည်။

တရံရောအခါ သုနာပရန္တတိုင်း၊ ဝါဏိဇဂါမရွာ၌ ကုန်သည်တဦးတွင် မဟာပုဏ္ဏနှင့် စူဠပုဏ္ဏဟူ၍ သားနှစ်ယောက် ရှိလေသည်။မဟာပုဏ္ဏသည် မဇ္ဈိမဒေသ၊ကောသလတိုင်း သာဝတ္ထိ ပြည်သို့ ကုန်ကူးသွားရာ၊ မြတ်စွာဘုရားပွင့်တော်မူစဉ် ကာလဖြစ်၍ မြတ်စွာဘုရားကိုဖူးမြင်ရ၍ တရားနာကြားရသဖြင့် ရဟန်းပြုလေသည်။ ထိုနောက် ခွင့်ပန်ကာ ဝါဏိဇဂါမသို့ ပြန်ကြွခဲ့လေသည်။ စူဠပုဏ္ဏလည်း နောင်တော်ရဟန်းအား ဆွမ်းလုပ်ကျွေးလေသည်။

ပုဏ္ဏထေရ်သည် အဇ္ဇုဟတ္တတောင်မှ သမုဒ္ဒဂီရိအရပ်သို့ရင်း၊ မာတုလာဂီရိအရပ်သို့ရင်း၊ ကြွရောက်သီတင်းသုံးတော်မူလေသည်။ မာတုလာဂီရိအရပ်ကား ကျောင်းတော်ရာစေတီ

www.dhammaransi.com



တော်အနီးရှိ သစ်တော်ရှာပင် ဖြစ်လေသည်။ တရံခါသော် စူဠ ပုဏ္ဏသည် ကုန်ကူးသွားရာ သမုဒ္ဒရာ၌ လှိုင်းလေ အန္တရာယ် ကျရောက်သဖြင့် ပုဏ္ဏထေရ်ကတန်ခိုးဖြင့် စောင့်ရှောက်ကာကွယ် ပေးလေသည်။ ကုန်သည်တို့လည်း ပုဏ္ဏထေရ်အား စန္ဒကူးနံ့သာ တို့ဖြင့် လှူတန်းပူဇော်ရာ၊ ပုဏ္ဏထေရ်သာ စန္ဒကူးကျောင်းတော်ကို ဆောက်လုပ်စေ၍ သာဝတ္ထိပြည်သို့ကြွရောက်ကာ မြတ်စွာဘုရား အား ပင့်လျှောက်လေသည်။

မြတ်စွာဘုရားသည် သတ္တဝါတို့အား သနားသဖြင့် ပင့်လျှောက်ခြင်းကိုလက်ခံ၍ သုနာပရန္တတိုင်း၊ ဝါဏိဇဂါမသို့ ရှေ့ရှု ကြွချီတော်မူလေသည်။ ထိုသို့ကြွချီတော်မူရာ သစ္စဗန္ဓ တောင်ထိပ်သို့ ရောက်တော်မူလျှင် သစ္စဗန္ဓရသေ့အား တရား ဟောပြော၍၊ တပါတည်းခေါ်ဆောင်ကာ၊ ဝါဏိဇဂါမသို့ ကြွရောက်လာလေသည်။ ရွာသားတို့လည်း အလွန်ဝမ်းမြောက် ကြလျက် ကြီးကျယ်စွာ ကြိုဆိုပူဇော်ကြလေသည်။ ထိုနောက် ဂန္ဓာရုံစန္ဒကူး နံ့သာကျောင်းသို့ကြွရောက်၍ ၇-ရက်ပတ်လုံး သီတင်းသုံးကာ သတ္တဝါတို့အား တရားဟောကြားတော်မူလေ သည်။

ထိုနောက် ပုဏ္ဏထေရ်အား ထိုရွာ၌နေခဲ့စေပြီး သာဝတ္ထိ ပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူရာ ယောနက တိုင်း နမ္မဒါမြစ်နားသို့ရောက်လျှင် နဂါးမင်းကပူဇော်၍ တရား နာကြားကာ နေခြင်အစဉ်ကိုးကွယ်ရာကို တောင်းပန်သဖြင့် မြတ်စွာဘုရားသည် မြကျောက်ဖျာထက်၌ လက်ဝဲခြေတော်ရာ ချနှိပ်၍ပေးခဲ့လေသည်။

www.dhammaransi.com



ထိုနောက် နမ္မဒါမြစ်ကွေ့ဝိုက်ရာ သစ္စဗန်တောင်ထိပ်သို့ ရောက်ပြန်သောအခါ သစ္စဗန္ဓရသေ့က ထိုနေရာ၌နေခဲ့ရမည်ဖြစ်သည့်အတိုင်း ကိုးကွယ်ရာကို တောင်းပန်သဖြင့် သစ္စဗန်တောင်ထိပ် မြကျောက်ဖျာထက်၌ လက်ဝဲတော်ခြေရာ ချန်ရှိပ်ပေးခဲ့ပြန်လေသည်။ ထိုကာလကား မြတ်စွာဘုရားဝါတော် နှစ်ဆယ်လွန်မြောက်ပြီးသောကာလ ဖြစ်လေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် သာသနာနှစ် ၂၁၈-ခုနှစ်တွင် နန်းတက်သော သီရိဓမ္မာသောကမင်းကြီးသည် စေတီပေါင်း ၈၄၀၀၀-တည်ထားကိုးကွယ်ရာ၌

နမ္မဒါမြစ်ကမ်းနပူး၌ မြတ်စွာဘုရားရှေးဦးစွာ ရပ်တော်မူရာ၌ တိဋ္ဌစေတီ၊ (တန့်တော်ဦး)

နဂါးမင်းပူဇော်ရာ၌ ရတနာပုဏ္ဏစေတီ၊ (တောင်းပန်ဦးဘုရား)

နဂါးမင်းတောင်းပန်၍ ခြေတော်ရာချရန်ရပ်တော်မူရာ၌ ဌာနစေတီ၊ (တောင်းပန်ရဘုရား)

သစ္စဗန္ဓရသေ့အား ဟောဘိက္ခုရဟန်းပြုပေးရာ၌ သစ္စဒီပကစေတီ၊ (အနောက်စောင်းတန်းဦး)

ကိုးကွယ်ရာကို တောင်းပန်ရာ၌ အာယာစနစေတီ၊ (မုဆိုးတောင်ဘုရား)

စသည်ဖြင့် စေတီတော်ငါးဆူ တည်ထားခဲ့လေသည်။ ထို့ပြင် သစ္စဗန္ဓရဟန္တာအား သင်္ဂြိုဟ်ရာ၌ ရွာသားများ တည်ခဲ့သော သင်္ချိုင်းတော်ရာစေတီလည်း ရှိခဲ့လေသည်။

www.dhammaransi.com



ထိုပါဒစက်တော်ရာနှစ်ဆူနှင့် စေတီတော်တို့ကိုဒွတ္တပေါင်မင်း၊ ဝေသာလီမင်း၊ မနုနန္ဒမင်းအဆက်ဆက်တို့ ကိုးကွယ်ပူဇော်ခဲ့ကြလေသည်။ ထို့ပြင် ကြောင်ဖြူကွမ်းဆော်မင်း အနော်ရထာမင်း၊ ကျန်စစ်မင်း၊ နရပတိစည်သူမင်း၊ နန်းတောင်းများမင်း၊ ကျစွာမင်း၊ ပထမ မင်းခေါင်ကြီး၊ မိုးညှင်းမင်းတရား၊ ဒုတိယမင်းခေါင် စသော မင်းအဆက်ဆက်တို့လည်း အသီးသီးပူဇော်ခဲ့ကြလေသည်။

ထိုနောက် ရွှေနန်းကြော့ရှင်လက်ထက် သက္ကရာဇ် ၈၆၃-ခုနှစ်မှစ၍ နိုင်ငံမငြိမ်မသက်ဖြစ်သဖြင့် စက်တော်ရာနှစ်ဆူ တိမ်မြုပ်ခဲ့ရာမှ သာလွန်မင်းကြီးလက်ထက်တွင် အနန္တဓဇ ဆရာတော်၊ အရိယာလင်္ကာရ ဆရာတော်၊ တိလောက လင်္ကာရ ဆရာတော်၊ တောင်ဖီလာဆရာတော်တို့သည် တောတောင်အတွင်း ခြေတော်ရာကိုရှာဖွေကြရာ သက္ကရာဇ် ၁၀၀၀-ပြည့်နှစ်တွင် ခြေတော်ရာနှစ်ဆူတို့ကိုတွေ့ရှိ၍ ပူဇော်ခွင့် ရကြပြန်လေသည်။

ထိုနောက် ငါးထပ်ကြီးဒါယကာနှင့် မင်းရဲသီဟတို့က တန်ဆောင်းပြာသာဒ်များ ဆောက်လုပ်ခဲ့လေသည်။ ၁၀၄၄-ခုနှစ် တပို့တွဲလဆုတ် ၆-ရက်နေ့တွင် အထက်စက်တော်ရာတန်ဆောင်းကို မီးခသဖြင့် ရွှေကျမ်းဘုန်းတော်ကြီးက ပြန်လည်ဆောက်လုပ်လေသည်။ ၁၀၇၁-ခုနှစ် ပြာသိုလဆုတ် ၂-ရက်နေ့တွင် မီးခပြန်သဖြင့် စကုမြို့သူကြီး၊ ပန်းထိမ်းမြို့သူကြီးတို့က ကြပ်မတ်၍ ပြန်လည်ဆောက်လုပ်ခဲ့လေသည်။ အောက်စက်တော်ရာတန်ဆောင်းကို မြစ်ရေဖုံးလွှမ်းပျက်စီးသဖြင့် စကုမြို့ ခဲတောင်ဘုန်းတော်ကြီးက ကြပ်မတ်၍ ပြာသာဒ်ဆောက်လုပ် လှူတန်းခဲ့လေသည်။

www.dhammaransi.com



ထိုနောက် ကုန်းဘောင်မင်းများလည်း အသီးသီးပူဇော်ခဲ့၍ ၁၂၄၈-ခုနှစ် ပြာသိုလဆန်း ၈-ရက်နေ့တွင် အင်္ဂလိပ်စစ်သည်များက အထက်စက်တော်ရာ၌ ရှင်သုဓမ္မစာရီ နှမရှင်ဝတို့တည်ထားခဲ့သော စေတီတို့ကိုဖြိုဖျက်သဖြင့် စကုမင်းပူးဂိုဏ်းအုပ်ဆရာတော်ဦးစီးလျက် ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရလေသည်။ ၁၂၇၇-ခုနှစ် တပို့တွဲလဆုတ် ၈-ရက်နေ့တွင် အထက်စက်တော်ရာတန်ဆောင်းကို မီးသင့်ပြန်၍ သက်တော်ရှည်ဆရာတော်ကြီးကြပ်မတ်၍ ပြန်လည်ဆောက်လုပ်ခဲ့၍ ၁၂၈၅-ခုနှစ်တွင် ရသေ့ကြီး ဦးခန္တီကကြီးမှူး၍ သံတန်ဆောင်း၊ စောင်းတန်းများကို ဆောက်လုပ်လှူတန်းခဲ့လေသည်။

www.dhammaransi.com

# ရွှေစည်းခုံ စေတီတော် (ညောင်ဦးမြို့)

ရွှေစည်းခုံစေတီတော်မှာ ညောင်ဦးမြို့ အနောက်ရပ်တွင် တည်ရှိလေသည်။

ပုဂံပြည် အနော်ရထာ မင်းကြီးသည် နန်းစံ ၁၄-နှစ် မြောက် သက္ကရာဇ် ၃၉၃ ခုနှစ်တွင် အိပ်မက်အရ သီဟိုဠ်ကျွန်းသို့ တမန်စေလွှတ်၍ ဓါတ်တော်များကို ပင့်ဆောင် စေလေသည်။ သီဟိုဠ်မင်း ဓါတုသေနသည် မြတ်စွာဘုရား၏ စွယ်တော်ပွား တဆူကို ပေးအပ်သဖြင့် သင်္ဘောဖြင့်ပင့်ဆောင်ခဲ့၍ ပုဂံဆိပ်ကမ်း သို့ရောက်လျှင် အနော်ရထာမင်းကြီးသည် လည်ပင်းအထိ နက်သော ရေထဲသို့ဆင်း၍ ကြိုယူပင့်ဆောင်ကာ နန်းတော်၌ ပြာသာဒ်ထက်တွင် ပူဇော်ထားလေသည်။

ထိုအခါ ရှင်အရဟံက စွယ်တော်ဓါတ်မြတ်ကို လူအများ တို့ ကိုးကွယ်ပူဇော်နိုင်စိမ့်သောငှါ ဘုရားတည်၍ ဌာပနာထား ရန် အကြံပေးသဖြင့် အနော်ရထာမင်းကြီးလည်း နှစ်သက်တော် မူသောကြောင့် စွယ်တော်မြတ်ကို ဆင်ဖြူရတနာထက်၌တင်ကာ၊ စွယ်တော် ကိန်းရပ်တော်မူလိုရာ၌ ဆင်ဖြူ ဝပ်စေ သတည်းဟု ဆင်ဖြူတော်ကိုအဓိဋ္ဌာန်ပြု၍လွှတ်ကာ စေတီတည်ရန် နေရာကို ရှာလေသည်။


www.dhammaransi.com



ဆင်ဖြူတော်သည် ပုဂံမြို့အရှေ့မြောက်အရပ် သဲစည်းခုံတွင်ဝပ်လေလျှင် သဲပြင်ဖြစ်သောကြောင့် စေတီတည်၍ အဓွန့်ရှည်ကြာတည်နိုင်မည်မဟုတ်ဟု တွေးဆ၍ စိတ်နှလုံးမသာဖြစ်လေသည်။ သို့ရာတွင် ဤမြေသည် သာသနာပတ်လုံးတည်မည်သာဖြစ်ကြောင်းဖြင့် အနော်ရထာမင်းကြီးအား သိကြားမင်းအိပ်မက်ပေးသဖြင့် သက္ကရာဇ် ၃၉၃-ခုနှစ်တွင် စေတီတော် စတင်တည်လေသည်။ ထိုစွယ်တော်မှ စွယ်တော်ပွားတို့ကို တန့်ကြည့်တောင်စေတီ၊ လောကနန္ဒာစေတီ၊ တုံ့ဝပ်တောင်စေတီ၊ ပျက်တောင်စေတီဟူသော စေတီလေးဆူ၌ ဌာပနာလေသည်။ ရွှေစည်းခုံ စေတီကား အပြီးမတိုင်သေးချေ။

အနော်ရထာမင်းကြီးသည် တရုပ်ပြည်မှ စွယ်တော်ကို တောင်းဆိုပင့်ဆောင်စေသော်လည်း မရရှိသဖြင့် သိကြားမင်းပေးသော မြဆင်းတုကို ရွှေစည်းခုံစေတီတော်၌ ဌာပနာလေသည်။ ထိုနောက် သရေခေတ္တရာမြို့တွင် ဒုတ္တပေါင်မင်းကြီး တည်တော်မူခဲ့သော စေတီမှ မြတ်စွာဘုရား၏ သင်းကျစ်တော်ကို ပင့်ဆောင်ပြန်၍ အဓိဋ္ဌာန်ပြုကာ ဆင်ဖြူရတနာထက်၌တင်၍ လွှတ်ပြန်သော် ရွှေစည်းခုံစေတီတည်ရာ ပစ္စယံသုံးဆင့်အထက်၌ တက်၍ဝပ်သဖြင့် ထိုနေရာ၌ပင် ဌာပနာပြန်လေသည်။ ထိုနောက် ဌာပနာတိုက်ကို ဆန်းကျယ်စွာစီမံ၍ မင်းကြီးသည် ရတနာပန်းတောင်းကိုကိုင်ဖက်ထားဟန် ရွှေစင်ကိုသွန်းထု၍ဌာပနာကာ အတွင်းစေတီကို ထီးတင်တော်မူလေသည်။ သို့ရာတွင် ကိုးခရိုင်နယ်မှအပြန် အောင်သာရပ်တွင် ကျွဲရိုင်းကိုနှိမ်နင်းရာမှ ကျွဲရိုင်းခပ်၍ နတ်ရွာစံသောကြောင့် ရည်ရွယ်တော်မူရင်း ဘိနပ်တော်သံတောင် ၃၂၀-ပြီးစီးအောင် မတည်နိုင်ဘဲရှိခဲ့ရလေသည်။

(ကျိုးဒွိုၚ်စေတဳ) ၚ္ဂ ဖအံက်ယၚ်-ခဵုဂ္ဂလဝ်ဗီ



www.dhammaransi.com



ကျန်စစ်သားမင်းသည်သက္ကရာဇ် ၄၄၆-ခုနှစ်တွင် ထီးနန်းဆက်ခံရာ ခမည်းတော်၏ကောင်းမှု ရွှေစည်းခုံ စေတီတော်ကို ၄၅၁-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃-ရက်နေ့ကစတင်၍ မွမ်းမံတည်ပြန်လေသည်။ ဘိနပ်တော် သံတောင် ၃၂၀-အစား၊ သံတောင် ၃၀၀-နှင့် အမြင့်သံတောင် ၈၀-ရှိသော စေတီတော်ကို ၄၅၂-ခု၊ ကဆုန်လပြည့်နေ့တွင် ရွှေထီးတင်၍ ပြီးအောင်မြင်လေသည်။

ရွှေစည်းခုံစေတီတော်တွင် အံ့ကိုးပါးရှိလေသည်။ ထိုအံ့ကိုးပါးမှာ

၁။ ထီးတော်ကိုကြိုးမဆိုင်းဘဲ မြဲမြံခြင်း။
၂။ စေတီတော်အရိပ် တန်တိုင်း အပြင်သို့မထွက်ခြင်း။
၃။ ဘုရားအထက်မှ ပစ်ချသော ရွှေလှောင်စက္ကူတို့ တန်တိုင်းအပြင်သို့ မလွန်ခြင်း။
၄။ ပရိသတ် မည်မျှ များပြားစေကာမူ မဟာရာမ် တန်တိုင်းအတွင်း၌ မပြည့်ကျပ်ခြင်း။
၅။ ပထမ သပိတ်တော်၌ ဆွမ်းမဦးနိုင်ခြင်း။
၆။ စေတီတော်တဖက်မှ တီးသောစည်သံကို အခြားတဖက်မှ မကြားရခြင်း။
၇။ စေတီတော်ကို ရှိရင်းဥာဏ်တော်ထက်ပို၍ မြင့်သည်ဟု ထင်ရခြင်း။
၈။ မဟာရာမ်တန်တိုင်း၌ မိုးရေမတင်ကျန်ခြင်း။
၉။ ခရေပင်တို့သည် တဆယ့်နှစ်လပတ်လုံး ပွင့်ခြင်း။

www.dhammaransi.com

# ရွှေစည်းခုံစေတီတော်(တကောင်းမြို့)

ရွှေစည်းခုံစေတီတော်မှာ ဧရာဝတီမြစ်ညာ တကောင်းမြို့၌ ကျိန်းဝပ်တော်မူလေသည်။

သာသနာ သက္ကရာဇ် ၉၇ - ခုနှစ်တွင် တကောင်းပြည်၌ နဂါးနိုင်မင်း၏ သားတော် သတိုးကျော်ရှည်မင်း နန်းစံခိုက်ကျုံးချင်းယှက်ကာတည်ရှိသော အညာပုဂံပြည်၌ မဟာရာဇာမင်း မင်းပြုလေရာ၊ ထိုပြည်၌ ရတနာမိုးရွာပြီးနောက် ကိုးကွယ်ရန် စေတီတဆူတည်ခဲ့လေသည်။

ထိုစေတီအတွက် အုတ်တချပ်လျှင် ငွေစင် ၃ - ပိဿာ ပေးသော်ငြားလည်း လူများမှာ ကြွယ်ဝချမ်းသာသဖြင့် အုတ်တချပ်မျှမရသဖြင့် မင်းမိန့်ဖြင့် တအိမ်လျှင် အုတ်တချပ်သွင်းစေ၍ အုတ် ၃-သိန်းကျော် ရရှိပြီးနောက် အတွင်း အရှေ့မြို့ရိုး အနီး အုတ်မြစ် ၁၆-တောင်ချ၍ ဉာဏ်တော် အတောင် ၁၆၀-ရှိသော စေတီတော်ကြီးကို တည်လေသည်။ ရတနာများနှင့် ဓါတ်တော်များကိုလည်း ဌာပနာလေသည်။

ထိုနောက် မဟာရာဇာမင်းကြီးသည် သံဝေဂရ၍ ဧရာဝတီမြစ်အရှေ့ဖက်ကမ်းသို့ ကူးကာ တောထွက်တော်မူသဖြင့် တကောင်းမင်း သတိုးကျော်ရှည်က ပုဂံမြို့ကိုပါ သိမ်းပိုက်အုပ်ချုပ်ရလေသည်။

www.dhammaransi.com

# ရွှေစည်းခုံ စေတီတော် (ညောင်ကန်)

ရွှေစည်းခုံ စေတီတော်မှာ မုံရွာခရိုင် ညောင်ကန်ရွာ၌ ကျိန်းဝပ်တော်မူလေသည်။

ဘကြီးတော်မင်းသည် ၁၁၈၁-ခုနှစ်၌ မင်းအဖြစ်သို့ ရောက်တော်မူရာ၊ မင်းသားဘဝက ပညာသင်ကြားပေးသော ဆရာ မင်းကြီးအား အဂ္ဂမဟာသေနာပတိအရာကိုပေးလေသဖြင့် အမတ်ကြီး ဆရာမင်းကြီးဟု ထင်ရှားလေသည်။ ထိုအမတ်ကြီးသည် မိမိဇာတိဖြစ်သော ညောင်ကန်ရွာ၌ ဘုရားကြီး၊ ကျောင်းကြီး၊ ပိဋကတ်တိုက်ကြီး၊ သောက်ရေကန်ကြီးဟူသော ကြီးလေးပါး၊ လေးဌာနကိုတည်လိုသောကြောင့် မင်းရဲခေါင် ဗလသူရ အမည်ရှိ ရွာအုပ်မောင်ရာအား တာဝန်ပေး၍ တည်စေလေသည်။

စေတီတော်မှာ ဖိနပ်တော် ၆၄-တောင်၊ ဥာဏ်တော် စိန်ဖူးအထိ အတောင် ၁၀၀-ရှိ၍ အလုံးအထက်တိုက်တွင် ဥာဏ်တော်အကြီးဆုံး စေတီတော်ကြီးပင် ဖြစ်လေသည်။ စေတီတော်ပြီးလျှင် မင်းကြီးကိုယ်တိုင်ရေစက်ချ၍ ထီးတော်တင်ကာ ဇေယျခုံဟူ၍ သမုတ်လေသည်။ နောင်အခါ ရွှေစည်းခုံဟူ၍ထင်ရှားခဲ့လေသည်။

၁၂၈၁-ခုနှစ်တွင် ဘုန်းတော်ကြီး ဦးသောင်းတန်က ကြီးမှူး၍ ရွာသူရွာသား ဒါယကာများက ပြုပြင်တည်ထားခဲ့ကြပြန်လေသည်။

www.dhammaransi.com

# ရွှေဆံတော်စေတီတော် (ပြည်မြို့)

ရွှေဆံတော် စေတီတော်မှာ ပြည်မြို့တွင် ကျိန်းဝပ်တော်မူလေသည်။

ဂေါတမမြတ်စွာဘုရား ပွင့်တော်မူပြီး၍ ပထမဝါကျွတ်တော်မူသောအခါတွင် သာသနာတည်ထွန်းမည့် ဒေသများကို ဆင်ခြင်တော်မူ၍ သီဟိုဠ်ကျွန်းသို့ တပါးတည်း ကြွတော်မူလေသည်။ ထိုမှတဖန် ဇမ္ဗူဒိပ်ကျွန်း ပါဒကွသီလေ ဖဝါးဦးတောင် (ဖိုးဦးတောင်)ထိပ်သို့ လကျၤာခြေတော်ကိုကြွ၍ တလှမ်းတည်းဖြင့် ကြွတော်မူလေသည်။

ထိုတောင်ထိပ်၌ သာတာဂိရိ ဘီလူးမင်း၏ တူ သမ္ဘာလဘီလူးနှင့် မယား အဘိမုခဘီလူးမတို့ နေထိုင်ကြရာ၊မြတ်စွာဘုရားကို ဖူးမြင်ရ၍ တရားနာကြားကြရလေသည်။ ထိုနောက် တဖက်ကမ်း ဝေမိဿကတောင်၊ မဟိန္ဒတောင်၊ ဣန္ဒဝတောင် အသီးသီး၌ နေထိုင်ကြသော ဝေသာမိတ္တဘီလူး၊ ဣန္ဒိမန္တဘီလူးနှင့် ဝေလုကန္တဘီလူးတို့အားလည်း မြတ်စွာဘုရား ကြွလာတော်မူကြောင်း သတင်းပါးလေသည်။ထိုတောင်များအောက်၌နေသော ရေပထနဂါးမင်းအားလည်း ကြားသိစေပြန်လေသည်။

www.dhammaransi.com



ထိုဘိလူးများ၊ ဘီလူးအခြွေအရံများ၊ ရောပထနဂါးနှင့် နဂါး အခြွေအရံတို့သည် ဖဝါးဦးတောင်သို့ လာရောက်ကြ၍ မြတ်စွာဘုရားအား ပူဇော်ကာ တရားနာကြား ကြလေသည်။ ထိုနောက် နောင်အစဉ် ကိုးကွယ်ရာကို တောင်းပန်လျှောက်ထားသဖြင့် နဂါးမင်းအား ပတ္တမြားညိုအဆင်းရှိသော ဆံတော်ခေါက်လေးဆူကိုငင်း၊ သမ္ဘူလဘီလူးအား ဥဏှာလုံမွေရှင်တော် နှစ်ဆူကိုငင်း၊ သုပတ္တိက မွေရှင်တော်နှစ်ဆူကိုငင်း၊ ဝေသာမိတ္တာ ဘီလူး၊ ဣဒ္ဓိမန္တဘီလူးနှင့် ဝေလုကန္တဘီလူးတို့အားလည်း သက္ကာသမကုဋ္ဌ မွေရှင်တော်နှစ်ဆူ၊ သာရစိန္တမွေရှင်တော်နှစ်ဆူ၊ မာရဘင်မွေရှင်တော်နှစ်ဆူတို့ကို အသီးသီး ပေးစွန့်တော်မူလေသည်။

ထိုနောက် မြတ်စွာဘုရား၏ ဗျာဒိတ်ထားတော် မှုချက်အတိုင်း ရောပထ နဂါးမင်းသည် အဓိပစ္စယ ရမ္မာဝတီမြို့သားအဇ္ဈကနှင့်ဘလ္လိက ကုန်သည်ညီနောင်တို့အား တဆင့်ပူဇော်စေ၍ သုဒဿနတောင်ထိပ်၌ ဌာပနာကာ အလျားတဆယ့်လေးတောင်၊ အစောက် ခုနှစ်တောင်ရှိသော စပါး စု သဏ္ဌာန် စေတီတော်ကို တည်စေလေသည်။စေတီတည်သော ကာလကား မဟာသက္ကရာဇ် ၁၀၃-ခုနှစ် တပေါင်းလဆန်း ၁၂-ရက်နေ့ ဖြစ်သတည်း။ဝေသာမိတ္တာ၊ဣဒ္ဓိမန္တနှင့် ဝေလုကန္တ ဘီလူးအသီးသီး တို့လည်း သုဒဿနတောင်ထိပ်၌ပင် မွေရှင်တော် နှစ်ဆူစီကို အသီးသီး ဌာပနာကြပြန်လေသည်။ ထိုတောင်ထိပ်သည် ရှေးဘုရား သုံးဆူတို့၏ ဒုကုဋ္ဌ၊ သင်းပိုင်၊ ခါးပန်းတော် တို့ကိုလည်း ဌာပနာခဲ့ဘူးလေသည်။

သမ္ဘူလဘီလူးသည်လည်း သီဟပဗ္ဗတ ဖဝါးဦးတောင်ထိပ်၌ ဥဏှာလုံမွေရှင်တော်တဆူနှင့် သုပတ္တိကမွေတော်ရှင်တဆူတို့ကို

www.dhammaransi.com



ဌာပနာ၍ စေတီတော်တည်ထားပြီးလျှင် ကျန်မွေရှင်တော် တို့ကို သုဒဿနတောင်ထိပ် စေတီတော်၌ပင် ဌာပနာလေသည်။ မြတ်စွာဘုရားသည် ငါး၀ါမြောက်၌ ဖ၀ါးဦး တောင်ထိပ်သို့ ဒုတိယအကြိမ်ကြွလာတော် မူပြန်လေသည်။ ထိုအခါတွင် ပွေးဖို့ ပွေးမ နှစ်ဦးအနက် ပွေးဖိုသည် မြတ်စွာဘုရားကို ဖူးတွေ့ရ၍၊ မြတ်စွာဘုရားက ထိုပွေးဖိုသည် သိရိခေတ္တရာတိုင်း၊ ဋ္ဌသိနဂရပြည်ကြီး၌ ဒွတ္တဘောင်မင်းဖြစ်၍သာသနာကို စောင့်ရှောက်တော်မူလတံ့ဟု ဗျာဒိပ်ပေးတော်မူလေသည်။

သာသနာတော်နှစ် ၁၀၁ ခုနှစ်တွင်ကား စူဠဒ္ဓသမ္ဘဝမင်း၏ မိဖုရားဗေဒါရီမှဖွားမြင်သော ဒွတ္တဘောင်မင်းကြီးသည်နန်းတက်လေသည်၊နန်းတက်ပြီးသော် ကမ်းယံပြည်ကဆက်လာသောဓါတ်တော်ကိုးဆုပ်ကို တဆုပ်စီဌာပနာ၍ ဗောဗော၊ညေးညေး၊ ဆေးဆေး၊ယောယော၊သောကြမာ၊ သရမ္မာ မြင်ဗာဟု၊ မြသိတင်၊ မြသိန်းတန် ဟူသော ဘုရားကိုးဆူကို တည်တော်မူလေသည်။ ထိုနောက်မှ နှစ်ကာလကြာမြင့်၍ တောဆိုင်းနေသော သုဒဿနတောင်ထိပ်ကိုရှာဖွေ၍ အဇ္ဈိကနှင့်ဘလ္လိကဖြစ်ခဲ့ဘူးသော ရဟန္တာနှစ်ပါး၏အကူအညီဖြင့် သာသနာနှစ် ၁၂၆-ခုနှစ် တန်ဆောင်းမုန်းလပြည့်နေ့၌ ဓါတ်တော်တိုက်ကိုဖွင့်၍ တပို့တွဲ လပြည့်နေ့၌ အုတ်မြစ်ချကာ ကြီးကျယ်ခမ်းနားစွာ စေတီထပ်မံတည်ထား ကိုးကွယ်ပြန်လေသည်။ ဒွတ္တဘောင်မင်း၏နောက်တွင် ဓမ္မာသောကမင်းသည်၎င်း၊ အလောင်းစည်သူ မင်းသည်၎င်း ပျက်စီးယိုယွင်းသည်များကိုထပ်ကာ မွမ်းမံပြုပြင်ပူဇော်ခဲ့လေသည်။ မင်းအဆက်ဆက်တို့ ထပ်ဆင့် မွမ်းမံ ပူဇော်ကြပြီးနောက် အလောင်း မင်း

www.dhammaransi.com



တရားကြီးလက်ထက်တွင် ထီးတော်သစ်ကိုလည်း တင်လှူတော်မူလေသည်။ ၁၁၇၆-ခုနှစ်တွင်လည်း ဘိုးတော်ဘုရား၏ အမိန့်တော်အရ ငှက်မြတ်နားနှင့် ရတနာများကို တင်လှူပူဇော်ပြန်လေသည်။ ၁၂၂၀-ပြည့်နှစ် ဝါခေါင်လပြည့်နေ့ညတွင် မြေလျှင်တုန်လှုပ်၍ စေတီတော်ခေါင်းလောင်းပုံပန်းမှောက်၏ အပေါ်မှပြိုကျသဖြင့် ဦးသာရွှေနှင့် မိသားစုတို့က ကြပ်မတ်၍ ပြန်လည်တည်ထား ခဲ့လေသည်။ ၁၂၇၈-ခုနှစ်တွင် ထီးတော်၊ စိန်ဖူး၊ ငှက်မြတ်နား တို့ကိုလည်း ထပ်မံပူဇော် မွမ်းမံတင်လှူခဲ့ကြလေသည်။

ရွှေဆံတော်စေတီတော်သည်ဉာဏ်တော်အမြင့် ၈၅-တောင် (၁၂၇.ပေ)မြင့်တော်မူလေသည်။ မြန်မာထီးတော်အမြင့် ၇-ပေ ၄-လက်မရှိ၍ မွန်ထီးတော်အမြင့် ၁၀-ပေရှိလေသည်။

❁

www.dhammaransi.com

# ရွှေဆံတော်စေတီတော် (တွံတေးမြို့)

ရွှေဆံတော်စေတီတော်မှာ ရန်ကုန်မြို့အနောက်တောင်ဖက် တွံတေးမြို့၌ ကျိန်းဝပ်တော်မူလေသည်။

မြတ်စွာဘုရားပွင့်တော်မူစဉ် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်တွင် ဥက္ကလာပတိုင်းသား တပုဿနှင့် ဘလ္လိက ညီနောင်တို့သည် ဖူးမြင်ခွင့်ရ၍ ဆံတော်နှစ်ဆူကို ပူဇော်ခွင့် ရသည့်အတိုင်း ဥက္ကလာပမြို့သို့ ပင့်ဆောင်လာခဲ့ရာတွင် တွံတေးမြို့တည်ရာအရပ်မှ ရွာသူရွာသားများက ဆံတော်ကို ကြိုယူပူဇော်ခဲ့ကြရာမှ ထိုနေရာတွင် မြတ်စွာဘုရားကိုရည်မှတ်၍ ဆံတော်ကြိုစေတီ တည်ထားခဲ့ကြလေသည်။ ထိုနောက်မှ တွံတေးသူကြီးသည် ရွှေတိဂုံစေတီတည်မည့် ဆံတော်များကိုခေတ္တတဖန်ပင့်ဆောင်ပြန်၍ သာသနာ ၁၀၅-ခုနှစ်တွင် ဆံတော် တန်ဆောင်း အုတ်တိုက်ကို တည်ပြန်လေသည်။

သာသနာနှစ် ၁၀၁-ခုနှစ်တွင်ကား ဒွတ္တဘောင်မင်းကြီးက ပူပြင်၍ ရွှေတိဂုံဆံတော်တန်ဆောင်းမှ ဆံတော်များကို ပင့်ကာ ပူဇော်ပွဲကျင်းပခဲ့လေသည်။ ထိုနောက် သာသနာနှစ် ၂၃၆-ခုနှစ်တွင် သထုံပြည်သို့ အရှင်သောဏနှင့်အရှင်ဥတ္တရတို့ သာသနာပြုကြွရောက်ပြီးနောက်၊ တပည့်ဖြစ်သော တွံတေးမြို့သားရဟန်းရှင်တိက္ခပညာနှင့် သာဂရပညာတို့အား မဇ္ဈိမဒေသသို့ စေလွှတ်၍

www.dhammaransi.com



အသောကမင်းကြီးထံ ဓါတ်တော်ဆံတော် တောင်းခံစေရာ ဆံတော် ၂၄-ဆူနှင့်ဓါတ်တော် တစလယ်ရခဲ့၍ သထုံသို့ရောက်သောအခါ ရဟန်းနှစ်ပါးအား ဆံတော် ၄-ဆူပေးအပ်လေသည်။ ရဟန်းနှစ်ပါးသည် သာသနာနှစ် ၂၄၁-ခုနှစ်တွင် တွံတေးမြို့ရှိ ဆံတော်ကြိုးစေတီ၌ ဌာပနာ၍ စေတီတည်ထားခဲ့ကြလေသည်။

သာသနာနှစ် ၉၁၆-ခုနှစ်တွင် သထုံမင်း ဓမ္မပါလသည် ရွှေဆံတော်စေတီ၌ တန်ဆောင်းဆောက်လုပ်ခဲ့၍ သက္ကရာဇ် ၄၁၆ ခုနှစ်တွင် သထုံမင်း(မနုဟာ) မနောဟာရီနှင့် နဂ်လဒေဝီတို့သည် တန်ဆောင်းဆောက်လုပ်ခဲ့ပြန်လေသည်။ ၄၂၄-ခုနှစ်တွင် အနော်ရထာမင်းကြီးသည် စေတီတော်ကို ရွှေသင်္ကန်းကပ်၍ ဆံတော်တိုက် အပြင်နံရံ၌ အုတ်ခွက်ဘုရားရုပ်ပွားနှင့် မဟာသမဲ ဇာတ်စဉ့်ကွင်းများ မွမ်းမံပူဇော်လေသည်။ မိမိကိုယ်တိုင် ပြုလုပ်သော အုတ်ခွက်ဘုရားများကိုလည်း ဌာပနာလေသည်။ ၄၄၀-ခုနှစ်တွင် ဆံတော်တိုက် ပြာသာဒ်ကို ကျန်စစ်သားမင်းကြီးရွှေချခဲ့၍ ၁၆၁-ခုနှစ်တွင် ဥဇနာမင်းသည် အမတ်ကြီးရာဇသင်္ကြန်အား တာဝန်ပေး၍ ရွှေဆံတော်တိုက် တန်ဆောင်းကို ပြုပြင်စေသည်။ ၆၄၆-ခုနှစ်တွင် တရုပ်ပြေးမင်း၏ သားတော် ဒလစား ကျော်စွာက စေတီတော်ကို ရွှေသင်္ကန်းကပ်လှူခဲ့လေသည်။

သက္ကရာဇ် ၇၂၀-တွင် ဗညားဦးမင်းက ဥဘဏ်တော် အတောင် ၃၀-မြင့်သော စေတီတော်ကို ပြုပြင် တည်ထားသည်။ ၇၅၅-ခုနှစ်တွင် လေျှင်ဒဏ်ကြောင့် ပျက်ပြိုရာ၊ ရာဇဓိရာဇ်မင်းက ၇၅၆-ခုနှစ်တွင်ပြုပြင်၍၊ ထိုနောက် ရှင်စောပုဘုရင်မကြီးကလည်း၊ ဓမ္မစေတီမင်းကလည်း၊ ဗညားရံမင်းကလည်း၊ တပင်ရွှေထီးမင်းတို့က ပြုပြင်မွမ်းမံလေရာ ဥဘဏ်တော်အတောင် ၁၀၀-အထိ မြင့်လေ

www.dhammaransi.com



သည်။ သက္ကရာဇ် ၉၅၈-ခုနှစ်တွင် နန္ဒဘုရင်က ထီးတော်သစ်တင်ပြန်သည်။ပေါ်တူဂီတို့ ဖျက်ဆီးပြီးနောက် ၉၆၂-ခုနှစ် ပြာသိုလတွင် တုံ့တေးမြို့သူကြီး ငမျိုးစည်နှင့် ဒလမြို့စားဟောင်း ရန္တမိတ်တို့ ပြုပြင်ခဲ့၍ အနောက်ဖက်လွန်မင်းက ထီးတော်နှင့်ငှက်မြတ်နားတော်တို့ကို လှူပြန်လေသည်။

သက္ကရာဇ် ၁၁၃၀-ပြည့်နှစ် ပြာသိုလပြည့်ကျော် ၅-ရက်နေ့တွင် ငလျင်ဒဏ်ကြောင့်ပြိုလေရာ၊ ကုန်းဘောင် ဆင်ဖြူရှင်သည် ၁၁၃၅-ခုနှစ်တွင် ဥဒဏ်တော် ၁၃၆-တောင် မြင့်အောင် တည်ထားပြန်သည်။၁၁၄၇-ခုနှစ်တွင် ဘိုးတော်ဘုရားနှင့် မိထွေးတော် ဒလမြို့စားတို့က ရွှေသင်္ကန်း ကပ်လှူလေသည်။ ၁၁၇၂-ခုနှစ် ကဆုန်လတွင် ငလျင်ဒဏ်ကြောင့်ပြိုပြန်ရာ၊ ဘိုးတော်ဘုရား အမိန့်တော်နှင့်ဒလမြို့ဝန်မင်း ရဲခေါင်ကျော်သူကျော်က ပြန်လည်တည်ထားလေသည်။ ၁၁၈၈-ခုနှစ်တွင် ဒလမြို့စောင့်တပ်မှူး မင်းလှတန်ဆောင်က စေတီလေးမျက်နှာတွင် စရပ်တဆောင်စီ ဆောက်လုပ်၍ ၁၂၀၃-ခုနှစ်တွင် သာယာဝတီမင်း ရန်ကုန်မြို့သို့ စုန်ရာ၌ သမီးတော်က ရွှေသင်္ကန်းကပ်လှူလေသည်။ ၁၂၁၂-ခုနှစ်တွင် ပုဂံမင်းက ဒလမြို့ဝန်အား တာဝန်ပေး၍ ရွှေသင်္ကန်း ကပ်လှူစေပြန်လေသည်။

ထိုနောက် ဒါယကာ အသီးသီးက ပြုပြင်ခဲ့ကြ၍ ဇာန်ဆောင်း၊ပြာသာဒ်၊စေတီရံတို့ဖြင့် တင့်တယ်သပ္ပါယ်ခဲ့လေသည်။

* ထိုစေတီတော်ကိုကျိုက်ကေသာဟုခေါ်တွင်ကြောင်းနှင့် မွန်ရာဇဝင် စေတီတော်သမိုင်းပေါင်းချုပ် စာမျက်နှာ ၇၂-တွင် ပေါ်ပြသည်။

www.dhammaransi.com

# ရွှေဆံတော်စေတီ (ပုဂံမြို့)

ရွှေဆံတော် စေတီတော်မှာ ပုဂံမြို့အာနန္ဒာစေတီ၏တောင်ဖက် နှစ်ဖါလုံခန့်အကွာတွင် ကျိန်းဝပ်တော်မူလေသည်။

မြတ်စွာဘုရား ပွင့်တော်မူစဉ် ဥက္ကလာပတိုင်းမှ တပုဿနှင့် ဘလ္လိကညီနောင်တို့သည် မြတ်စွာဘုရားအား ဖူးမြော်ရ၍ ဆံတော်နှစ်ဆူရရှိခဲ့ရာ၊ သိင်္ဂုတ္တရကုန်းတွင် စေတီတည်ထား ကိုးကွယ်လေသည်။ ဘလ္လိကသည် ရွှေတိဂုံစေတီ၌ ဌာပနာရာမှကြွင်းသော ဆံတော်ဓါတ်ကို စေတီတည်ထားခဲ့ရာ၊ သာသနာနှစ် ၁၀၁-ခုနှစ်တွင် ဒွတ္တဘောင်မင်းကြီးက ဆံတော်ကိုပင့်၍ သရေခေတ္တရာ၌ ဌာပနာပြန်လေသည်။ သရေခေတ္တရာပျက်လျှင် ရွှေမော်ဓောစေတီကျိုက်ကို့စေတီတို့၌ခွဲ၍ ဌာပနာပြီးလျှင် ကျန်ဆံတော် တဆူကို ရတနာပန်းတောင်းနှင့် ပူဇော်၍ မွန်ဘုရင်အဆက်ဆက် နန်းဘွင်း၌ ကိုးကွယ်ခဲ့ပြန်လေသည်။

ပုဂံပြည် အနော်ရထာမင်း လက်ထက်တွင် ဥဿာပဲခူး၌ ဂွမ်းစစ်သည်တို့ လာရောက်တိုက်ခိုက်ရာ၊ ပဲကူး မင်းက စစ်ကူတောင်းသဖြင့် စစ်သူကြီးလေးဦးနှင့် တပ်မျာ း စေလွှတ်ကူညီလေလျှင် ဂွမ်းစစ်သည်ကို နိုင်လေသည်။ ပဲကူးမင်းလည်း ဝမ်းမြောက်

www.dhammaransi.com



လှသဖြင့် အနော်ရထာမင်းအား၊ ပဲကူးမွန်မင်းအဆက်ဆက် ကိုးကွယ်ခဲ့သော ဆံတော်တဆူနှင့် သမီးတော် မဏိစန္ဒာကို ဆက်သလိုက်လေသည်။

အနော်ရထာမင်းလည်း ဝမ်းမြောက်လှသဖြင့် စလေမြို့အောက်စာကြိုအရပ်မှ ဆံတော်ကို ကြိုဆိုပင့်ဆောင်၍ နန်းဦးတွင် ရွှေပြာသာဒ်နှင့် ပူဇော်ထားလေသည်။ ထိုအခါ ရှင်အရဟံက လူအများ ကိုးကွယ်ရာရအောင် စေတီတည်ထားရန် တိုက်တွန်းတော်မူသဖြင့် မင်းကြီးသည် ၄၂၀ ပြည့်နှစ်တွင် မဟာပိန္နဲစေတီတော်ကို အာလိန်ငါးဆင့်နှင့်တကွ တည်တော်မူလေသည်။ ရွှေဆံတော်စေတီဟု ထင်ရှားလေသည်။

www.dhammaransi.com

# ရွှေတိဂုံစေတီတော် (ရန်ကုန်မြို့)

ရွှေတိဂုံစေတီတော်မှာ ရန်ကုန်မြို့မြောက်ဖက် သိင်္ဂုတ္တရ ကုန်းထက်တွင် ကျိန်းဝပ်စံပယ်တော်မူလေသည်။

မြတ်စွာဘုရားပွင့်တော်မူပြီး၍ မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ဝါဆိုလဆန်း ၅-ရက်နေ့ လင်းလွန်းပင်ရင်း၌ သီတင်းသုံးတော်မူစဉ်အခါ ဥက္ကလာပတိုင်းမှ တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ဖူးတွေ့ရ၍ ကြွက်ကျစ်မုံ့နှင့် ပျားဆုပ်မုံ့တို့ကို ဆက်ကပ်ကြလေသည်။ ထိုနောက် ဘုရားရတနာ၊ တရားရတနာ နှစ်ပါးကို ပူဇော်ခွင့်ရကြပြီးနောက်၊ ပြန်ကြမည် ပြုသောအခါ ကရုဏာထားတော်မူသော မြတ်စွာဘုရားက ဆံတော် ၄-ဆူ ချီးမြှင့်ပေးအပ်လိုက်လေသည်။

ကုန်သည်ညီနောင်တို့သည် နေရင်းဒေသသို့ ပြန်လည်ခဲ့ကြသော် ဥက္ကလာပမင်းကြီးသိ၍ ဆံတော်ဓါတ်တို့ကို ခမ်းနားကြီးကျယ်စွာ ပင့်ဆောင်လေသည်။ ကုန်သည်တို့သည် ဆံတော် ၈-ဆူရရှိခဲ့သည့်အနက် လမ်းခရီးတွင် ဇေယျမင်းကနှစ်ဆူ၊ မော်တင်ကရစ်၌ နဂါးက နှစ်ဆူ ခိုးယူခဲ့သဖြင့် ဆံတော်လေးဆူကိုသာ

www.dhammaransi.com




ပင့်ဆောင်နိုင်ခဲ့၍ မင်းကြီးအားအပ်ကာ၊ သိဂ္ဂုတ္တရ ကုန်းတွင် စေတီတည်ထားကိုးကွယ်ရန် မြတ်စွာဘုရား ဗျာဒိတ်ထားတော်မူကြောင်း တင်လျှောက်လေသည်။

မင်းကြီးလည်း ရှေးဘုရားသုံးဆူတို့၏ ပရိဘောဂများ ဌာပနာခဲ့ရာ သိဂ္ဂုတ္တရကုန်းကို မသိ၍ ကမ္ဘာစောင့်နတ်ကြီး ၅-ပါးကိုရင်း၊ သိကြားကိုရင်း အကူအညီတိုင်ကြား ရှာဖွေတွေ့ရှိလျှင် ဌာပနာတိုက်ကို ကျောက်ဖျာများနှင့် ကြီးကျယ်စွာ ပြုလုပ်၍ ရွှေသဘော်ထက်၌ မြပုခက်၊ ပတ္တမြားကြုတ် ဇမ္ဗူရစ်ရွှေကြုတ်တို့ဖြင့် ဓါတ်တော်ကိုဌာပနာလေသည်။ ထိုအခါကား မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလဆန်း ၁၄-ရက်နေ့ ဖြစ်လေသည်။ထိုနောက် အပေါ်မှ ဖိနပ်တော် ၃၃-တောင် ဥဏှိတော် ၄၈-တောင်ရှိသော စေတီတော်ကိုတည်ခဲ့ရာ၊ ဒဂုံဆံတော်ရှင်ဟူ၍ရင်း၊ ရွှေတိဂုံစေတီတော်ဟူ၍ရင်း ထင်ထားခဲ့လေသည်။ ထိုစေတီကိုမတည်မီ ပုံစံတော်ထုတ်၍ ဆံတော်ခေတ္တကျိန်းဝပ်ရာ၌ တည်သော စေတီကိုကား နောင်တော်ကြီးစေတီဟု ခေါ်သမုတ်ခဲ့လေသည်။

ထိုနောက်တွင် သီရိဓမ္မာအသောကမင်း၊ ဒုတ္တပေါင်မင်း၊ အနော်ရထာမင်းတို့လည်း စေတီတော်ကိုပူဇော်ခဲ့ကြ၍ မင်းကြီးစွာစော်ကဲ၊ မွန်မင်း၊ ဗညားဦး ဗညားရံမင်း၊ ဗညားကျန်းတောမင်း၊ ရှင်စောပုဘုရင်မ၊ ဓမ္မစေတီမင်း၊ တပင် ရွှေထီး မင်း၊ ဟံသာဝတီဆင်ဖြူ ရှင်မင်း၊ ဗညားဒလမင်း၊ အနောက်ဖက်လွန်မင်း၊ မင်းရဲဒိဗ္ဗမင်း၊သာယာဝတီမင်းနှင့်မင်းတုန်းမင်းတို့ကလည်း အထူးထူး ပြုပြင်မွမ်းမံတော်မူခဲ့လေသည်။ စေတီတော်ကိုလည်း ဥဏှိတော်တိုးမြှင့်၍ အဆင့်ဆင့်တည်ခဲ့လေသည်။

www.dhammaransi.com



ရွှေတိဂုံ-ဘုရားပုံတော်(ရန်ကုန်မြို့)

သက္ကရာဇ် ၁၂၈၁-ခုနှစ် ဝါခေါင်လဆုတ် ၉-ရက်နေ့တွင် လျှောင်လှုပ်၍ စေတီတော်ကြီး ပိန္နဲတိုင် ယိမ်းယိုင်လေရာ ၁၂၈၂-ခုနှစ် ပြာသိုလဆုတ် ၁၄-ရက်နေ့တွင် စိန်ဖူးဟောင်းကို ချ၍မွမ်းမံကာ တပေါင်းလဆန်း ၈-ရက်နေ့တွင် စိန်ဖူးတော်သစ်ကို တင်ခဲ့လေသည်။

ဗြိတိသျှတို့ မြန်မာနိုင်ငံကို သိမ်းပိုက်ရာတွင် ရွှေတိဂုံစေတီတော်အနောက်မုခ်ကို တပ်စွဲထားသဖြင့် မြန်မာတို့ကအရေးဆိုခဲ့ရာ ၁၂၉၁-ခုနှစ်တွင် ပြန်လည်ရုပ်သိမ်းခဲ့လေသည်။ ၁၂၉၂-ခုနှစ်တွင် မီးခလောင်သဖြင့် အနောက်ဖက် အရှေ့ဖက် ဇရပ်တန်ဆောင်းများ ပျက်စီး၍ ပြန်လည်ပြုပြင်ခဲ့ရလေသည်။

စေတီတော်မှာ ဖိနပ်တော်အလျား ၃၆၇-ပေ ၂-လက်မ၊ တောင်မျက်နှာ ၃၂၂-ပေ ၂-လက်မ၊ဖိနပ်တော်မှ ထီးတော်အဆုံးအထိ ဥာဏ်တော် ၃၁၀-ပေ ၇-လက်မ၊ ထီးတော်အောက်ခြေလုံးပတ် ၄၅-ပေ ၇-လက်မ၊ ထိပ်ဝ ၁၄-ပေ ၆-လက်မ၊ အမြင့် ၃၃-ပေ၊ ရှိလေသည်။ ၏စေတီတော်အရှေ့တောင်းတန်း မြောက်ဖက်အလယ်ပစ္စယံတွင် ဓမ္မစေတီမင်းကောင်းမှုတော်ကျောက်စာ ရှိလေသည်။

www.dhammaransi.com

# ရွှေနတ်တောင်စေတီတော် (ရွှေတောင်မြို့)

ရွှေနတ်တောင်စေတီတော်မှာ ပြည်ခရိုင် ရွှေတောင်မြို့မှ ၄-မိုင်ကွာ ကဥ္စနဂီရိခေါ် ရွှေတောင်ထက်၌ ကျိန်းဝပ်တော်မူလေသည်။

မဟာသမတမင်းမှ ၂၈-ဆက်မြောက် အဓိစမ မင်း၏ သားတော် သူရတပမင်းသည် ပစ္စန္တရာဇ်အရပ် သုနာပရန္တတိုင်းတွင် ထီးနန်းစိုက်တော်မူလို၍ အခြွေအရံတို့နှင့် ထွက်ခွာလာပြီးနောက် ဧရာဝတီမြစ်ကမ်း၊ ကဥ္စနဂီရိရွှေတောင်အရပ်တွင် မြို့ပြတည်ထောင်၍နေလေသည်။ ထိုမင်းနောက်တွင် မင်းအဆက်ဆက် အုပ်စိုး၍ မင်းပေါင်း ၂၆-ယောက်မြောက်တွင် ကဥ္စနဂီရိမြို့ကြီး ပျက်လေသည်။

ထိုအခါ ကဥ္စနဂီရိရွာပျက်ကြီးတွင် နေထိုင်သူတို့သည် ရွှေနတ်တောင်နတ်ကြီးကို ကိုးကွယ်၍သာ နေကြလေသည်။ ထိုအခါ၌ မဇ္ဈိမဒေသတွင် မြတ်စွာဘုရားပွင့်တော်မူရာ၊ နှစ်ကြိမ်မြောက်ဝါကို ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ ကပ်တော်မူစဉ် ကျွတ်ထိုက်သောသတ္တဝါတို့အား ငဲ့ညှာသဖြင့် ကဥ္စနဂီရိ-ရွှေတောင်သို့ ကြွတော်မူလေသည်။

www.dhammaransi.com



မြတ်စွာဘုရား ကြွချီလာသောအခါ ရှာသူရှာသားများက ရောင်ခြည်တော်တို့ကို အံ့ဘနန်းဖူးတွေ့ရ၍ မိမိတို့ကိုးကွယ်သော ရွှေတောင်နတ်ကြီးဟူ၍ထင်မှတ်ကာ ပူဇော်ကြလေသည်။ မြတ်စွာဘုရားသည်တရားဟောပြော၍ ရတနာသုံးပါး၌ တည်စေလေသည်။ မြတ်စွာဘုရားသည် ၇ ရက်တိုင်သီတင်းသုံးကာ တရားဟောတော်မူပြီးနောက် ကိုယ်စားတော်ကိုးကွယ်ရန် နိမ္မိတရုပ်ပွားတော်ကိုထားခဲ့၍ ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွတော်မူလေသည်။

ရွှေတောင် ရပ်သူရှာသားတို့လည်း နိမ္မိတရုပ်ပွားတော်ကို မဟာသက္ကရာဇ် ၁၀၄-ခုနှစ်တွင်ဌာပနာ၍ ဥဒိဿစေတီကို တည်ထား ကိုးကွယ်ကြလေသည်။

ထိုနောက် သရေခေတ္တရာ ဒွတ္တပေါင်မင်းကြီး လက်ထက်တွင် ဓါတ်တော်မွေတော်တို့ကို ဖူးမြင်လိုသဖြင့် အဓိဋ္ဌာန်တော်မူရာ ဓါတ်တော် ၆-ဆူ ဥသျှောင်တော်၌ ကျိန်းဝပ်သည်တွင် မိဖုရားစန္ဒာဒေဝီနှင့် ပိဿတိုးမိဖုရားတို့အားပူဇော်ရန် နှစ်ဆူပေးအပ်လေသည်။ မိဖုရားတို့သည်ထိုဓါတ်တော်နှစ်ဆူအပြင် ရဟန္တာများ ပင့်ဆောင် ချီးမြှင့်သော ဓါတ်တော်များကိုပါ ရွှေနတ်တောင်စေတီတော်ဟောင်းတွင် ဌာပနာ၍ စေတီတော်ကို ထပ်မံပြုပြင်ကြ၍ ကျန်ဓါတ်တော်တို့ကို တေမိမင်းသားဇာတ်ကိုခင်းပြရာ၌ ကျောင်းသခ်မ်းနေရာ၌ သခ်မ်းကြီးစေတီတည်၍ ဌာပနာလေသည်။ ထို့ပြင်ရဟန္တာတို့ပင့်ဆောင်ခဲ့သော လက်ရိုးတော်ဓါတ်ကိုဌာပနာ၍ ရွှေတောင်မြို့ အရှေ့မြောက်အရပ်တွင် မြင်ဗာဟုဘုရားကို တည်ကြပြန်လေသည်။

www.dhammaransi.com



ထိုနောက် သာသနာနှစ် ၂၃၀ ပြည့်နှစ်တွင် ရန်ပေါင် မင်းသည် သီရိဓမ္မာသောကမင်းကြီး၏ တိုက်တွန်းချက်အရ ရွှေနတ်တောင်စေတီကို ပြုပြင်ခဲ့လေသည်။ ပုဂံအနော်ရထာ မင်းကြီးနောက်တွင် တကျိပ်နှစ်ပါးသောမင်းတို့လည်း ရွှေနတ် တောင်စေတီတော်ကိုပြုပြင်ခဲ့၍ တရုပ်ပြေးမင်းသည် သားတော် သီဟသူဆေးခတ်၍နတ်ရွာစံအံ့ဆဲဆဲ၌ လက်ဝတ်တော်ကိုရေစက် ချ၍ ဆုပန်ကာ၊ ရွှေနတ်တောင်ဘုရားကို ပြုပြင်စေခဲ့လေသည်။ သီဟသူ မင်းအဖြစ်ရောက်လျှင်လည်း ရွှေနတ်တောင်စေတီကို ပြုပြင်ခဲ့လေသည်။ ထိုအခါ ဉာဏ်တော် ၄၄-တောင် မြင့်လေ သည်။

ထိုနောက် တောင်ငူတပင်ရွှေထီးသည် ပြည်မြို့ကိုသိမ်းယူ ၍ ရွှေနတ်တောင်စေတီကို ရွှေသင်္ကန်း ကပ်လှူခဲ့လေသည်။ ကုန်းဘောင်ဘိုးတော်ဘုရား လက်ထက်တွင် သားတော် အိမ်ရှေ့ မင်းသည် ရခိုင်မှ မဟာမုနိရုပ်ပွားတော်ကို ပင့်ဆောင်တော်မူ လာစဉ် ရွှေနတ်တောင်ဘုရားကိုဖူးမြော်၍ ရွှေသင်္ကန်း ကပ်လှူခဲ့ လေသည်။

ရွှေနတ်တောင် စေတီတော်မှာ ထီးတော်ဖျားအထိ ဉာဏ်တော်အတောင် ၈၀-ရှိ၍ ထီးတော်မှာ ၁၆-တောင်ရှိပြီး၊ စေတီရံ ၁၇-ဆူ ရှိလေသည်။

❋

www.dhammaransi.com

# ရွှေနံ့သာ စေတီတော် (ပဲခူးမြို့)

ရွှေနံ့သာ စေတီတော်မှာ ဟံသာဝတီ ပဲခူးမြို့ဟောင်း အနီး၊ ပဲခူး မြို့ အ ရှေ့ ဖက် တွင် ကျိန်းဝပ်တော်မူလေသည်။ ရွှေနံ့သာကျောင်းတိုက်တွင်း၌ တည်ရှိလေသည်။

ဟံသာဝတီ ဓမ္မစေတီမင်းလက်ထက်တွင် သီဟိုဠ်ကျွန်းမှ ကျောက်သား ရွှေနံ့သာ ရုပ်ပွားတော် ငါးဆူ ပင့်ဆောင်လာခဲ့ရာ၊ ရုပ်ပွားတော်နှစ်ဆူကို ရွှေနံ့သာ ကျောင်းတိုက်တွင်း၌ အာလိန် ၃-ဆင့်ခံ အုဠ်ဂူဗိမာန် တန်ဆောင်းဖြင့် တည်ထား ကိုးကွယ်ခဲ့ရာ ကာလကြာမြင့်သော် ဂူများပျက်စီးသဖြင့် ၁၂၄၀-ပြည့်နှစ်ခန့်တွင် ရုပ် ပွား တော် များ ကို ဂူ၏ အ ရှေ့ တောင် ထောင်သိမ်ထဲသို့ ရွှေ့ပြောင်း ပင့်ဆောင်ကာ ကိုးကွယ်ခဲ့ကြလေသည်။ ကျန်ရုပ်ပွားတော်သုံးဆူအနက် တဆူကို မဆင်းချောင်းပါး တွင်၎င်း တဆူကို ကမာနတ်ရွာ၌၎င်း၊ တဆူကို စွမ်ပိရွာ၌၎င်း တည်ထားကိုးကွယ်ခဲ့ကြရာ၊ ထိုရုပ်ပွားနှစ်ဆူ အုတ်ဂူများ ပျက်စီး သဖြင့် ပဲခူးမြို့သို့ ပင့်ဆောင်ကာ ၁၂၇၇-ခုနှစ်တွင် ရွှေနံ့သာ ဘုရား တောင်ထောင့်ကုန်းထိပ်တွင် ပိဋကတ်တိုက်ဟောင်းနေရာ၌

www.dhammaransi.com



စေတီတော် တဆူတည်ထားပြီးလျှင် တောင်ဖက်နှင့် မြောက်ဖက် မုခ်လိုဏ်တို့တွင် ဌာပနာခဲ့လေသည်။

ရုပ်ပွားတော်များမှာ ကျောက်ဖြူသားကို သစ္စေးသုတ်၍ ရွှေချထားလျက် ဉာဏ်တော် ၃-တောင်နှင့် ၂-တောင်ထွာ အသီးသီးရှိလေသည်။ ထိုရုပ်ပွားတော် အုဋ္ဌဂူလိုဏ်များပျက်စီးခဲ့ရာတွင် ၁၂၆၉-ခုနှစ်တပေါင်းလတွင် ရန်ကုန်မြို့မှ ဦးတာပိုးနှင့်ဒါယကာ ဒါယကာမများက ပြုပြင်တည်လုပ်လေသည်။ ဖိနပ်တော်အခင်း တမျက်နှာလျှင် ၃၃-တောင်၊ ဉာဏ်တော်အတောင်-၄၀၊ ပစ္စယံ သုံးဆင့်ရှိလေသည်။ ၁၂၇၁-ခုနှစ် တပေါင်းလဆန်း ၂-ရက်နေ့တွင် ပြီး၍ ၁၂၇၃-ခုနှစ်တွင် ရွှေသကင်္န်း ကပ်လှူခဲ့လေသည်။

www.dhammaransi.com

# ရွှေပေါက်ကျွန်း စေတီတော် (ရွှေကူမြို့)

ရွှေပေါက်ကျွန်း စေတီတော်မှာ မြန်မာနိုင်ငံအထက်ပိုင်း ဧရာဝတီမြစ်ကမ်းရှိ ရွှေကူမြို့၌ ကျိန်းဝပ်စံပါယ်တော်မူလေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်ပြီးနောက် ရာဇဂြိုဟ်ပြည်၊ ဝေသာလီပြည်၊ ကပိလဝတ်ပြည်၊ အလ္လကပ္ပတိုင်း ရာမရွာ၊ ဝေဋ္ဌဒီပတိုင်း၊ ပါဝါပြည်၊ ကုသိနာရုံပြည် စသော ရှစ်ပြည်ထောင်တို့ ဓါတ်တော်ဝေငှယူခဲ့ကြရာ၊ ဓါတ်တော်တို့ကို မိစ္ဆာအယူရှိသူတို့ ဖျက်ဆီးမည်စိုး၍ အဇာတသတ်မင်းနှင့် ရှင်မဟာကဿပထေရ်တို့ တိုင်ပင်ပြီးနောက် ရာမရွာမှ ရရှိသည့် ဓါတ်တော် ၄ စရွတ်မှတပါး၊ ကျန်ဓါတ်တော်များကို ကိုးကွယ်ရုံမှတပါး ပြန်လည်ဆောင်ယူ၍ ရာဇဂြိုဟ်ပြည်၏ အရှေ့မြောက်အရပ်တွင် မြှုပ်နှံထားခဲ့လေသည်။

ထိုဓါတ်တော်များကို အသောကမင်းက ပင့်ဆောင်၍ စေတီပေါင်း ရှစ်သောင်း လေးထောင်တည်၍ ဓါတ်တော်တဆူစီ ဌာပနာပြီးနောက် ကျွင်းသော ဓါတ်တော် ၁၃၃၀ တို့ကို မည်သို့ပူဇော်ရမည် ဖြစ်ကြောင်း ရှင်မောဂ္ဂလိပုတ္တတိဿထေရ်အား မေးမြန်းရာ၊ မြတ်စွာဘုရားအလောင်းတော် ငုံးမင်း၊ ငါးရံ့မင်း၊ ပွေးမင်း၊ ရွှေသမင်မင်း စသည့်ဘဝများက ကျက်စားဘူးရာ

www.dhammaransi.com



ရောဝတီမြစ်လယ်ရှိ ဇေယျာဘူမိအရပ်၌ ဌာပနာရန် အကြံပေးသဖြင့် မဟာသက္ကရာဇ် ၂၄၈-ခုနှစ် တပေါင်းလပြည့်နေ့တွင် ဇေယျာဘူမိကျွန်း (ရွှေကူမြို့) အရပ်သို့ပို့၍ စေတီတည်စေရာ လုံးပတ် ၂၈-တောင်၊ဥဘာတော် ၁၄-တောင်ရှိသော စေတီတော်ကိုတည်၍ ဓါတ်တော် ၁၃၂၆-ဆူကို ဌာပနာ၍၊ ကျန်လေးဆူကို မိကျောင်း၊ သမင်၊ ကျား၊ ဆင်အရုပ်များတွင် ဓါတ်တော်ပင့်ဆောင်ရာ၌ ကူညီသည့် အမှတ်အသားအားဖြင့် ဌာပနာခဲ့လေသည်။

သက္ကရာဇ် ၄၀၆-ခုနှစ်တွင် မိုးညှင်းစားနှင့် မိုးကောင်းစားတို့ စစ်မက်ဖြစ်ပွား၍ မိုးညှင်းစား အရေးနိမ့်သဖြင့် မြန်မာဘုရင်ထံ စစ်ကူတောင်းရာ မိုးမိတ်စားကို ချီတက်စေရာ မိုးမိတ်စားသည် ဇေယျာဘူမိကျွန်းသို့ရောက်လျှင် ထိုစေတီတော်၌ ပူဇော်အဓိဋ္ဌာန်ပြုသဖြင့် အရေးအောင်လေသော် စစ်တက်ရာမှ အပြန်တွင် စေတီတော်အမြင့် ၂၃-တောင်၊ လုံးပတ် ၁၀၄-တောင်ရှိအောင် ထပ်ဆင့်မွမ်းမံလေသည်။

နောင်အခါ နှစ်ကာလကြာရှည်၍ ပျက်စီးပြန်သော် ဗန်းမော်မြို့စား သီဆိုင်ဘွားက အသစ်ထပ်မံပြုပြင်ခဲ့လေသည်။

အလောင်းမင်းတရားကြီးသည် ၁၁၁၅-ခုနှစ်တွင် ဆင်ဘိုမှန်ကင်းသို့ ချီတက်တော်မူရာ ထိုနှစ် တပေါင်းလပြည့်ကျော် ၈-ရက်နေ့တွင် ရွှေပေါ်ကျွန်း ဘုရားယင်ပြင်ပေါ်၌ မိုးမိတ်စော်ဘွား၊ ဗန်းမော် စော်ဘွားတို့ကို သစ္စာပေးတော်မူ၍ အပြန်၌ တန်ခူးလဆန်း ၈-ရက်နေ့တွင် ရွှေပေါ်ကျွန်းဘုရား ဦးဇရပ်တွင် ရွှေမှန်ကင်း ရှစ်ဆူ လှူဒါန်းခဲ့လေသည်။

❋

www.dhammaransi.com

# ရွှေဘုံသာစေတီတော် (မြန်အောင်မြို့)

ရွှေဘုံသာ စေတီတော်မှာ မြန်အောင်မြို့ တောင်ဖက် ဧရာဝတီမြစ်ကမ်းအနီးတွင် ကျိန်းဝပ်တော်မူလေသည်။

ကုန်းဘောင်ခေတ်ဦးကို ထူထောင်တော်မူသော အလောင်းမင်းတရားသည် ၁၁၁၄ ခုနှစ်တွင် အင်းဝကို အောင်နိုင်ပြီးနောက်၊ အောက်မြန်မာနိုင်ငံကိုစည်းရုံးရန် စစ်သည်ဗိုလ်ထုနှင့် ၁၁၁၆ ခုနှစ်တွင် စုန်ဆင်းလေသည်။ ထိုအခါ မွန်တပ်များသည် ပြည်မြို့တွင် အခိုင်အမာစွဲရပ်သေရာ၊ အလောင်းဘုရားသည် မွန်တပ်များကိုတိုက်ဖျက်၍ ဆုတ်ခွာသောတပ်တို့ကိုလည်း လိုက်လံနှိမ်နင်းရာ လွန်ဆေးခေါ် ဂူထွတ်မြို့တွင် မွန်တပ်များကို လွယ်ကူစွာပင် အလျင်အမြန် အောင်နိုင်လေသဖြင့် ထိုမြို့ကို မြန်အောင်ဟူ၍ သမုတ်တော်မူလေသည်။

ထိုနောက် အမှတ်တရဖြစ်စေရန် စစ်အောင်သောအထိမ်း အမှတ်အဖြစ်ဖြင့် ဖေါင်တော်ဦးအရပ်တွင် စေတီတော်တဆူ တည်ထား၍ အောင်ဘုံသာဟူ၍ ဘွဲ့တော် သမုတ်လေသည်။ (ထိုနောက် စေတီတော်ကို ရွှေသင်္ကန်း ကပ်သောအခါမှစ၍ ရွှေဘုံသာစေတီဟု ထင်ရှားခဲ့လေသည်။)

www.dhammaransi.com



စေတီတော်ကို ၁၁၁၆-ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁-ရက်နေ့တွင် ရွှေအုတ်ငွေအုတ်ခင်း၍ သတ္တဌာန၊ အင္ဂဝိသ၊ အင္ဂဇေယ စသော ရွှေရုပ်တုတော်၊ မွေတော်ဓါတ်တော်များကို ဌာပနာတော်မူလေသည်။ စေတီတော်အုတ်များကို အတွင်း ကိုယ်ရံတော်သားတို့သာ ပုံလုပ်၍ ချောမွေ့အောင် အုတ်ချင်း ပွတ်၍ စီလုပ်စေ၍ သရွတ်ကိုလည်း အမွှေးနံ့သာတို့ဖြင့်ဖျော်၍ ထည့်ရလေသည်။

စေတီတော်မှာ ဥာဏ်တော် ၁၇-တောင် မြင့်လေသည်။

သက္ကရာဇ် ၁၁၁၉-ခုနှစ် ဝါခေါင်လဆန်း ၁၃-ရက်နေ့ တွင် ရန်ကုန်မြို့မှအဆန်ခရီး၌ မြန်အောင်မြို့သို့ အလောင်းဘုရား ဆိုက်ရောက်တော်မူ၍ ကောင်းမှုတော်ရွှေဘုံသာစေတီကို သာဓု အနုမောဒနာခေါ်တော်မူလေသည်။ဟသ်ာတနန်းတော်ရာစေတီ ကို ဖိနပ်တော်အတောင် ၂၀၊ ဥာဏ်တော်အတောင် ၄၀-တည် ရန်ငွေ၊ ရေကင်းနန်းတော်ရာစေတီကို ဖိနပ်တော်အတောင် ၂၀၊ ဥာဏ်တော်အတောင် ၄၀-တည်ရန်ငွေ၊ မြန်အောင်နန်းတော်ရာ စေတီကို ဖိနပ်တော်အတောင် ၂၀၊ ဥာဏ်တော်အတောင် ၄၀-တည်ရန်ငွေ၊ ရွှေငွေနှင့် ဌာပနာရန် ဓါတ်တော်မွေတော်များကို ပါ ထိုအရပ်သူကြီးတို့အား ပေးအပ်တော်မူခဲ့လေသည်။

www.dhammaransi.com

# ရွှေမော်ဓော စေတီတော်(ပဲခူးမြို့)

ရွှေမော်ဓောစေတီတော်မှာ ပဲခူးမြို့အရှေ့ဖက် သုဒဿန ကုန်းမြင့်ထက်တွင် ကျိန်းဝပ်စံပယ်တော်မူလေသည်။

မြတ်စွာဘုရားပွင့်တော်မူ၍ ခြောက်ဝါမြောက် မကုလ တောင် ချယားတော၌ စံနေတော်မူသောအခါ ဒုဇိုင်းတူမြို့ (ဇောင်းတူ)နေ *စူဠသာလ၊ မဟာသာလ ညီနောင်နှစ်ဦးတို့ သည် မဇ္ဈိမဒေသသို့ ကုန်သွယ်သွားရာမှ မြတ်စွာဘုရားကို ဖူးမြင် ခွင့်ရကြ၍ တရားနာကြားပြီးလျှင် အစဉ်ကိုးကွယ်ရာကို လျှောက် ထား တောင်းပန်ကြသဖြင့် မြတ်စွာဘုရားက ဆံတော်မြတ်နှစ်ဆူ ကို ပေးအပ်တော်မူလေသည်။

ကုန်သည်ညီနောင်တို့သည် ဒုဇိုင်းတူမြို့သို့ ပြန်ခဲ့ကြပြီး လျှင် ဆံတော်မြတ်ကို အထူးထူးပူဇော်ပြီးလျှင် သထုံဘုရင် သီဟရာဇာဘွဲ့ခံ မဏ္ဍလိပ်မင်းကြီးထံ သံတော်ဦးတင်ကြလေသည်။ မင်းကြီးလည်း ဝမ်းမြောက်အားရစွာဖြင့် ကြွချီလာ၍ ဆံတော် မြတ်တို့ကိုပူဇော်ပြီးလျှင် ဒုဇိုင်းတူမြို့ကို သိဿံပူရမြို့သမုတ်၍ ယာယီစံမြန်းနေလေသည်။ ထိုနောက် ဆံတော်မြတ်ကိုဌာပနာ၍

---

* အချို့မှူ၌ စူဠသာဝက၊ မဟာသာဝကဟု ရှိသည်။

www.dhammaransi.com



စေတီတည်ရန် သုဒ္ဓသာနတောင်တော်ကို ရှာဖွေတွေ့ရှိပြီးလျှင် အစောက်အတောင် ၄၀၊ အလျားအနံအတောင် ၂၀-ရှိသော ဌာပနာတိုက်ကို စီရင်လေသည်။ ထိုနောက် ရတနာအဆင့်ဆင့် ပူဇော်မွမ်းမံ၍ ဆံတော်မြတ်တို့ကိုဌာပနာ၍ ဥာဏ်တော်အတောင် ၅၀၊ လုံးပတ်တော်အတောင် ၂၅၀-ရှိသော စေတီတော်ကိုတည်ရာ မဟာသက္ကရာဇ် ၁၁၅-ခုနှစ် တန်ခူးလဆန်း ၁ ရက်နေ့တွင် ပြီးစီးလေသည်။သမဏ္ဏလိပ်မင်းကြီးသည် သမန္တရာဇာဘွဲ့ကိုလည်း ခံယူခဲ့လေသည်။ စေတီတော်ကြီးကို မွန်ဘာသာဖြင့် ကျိုက်မူး တား၊ (အစွန်း၌ရပ်တည်သောဘုရား)ဟု ခေါ်သမုတ်ရာမှ ကျိုက်မော်ခေါ၊ ရွှေမော်ခေါဟု တွင်ခဲ့လေသည်။

ဘုရားတည်ရာ သုဒ္ဓသာနကုန်းမှာ မြတ်စွာဘုရားသည် သုဝဏ္ဏဘူမိသို့ကြွတော်မူစဉ်က ဟံသာဝတီကျွန်း သောင်ထွန်း ပေါ်စအငူဖြစ်၍ မြတ်စွာဘုရား ရပ်တံ့တော်မူဘူးသော နေရာ မြတ် ဖြစ်လေသည်။

ထိုနောက် သက္ကရာဇ် ၁၇၇-ခုနှစ်တွင် ဟံသာဝတီပဲခူး မြို့၌ သမလမင်း နန်းတက်ရာ၊ ရွှေမော်ခေါစေတီတော်ကို ၄-တောင်မြှင့်၍တည်ကာ ရတနာတို့ဖြင့်ပူဇော်ခဲ့၍ ညီတော် ဝိမလ မင်း လက်ထက်တွင်လည်း ၅-တောင်မြှင့်၍ တည်ပြန်လေသည်။ ထိုနောက် အသကုမ္ဘာ (အသားမင်းသား)က ၂၁၆-ခုနှစ်တွင် ၆-တောင်မြှင့်၍ရင်း အရိန္ဒမမင်းက ၂၂၃-ခုနှစ်တွင် ၇-တောင် မြှင့်၍ရင်း တည်တော်မူပြန်လေသည်။ ၂၃၀-ပြည့်နှစ်တွင် မဟိသရာဇာမင်းလက်ထက် လျှင်ဒဏ်ကြောင့် ပြိုပျက်ရာ ဥာဏ်တော် ၇၅-တောင်အထိမြှင့်တည်၍ ဂိန္ဒရာဇာမင်း၊ မိဂဒိပ္ပ

www.dhammaransi.com



မင်း၊ ဂိဇ္ဇဒိယရာဇာမင်း၊ ကရဝိကမင်း၊ ပဥ္စာလရာဇာမင်း၊ အတ္တသာရမင်း၊ အနုရာမမင်း၊မိဂဒါဒိပ္ပငယ်မင်း၊ အဂ္ဂသမန္တရာဇာမင်း၊ ပုဏ္ဏရိကမင်း၊ တိဿမင်းတို့က ပြုပြင်မွမ်းမံခဲ့ပြီးနောက် ၇၃၁ - ခုနှစ်တွင် မုတ္တမမှ ဟံသာဝတီတွင် မင်းပြုလာသော ဗညားဦးမင်း လက်ထက်တွင် ဉာဏ်တော် ၁၅၂-တောင်အထိ မြှင့်၍တည်ပြီး ရွှေသင်္ကန်း ကပ်လှူလေသည်။

ထိုနောက် ရာဇဓိရာဇ်မင်း၊ ဗညားဓမ္မရာဇာမင်း၊ ဗညားရံမင်း၊ ဗညားပရူမင်း၊ ဗညားကျန်းမင်း၊ လိပ်မွတ်ထောမင်းတို့အပြင် ရှင်စောပုဘုရင်မကြီးလက်ထက်တွင် ဉာဏ်တော် ၁၈၂-တောင်အထိ တိုးမြှင့် တည်တော်မူလေသည်။ဗညားရန်မင်း လက်ထက်တွင် ထီးတော်မြေခ၍ ဉာဏ်တော် ၁၈၉-တောင်အထိမြှင့်၍ ပြန်လည်တည်ထားခဲ့လေသည်။ ထိုနောက် သုရှင်တကာရွတ်ပိမင်း၊ တပင်ရွှေထီးမင်း၊ သမိန်ထောရာမမင်း၊ ဟံသာဝတီဆင်ဖြူရှင်မင်း၊ ငါးဆူဒါယကာ နန္ဒမင်းတို့လည်း စေတီတော်ကို မွမ်းမံပြုပြင်လေသည်။ အင်းဝအနောက်ဖက်လွန်မင်း၊ သာလွန်မင်း၊ ပြည်မင်း၊ မင်းရဲကျော်ထင်မင်းတို့လည်း ပြုပြင်ပူဇော်ကြပြန်လေသည်။

သက္ကရာဇ် ၁၁၁၉-ခုနှစ် နယုန်လဆုတ် ၃ ရက်နေ့တွင် လျှင်ဒဏ်ကြောင့် စေတီတော်မှာ ခေါင်းလောင်းပုံအထိ ပြိုကျပျက်စီးလေရာ၊ ၁၁၄၉-ခုနှစ် တပေါင်းလဆုတ် ၁၀-ရက်နေ့တွင် ဘိုးတော်ဘုရားကပြုပြင်၍ ၁၁၅၁-ခုနှစ် တန်ခူးလပြည့် နေ့တွင် ထီးတော်တင်ပြီးခဲ့လေသည်။ ၁၂၄၄- ခုနှစ်တွင်ကား ဗြိတိသျှ

www.dhammaransi.com



အစိုးရလက်ထက် တရားဝန်ထောက် ဦးဝိုက်က ထီး တော် တင် ၍ ရွှေသင်္ကန်းကပ်လှူလေသည်။

သက္ကရာဇ် ၁၂၇၄-ခုနှစ် တပို့တွဲလကွယ်နေ့တွင် လျှပ်စစ်ဓာတ်ကြောင့် စေတီတော် ဆပ်သွားဖူးအထက်မှ ကျိုးပြတ်ပျက်စီးခဲ့၍၊ ၁၂၇၉-ခုနှစ် ပထမဝါဆိုလဆုတ် ၂-ရက်နေ့တွင် တဖန် လျှပ်စစ်ဓာတ်ကြောင့် ခေါင်းလောင်းပုံအထိ ပြိုကျပျက်စီး ပြန်လေသည်။ ထိုအခါ လူအပေါင်းတို့က စုပေါင်း၍ ဥဿဖ်တော် ၂၀၂-တောင် ၂-မိုက်အထိမြှင့်၍ တည်ထားကြပြန်လေသည်။ သို့ရာတွင် ၁၂၈၂-ခုနှစ် ကဆုန်လဆန်း ၉-ရက်နေ့တွင် လျှပ်စစ်ဓာတ်ကြောင့် ပထမ ပစ္စယံအထိ ပျက်ပြိုပြန်လေသည်။

သက္ကရာဇ် ၁၃၀၉-ခုနှစ်တပို့တွဲလဆန်း ၁၄-ရက်နေ့တွင် နိုင်ငံတော်သမတက အုတ်မြစ်ချ၍ စေတီတော်ကိုပြန်၍ တည်ပြန်ရာ ဥဿဖ်တော် ၂၁၇-တောင်မြင့်သော စေတီတော်ကြီးကို တည်ထား အောင်မြင်၍ ၁၃၁၅-ခုနှစ် တန်ခူးလပြည့်နေ့တွင် ထီးတော်တင်ပွဲ ကျင်းပနိုင်ခဲ့လေသည်။

www.dhammaransi.com

# ရွှေမုဋ္ဌောစေတီတော် (ထားဝယ်မြို့)

ရွှေမုဋ္ဌော(ရှင်မုဋ္ဌော)စေတီတော်မှာ ထားဝယ်မြို့တွင် ကျိန်းဝပ်တော်မူလေသည်။

မြတ်စွာဘုရား သာသနာတော် ၉၃၀-ပြည့်နှစ် လွန်သောအခါ သီဟိုဠ်မင်း ၆၆-ဆက်မြောက် မဟာနာမမင်း လက်ထက်တွင် ရှင်မဟာအရဟံ ရဟန္တာထေရ်သည် မည်သည့်ဌာနတွင် သာသနာတော် ငါးထောင်ပတ်လုံး တည်မည်နည်းဟု စိုးရိမ်ပူပန်လေရာ၊ သိကြားမင်းသိ၍ ဟိမဝန္တာမှ သရက်ခွန်နှစ်ကို ပွင့်တော်မူပြီး ဘုရားလေးဆူကို ရည်မှတ်၍ ဘုရားဆင်းတုလေးဆူ ထုလုပ်ကာ၊ ဗောဓိမျိုးစေ့နှင့်တကွ သာသနာတော်အာ ရှည်တည်ရာ၌ ကိန်းဝပ်စေသတည်းဟု အမိန့်ခွန်၍ သမုဒ္ဒရာ၌မျှောစေရန် အကြံပေးသည့်အတိုင်း၊ မဟာနာမမင်းနှင့် ရဟန္တာတို့သည် ရုပ်ပွားတော်စီရင်၍ မဟာသုဒ္ဓသဘော်ာဆိပ်မှ အမိန့်ခွန်ပြု၍ မျှောတော်မူလေသည်။

ထိုအခါ ရုပ်ထုတော်များသည် စက်ယန္တရား ခုတ်သွားသကဲ့သို့ ၉၃၈-ခုနှစ် တပေါင်းလပြည့်နေ့တွင် ကြွချီရာ၊ တဆူမှာ

www.dhammaransi.com



ယောနကတိုင်း မဟာဓမ္မရက္ခိတမထေရ်ဟောကြသောကြောင့် မဟာဗေဒ္ဓပူဇနီယပြည်သို့ရင်း၊တဆူမှာဓညဝတီပြည် သံတွဲမြို့သို့ရင်း၊တဆူမှာ သုဝဏ္ဏဘူမိတိုင်း ဘီလင်းမြို့တော်သို့ရင်း၊ တဆူမှာ ထားဝယ်မြို့သို့ရင်း ဆိုက်ကပ် ကြွချီတော်မူလေသည်။ သက်နီးတုံးဖြင့် ရုပ်ထုတော် ဆိုက်ကြွလာသောအခါ အထူးထူးသော အံ့ဩသရဲတို့ဖြစ်၍ ထားဝယ်နန္ဒိယမင်း ရှင်ဇံ၏သားတော် ဗလဒေဝ စောရန်နိုင်မင်းသားသိသဖြင့် ဆရာတော်ပုဏ္ဏားတော် မှူးမတ် ဗိုလ်ခြေတို့နှင့် ဆင်းတုတော်ကို ဆွဲငင် ပင့်ဆောင်လေသည်။သို့ရာတွင် သုံးရက်တိုင်ဆွဲငင်၍မရရှိလျှင် မယ်တော် စောမြဒေဝီကုသိုလ်တော်အနီးသေတရွာကုန်းအငူ၌ ဆိုက်ပြန်၍၊သီလရှင် မယ်သေါ်၊ မယ်ကေသီ၊ မယ်ဥတ္တမ၊ မယ်ပညာ၊ မယ်ဥာဏ၊ မယ်ကိတ္တိတို့အနက် မယ်သေါ်အိပ်မက်အရ ချည်မျှင် ၇-ပင်ဖြင့် သက်နီးတုံးကိုချည်ပြီးလျှင်၊ တပေါင်းလပြည့်နေ့ ရေတက်ချိန်၌ ဆွဲပင့်လေရာ ရုပ်ထုတော်သည် စေတီတည်ရာသို့ ကြွချီလာ၍ ရုပ်တံ့တော်မူလေသည်။

ထိုအကြောင်းကို ဒေဝီရွာ၌ ခေတ္တစံမြန်းနေသောမင်းကြီး ကြားသိလျှင် မဏ္ဍပ်ကြီးစွာ ဆောက်လုပ် ပူဇော်လေသည်။ ပရိသတ်ထဲမှ သူတော်တဦး တရားဟောပြော၍၊ မင်းကြီးလည်း သဒ္ဓါတရားထက်သန်လှသဖြင့် သီရိဇေယျသူအားအုတ်ဖုတ်စေ၍၊ သံတော်ဆင့် မဟာသင်္ခယာနှင့် ပိသုကာများ ကြပ်မတ် စေလျက် စေတီတော်တည်လေသည်။ဌာပနာတိုက်မှာ အလျား ၁၂-တောင် အနံ ၁၀-တောင်၊ အမြင့် ၈-တောင်ရှိ၍ ကျောက်ဖျာ ရံလျက်၊

www.dhammaransi.com



မင်းရုပ်တု၊မိဖုရားရုပ်တု၊ရတနာများနှင့်တကွ မြတ်စွာဘုရားရုပ်တုတော်ကို နဝရကိုးပါး ထီးတော်အုပ်မိုးလျက် ဌာပနာလေသည်။ စေတီတော်ဌာပနာတိုက်ကို ၉၃၃-ခုနှစ် ကဆုန်လဆန်း ၅-ရက်နေ့တွင်ပိတ်၍ ၇-ရက်နေ့တွင် စေတီဆက်လက်တည်ရာ တပေါင်းလပြည့်နေ့တွင် ပြီးစီး၍ ရေစက်သွန်းချ လေသည်။ ထိုနောက် ရွှေထီးတင်ကာ၊ ဗောဓိမျိုးစေ့ကိုလည်း စိုက်ပျိုးလျက်၊ သင်္ကန်းတုံးကို ရွှေပြိန်းချ၍ ကိုးကွယ်လေသည်။ သီလရှင် များကိုလည်း လှူတန်း ထောက်ပံ့လေသည်။

စေတီတော်ကို ရှင်မုတ္ထီးဟု ဘွဲ့တော် သမုတ်လေသည်။

www.dhammaransi.com

# ရွှေမြင်တင်စေတီတော်(သီဟတော)

ရွှေမြင်တင်စေတီတော်မှာ သပိတ်ကျဉ်းနယ် ရောဝတီမြစ် အရှေ့ဖက်ကမ်း သီဟတောဘုရားနှင့် မျက်နှာချင်းဆိုင်ရှိ ရွှေမြင်တင် တောင်ပေါ်တွင် ကျိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၄၆၇-ခုနှစ်တွင် အလောင်းစည်သူ မင်းကြီးသည် သရက္ခ ရုပ်ပွားတော်ကို ဌာပနာ၍ အညာသီဟတောဘုရား ပြုပြင်မွမ်းမံရန် စစ်သည်ဗိုလ်ပါ အလုံးအရင်းနှင့် ချီတက်ရာတွင် မင်းကြီး၏ မှူးမတ်များသည်လည်း ကောင်းမှုပြုလိုသောကြောင့် မြစ်တဖက်ကမ်းရှိ ရွှေမြင်တင်တောင်ပေါ်တွင် ရွှေမြင်တင်စေတီတော်ကိုတည်၍ ဓါတ်တော်မွေတော်များ ဌာပနာခဲ့ကြလေသည်။

ထိုစေတီတော် ပြိုပျက်၍ မင်းအဆက်ဆက် ပြုပြင်ခဲ့ရာ၊ ၁၃၁၄-ခုနှစ်တွင် ရာကျော်ဆရာတော်က ကြပ်မတ်နှိုးဆော်၍ ပြုပြင်လေသည်။ ထိုအခါက မိုးသည်းထန်စွာရွာခြင်း၊ မိုးကြိုးပစ်ခြင်း စသည်တို့ဖြစ်ပေါ်ခဲ့လေသည်။ ၁၃၁၄-ခုနှစ်တွင် တဖန် ထီးတော်ကို မိုးကြိုးခ,သဖြင့် သစ်တောမင်းကြီး ဦးစောလင်းက ပြုပြင်ခဲ့လေသည်။ မန္တလေးမြို့မှ ဦးအေး၊ ဒေါ်အေးတို့က ရွှေသင်္ကန်းကပ်လှူ၍ မွမ်းမံပြုပြင်ခဲ့ကြပြန်လေသည်။

www.dhammaransi.com



ထိုတောင်ပေါ်တွင် ဥစ္စာစောင့်များ၊ သူတော်သူမြတ်များ လာရောက်လေ့ရှိသည်ဟု လူအများပြောဆိုကြလေသည်။

❀

မင်းဘူးမြို့၌ စကုမေ်ာတော်ကားလမ်း တောင်ဖက်တွင် ရွှေမြင်တင်တောင်ရှိ၍ ရှေးက အပ္ပဟတ္တတောင် အမည်ရှိ၍ မဟာပုဏ္ဏထေရ် သီတင်းသုံးသည်ဟု ဆိုသည်။ အဇ္ဈုဟတ္ထ အမည်တွင်သော ထိုတောင်ထိပ် ကျောင်းနေရာ၌ တည်သော ဘုရားကိုလည်း ရွှေမြင်တင်ဘုရားဟု ခေါ်တွင်၍ ယခုအခါ အထက်ကျောင်းဘုရားဟု ခေါ်ဝေါ် သမုတ်သည်။ (မန်း ရွှေစက်တော်သမိုင်း စာမျက်နှာ-၉၂)

မင်းကွန်း မင်းဝံ့တောင်တန်း၌လည်း တရဖျားကြီး ဆရာသီရိသဒ္ဓမ္မသေနာပတိ ကောင်းမှု ရွှေမြင်တင် စေတီတော်ဟူ၍ရှင်း၊ ထိုဆရာတော်သည် ရွှေမြင်မိ ဘုရားကိုလည်း တည်ကြောင်းကိုရှင်းဘိုးဝဇီရစာပေ၊ စာမျက်နှာ ၁၉၉ ·တွင် ဖော်ပြထားသေးသည်။

www.dhammaransi.com

# ရွှေမြင်တင် စေတီတော် (ပုသိမ်မြို့)

ရွှေမြင်တင် စေတီတော်မှာ ပုသိမ်မြို့မြောက်ဖက် ငဝုံမြစ်၏ အရှေ့ဖက်ကမ်း၊ ဒကာမြစ် လက်ျာဖက်ကမ်း တောင်ထိပ်ပေါ်တွင် ကိန်းဝပ်တော်မူလေသည်။

ရွှေမြင်တင် စေတီတော်မှာ ပုသိမ် အပြင်မုဍ္ဍောလေးဆူ အပါအဝင် ဖြစ်၍ အလောင်းတော် ကြက်မင်း ပျော်စံခဲ့သော နေရာဖြစ်၍ ဓါတ်တော် မွေတော်များ ဌာပနာကာ တည်ထားခဲ့ခြင်းဖြစ်လေသည်။ မူလဘွဲ့တော်မှာ သီရိဝဏ္ဏဟူ၍ ဖြစ်လေသည်။ ဘုရားတည်ထားသော ဒါယကာကား မထင်ရှားခဲ့ချေ။

www.dhammaransi.com

## ရွှေမဥ္စူ စေတီတော် (အင်းတော်ကြီး)

ရွှေမဥ္စူ ဘုရားမှာ ကချင်ပြည်နယ် အင်းတော်ကြီး အတွင်း၌ ကျိန်းဝပ်တော်မူလေသည်။ အင်းတော်ကြီးအနောက် ဖက်ကမ်း အလယ်ပိုင်းလောက်တွင် ကမ်းခြေမှ ပေ ၄၀၀-ကျော် ကွာဝေးသည်။ ဟိုပင်မြို့ အရှေ့မြောက်တွင် တည်ရှိသည်။

အင်း တော် ကြီး အင်းအနောက်ဖက်တွင် တည်ရှိသော တောင်သုံးလုံး အကြား၌ ဦးသောဘိတ ဆရာတော်သည် တောရ ဆောက်တည်ရာမှ အင်းတော်ကြီးအင်းထဲ၌ ဘုရားတည်လိုသော ကြောင့် ခရိုင်အုပ်၊ တိုက်သူကြီးနှင့် ဒါယကာများအား စေတီ တည်ရန် အုတ်ကျောက်ပစ္စည်းများကို စုဆောင်းစေ၍ ရန်ကုန်မြို့ ရွှေတိဂုံ စေတီတော်သို့ ဓါတ်တော်ပင့်ရန် ကြွရောက်လေသည်။

ရွှေ တိ ဂုံ စေ တီ တော် ကို ဖူး မြော် ၍ အာဓိဋ္ဌာန်ပြုကာ စွယ်တော်မြတ်၊ ဓါတ်တော်တို့ကို ပင့်ဆောင်သဖြင့် ဓါတ်တော် ၄ ါးဆူကို ရရှိပြီ နောက် ခရိုင်အုပ် ဦးရွှေဦးနှင့် ဒါယကာများ စုပေါင်းကာ ကမ်းခြေမှ ၂၇၆-တောင်အကွာတွင် စေတီတည်၍

www.dhammaransi.com



ဓါတ်တော်များကို ဌာပနာလေသည်။ ၁၂၃၀-ပြည့်နှစ် တပေါင်းလဆန်း ၁၃-ရက်နေ့မှစ၍တည်ရာ ဝါဆိုလပြည့်ကျော် ၈-ရက်နေ့တွင် ထီးတော်တင်နိုင်ခဲ့လေသည်။

ထိုအခါက စေတီတော်သည် ဉာဏ်တော် ၁၀-တောင်မျှရှိ၍ ၁၂၃၅-ခုနှစ်တွင် မောင်ရှည်ညီ ဆိုသူက ဉာဏ်တော် ၁၈-တောင် ၂-မိုက် လေးသစ်၊ ဖိနပ်တော် ၉-တောင် ၂-မိုက် ၆-သစ် အထိ တိုးချဲ့ မွမ်းမံပြုပြင်လေသည်။ ၁၂၅၇-ခုနှစ်တွင် နန့်တိန်ချောင်း လက်ဝဲဖက်ကမ် ရှိ လောဆုန့်ရွာ၌ သိတင်းသုံးသော ဦးဝဏ္ဏက ပြုပြင်ခဲ့ပြန်လေသည်။ သို့ရာတွင် ထိုနှစ် ဝါခေါင်လဆန်း ၈-ရက်နေ့တွင် လှိုင်းပုတ်၍ ကျောက်တိုက်ပလ္လင် ပြိုကျလေသည်။

၁၂၅၈-ခုနှစ်တွင် နန့်မီးလောင်ရွာ ဂိုဏ်းအုပ်ဆရာတော် ဦးဓမ္မက ကျွန်းသားဖြင့် မွမ်းမံစွာပြုပြင်ပြန်၍ ၁၂၆၁-ပြည့်နှစ်တွင် ပျက်စီးပြန်သောအခါ ဦးဓမ္မသည်ရှေးယခင်ကထက်ခိုင်ခံ့အောင် ကြီးကျယ်စွာ ပြုပြင်၍ စေတီရံလေးဆူကိုတည်ကာ၊ ၁၂၇၆-ခုနှစ်တွင် စေတီရံများကို ထီးတော်တင်လေသည်။ ၁၂၈၁-ခုနှစ်တွင် လုံးကောက်ရွာမှ ဦးဇိနသည်ပြုပြင်ပြန်၍ ၁၂၈၄-ခုနှစ်တွင် အမြင့် ၇-တောင် ၂ မိုက်ရှိ ထီးတော်တင်ရာ စေတီဉာဏ်တော် ၃၃-တောင် ၂ မိုက်ရှိလေသည်။ နှစ်စဉ် တပေါင်းလဆန်း ၈-ရက်နေ့၌ ပွဲတော်လည်း ကျင်းပလေသည်။

ဘုရားပွဲကျင်းပချိန်တွင် အင်းထဲ၌ သဲလမ်းများပေါ်လာ၍ ဘုရားဖူးများသွားလာရန် လွယ်ကူလေသည်။

www.dhammaransi.com

# ရွှေမုဋ္ဌော စေတီတော် (ပုသိမ်မြို့)

ရွှေမုဋ္ဌော စေတီတော်မှာ ပုသိမ်မြို့လယ်၊ ငဝံမြစ်ကမ်း အနီး၌ ကျိန်းဝပ်တော်မူလေသည်။

ရွှေမုဋ္ဌောစေတီတော်မှာ သီရိဓမ္မာ အသောကမင်းကြီး တည်ထားခဲ့သော စေတီ ၈၄၀၀၀-တွင် အပါအဝင်ဖြစ်၍ ဒက္ခိဏသာခါရုပ်ပွားတော်၊ ဓါတ်တော်၊ မွေတော်၊ အံတော်၊ ဆံတော်၊ ညှပ်ရိုးတော်များပါ ဌာပနာ၍ တည်ထားခဲ့လေသည်။ ထိုစဉ်အခါက ထိုနေရာသည် အတိသဥ္စာနဂရမြို့ထိပ်၊ တိယဂ်လ ကျွန်းတည်ရာ ဖြစ်ခဲ့လေသည်။ ထိုစဉ်က ဘွဲ့တော်မှာ ရွှေအာဏာ ဟူ၍ ဖြစ်လေသည်။

ပုဂံအလောင်းစည်သူမင်းကြီး ပင်လယ်သို့တိုင်းခန်းလှည့်လည် ရာတွင် အပြန်ခရီး၌ ရွှေအာဏာဘုရားကို လုံးပတ် ၁၂-တောင်၊ အမြင့် ၂၄-တောင်အထိ တိုးမြှင့်တည်ပြန်၍ ရာဇနာအမျိုးမျိုးကို ဌာပနာပြီးလျှင် ထူပါရုံဟူ၍ သမုတ်တော်မူလေသည်။ ဝတ္တုကံ မြေကိုလည်းလှူလေသည်။ ထိုနှစ်ကား ၄၅၇-ခုနှစ် ဖြစ်လေသည်။ ထိုအခါကပင် ရွှေမုဋ္ဌောဟူ၍ ထင်ရှားခဲ့လေသည်။

www.dhammaransi.com



ဟံသာဝတီဆင်ဖြူရှင်မင်း လက်ထက်၌ ရွှေမုဋ္ဌောဘုရားကို ရွှေသင်္ကန်းပြည့် ကပ်လှူတော်မူလေသည်၊ (မဟာရာဇဝင်ကြီး ပထမတွဲ စာမျက်နှာ-၂၆၂။)

၁၁၇၁-ခုနှစ်တွင် ပုသိမ် ၃၂-မြို့ဝန် မဟာမင်းခေါင်ကျော်သည် ဖိနပ်တော်အထိ ရွှေလုံးပြည့်ကပ်လှူ၍ ၁၁၉၀-ပြည့်နှစ်တွင် လေပြင်းဒဏ်ကြောင့် ထီးတော်မြေခ ရာ ဘကြီးတော်မင်းက ကိုယ်စားလွှတ်၍ပြုပြင်ကာ ထီးတော်တင်စေလေသည်။ ပုဂံမင်းလက်ထက်တွင်လည်း ပုသိမ်မြို့ဝန် မင်းကြီးမဟာမင်းခေါင်ကျော်ကို စရိတ်ထုတ်ပေး၍ ရွှေသင်္ကန်းကပ်လှူ စေလေသည်။ ရွှေတောင်နရာလှဘွဲ့ခံ စစ်ကဲတော်ကြီး ကလည်း ရွှေသင်္ကန်း ကပ်လှူခဲ့လေသည်။

၁၂၃၄-ခုနှစ်တွင် နေမျိုးသီရိကျော်သူနှင့် ဦးလူတို့က ကြပ်မတ်နှိုးဆော်၍ စိန်ဖူးဆည်းလည်းများလှူတန်းကာပြုပြင်ပြီး ၁၂၄၁-ခုနှစ်တွင် ဦးလူကကြီးမှူးကာပြုပြင်၍ ထီးတော်သစ်တင်လှူလေသည်။ ၁၂၄၂-ခုနှစ် တော်သလင်းလဆုတ် ၁၂-ရက်နေ့တွင် လေပြင်းဒဏ်ကြောင့် စိန်ဖူးတော်မြေခရာ၊ဦးလူကပင် ကြီးမှူး၍ ပေါင်းရစ်အထက် အမြင့် ၃၂-တောင် ၂-မိုက်အထိတိုးမြှင့်၍ တည်လုပ်ကာ၊ ပြုပြင်မွမ်းမံခဲ့လေသည်။ ထိုအခါ ဖိနပ်တော်မှ ငှက်ပျောဖူးအထိ ဥဘာတော် ၈၂-တောင်၊ ထီးတော်အမြင့် ၂၃-တောင်၊ ပေါင်း ၁၀၅-တောင် မြင့်လေသည်။

www.dhammaransi.com

# ရွှေမုဋ္ဌော စေတီတော်(ကလေးဝမြို့)

ရွှေမုဋ္ဌော စေတီတော်မှာ နွယ်ပတ်မြို့ (ကလေးဝမြို့) အရှေ့တောင်ထောင့်အရပ် သလ္လာဝတီချင်းတွင်းမြစ်ကမ်းထိပ် မြစ်သာမြစ်ဆုံ တောင်ပေါ်တွင် ကျိန်းဝပ်တော်မူလေသည်။

သာသနာတော် ၂၀၄-ခုနှစ်တွင် နွယ်ပတ်မြို့တွင် နန္ဒရာဇာမင်း၏ သားတော် လန္တပါလရာဇာ မင်း ပြုလေ သည်။ ထိုမင်းသည် သရေခေတ္တရာပြည် ရန်ခအောင်မင်းနှင့်ရင်း၊ ပါဋလိပုတ်နေပြည်တော် သီရိဓမ္မာအသောကမင်းကြီးနှင့်ရင်း မင်းပြိုင် ဖြစ်ရာ၊ သီရိဓမ္မာအသောကမင်းကြီးထံမှ စေတီဘည်ထားရန် ဓါတ်တော်များပို့ဆောင်သဖြင့် သာသနာနှစ် ၂၂၅-ခုနှစ်တွင် သလ္လာဝတီချင်းတွင်းမြစ်တလျှောက် ရောဝတီမြစ်ဆုံကျအောင် မုဋ္ဌောကိုးဆူ စ၍ တည်တော်မူလေသည်။

မုဋ္ဌောကိုးဆူ၏အစ တဆူကို သလ္လာဝတီမြစ်ဆုံ တောင်ပေါ်၌ အတောင် ၄၀-နက်အောင်တူး၍ ရတနာတိုက်ဖွဲ့ပြီးလျှင် နဝရတ်ဓါတ်တော်ကြုတ်၌ ဓါတ်တော်များ ဌာပနာပြီးလျှင်

www.dhammaransi.com



စက်ယန္တရားဖြင့် ပိတ်ကာ ကျောက်စေတီတော်ကို တည်တော်မူလေသည်။ ဘုရားဝတ်ပြုရန် ၅ အိမ်ထောင်ကိုလည်း တာဝန်ချပေးလေသည်။ ကျန်ဓါတ်တော်များကိုကား မြကြုတ်ဖြင့် ပူဇော်၍ နန်းတော်ဦး၌ ကိုးကွယ်ထားလေသည်။

သက္ကရာဇ် ၄၅၀-ပြည့်နှစ်သို့ ရောက်သောအခါ ပုဂံအလောင်းစည်သူမင်းကြီးသည် ဖေါင်စကြာဖြင့် တိုင်းခန်းလှည့်လည်ရာတွင် ရွှေမုဋ္ဌောဘုရားကို ပြင်ဆင်မွမ်းမံတော်မူလေသည်။ ထိုနောက် နှစ်ကာလရှည်ကြာ၍ ပြိုပျက်ခဲ့ရာတွင် ၁၂၆၉-ခုနှစ်၌ ဦးစံမင်း မိသားစုက ကြီးမှူး၍ ဒါယကာအများက ပြုပြင်ခဲ့ပြီးလျှင်၊ ၁၃၀၃-ခုနှစ်တွင် ဦးကွန်းလုံနှင့် ဦးလူနေ့တို့ကကြီးမှူး၍ ထပ်မံ ပြုပြင်ခဲ့ပြန်လေသည်။

www.dhammaransi.com

# ရွှေယင်မြှောင် စေတီတော် (မိတ္ထီလာမြို့)

ရွှေယင်မြှောင်စေတီတော်မှာ မိတ္ထီလာမြို့ အရှေ့ ၁၀-မိုင်ကွာတွင် ကျိန်းဝပ်တည်ရှိလေသည်။

ရွှေယင်မြှောင်စေတီတော်ကို သီရိဓမ္မာ အသောကမင်းကြီးသည် ဓါတ်တော် မွေတော်များကို ဌာပနာ၍ စေတီပေါင်း ရှစ်သောင်းလေးထောင် တည်ထားရာတွင် အပါအဝင်အဖြစ် တည်ထားခဲ့ခြင်းဖြစ်လေသည်။ ထိုနောက်တွင် မင်းအဆက်ဆက်တို့ ၁၂-ကြိမ်တိုင်တိုင် အဆင့်ဆင့် မွမ်းမံပြုစုကိုးကွယ်ခဲ့လေသည်။ ရှေးအခါက ရွှေမုဋ္ဌောဟူ၍ ဘွဲ့တော် ချီခဲ့လေသည်။

အနော်ရထာမင် ကြီးသည် မိတ္ထီလာကန်တော်ကို ဆည်ဖို့တော်မူရင်း တိုင်းခန်း လှည့်လည်တော်မူရာတွင် ထိုရွှေမုဋ္ဌောစေတီတော်ကို ဖူးတွေ့ရသဖြင့် လွန်စွာပီတိဖြစ်လျက် နှလုံးတော်ဓါတ်မြတ်ကို ဌာပနာတော်မူ၍ အသစ် ပြုပြင်တော်မူလေသည်။ ထိုစေတီတော်ကို ဖူးမြင်တော်မူစဉ် စေတီတော်အထက်၌ ဒေါင်းငှက် ပမာဏရှိသော ရွှေအဆင်းရှိသည့် ယင်ကောင်ကြီးသည် အရှေ့သို့မျက်နှာမူ၍ နားနေသည်ကို တွေ့မြင်ရသဖြင့် စေတီဘွဲ့တော်ကို ရွှေယင်မြှောင်ဟူ၍ သမုတ်ခဲ့လေသည်။

www.dhammaransi.com



ထိုစေတီတော်မှာ ဘိုးတော်ဘုရား လက်ထက်တော်တွင် ဖိနပ်တော်အဝန်း တမျက်နှာလျှင် ၂၄ တောင်ရှိ၍ ပတ်လည် ၉၆-တောင်၊ ဥာဏ်တော်အတောင် ၃၀-အထိ တိုးမြှင့်တည်ထား ခဲ့လေသည်။ ၁၂၈၅-ခုနှစ်တွင် ပြည်သူပြည်သား ဒါယကာများ ပြုပြင်မွမ်းမံခဲ့ပြန်သဖြင့် ဖိနပ်တော် တမျက်နှာလျှင် ၄၆-တောင် ၉-လက်မရှိ၍၊ မြေမှ ငှက်ပျောဖူးအထိ ဥာဏ်တော် ၅၈-တောင် ထီးတော်အမြင့် ၁၄-တောင်၊ ဥာဏ်တော်စုစုပေါင်း ၇၂-တောင် ရှိလေသည်။

ဘုရားပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း ၈-ရက်နေ့မှ လပြည့်နေ့အထိ ကျင်းပ၍ စည်ကားဆိုးသော ဘုရားပွဲတော် တခု ဖြစ်လေသည်။

ရွှေယင်မြော် စေတီတော်နှင့် ပတ်သက်၍ အံ့ကိုးပါး ရှိခဲ့သည်ဟု မှတ်သားကြလေသည်။ ၎င်းတို့မှာ-

၁။ ဆင်တော်သည် ကျ‌ကြိုးတင် မခံခြင်း။

၂။ ဆင်တော်ကိုလွှတ်လျှင် စေတီ၏ အရှေ့တောင် အရပ်၌သာ ဝပ်ခြင်း။

၃။ နှလုံးတော်ဓါတ်ကို ဌာပနာခြင်း။

၄။ တောချုံများကို ရှင်းလင်းရာတွင် ရွှေယင်ပျံ တက် သည်ကို တွေ့ရခြင်း။

၅။ အနော်ရထာမင်း၏ နဂါးပါသ် ချွန်းရိုးတော် စိုက်လျှင် ညချင်း အညွန့်ထွက်ခြင်း။

www.dhammaransi.com



၆။ တဖန်ထပ်၍ ချွန်းရိုးကိုအမိဋ္ဌာန်၍ စိုက်ပြန်လျှင် အညွန့်ထွက်ပြန်ခြင်း။

၇။ ဌာပနာသော ပတ္တမြားငါးထောင်သည် ပူဇော်ရန် အလိုရှိ၍ အဓိဋ္ဌာန်ပြုလျှင် ပေါ်ပေါက်လာရခြင်း။

၈။ ပတ္တမြားကို လောဘ,ရမက်ဖြင့် ယူသွားက တံတိုင်းပြင်သို့ရောက်က ပတ္တမြား မူလနေရာသို့ ပြန်ခြင်း။

၉။ ဓါတ်တော်တို့ ကောင်းကင်၌ ရောင်ခြည်တော်လွှတ်ခြင်း။

ဟူ၍ပင် ဖြစ်လေသည်။

ရွှေယင်မြော်စေတီသည် ကျော်လေးဆူတွင် တဆူ အပါအဝင်ဖြစ်လေသည်။

www.dhammaransi.com

# ရွှေရောင်တော်စေတီတော် (ဗိသနိုးမြို့)

ရွှေရောင်တော် စေတီတော်မှာ တောင်တွင်းကြီးမြို့အနောက်ဖက် ဗိသနိုးမြို့ဦးတွင် ကျိန်းဝပ်တော်မူလေသည်။

သာသနာနှစ် ၅၉-ခုတွင် တကောင်းပြည်မှ စူဠသမ္ဘဝနှင့် မဟာသမ္ဘဝတို့ ဖေါင်ဖြင့် မျောခဲ့၍ ဆေးကုသ ပေးသော ဘီလူးမ၌ သန္ဓေဖြစ်စေခဲ့ရာ၊ ဘီလူးမသည် တောင်တွင်းကြီး အနောက် ၅-တိုင်ခန့်ကွာတော၌ သမီးငယ် ဖွားမြင် ပြီးနောက် ရသေ့တပါးကောက်ယူ မွေးစားရာမှ ပန်ထွာမင်းသမီးဟု ထင်ရှားလာ၍ ပန်ထွာပြည်နှင့် ဗိသနိုးမြို့တွင် စံမြန်းလေသည်။

ပန်ထွာ မင်းသမီးသည် အဇာတသတ်မင်း လက်ထက် သို့ဝှက်သိမ်းဆည်းထားခဲ့သော ဓါတ်တော်များအနက်၊ ဗိသနိုး နတ်မင်းအကူအညီဖြင့် ဓါတ်တော်အချို့ ပင့်ဆောင်ရယူ၍ အလောင်းတော်ကြက်ဖြူမင်း နေလေ့ရှိသော အရပ်တွင် ဥဘက် တော် အတောင် ၅၀-မြင့်သော စေတီတော်ကို သာသနာနှစ် ၁၁၂-ခုနှစ်တွင် မြို့ဦးစေတီအဖြစ် တည်ထားလေသည်။

စေတီတော်သည်ရောင်ခြည်တော်ကွန့်မြူးသဖြင့် ရွှေရောင် တော်စေတီဟူ၍ ထင်ရှားခဲ့လေသည်။ ထိုစေတီတော်ကို တောင်

www.dhammaransi.com



တွင်းကြီး မင်းပြောင်က ထပ်မံပြုပြင် ခဲ့လေသည်။ သက္ကရာဇ် ၆၄၀-ပြည့်နှစ်တွင် တောင်တွင်းကြီးမြို့ကို တည် ထောင် သော သီဟပတေ့မင်းသည် ရွှေရောင်တော်စေတီကို ဖူးမျှော်ကြည်ညို လှ၍ ၆၅၈-ခုနှစ်တွင် ကြက်ဆူတောရွာ၊ ဆူးပန်းရွာ၊ အင်းရွာ၊ သားတိုးထမ်းရွာ အိုးထိန်းတောင်ရွာတို့ကို ဘုရားဝတ် မြေဆီခွန် ကောက်ခံရန် လှူတန်းတော်မူလေသည်။

ရတနာပူရ တတိယမြို့တည် ဆင်ဖြူရှင်မင်း လက်ထက် ရွှေရောင်တော်ဘုရား ဥပနာမျာကို လူဆိုးတို့ ဖေါက်ယူသဖြင့် ရွှေရောင်တော်ဘုရား အနောက်မြောက်ယွန်းတွင် တောရဆောက် တည်နေသော ပညာသီရိသဒ္ဓမ္မဓဇ မဟာရာဇဂုရု ဆရာတော်က ပြုပြင်လုပ်ဆောင် ခဲ့ပြန်လေသည်။*ရွှေရောင်လှျံဘုရားဟူ၍လည်း သမုတ်တော်မူလေသည်။

ရွှေရောင်တော် စေတီတော်မှာ ဉာဏ်တော် အတောင် ၈၀၊ ဖိနပ်တော် အတောင် ၂၀၁၊ ထီးအဝ ၆-တောင် ၁-မိုက်၊ ထီးအမြင့် အတောင် ၂၀-ရှိလေသည်။

---

* ရွှေရောင်လှျံဘုရားမှာ သီးခြားတဆူ ဖြစ်သည်ဟုလည်း မှတ်ယူသည်။ (တောင်တွင်းကြီးသမိုင်း စာမျက်နှာ-၂၉၅)

www.dhammaransi.com

# ရွှေသာလျောင်းဘုရား(ပဲခူးမြို့)

ရွှေသာလျောင်း ရုပ်ပွားတော်မှာ လျောင်းတော်မူရုပ်ပွားတော်ကြီးဖြစ်၍၊ ပဲခူးမြို့အနောက် ဇိုင်းဂနိုင်းရပ်တွင် ကျိန်းဝပ်တော်မူလေသည်။

ဟံသာဝတီတွင် အုပ်စိုးခဲ့သော သမလ၊ ဝိမလ မင်းဆက်တွင် သာသနာနှစ် ၅၀၀-ကျော်၌ ၈-ဆက်မြောက် အုပ်စိုးသော မိဂဒိပ္ပ မင်းကြီးလက်ထက်တွင် ရွှေသာလျောင်း ရုပ်ပွားတော်ကြီးကို တည်တော်မူခဲ့လေသည်။

ရွှေသာလျောင်း ရုပ်ပွားတော်မှာ ကမ္ဘာပေါ်တွင် အကြီးဆုံးသော ရုပ်ပွားတော်တဆူဖြစ်၍၊ အလျားပေ ၁၈၀-ရှိပြီး ပုခုံးတော်အမြင့် ပေ ၅၀-ရှိလေသည်။

www.dhammaransi.com

# ရွှေအင်းတောင်စေတီတော် (တောင်တွင်းကြီးမြို့)

ရွှေအင်းတောင်စေတီတော်မှာ တောင်တွင်းကြီး မြို့လယ်တွင် ကျိန်းဝပ် စံပယ်တော်မူလေသည်။

တောင်တွင်းကြီးမြို့ကို တည်ထောင်သော သာဂရမင်း ငါးဆက်မြောက် ပိတ်ရောင်မင်းလက်ထက် မြတ် စွာ ဘု ရား ပွင့်တော်မမူမီ နှစ် ၃၀၀-ခန့်တွင် မဇ္ဈိမဒေသ သင်္ကဿနဂိုရ်ပြည်တွင် မင်းဆက်ပြတ်သဖြင့် ဘေရိန္ဒမင်းကြီး ကိုးကွယ်ခဲ့သော ကဿပ ဘုရားရှင်၏ ဥဏ္ဏလုံ မွေရှင်တော်သည် ပိတ်ရောင်မင်းကြီးထံသို့ ရောက်ရှိခဲ့ရာ မင်းကြီးက ဝမ်းမြောက်စွာဖြင့် ဌာပနာ၍ စေတီ တည်ထားတော်မူလေသည်။

စေတီတည်ဆဲ၌ မင်းကြီးနတ်ရွာစံ၍ သားတော် သံတောင်မင်းက သံတောင်အမြင့် အတောင် ၃၀-အထိ ဆက်လက်တည်လေသည်။ သာသနာနှစ် ၁၀၁-ခုနှစ်တွင်ကား ပန်ထွာမင်းသမီးက ထပ်မံပြုပြင်၍ ရွှေထီးတင်ပြန်လေသည်။ ထို့နောက် သာသနာနှစ် ၉၀၈-ခုနှစ်တွင် တောင်တွင်းကြီးမြို့ကို ဒုတိယအကြိမ် တည်ထောင်သော မင်းပြောင်၊မင်းရောင် ညီနောင် လေး ပါး တို့က ပြုပြင်ပြန်လေသည်။

သက္ကရာဇ် ၃၅၈-ခုနှစ် တောင်တွင်းမင်း သီဟပတေ့ လက်ထက်တွင် စေတီတော်ကို ဥဘဏ်တော်၆၆-တောင်အထိမြှင့်၍

www.dhammaransi.com



တည်ထားကိုးကွယ် ပြန်လေသည်။ အရှေ့ရိုးမမှ ကျောက် ဖြူး ကြီးများကို သယ်ဆောင်စေ၍ စေတီတော် မုခ်ဦးလေးဖက်၌ လှေကားထစ်များ ခင်းတော်မူလေသည်။ ကုန်းတော်ကိုလည်း မြှင့်၍ တည်လေသည်။

ဘိုးတော်ဘုရားသည် သက္ကရာဇ် ၁၁၄၇-ခုနှစ် သီတင်းကျွတ်လဆုတ် ၉-ရက်နေ့တွင်နန်းတက်ပြီးနောက် ရွှေအင်းတောင်ဘုရားအား ဝတ္ထုကံမြေ လှူတန်းတော်မူခဲ့လေသည်။ ဝတ္ထုကံမြေလှူကြောင်း ၁၁၅၅-ခုနှစ် ထိုးကျောက်စာတချပ်လည်း စိုက်ထူခဲ့လေသည်။

သက္ကရာဇ် ၁၂၀၀-ပြည့်နှစ်တွင် မြေငလျင်ဒဏ်ကြောင့် စေတီတော် ပဿမ ဖေါင်းရစ်အထက်မှ ပြို ကျလေရာ၊ မြောက်ထားဝယ်မင်းကြီး၊မဟာမင်းခေါင်ဘွဲ့ခံ ဦးညိုရောင်က ကြီးမှူး၍ ဥာဏ်တော် ၆ဂ-တောင်အထိမြင့်အောင် တိုးမြှင့်တည်တော်မူလေသည်။ ၁၂၁၉-ခုနှစ်တွင် မြေငလျင်လှုပ်ပြန်၍ ပြိုပျက် ပြန်ရာ တောင်တွင်းကြီးမြို့ မြောက်ဘက်၊ ဗိုလ်မင်းလှ တန်ဆောင်ဘွဲ့ခံ ဦးဖဲက ကြပ်မတ်၍ ဥာဏ်တော် ၇၃-တောင်အထိမြင့်၍ ပြုပြင်တည်လုပ်ခဲ့ပြန်လေသည်။

ထိုနောက် ၁၂၅၁-ခုနှစ်တွင် စေတီတော်နှင့်တကွ အရုဏ်ခံတန်ဆောင်း ပြာသာဒ်များ မီးသင့်လောင်သဖြင့် သမန္တသီရိဝဏ္ဏဘွဲ့ခံ ဦးရွှေအိကပြန်လည် ပြုပြင်၍ ရွှေသင်္ကန်း ကပ်ကာ စရပ်တန်ဆောင်းများ ဆောက်လုပ်ခဲ့လေသည်။

စေတီတော်မှာ ဥာဏ်တော်အမြင့် ၇၅-တောင်၊ထီးအမြင့် ၁၅-တောင်ရှိ၍ စေတီရံ ၄၁၄-ဆူ ရှိလေသည်။

❀

www.dhammaransi.com

# ရွှေဥမင်စေတီတော် (ပင်းတယမြို့)

ရွှေဥမင်စေတီတော်မှာ ရှမ်းပြည်တောင်ပိုင်း ပင်းတယမြို့ ကျောက်လိုဏ်ဂူကြီးထဲတွင် ကျိန်းဝပ်တော်မူလေသည်။ စေတီတော်ဘေး၌ တောင်ဂူနံရံကျောက်သားတွင် ထွင်းထုသားသော ရုပ်ပွားတော်များလည်း ရှိလေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်ပြီးနောက် မဟာသက္ကရာဇ် ၁၄၈-ခုနှစ် နယုန်လဆန်း ၅ ရက်နေ့တွင် ဓါတ်တော် မွေတော် များကို ရှစ်ပြည်ထောင် ဝေခဲ့သည့်အနက် ဓါတ်တော်များသည် သီရိဓမ္မာသောကမင်းကြီး လက်ထက်တွင် ရဟန္တာတို့၏ ညွှန်ပြ ချက်အရ ဖေါ်ယူပူဇော်ရ၍ စေတီပေါင်း ၈၄၀၀၀- တည်ထားခဲ့ သည်တွင် အနော်ရထာ မင်း စံရာ ပင်းတယကန်အနီး လိုဏ်ဂူ တွင်း၌ စေတီတဆူ တည်ထားခဲ့လေသည်။

ထိုစေတီကို အလောင်းစည်သူ မင်းကြီးလက်ထက်တွင် တိုင်းခန်း လှည့်လည်ခဲ့ရာတွင် ငင့်ဆောင်ခဲ့သော ဓါတ်တော်တို့ အနက် ဓါတ်တော်အချို့ကို ပင်းတယလိုဏ်ဂူတွင်း စေတီတွင် ဌာပနာ၍ ထပ်မံပြုပြင် တည်ထားခဲ့လေသည်။

www.dhammaransi.com



ပင်းတယ ဂူတွင်း၌ ဂူနံရံနှင့် မျက်နှာကျက်များတွင်ပါ မကျန် ရုပ်ပွားတော်၊ စေတီတော် ဥဘဏ်တော်အရွယ်အစားစားကို မရေမတွက်နိုင်အောင် ထုလုပ်ထား၍ ကျောက်စက်၊ ကျောက်စွယ်များလည်း စွန်းထွက်ကျဆိုင်းလျက် နေလေသည်။ ဂူတွင်း၌ ကျောက်စက်ကျ ရေကန်ငယ်လည်း ရှိလေသည်။

ဒါယကာအများက အစဉ်အဆက် ပြုပြင်တိုးဖြည့်၍ နံရံကျောက်သားကို ရုပ်ပွားထုလုပ်ခဲ့သဖြင့် နံရံကျောက်သားအလွတ် မရှိသလောက်ဖြစ်၍ ရုပ်ပွားတော်လည်း မရေမတွက်နိုင်အောင် ရှိလေသည်။ ဂူအဝင်ဝသည် တောင်အတက် လမ်းခုလတ်ပိုင်းတွင် ရှိ၍ ဆောင်းတန်းလှေကားဖြင့် တက်ရောက်ရလေသည်၊ မန္တလေးတောင်ရသေ့ကြီး ဦးခန္တီသည် ဆောင်းတန်း ပြာသာဒ်များ ဆောက်လုပ်လှူတန်းခဲ့လေသည်။

❁

www.dhammaransi.com

# ရှင်ပင်နံ့ကိုင်းစေတီတော် (စစ်ကိုင်းမြို့)

ရှင်ပင်နံ့ကိုင်း စေတီတော် (ရန်အောင်မြင်ဘုရား)သည် စစ်ကိုင်းတောင်ခြေ ရေဝတီ ကမ်းနဖူးပေါ်တွင် ကျိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၄၂၀-ပြည့် နှစ်တွင် ပုဂံပြည်မှ ကြံသိုင်းအမတ်ကြီးသည် ဓါတ်တော်များကို ဌာပနာ၍ ဉာဏ်တော် ၅၅-တောင်မြင့်သော ရန်အောင်မြင် ဘုရားစေတီတော်ကို တည်ထားခဲ့လေသည်။ အင်းဝ သတိုးမင်းခေါင်ဘုရင်က ထင်မံ၍ ပြုပြင် တည်ထားခဲ့ပြန်လေသည်။

ဘုရားပွဲတော်မှာ နှစ်စဉ် ဝါခေါင်လကွယ်နေ့တွင် ကျင်းပမြဲ ဖြစ်လေသည်။

www.dhammaransi.com

# ရှင်ဖြူရှင်လှ စေတီတော် (စစ်ကိုင်းမြို့)

ရှင်ဖြူရှင်လှစေတီတော်များမှာ စစ်ကိုင်းမြို့၊ ရောဝတီမြစ် အနောက်ဖက်ကမ်း မင်းဝံတောင်တန်းရှိ၊ ရှင်ဖြူရှင်လှတောင်ထိပ် တွင် ကျိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၄၅၇-ခုနှစ်တွင် အလောင်းစည်သူမင်းကြီး သည် ပင်လယ်ပြင်သို့ တိုင်းခန်းလှည့်လည်တော်မူရာ မလ္လာကျွန်း တွင် စံနေခိုက် သီဟိုဠ်မင်းကြီး ဆက်သလိုက်သော ဘုရားရှင် သီတင်းသုံးတော်မူရာ ကျောက်ဖျာစွန်းကို ထုလုပ်အပ်သော ရှင်ဖြူဆင်းတုတော်တဆူ၊ ဇမ္ဗူသပြေသားကို ထုလုပ်အပ်သော ရှင်လှဆင်းတုတော်တဆူ၊ သရက္ခန်ငါးဆူ၊ ဓါတ်ပေါင်းမဥ္ဇူတဆူ တို့ကို ပင့်ဆောင်တော်မူခဲ့၍ ဓါတ်တော်မွေတော်နှင့် ရုပ်တုတော် များကို အရပ်ရပ်၌ဌာပနာ၍ ဘုရားစေတီအဆူဆူတည်ထားတော် မူရာ သက္ကရာဇ် ၄၇၀-ပြည့်နှစ်တွင် မင်းကြီးသည် ဘုရားရုပ်တု နှစ်ဆူကိုပင့်၍ ရောဝတီမြစ်အတိုင်း ဖေါင်စကြာဖြင့်ဆန်တက်ခဲ့ လေသည်။

ဖေါင်တော်သည် စစ်ကိုင်းအထက် ချောက်မသို့ ရောက်သော အခါ ဆင်းတုတော်များကျိန်းဝပ်မည်နိမိတ်ထင်၍ ဆင်းတုတော် များကို ဆင်တော်၌တင်၍ အဓိဋ္ဌာန်ပြုတော်မူရာ ဆင်ဖြူသည် ကမ်းထိပ်သို့တက်၍ ဝပ်လေလျှင် ထိုနေရာ၌ ရှင်ဖြူရှင်လှ ရုပ်တု

www.dhammaransi.com



တော်နှစ်ဆူကို ဂူဌာပနာ၍ စေတီတည်ထားလေ၏။ ထိုတောင်ကို နာဂဇေယျာဟူ၍၎င်း နာဂရိမ္မာဟူ၍၎င်း တွင်လေသည်။

ထိုဘုရားကို မင်းအဆက်ဆက် ကိုး ကွယ် ပြု ပြင် ခဲ့ ရာ ဟံသာဝတီရောက် မင်းလက်ထက်တွင် ရှင်လှ ဘုရားတဆူပျောက်ကွယ်၍ ပုဏ္ဏားတော်ာစံဖြူနှင့် ရှင်တေဇောဒီပကို တောင်တွင်းကြီးသို့ပို့လေသည်။ ပျောက်ဆုံးသောဆင်းတုတော်လည်း ပြန်ရောက်လေသည်။ ဘိုးတော်ဘုရားသက်ထက်တွင် ပျောက်ဆုံးမည်စိုး၍ နန်းတွင်းသို့ပင့်၍ ကိုးကွယ်တော်မူလေသည်။ စေတီတော်ကိုလည်း ပြုပြင်လေသည်။

ပုဂံမင်းလက်ထက် ၁၂၁၅-ခုနှစ်တွင် ရှင်ဖြူရှင်လှ ရေဆိပ်မှ ဘုရားခြေတော်ရင်းအထိ တမိုင်ခန့် ရှည်လျားသောလမ်းကို ဖေါက်လုပ်၍ ဆောင်းတန်းများဆောက်လုပ် လှူတန်းတော်မူလေသည်။ ဗြိတိသျှလက်ထက်တွင် နန်းတွင်းမှ ရှင်ဖြူရှင်လှ ရုပ်ပွားတော်များကို ရွှေကြီးမြင့်ဘုရားအတွင်း၌ထား၍ ပြည်သူများကိုးကွယ်ခဲ့ကြလေသည်။

၁၂၇၅-ခုနှစ် နတ်တော်လမှစ၍ ရှင်ဖြူရှင်လှဘုရားနှစ်ဆူကျိန်းဝပ်ရာ ဂန္ဓကုဋီစေတီကို ရသေ့ကြီးဦးခန္တီနှင့် ရေကန်ချောင်ဆရာတော်တို့ ကြီးမှူးတည်လုပ်ခဲ့ရာ ၁၂၇၈-ခုနှစ်တွင် အောက်ခြေ အာလိန်ငါးဆင့်နှင့် မြင့်မိုရ်ပြီးစီးလေသည်။ ဆောင်းတန်းကြီးကိုလည်းပြုပြင်ခဲ့ရာ အလျားပေ-၁၀၄၂၊ အခန်းပေါင်း ၂၃၁-ရှိလေသည်။ ထိုနောက် ၁၃၂၄-ခုနှစ် ဝါဆိုလတွင် ဒီပါမြေချောင်ဆရာတော် ဦးနန္ဒာသီရိကြီးမှူး၍ ထပ်မံတည်လုပ်ပြန်ရာ စေတီတော် ရွှေထီး အထွတ် တင်နိုင်ခဲ့လေသည်။

www.dhammaransi.com

# ရှစ်သောင်းစေတီတော်(မြို့ဟောင်းမြို့)

ရှစ်သောင်းဘုရားမှာ ရခိုင်ပြည်မြောက်ဦးမြို့ (မြို့ဟောင်းမြို့)တွင် ကိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၈၉၇–ခုနှစ် ကဆုန်လပြည့်နေ့တွင် ရခိုင်ဘုရင်မင်းဗာကြီးသည် ဓါတ်တော် မွေတော် ၈-သောင်းနှင့်တကွ၊ ရွှေဆင်းတု ၁၀၈-ဆူ၊ ငွေဆင်းတု ၁၀၈–ဆူတို့ကို ဌာပနာ၍ စေတီတည်လိုသောကြောင့် ကောင်းမြတ်သောမြေနေရာ၌ စတင်အုတ်မြစ်ချတော်မူလေသည်။ ထိုနောက် တန်ဆောင်မုန်းလပြည့်နေ့တွင် ရတနာအမျိုးမျိုးနှင့်တကွ ဓါတ်တော်၊ ဆင်းတုတော်များကိုဌာပနာ၍ ကျောက်စိုင်ကျောက်တုံးတို့ကို ဆစ်ပြီးလျှင်၊ နောင်လာရှစ်သောင်း ဘုရားပေါင်းတို့ကိုလည်း ဖူးမြော်လိုသည်ဟု ကျောက်ညိုဘုရားဆူရေ နှစ်သောင်း၊ ရတနာခုနစ်ပါးဖြင့်ပြီးသော ဘုရားဆူရေ ခြောက်သောင်းတို့ကို မုခ်ဝမုခ်ပျံတို့၌တည်ကာ၊ စေတီတော်ကြီးတည်ထားလေသည်။ စေတီတော်မဟာရာမ်အတွင်း၌ သိမ်ကြီးတဆောင်လည်း ဆောက်တော်မူလေသည်။

www.dhammaransi.com



စေတီတော်အတွင်း ဒုတိယအထပ်၌ မဏ္ဍိုင်ငါးခုကို ဗဟိုပြုလျက်၊ မြတ်စွာဘုရား၏ ၅၅၀-ဇာတ်တော်တွင် ဖြစ်တော်မူခဲ့သည့်ဘဝများကို သရုပ်ဖော်သည့်ချပ်လုံးများ ထုလုပ်ထားလေသည်။ ရုပ်ထုတော်များစွာကိုလည်း စေတီတော်အတွင်း၌ ဌာပနာတိုက်ဖွဲ့၍ တည်ထားလေသည်။

စေတီတော်နှင့်သိမ်ဘောင်ကို ရန်အောင်ဇေယျသိမ်တော်ဟု သမုတ်ခဲ့သော်လည်း ဓါတ်တော်ရှစ်သောင်းနှင့် ဘုရားရုပ်တုတော် ရှစ်သောင်းတို့ကိုအစွဲပြု၍ ရှစ်သောင်းဘုရားဟု ခေါ်တွင်ခဲ့ကြလေသည်။

ထိုဘုရားတွင် နာဂရီအက္ခရာဖြင့် ရေးထိုးထားသော အလျား ၂-ပေခွဲ၊ အနံ ၂-ပေခွဲ၊ အမြင့် ၇-ပေကျော်ရှိသော ကမ္ဗည်းကျောက်စာတိုင်တချပ် စိုက်ထူထားလေသည်။

www.dhammaransi.com

# လောကနန္ဒာစေတီတော်(ပုဂံမြို့)

လောကနန္ဒာစေတီတော်မှာ ပုဂံမြို့တောင်ဖက် သီရိပစ္စယာ ရွာအလွန် ဧရာဝတီမြစ်ကမ်းအနီးတွင် ကိန်းဝပ်တော်မူသော သည်။

သက္ကရာဇ် ၃၇၉-ခုနှစ်တွင် နန်း တက် တော် မူ သော ပုဂံအနော်ရထာမင်းကြီးသည် ၃၉၃-ခုနှစ်တွင် သီဟိုဠ်ကျွန်းသို့ တမန်စေ၍ ဓါတ်တော်ပင့်စေရာ၊သီဟိုဠ်ဘုရင် ဓာတုသေနမင်းက စွယ်တော်ပွားတဆူ ပေးအပ်လိုက်သည့်အတိုင်း၊ ထိုစွယ်တော်ကို အဓိဋ္ဌာန်ပြုတော်မူလျှင် စွယ်တော်တဆူပွားပြန်သဖြင့် ဆင်ဖြူ တော်၌တင်၍ စွယ်တော်ကိန်းဝပ်လိုရာ၌ ဆင်ဖြူတော် ဝပ်စေ သတည်းဟု အဓိဋ္ဌာန်တော်မူလေသည်။ ဆင် ဖြူ တော် သည် တန့်ကြည့်တောင်ထိပ်၌ဝပ်သဖြင့် ထိုတောင်ထိပ်၌ စေတီတဆူ တည်လေသည်။ ထို့ပြင် စွယ်တော်ကိုအဓိဋ္ဌာန်ပြန်ရာ စွယ်တော် တဆူပွားပြန်သဖြင့် ရှေးနည်းအတိုင်း ဆင်ဖြူတော်ပေါ်၌တင်၍ လွှတ်သည်တွင် လောကနန္ဒာအရပ်၌ ဆင်ဖြူတော်ဝပ်ပြန်လေ လျှင် စေတီတော်တဆူတည်ထား၍ လောကနန္ဒာစေတီတော်ဟု သမုတ်တော်မူလေသည်။

www.dhammaransi.com



ထိုနည်းတူပင် စွယ်တော်ပွားတဆူကို ၃၉၃-ခုနှစ်တွင် ပုဂံမြို့အရှေ့ တုံ့ဝပ်တောင် (တူရွင်းတောင်)ထိပ်၌ ဌာပနာ၍ စေတီတည်ထားတော်မူလေသည်။ (ကျောက်ဆည်နယ်) ပျက်တောင်ထိပ်၌လည်း စွယ်တော်ပွားတဆူကိုဌာပနာ၍ စေတီတော်တဆူတည်တော်မူလေသည်။ ထိုအချိန်၌ ရွှေစည်းခုံစေတီတော်မှာ ပစ္စယာသုံးဆင့်မျှသာ ပြီးစီးသေးသည်။ မူလပင့်ဆောင်ရင်း စွယ်တော်ပွားကိုကား ရွှေစည်းခုံစေတီတော်၌ ၄၂၁-ခုနှစ်တွင် ဌာပနာတော်မူလေသည်။

www.dhammaransi.com

# သမန္တစာ စေတီတော် (အမြင့်မြို့)

သမန္တစာစေတီတော်မှာ မုံရွာခရိုင် အမြင့်မြို့ ပေါင်း၀ရွာတွင် ကျိန်း၀ပ်တော်မူလေသည်။

သမန္တစာဘုရားမှာ ရှေးဟောင်း ဘုရားတဆူပင် ဖြစ်လေသည်။ သက္ကရာဇ်၇၆၄-ခုနှစ်တွင်အသခ်ယာစောယွမ်း၏နှောင်တော် တရဖျားကြီးသည် ညီတော်၏ ပင်းယမိဖုရား စောနှောင်းကို ယူ၍ မင်းပြုလေရာ သက္ကရာဇ် ၆၉၇-ခုနှစ်တွင် သားတော် ရွှေတောင်တက်မင်းသားက မိဖုရား ငယ်များနှင့် တိုင်ပင်၍ ခမည်းတော်အားဖမ်းဆီးကာ ထီးနန်းလုယူပြန်လျှင် အခ်ယာစောယွမ်း၏ မိဖုရားနှင့် သားတော် သမီးတော်တို့သည် ထွက်ပြေးတိမ်းရှောင်ရလေရာ သမန္တစာဘုရားသို့ ရောက်ရှိလေသည်။

ထိုအခါ သားတော် ကျစွာမင်းသားသည် ခြေနာ၍ ဘုရားစေတီရှေ့သို့ မ၀င်နိုင်လေသော် မယ်တော် မိဖုရားက သားတော်၏ ၀တ်ရုံကို စေတီတော်၌လှူ၍ မိမိ၏ သားတော် ထီးနန်းရရှိပါက အလှူကောင်းမှုပြုရန် အဓိဋ္ဌာန်လေသည်။

www.dhammaransi.com



ထိုနောက် ကျစွာမင်းသားအားအမတ်ကြီး နန္ဒပကြံက ဝှက်ထား၍ ၇၀၁-ခုနှစ်တွင် ဘိသိက်သွန်းကာ မင်းမြှောက်သဖြင့် ကျစွာမင်းဟု ထင်ရှားလေသည်။ ထိုအခါ အစိဋ္ဌာန်ရင်းရှိသည့်အတိုင်း ၇၀၅ ခုနှစ်တွင် မင်းကြီးနှင့် မယ်တော်က သမန္တဇာ စေတီတော်အား ရွှေသက်န်း ကပ်လှူ၍ ဝတ္တုကံမြေကို လှူတန်းကာ ကျောက်စာ ရေးထိုး စိုက်ထူခဲ့လေသည်။

သက္ကရာဇ် ၁၁၄၇-ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉-ရက်နေ့တွင် အမရပူရမြို့တည် ဆင်ဖြူရှင်မင်းက လှူရင်း ဝတ္တုကံမြေများကို ဆက်လက်လှူတန်း၍ ရေစက်ချကာ၊ ကျောက်စာသစ်ဆင့်ထိုး၍ ထားခဲ့ပြန်လေသည်။

www.dhammaransi.com

# သာမုကန် စေတီတော်(သာမုကန်ရွာ)

သာမုကန်(သာမုခံ)စေတီတော်မှာရန်ကုန်မြို့မြောက်ဖက် မော်ဘီနယ်၊သာမုကန်ရွာ၏ အရှေ့ဖက်ကန်ဘောင်ရှိတောင်ကုန်း မြင့်ပေါ်၌ ကျိန်းဝပ်တော်မူလေသည်။

သာမုကန် စေတီတော်မှာ ကျိုက္ကလို့၊ ကျိုက္ကလဲ့ ဘုရား သမိုင်းများနှင့် ဆက်စပ်လျက်ရှိလေသည်။ မဇ္ဈိမဒေသမှ ရှင်ဃသ၊ ရှင်ဥဿဏနှင့် ရှင်သုစိ အမှူးရှိသော ရဟန္တာများ ပင့်ဆောင်ခဲ့သည့် ဓါတ်တော် မွေတော်တို့ကို သီဟဒီပမင်း၏ မှူး မတ်တို့ ပူဇော်ခွင့် ရရှိ၍ ဌာပနာကာ စေတီတည်ထားကိုးကွယ်ခဲ့သော စေတီတော် တဆူဖြစ်လေသည်။

ထိုတောင်ကုန်းမှာ ကကုသန်ဘုရား လက်ထက်တော်တွင် တန်ခိုး ပြိုင်သော ဘီလူးသည် မာန်စွယ်ကျိုးရာ ဌာနဖြစ်၍ မွန် ဘာသာဖြင့် ဒိုဂနီပရောဟု ခေါ်၍၊ဘီလူးသည် မြတ်စွာဘုရား အဆုံးအမ၌တည်သဖြင့် မြတ်စွာဘုရားသာမုသုံးကြိမ် ခေါ်တော်မူ သဖြင့်လည်းသာမုခံ ဟုခေါ်တွင်ရာမှ၊ ကန်ကိုအစွဲပြု၍ သာမုကန် ဟုခေါ်တွင်ပြီး၊ စေတီတော်ကိုလည်း သာမုကန်စေတီတော်ဟု

www.dhammaransi.com



သမုတ်လေသည်။ ကကုသန်ဘုရားရှင်၏ ဆံတော်နှစ်ဆူကို ဘီလူး ရရှိ၍ ဌာပနာခဲ့လေသည်။

သက္ကရာဇ် ၇၄၅ - ခုနှစ်တွင် နန်းတက်သော ဗညားနွဲ့ (ရာဇာဓိရာဇ်)မင်းက ကျိုက်ဒိုခရ တောင်ထိပ်ရှိ စေတီတော်ကိုငုံ၍ စေတီသစ်တည်ခဲ့ပြန်ရာ မွန်ဘာသာဖြင့် ကျိုက်ဆာခုဟု ခေါ်တွင်၍ သာခုဘုရားဟု ခေါ်တွင်ခဲ့လေသည်။

သက္ကရာဇ် ၁၁၉၆-ခုနှစ်တွင် စေတီတော် ပြိုပျက်သဖြင့် မော်ဘီသူကြီးနှင့် ရွှေပေါက်ပင် ဘုန်းတော်ကြီးတို့ ကြပ်မတ်၍ ပြုပြင်လေသည်။၁၂၀၂-ခုနှစ်တွင်လည်း မော်ဘီသူကြီးမင်း ဗန္ဓုလက ကြပ်မတ်ပြုပြင်ခဲ့ပြီး၊ ၁၂၄၄-ခုနှစ်တွင် ရန်ကုန်မြို့မှ ဦးခ ကရင်း၊ ၁၂၄၈-ခုနှစ်တွင် ရန်ကုန်မြို့ ပုဇွန်တောင်မှ ဦးကုလား မိသားစု တို့ကကြပ်မတ်၍ မော်ဘီမြို့နယ်မှ ဒါယကာများ စုပေါင်း ပြုပြင်ကာ ၁၂၅၀-ပြည့်နှစ်တွင် ထီးတော်တင်ခဲ့လေသည်။

၁၂၆၄-ခုနှစ်တွင် ရန်ကုန်မြို့ကို ရေပေးရန် ကန်ကြီးကို တူးဖေါ်ရာ ဘုရားကုန်းတော်မြေ ပြိုပျက်ရွေ့ပါသဖြင့် ဂေါပက လူကြီးတို့က လျှော်ကြေးတောင်းရာ ငွေတထောင်ကျပ် ရရှိသဖြင့် ၁၂၆၄-ခုနှစ် တန်ဆောင်မုန်းလတွင် စေတီတော်ကို ရွှေသင်္ကန်း ကပ်လှူ၍ ယင်ပြင်တော်အခင်း အုတ်လှေကား ဆောင်းတန်းများ ကို ပြုပြင်ခဲ့ရာ ၁၂၆၅-ခုနှစ်တွင် ပြီးစီးလေသည်။ လှေကားကန် ကိုပင် သာခုကန်ဟူ၍ ခေါ်ဆိုကြလေသည်။

www.dhammaransi.com

# သီဟတော စေတီတော် (သီဟတောရွာ)

သီဟတောစေတီတော်မှာ ရေဝတီမြစ်ညာ သပိတ်ကျဉ်း မြို့နယ် ရေဝတီမြစ်အတွင်းရှိကျွန်းပေါ်တွင် ကျိန်းဝပ်တော်မူလေသည်။

* သီဟတောစေတီတော်သည် သီရိဓမ္မာအသောကမင်းကြီး စေတီပေါင်း ၈၄၀၀၀-တည်ရာတွင် ဓါတ်တော် မွေတော်ကို ဌာပနာ၍တည်ခဲ့သော စေတီတော်ဖြစ်လေသည်။ ထိုစဉ်အခါ သာသနာနှစ် ၂၁၈-ခုနှစ်တွင် သိခ်တောနယ်သူကြီး၊ ချောင်းသလဲသူကြီးတို့သည် သီရိဓမ္မာအသောကမင်းကြီးပေးသော ဓါတ်တော်တဆူကိုပင့်ဆောင်၍ မြတ်စွာဘုရားအလောင်း ခြသေ့မင်းဖြစ်စဉ် ပျော်မွေ့ရာဖြစ်သော သီဟဇေယျဘုမ္မိကျွန်း သီဟတောအရပ်၌ ဥဒေါင်းတော်လေးတောင်မြင့်သော စေတီတော်ကို တည်ထားခဲ့လေသည်။

---

* ရှေးက သိဃ်တောဟုခေါ်တွင်ကြောင်း ဦးကုလား မဟာရာဇဝင်ကြီး ပထမတွဲ စာမျက်နှာ ၂၃၈-၌ ဖေါ်ပြသည်။

www.dhammaransi.com



ထိုနောက် သက္ကရာဇ် ၄၆၂-ခုနှစ်တွင် အလောင်းစည်သူမင်း တိုင်းခန်းလှည့်လည်ရာ ထိုသီဟဗေယျာဘုမ္မိကျွန်းသို့ ရောက်လေသော်ကုန်းတော်အလယ်မှရောင်ခြည်တော်ကွန့်မြူး၍ရွှေကြက်တိမ်ညင် ပျံ့ဝဲပြသည်ကို တွေ့မြင်ရ၍ ချုံနွယ်တို့ကို ရှင်းလင်းရာ စေတီတော် ဖူးတွေ့ရလျှင် ထိုနှစ် တပေါင်းလဆန်း ၁၃-ရက်နေ့၌ ကြီးစွာသောပူဇော်ခြင်းပြု၍ ခရီးဆက်တော်မူလေသည်။

ထိုနောက်မင်းကြီးသည် သမုဒ္ဒရာသို့ တိုင်းခန်းလှည့်လည်ရာ မလ္လာယကျွန်းသို့ရောက်စဉ် သီဟိုဠ်မင်းဆက်သော သရက္ခ ရုပ်ပွားတော် ၅-ဆူကို ပင့်တော်မူခဲ့ပြီးနောက်၊ ထိုရုပ်ပွားတော် တဆူကို သီဟတောဘုရား၌ ဌာပနာ၍၊ စေတီတော်ကို ၃၂-တောင်မြှင့်၍ တည်တော်မူလေရာ ၄၆၇-ခုနှစ်တွင် ပြီးစီးခဲ့လေသည်။ စေတီလိုဏ်အတွင်း၌ ရွှေစင် ၁၀-ပိဿာကို ဥဘဏ်တော် ၁၈-လက်မရှိရုပ်ပွားတော်သွန်း၍ အတွင်း၌သရက္ခ ရုပ်ပွားတော်ကိုသွင်း၍ ဌာပနာခဲ့လေတည်။ အလောင်းစည်သူမင်းကြီးသည် ထိုနှစ် တပေါင်းလတွင် ပွဲသဘင်ခံ၍ မှူးမတ်တို့က ရေဝဝင်မြစ် အရှေ့ဖက်ကမ်း ရွှေမြင်တင်တောင်ပေါ်တွင် ရွှေမြင်တင်စေတီတော်ကို တည်ကြလေသည်။ မိဖုရားကြီးကလည်း သီဟတောရွာ တောင်ဖက်ဘွင် စေတီတဆူတည်ခဲ့လေသည်။ သီဟတောဘုရားတွင် နတ်ဆေးကျောက်ပျဉ်ကိုလည်း လှူခဲ့လေသည်။

ထိုနောက် ၇၂၀-ခုနှစ်တွင် သတိုးမင်းဖျား၏ မိဖုရားခေါင်ကြီးက စေတီတော်ကိုပြုပြင်၍ ရွှေသင်္ကန်းကပ်လှူခဲ့လေသည်။ ထိုနောက် ၁၁၈၀-ပြည့်နှစ် တပို့တွဲလဆုတ် ၃-ရက်နေ့

www.dhammaransi.com



တွင် ဘိုးတော်မင်းတရားသည် သီဟတောစေတီသို့ ကြွရောက်ဖူး မြော်၍ စေတီတော်ကို ကျောက်အင်္ဂုတ်တို့ဖြင့်မွမ်းမံကာ ရွှေထီးတင် တော်မူလေသည်။ မင်းတုန်းမင်းကြီးလက်ထက်တွင် စေတီတော် အရှေ့မုခ်အရဏ်ခံ ပြာသာဒ်ကိုဆောက်လုပ်၍ ၁၂၃၄-ခုနှစ် တပို့တွဲလဆုတ် ၁၄ ရက်နေ့တွင် ရေစက်ချလှူတန်းတော်မူလေ သည်။ ၁၂၅၇-ခုနှစ်တွင် မိုးကုတ်မြို့မှ ဦးမှတ်၊ မယ်ငြိမ်းမိသားစု တို့ကပြုပြင်ခဲ့၍ သပိတ်ကျဉ်းဆရာတော် ဦးဥက္ကံသကလည်း ထပ်မံ ပြုပြင်ခဲ့လေသည်။ ၁၃၁၄-ခုနှစ်တွင် ရာကျော်ဆရာတော်ကရင်း၊ ၁၃၁၈-ခုနှစ်တွင် သစ်တောမင်းကြီး ဦးစောလင်းနှင့် ဒါယကာ များက ထပ်မံပြုပြင်၍ အခြားဒါယကာအများကလည်း အဆက် ဆက် လှူတန်းပူဇော်ခဲ့ကြလေသည်။

www.dhammaransi.com

# သိင်္ဃိုဠ်ရှင် (သီဟိုဠ်ရှင်) ဘုရား (ပခုက္ကူမြို့)

သိင်္ဃိုဠ်ရှင်ဘုရားမှာ ပခုက္ကူမြို့၌ ကျိန်းဝပ်တော်မူလေသည်။ ထိုအရပ်ကို ရှေးအခါက၊ မြစ်မကိုင်း၊ မြစ်ကိုင်း၊ မြင်သာစသည်ဖြင့် ခေါ်တွင်ခဲ့လေသည်။

သက္ကရာဇ် ၄၂၈-ခုနှစ်တွင် ကျန်စစ်မင်း၏ သမီး ရွှေအိမ်သည်နှင့် စောလူးမင်း၏သား စောယွမ်းမင်းငယ်တို့မှ ဖွားမြင်သော အလောင်းစည်သူ (သီရိဇေယျသူရ)သည် ၄၅၄-ခုနှစ်တွင် မင်းအဖြစ်သို့ ရောက်ပြီးနောက် သမုဒ္ဒရာတွင် အံ့ဩဘွယ်တို့ကို ကြည့်ရှုလိုသဖြင့်တကြောင်း၊ နိုင်ငံပြည်နားတို့၌ ကင်းတိုကင်းရှည်တို့ကို စီမံချထားရန်တကြောင်း၊ ဖေါင်စကြာဖြင့် တိုင်းခန်းလှည့်လည်ရာမှ (သိင်္ဃိုဠ်) သီဟိုဠ်ကျွန်းသို့ ဆိုက်ရောက်တော်မူလေသည်။

ထိုအခါ သီဟိုဠ်မင်းက လက်ဆောင်ပဏ္ဏာများဆက်သ၍ ရှင်မဟာကဿပထေရ် ဓုတင်ကျင့်နေဟန် ရုပ်တုတော်တို့ကို ဆက်သလေသည်။ အလောင်းစည်သူမင်းကြီးသည် ထိုမှတဖန် ဇမ္ဗုသပြေပင်ကျွန်းနှင့် မလ္လာယုကျွန်းများသို့ ဆိုက်ရောက်ခဲ့လေသည်။ ထိုအခါတွင် သီဟိုဠ်မင်းသည် အလောင်းစည်သူမင်းအား

www.dhammaransi.com



လောကီလက်ဆောင်များဖြင့်သာ ဆက်သရသည်ကို မကျေနပ်သဖြင့် သီရိမေဃာအသောကမင်းက ဒေဝါနံ ပိယ တိဿမင်းကြီးအား ဆက်သခဲ့သော မဟာဗောဓိအနွယ်ဖြစ်သည့် အနုရာဓမြို့အနီး ဗောဓိညောင်ပင်ကြီးမှ မဟာဗောဓိသားကို ပင့်ဆောင်၍ ဒက္ခိဏသာခါရုပ်တုတော် ထုလုပ်ပြီးလျှင် စန္ဒကူးသရက္ခန်စသော နံ့သာသစ်အပေါင်းတို့ဖြင့် မွမ်းမံပြီးနောက် လှေယာဉ်ဖြင့်တင်ကာ မလ္လာယုကျွန်းအနီး သမုဒ္ဒရာထက်၌ အလောင်းစည်သူမင်းကြီးအား ဆက်သလေသည်။

အလောင်းစည်သူ မင်းကြီးလည်း လွန်စွာပီတိဖြစ်လျက်ကြီးကျယ်စွာပူဇော်လက်ခံ၍ သီဟိုဠ်မင်းဆက်သသည် ဖြစ်သောကြောင့် သီဟိုဠ်ရှင်၊ (သီဟိုဠ်ရ)ဟူ၍ သမုတ်တော်မူပြီးလျှင် ပုဂံပြည်သို့ ပြန်လည်ခဲ့ရာ ၄၇၇-ခုနှစ်တွင် ရောက်ရှိလေသည်။ မင်းကြီးသည် သမုဒ္ဒရာခရီးမှပင့်ဆောင်ခဲ့သော ရုပ်တုတော်များ၊ သရက္ခန်ဘုရားနှင့် ဒက္ခိဏသာခါဘုရားတို့ကို ပွဲသဘင်ဖြင့် ပူဇော်လေသည်။

ထိုနောက် သက္ကရာဇ် ၄၇၉-ခုနှစ်တွင် မင်းကြီးသည် နန်းတော်ဦး၌ တပါးတည်းကိုးကွယ်သည်ထက် အများပြည်သူတို့ သာသနာအရှည် ကိုးကွယ်နိုင်စိမ့်သောငှာ စေတီတော်တည်၍ ဌာပနာရန် ဆန္ဒဖြစ်ပေါ်သည့်အတိုင်း ရုပ်တုတော်ကျိန်းဝပ်အပ်သည့်အရပ်ကို ရှာဖွေလေသည်။ မင်းကြီးသည် သီဟိုဠ်ရှင် ရုပ်တုတော်ကို ဖေါင်ယာဉ်ထက်တွင်တင်ကာ၊ ရုပ်ထုတော် ကျိန်းဝပ်တော်မူလိုရာအရပ်၌ ထူးခြားသောနိမိတ် တွေ့မြင်ရစေသော်ဟု

www.dhammaransi.com



အစိုးဌာန်ပြုပြီး လျှင် ပုဂံနေပြည်တော်မှ ဧရာဝတီမြစ်ကြောင်းဖြင့် အထက်အညာသို့ ဆန်တော်မူလေသည်။

ဖေါင်တော်လည်း ကူးခန်းအရပ်သို့ရောက်လျှင် မြစ်မကွေ့ကိုင်းရာနေရာအရပ်၌ ရပ်တံ့လေလျှင် မင်းကြီးသည် ဖေါင်တော်ကိုကမ်းသို့ကပ်လျက် မြေညီညွတ်ရာအရပ်ကို ရှာဖွေလေသည်။ ထိုအခါ မြစ်ရေကြည်တွင် ကြာပွင့်ကြီး များ ပွင့်ခြင်း၊ သဲသောင်ရှုတ်ဇရက်ပေါ်ထွန်းခြင်း၊ ဥဗျိုင်း ငှက်အုပ် ပျံကျလာခြင်း စသော နိမိတ်ထူးကြီးများ ဖြစ်ပေါ်လေသည်။ မင်းကြီးသည် ရဟန္တာများ၏ အကူအညီဖြင့် မြေကောင်းမြေမြတ်ကို ရွေးစစ် တွေ့ရှိတော်မူပြီးသော် ၄၇၉-ခုနှစ် တန်ဆောင်မုန်း လ တွင် မုဋ္ဌောစေတီတော်ကို စတင်တည်စေရာ၊ တန်ခူးလတွင်ပြီး စီ လေလျှင် ရတနာအပေါင်းတို့ကိုဂုဏ်း၊ ရုပ်ထုတော်အဆူဆူကိုဂုဏ်း ဌာပနာတော်မူလေသည်။

လိုဏ်ဂူ အလျားအနံ ၂၁-တောင်၊ အမြင့် ၃၆-တောင်မျှ ရှိ၍၊ ထိုလိုဏ်ဂူတွင်းသို့ သိဟိုဠ်ရှင် ရုပ်တုဒေဘ်ကို ရတနာတို့ဖြင့် ပူဇော်၍ ထည့်သွင်းလေသည်။ ထိုဘုရားတည်ရာ ကျွန်းမြေကို မဟာရမ်ဘံတိုင်း ကာရံ၍ မြစ်မ ကိုင်းကျွန်းဟူ၍ သမုတ် လေသည်။ (ထို ကျွန်းနေရာမှာ ယခုအခါ ကုန်းပြင်တစပ်တည်း တည်ထွန်းလျက် ရှိနေလေသည်။) မင်းကြီးသည် အဘူးထူး ပူဇော်၍ ဝတ္ထုကံမြေများလည်း လှူတော်မူလေသည်။ နှစ်စဉ် သင်ပုတ်ဝတ်

● ဘာဝိဋ္ဌာ ၁၈။

www.dhammaransi.com



သီမီးဝတ်များလည်း ပြုတော်မူလေသည်။ ထိုအခါကစ၍ သီဟိုဠ်ရှင် မြတ်စွာဘုရားဟူ၍ ထင်ရှားခဲ့လေသည်။

သက္ကရာဇ် ၁၁၇ဂ-ခုနှစ်သို့ရောက်သောအခါ စေတီတော် ချို့ယွင်း ပျက်စီးသည်ကို မြင်သာရွာအုပ်ကြီးက စေတနာထက်သန်စွာ ပြုပြင်ကာ သီဟိုဠ်ရှင် ရုပ်တုတော်နှင့် ပမာဏ တူသော ရုပ်တုနှစ်ဆူထုလုပ်၍ လက်ဝဲ လက်ျာ ရံထား ပူဇော်လေသည်။ ထိုနှစ် ဝါဆိုလဆန်း ၁၀-ရက်နေ့တွင် စေတီတော်ကိုလည်း ထီးတော် တင်လေသည်။ ထိုနောက် ၁၂ဂ၄-ခုနှစ် ကဆုန်လတွင် ဒေါ်လေးကြီးက ပြုပြင်ပြန်၍ ဖိနပ်တော် ၅၅-တောင် ရှိသော ဂန္ဓကုဋိတိုက်ကိုလည်း လှူတန်းလေသည်။

သီဟိုဠ်ရှင်ဘုရား ဂူလိုဏ်စေတီတော်မှာ ဖိနပ်တော် စတုရန်း အလျားအနံ ၅၅-တောင်ရှိ၍ စေတီဥာဏ်တော်မှာ ထီးတော်အထိ ၇၄-တောင် မြင့်လေသည်။ ၁၂ဂဂ-ခုနှစ်တွင် အပြီးသတ် တည်ဆောက်ပြီးစီး၍ ပွဲတော်ကြီးကျင်းပခဲ့လေသည်။

ဘုရားပွဲတော်ကျင်းပမြဲမှာ နှစ်သစ်ရေသွန်းပွဲတော်၊ နယုန်လဆန်း ဂ-ရက်မှ လဆုတ် ၂-ရက်နေ့အထိ သင်ပုတ်ဝတ်၊ ဆီမီးဝတ်၊ ပန်းဝတ်ပွဲတော်ကြီးနှင့် သီတင်းကျွတ်လပြည့်နေ့ ဆွမ်းတော်ကြီးတင် ပွဲတော်များ ဖြစ်လေသည်။

❀

www.dhammaransi.com

# သေဠမာရ်အောင်ဘုရား (ဘားအံမြို့)

သေဠမာရ်အောင်ဘုရားမှာ ဘားအံမြို့ မြောက်ဖက်ပိုင်း ဗိုလ်ချုပ်လမ်းထောင့်တွင် ကျိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၁၂၈၁-ခုနှစ်တွင် ဘားအံမြို့ရဲကျောင်း ဘုန်းတော်ကြီး ဦးအာဒိစ္စရန်က ကြီးမှူး၍ တိုင်းရင်းသား ဒါယကာ အများစုပေါင်းလျက် သာသနာတော် ပွင့်လင်း စည်ပင်စေရန် ရည်ရွယ်ချက်ဖြင့် ကြေးသွန်းရုပ်ပွားတော်ကြီးကို သွန်းလုပ် တည်ထားခဲ့ကြလေသည်။

သက္ကရာဇ် ၁၂၈၄-ခုနှစ် ကဆုန်လပြည့်နေ့တွင် ရုပ်ပွားတော်ကြီးပြီးစီး၍ အချိန် ၄၆၀၀-ပိဿာကြေး ပါဝင်လေသည်။ ဉာဏ်တော်မှာ ၉-တောင် ၁ မိုက်ရှိ၍ တင်ပြင်ခွေ ရုပ်ပွားတော်ကြီး ဖြစ်လေသည်။ ထိုရုပ်ပွားတော်ကြီးကို အရှေ့ဖက်သို့ မျက်နှာမူစေလျက် ကျောက်စံကျောင်းတော်ဖြင့် ပင့်ဆောင်ကိုးကွယ်ထားလေသည်။ ဘွဲ့တော်ကိုလည်း မာရ်ငါးပါး အောင်မြင်တော်မူသော မြတ်စွာဘုရားကို ကိုယ်စားပြု၍ သေဠမာရ်အောင် ဟူ၍ သမုတ်ခဲ့လေသည်။

နှစ်စဉ် တပို့တွဲလ၌ ဘုရားပွဲတော် ကျင်းပမြဲ ဖြစ်လေသည်။

www.dhammaransi.com


# သဗ္ဗညုစေတီတော် (ပုဂံမြို့)

သဗ္ဗညုစေတီတော်မှာ ပုဂံမြို့တော်ဟောင်း၏ အရှေ့ယောင်ဖက် မြို့ရိုးတွင်း၌ ကျိန်းဝပ်တော်မူလေသည်။ သဗ္ဗညုစေတီတော်မှာ လိုဏ်စေတီဖြစ်၍ အဆန်းတကျယ် တည်ထား သောကောင်းမှုတော်ဖြစ်လေသည်။

သက္ကရာဇ် ၄၇၄ ခုနှစ်တွင် ပုဂံပြည်၌ အလောင်းစည်သူမင်းကြီး နန်းတက်တော်မူပြီးနောက် ၄၇၅-ခုနှစ်တွင် မင်းကြီးသည် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ သာဝတ္ထိပြည် အရှေ့မျက်နှာရှိ ပုဗ္ဗာရုံကျောင်းတော်သဏ္ဌာန်ထူးခြားသောစေတီတော်တည်လိုသဖြင့် ရှင်အရဟံ၊ စိမ်းညက်မဟာထေရ်၊ ရှင်အာနန္ဒာစသော ရဟန်း သံဃာတော်တို့နှင့် မှူးမတ်တို့ကို တိုင်ပင်ကာ အတွင်းလိုဏ်များနှင့် အမြင့်ဉာဏ်တော် အတောင် ၁၆၀-ရှိသော သဗ္ဗညုစေတီတော်ကြီးကို တည်တော်မူလေသည်။

ထိုစေတီတော်ကြီးတွင် အရပ်ရပ်မှ ပင့်ဆောင်ခဲ့သောဓါတ်တော်များကို ဌာပနာ၍ မလည်တောင်ခြေမှ ရရှိသော ပတ္တမြားတို့ကို ပေါက်ပေါက်ကြဲဖြန့်ကာ ပူဇော်လေသည်။

(ကြိုပ်ဂ်)ငှသေခ်ုက်းထဲငင-၊၉၆၈



www.dhammaransi.com

www.dhammaransi.com

# သမ္ဗုဒ္ဓေစေတီတော် (မိုးညှင်း၊ မုံရွာမြို့)

သမ္ဗုဒ္ဓေစေတီတော်မှာ မုံရွာမြို့ တောင်ဖက် ၆-မိုင်ကွာရှိ မိုးညှင်းတောရတွင် ကျိန်းဝပ်တော်မူလေသည်။

မိုးညှင်းဆရာတော်ကြီးသည် လူအပေါင်းတို့ အန္တရာယ်ကင်းဝေးစေရန်၊ ပွင့်တော်မူလေပြီးသော ဘုရားရှင် ၅၁၂၀၂၈-ဆူတို့ကို ရည်မှန်း၍ ဘုရားရုပ်တုတော်ပေါင်း * အညီအမျှ ကျိန်းဝပ်တော် မူနိုင်စေရန် လိုဏ်စေတီတော်ကြီးကို ၁၂၈၁-ခုနှစ် သီတင်းကျွတ် လပြည့်နေ့တွင် စတင်၍ တည်ထားခဲ့လေသည်။ ဒါယကာအများ၏ စေတနာဖြင့် ရုပ်ပွားဆင်းတုတော်များကို တပုံစံတည်းထုလုပ်စေ၍ လိုဏ်တွင်းနံရံတိုက်ခန်းနှင့်မျက်နှာကျက်များတွင် ရုပ်ပွားတော်များ ကျိန်းဝပ်တော် မူစေလေသည်။ ဂန္ဓကုဋိတိုက်တော်ကြီး၏ အထက်စေတီတော်ကိုလည်းစေတီရံအများ ရံလျက် တည် တော် မူ လေ သည်။ စေတီတော်မှာ ဖိနပ်တော်အတောင် ၁၀၀-ခန့်ရှိ၍၊ ဥဏှီးတော်အတောင် ၈၈-ရှိပြီး စေတီ

* ရုပ်ပွားတော်ပေါင်း ၇၂၈-ဆူပို၍၊ ၅၇၃၈၈၈-ဆူ တည်ထားကြောင်းနှင့် မိုးညှင်းသမ္ဗုဒ္ဓေ သတင်းစုံ စာအုပ် စာမျက်နှာ ၄၅-၌ ဖော်ပြထားလေသည်။

www.dhammaransi.com




ယေ် ၄၇၁-ဆူရှိလျက် ရှိလေသည်။ ၁၃၀၃-ခုနှစ်တွင် ပြီးစီးအောင် မြင်လေသည်။

စေတီတော်ကို သမ္မုဒ္ဒေ ကပ်ကျော်စေတီတော်ဟူ၍ ဘွဲ့ တော်သမုတ်လေသည်။ မိုးညှင်းတောရမှာ အင်း၀ မိုးညှင်းမင်း လက်ထက်က စည်းခုံစေတီတော်နှင့် ရွှေ ကျောင်း တော် ကြီး ဆောက်လုပ် လှူတန်းခဲ့ရာဌာနဖြစ်လေသည်။

စေတီတော်တွင် မြတ်စွာဘုရား ဓါတ်တော် ၃၇၄၄၆-နှင့် ရဟန္တာဓါတ်တော် ၆၅၀၀၀-တို့ကိုလည်း ဌာပနာ ထားလေ သည်။ စေတီတော် ပတ်ဝန်းကျင်တွင် ၄၇-ပေခွဲမြင့်သော တံခွန် တိုင်၊ တိရတနပါသာဒ ပြာသာဒ်၊ အရှေ့ဏ်ခံစောင်းတန်း ဣန္ဒာသ ယ ပန်းစေတီ၊ အဘယစေတီ၊ ဆဒ္ဒန်ရေကန်၊ အာလိန်ငါးဆင့် စူဠာမဏိစေတီ၊ မုစလိန္ဒာရေကန်၊ ဓမ္မာရုံစသည်တို့ကိုလည်း တည် ထားခဲ့လေသည်။

သမ္မုဒ္ဒေဘုရားပေါင်း ရေတွက်ပုံမှာ စိတ်ဖြင့် ဘုရားဆုပန် သော ၇-သင်္ချေတွင် ဘုရားပေါင်း ၁၂၅၀၀၀ နှုတ်ဖြင့် ဘုရား ဆုပန်သော ၉-သင်္ချေတွင် ဘုရားပေါင်း ၃၈၇၀၀၀-နှင့် လေး သင်္ချေနှင့် ကမ္ဘာတသိန်းတွင် ပါရမီဖြည့်သော ဘုရားပေါင်း ၂၈-ဆူအားဖြင့်၊ ပေါင်း ၅၁၂၀၂၈-ဆူဖြစ်လေသည်။ (အကျယ်ကို ဇာတာတော်ပုံ ရာဇဝင် စာမျက်နှာ ၁၁-တွင်ရှုပါ။)



သမ္ဗုဒ္ဓေ-ဘုရားပုံတော်(မိုးညှင်း)

www.dhammaransi.com

www.dhammaransi.com

# အကျွတ်အလွတ် စေတီတော် (ပဲခူးမြို့)

အကျွတ်စေတီတော်နှင့် အလွတ်စေတီတော်တို့မှာ ပဲခူးမြို့ အနောက်တောင်ဖက် မဇင်းချောင်း၏ တောင်ဖက်တောအတွင်း ၌ ကိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၇၇၅-ခုနှစ်တွင် ရာဇာဓိရာဇ်၏သားတော် ဗညားဓမ္မရာဇာသည် ဟံသာဝတီ၌ နန်းတက်ရာ တိုင်းပြည် မငြိမ်းမချမ်း ရှိလေလျှင် မင်းကြီးလည်း စိတ်လက်မသာ ရှိတော်မူလေသည်။ ထိုအခါ ပန်းရံ တောင်ငူ အရှင်မြတ် ကြွလာတော်မူ၍ မင်းကြီး အား တရားဟောပြောသဖြင့် မင်းကြီးသည် အကုသိုလ်စရိုက်တို့မှ ကျွတ်လွတ်ခွင့် ရရှိသည့်အတိုင်း၊ ဟံသာဝတီမြို့တော် အနောက် သုဝဏ္ဏမဟီကုန်း၌ စေတီတည်ပြီးလျှင် နန်းစဉ် ကိုးကွယ်ခဲ့သော ဒက္ခိဏာသာခါ ရုပ်ပွားတော်နှင့် ဓါတ်တော် သုံးဆူတို့ကို ဌာပနာ ခဲ့လေသည်။ မင်းကြီးဝတ်ဆင်သော မကိုဋ်တော်နှင့် ပတ္တမြားတို့ ကိုလည်း ဌာပနာ၍ စေတီတော်ကို ထီးတော်တင်ကာ ရွှေသင်္ကန်း ကပ်လှူခဲ့လေသည်။ ထိုစေတီတော်အပြင် ကုန်းအနီး မြောက် ယွန်း၌လည်း ဓါတ်တော်များဌာပနာ၍ စေတီတဆူ တည်ထားခဲ့ ရာ ထိုစေတီတော်တို့ကို အကျွတ်စေတီ၊ အလွတ်စေတီဟူ၍ ခေါ် တွင်လာခဲ့လေသည်။

www.dhammaransi.com



ထိုစေတီတော်များသည်နှစ်ကာလကြာရှည်၍ တော အုပ်ဆိုင်း ပျောက်ကွယ်ခဲ့ရာ ရန်ကုန်မြို့ နာဂလိုဏ်ဂူ ကလေးဝတောကျောင်း ဆရာတော် ဦးသာဂရ ဦးဆောင်လျက် ၁၃၂၁-ခုနှစ် ကဆုန် လဆန်း၉-ရက်နေ့တွင် ရှာဖွေဖူးမြင်ရသဖြင့် တောချုံများကို ရှင်း လင်းကာ၊ ၁၃၂၄ ခုနှစ် တန်ခူး လပြည့်ကျော် ၅-ရက်နေ့မှစ၍ ဆရာတော် ကြီးကြပ်နိုးဆော်၍ စေတီဟောင်းနေရာတွင် စေတီ ငယ်တဆူစီ တည်ထားခဲ့လေသည်။ ထိုနောက် ကဆုန်လဆန်း ၃- ရက်နေ့တွင် စေတီနှစ်ဆူကို ထီးတော်တင်၍ အနေကဇာ တင်ပွဲ ကျင်းပခဲ့လေသည်။

www.dhammaransi.com

# အာနန္ဒာဘုရား (ပုဂံမြို့)

အာနန္ဒာ (အနန္တ) လိုဏ်စေတီတော်မှာ ပုဂံမြို့ အရှေ့ဖက် သရပါ တံခါးအနီးတွင် ရှိလေသည်။

အာနန္ဒာဘုရားကို ကျန်စစ်မင်းကြီး တည်ထားခဲ့လေသည်။ ကျန်စစ်မင်းကြီးသည် ခမည်းတော်၏ ရွှေစည်းခုံစေတီတော်ကို ပြီးစီးအောင် တည်ထားပြီးနောက်၊ ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးသော ဘုရားလေးဆူတို့အား ရည်မှန်း၍ ဘုရားရုပ်ပွားတော် လေးဆူနှင့် လိုဏ်ဂူစေတီတည်ထားရန် အကြံဖြစ်လေသည်။

ကျန်စစ်သားမင်းကြီးသည် ဂန္ဓမာဒနတောင် နန္ဒမူလလိုဏ်မှ ကြွလာတော်မူသော ရဟန္တာတို့အား လျှောက်ထားတောင်းပန်၍ ထိုနန္ဒမူလလိုဏ်၏ ပုံစံအတိုင်း သက္ကရာဇ် ၄၅၂-ခုနှစ်တွင် လိုဏ်စေတီကို တည်တော်မူလေသည်။ အတွင်း၌ မတ်ရပ်တော် လေးဆူကို အရပ်လေးမျက်နှာသို့ မျက်နှာမူလျက် တည်ထားလေသည်။

ဂူအတွင်း၌ ဗုဒ္ဓဝင်ဆိုင်ရာရုပ်ပုံများကို ကျောက်သားပေါ်၌ ထွင်းထု၍ထားလေသည်။ ရှင်အရဟံပုံတော်နှင့် မင်းကြီးဝတ်ပြုနေဟန် ပုံတော်တို့ကိုလည်း ထွင်းထုလေသည်။ မုခ်လေးမျက်နှာတွင် တံခါးမုခ်တပ်ဆင်၍ အမွှမ်းအပြောက်တို့ဖြင့် ထူးခြားဆန်းကြယ်စွာ မွမ်းမံစေလေသည်။

www.dhammaransi.com




စေတီတော်ဌာပနာတိုက်တွင်ကား လက်သန်းဓါတ်တော် သွားတော်ဓါတ်တော်၊ ဦးခေါင်းတော်ဓါတ်တော်၊ ပုဆစ်ဂုံညှင်း တော်ဓါတ်တော်၊ လည်ရိုးတော် ဓါတ်တော်၊ ပါးစောင်တော် ဓါတ်တော်၊ဆံတော်ဓါတ်တော်အားဖြင့် ဓါတ်တော် ၇-ဆူတို့ကို ကျောက်ခွက်နှင့်ထည့်၍ ရွှေစင်သွန်းသော ဓါတ်တော် ကြုပ်၌ သွင်း၍ ဌာပနာလေသည်။ သရီရဓါတ်တော် မွေတော်များနှင့် ရဟန္တာများ၊ ဇော်ဂီများ ပင့်ဆောင်ပေးသော သင်းပိုင်တော်၊ ကွမ်းရိုးနှယ်ဒန်ပူတော်၊ ဓါတ်တော်များကိုရင်း မင်းအဆက်ဆက် ကိုးကွယ်ခဲ့သော ဓါတ်တော်မွေတော်တို့ကိုရင်း ဌာပနာ၍ များ စွာသော ရတနာတို့ကိုလည်း လှူတော်မူလေသည်။ နတ်သားရုပ် များ၊မင်းစဉ်ရုပ်များ၊ မြတ်စွာဘုရား ရုပ်ပွားတော် များကိုလည်း သွန်းလုပ်ဌာပနာလေသည်။

စေတီတော်အပြင် ဖိနပ်ခုံပစ္စယံ ကမ္ဗတ်များတွင် မာရ်နတ် ၏ စစ်သည်တို့ စစ်ထိုးဟန် စဥ့်ကွင်းရုပ်များ မွမ်းမံထားလေသည်။ ဘီလူးစစ်သူကြီး၊ နတ်မင်းကြီးများနှင့်၊ ကိန္နရာ၊မျောက်၊ ဘီလူး၊ နဂါး၊ဂဠုန်တို့၏ ရုပ်ပုံများနှင့် ဘုရားပရိသတ် ပုံ များ ကိုရင်း၊ မနုဿသီဟရုပ်၊ မကာရ်းရုပ်၊ ငါးရာ့ငါးဆယ် ဇာတ် တော်ဆိုင်ရာ စဥ့်ကွင်းရုပ်များကိုရင်း ပြုလုပ်မွမ်းမံထားလေသည်။

လိုဏ်နံရံတို့၌ သွန်းအပ်သော ဘုရားရုပ်တု၊ ဇာတ်ရုပ်တု များ၊ ရဟန္တာရုပ်၊ နတ်ရုပ်စသည်တို့ကိုလည်း ထားလေသည်။ မီးတားမဟာရာမ်တန်တိုင်း တို့ကိုလည်း ကောင်းစွာ ပြုလုပ်တော် မူလေသည်။ ကျွန်စစ်မင်းကြီးသည် ဝတ္ထုကံမြေ၊ အာရာမ်စောင့် ကျွန်သီးတော်တို့ကိုလည်း လှူလေသည်။

(ဍြုပ်ဂ်)ငှ ဃေခဂါံ ယှ်ငင-ငိန္ဍေဿ



www.dhammaransi.com

www.dhammaransi.com

# အံတော် စေတီတော် (သံတွဲမြို့)

အံတော်စေတီတော်မှာ သံတွဲမြို့တွင် ကျိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၁၁၇၇-ခုနှစ်တွင် သံတွဲမြို့စား အိမ်ရှေ့မင်း ဖစော်ဘွဲ့ရီမင်းဗာကြီး၏ လက်ထက်တော်တွင် ရခိုင်ပြည်မှ သီဟိုဠ်ကျွန်းသို့ သာသနာပြုရဟန်းတော်များ ကြွရောက်ရာ၊ သံတွဲမှ ရှင်တေဇောရသဆရာတော်နှင့် မြောက်ဦးမြို့ မြောက်တန်ဆောင်း ဆရာတော် ဓမ္မဝိလာသ ဆရာတော် နှစ်ပါးတို့သည် အပြန်တွင် စေတီပျက်တဆူမှ မြတ်စွာဘုရား အံတော်မြတ်ကို တွေ့ရှိသဖြင့် ပင့်ဆောင်ခဲ့ကြလေသည်။ သံတွဲမြို့သို့ ရောက်သောအခါ မင်းဗာကြီးအား အပ်နှင်းသဖြင့် မင်းဗာကြီးသည် ရိုသေစွာပင့်ဆောင်၍ ပါသုရတောင်ထိပ်တွင် စေတီတည်၍ ဌာပနာလေသည်။

မင်းဗာကြီးသည် မြောက်ဦးမြို့တွင် ၁၁၉၈-ခုနှစ်၌ မင်းအဖြစ်သို့ ရောက်ရှိလေရာ၊ထိုဓါတ်တော်၊အံတော်တို့ကို ပင့်ဆောင်၍နန်းတော်ဦး၌ ပတ္တမြားကလာပ်နှင့်ပင့်ဆောင်ပူဇော်လေသည်။ (ထိုနောက်တွင်မှ ရှစ်သောင်း သိမ်တော်ကြီးအနီးတွင် အံတော်သိမ် စေတီတဆူကိုလည်း တည်ခဲ့လေသည်။ အံတော်သိမ် စေတီ ကောင်းမှုရှင်ကား မထင်ရှားချေ။)

www.dhammaransi.com

# အောင်မြေလောကစေတီတော်(စစ်ကိုင်း)

အောင်မြေလောကစေတီတော်မှာ စစ်ကိုင်းမြို့တွင် ကျိန်း ဝပ်တော်မူလေသည်။

ဘိုးတော်ဘုရားသည် သက္ကရာဇ် ၁၁၄၃-ခုနှစ်တွင် ထီးနန်း ဆက်ခံရပြီးနောက် ၁၁၄၄-ခုနှစ်မှစ၍ အင်းဝမြို့မှ ၆-မိုင်အကွာ တွင် အမရပူရ မြို့ နန်းသစ်တည်၍ ၁၁၄၅-ခုနှစ်တွင် မြို့တော် ပြောင်းတော်မူလေသည်။ မြို့တော်သစ်တည်သည့် ၁၁၄၄-ခုနှစ် တွင် ထီးနန်းမရမီ စံနေခဲ့သော အိမ်တော်နေရာတွင် စေတီတော် တဆူတည်ထားခဲ့ရာ၊ မြေအုဋ္ဌမပါဘဲ ကျောက်အုဋ္ဌ တို့ဖြင့်သာ တည်လေသည်။

စေတီတော်ဘွဲ့တော်မှာ အောင်မြေလောက စေတီတော် ဖြစ်၍ ဘိုးတော်ဘုရားအား အောင်မြေလောက စေတီတော် ဒါယကာဟူ၍ပင် ခေါ်ဝေါ်ခဲ့ကြလေသည်။ ကျောက်အုဋ္ဌဖြင့် တည်ခဲ့သောကြောင့် ကျောက်စေတီတော်ဟူ၍ ခေါ်တွင်ခဲ့လေ သည်။

www.dhammaransi.com

# အိမ်တော်ရာ စေတီတော် (မန္တလေးမြို့)

အိမ်တော်ရာစေတီတော်မှာ မန္တလေးမြို့ မတဲရပ်၌ ကျိန်းဝပ်တော်မူလေသည်။

ရွှေဘိုမင်း (သာယာဝတီမင်း)နှင့် မိဖုရား ပဒုမာဒေဝီတို့မှ သက္ကရာဇ် ၁၁၇၃-ခုနှစ် ဝါဆိုလဆန်း ၂-ရက်နေ့တွင် သားတော်တပါး ဖွားမြင်ရာ ၁၂၀၇-ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့တွင် သားတော်အား အိမ်ရှေ့အရာပေး၍ မန္တလေးမြို့ မတဲရပ် စံအိမ်တော်၌နေထိုင်ကာ မင်း (ပုဂံမင်း) အဖြစ်သို့ ရောက်ရှိသောအခါ မိမိအိမ်ရှေ့မင်းအဖြစ် စံခဲ့သောနေရာတွင် စေတီတော်တည်ထားခဲ့၍ အိမ်တော်ရာစေတီဟု တွင်လေသည်။

ထိုစေတီတော်ကို ၁၂၀၉-ခုနှစ် နတ်တော်လဆန်း ၃-ရက်နေ့တွင် ပန္နက်ချ၍ လွန်း ၁၁-ရက်နေ့တွင် ပုဂံမင်းကိုယ်တော်တိုင် အုတ်မြစ်ချ၍တည်တော်မူခဲ့လေသည်။ ထိုနောက် ပန်းထိမ်မြို့၊ ပန်းပဲမြို့ (ပတိမ်း၊ ငဖဲ)စား ပန်းပဲဝန် သတိုးမင်းကြီး မဟာ မင်းလှကျော်သူ ကြီးကြပ်၍ တည်လုပ်ရလေသည်။ ထိုနှစ်တန်ခူးလဆန်း ၁၄-ရက်နေ့တွင် မြတ်စွာဘုရားဖွားမြင်တော်မူသည်မှ ဓါတ်တော်

www.dhammaransi.com



ဝေခန်းအထိ ၉၆-ခန်းဇာတ်နှင့်တကွ၊ ရွှေငွေဆင်းတု ဆူရေ ၁၂၀၀-ကျော်နှင့် ဓါတ်တော် မွေတော်များကိုပင့်ဆောင်ကာ ဌာပနာခဲ့လေသည်။ ဘုရားအရံစေတီများလည်း ထားလျက် အိမ်တော်ရာ မဟာလောကရံသီ စေတီတော်ဟု ဘွဲ့သမုတ်တော်မူလေသည်။

စေတီတော်ကို ၁၂၁၀-ပြည့်နှစ် တန်ဆောင်မုန်းလဆုတ် ၆-ရက်နေ့တွင် ထီးတော်တင်လေသည်။ စေတီတန်တိုင်းအတွင်း မိဖုရား၊ မိထွေးတော် အထိန်းတော်၊ အတွင်းဝန်မင်းကြီးတို့က စေတီငယ်လေးဆူ တည်ပြီးသည်ကိုလည်း ရွှေထီးတင်တော်မူလေသည်။ ထိုနှစ်တွင် စေတီတော် အရှေ့မုခ်တွင် ဆင် တံတားကိုလည်း တည်လုပ်စေလေသည်။ ၁၂၁၁-ခုနှစ် ပြာသိုလတွင် တောင်တွင်းကြီးမြို့ဝန် မင်းရဲမင်းခေါင်ကျော်က တောင်ဖက် မိကျောင်းတံတားကို ဆောက်လုပ်လေသည်။

၁၂၇၂-ခုနှစ်တွင် စေတီမဟာရံအတွင်း ကုသိုလ်တော် အဆောက်အဦများ မီးခ,၍၊ စစ်အတွင်းက တဖန် ပျက်စီးရပြန်လေသည်။ ၁၃၂၀-ပြည့်နှစ်တွင် အိမ်တော်ရာ ၁၄-ခန်း ဇရပ်ကြီး၊ ဆောင်းတန်း မုခ်ဦး ပြာသာဒ်တို့ကို ဒါယကာများက ဆက်လက် ဆောက်လုပ်လှူတန်းကြလေသည်။

စေတီတော်မှာ ဉာဏ်တော် ၆၁-တောင် ၂-မိုက် ၅-သစ်၊ ဖိနပ်တော်အချင်း ၅၆-တောင်- ၂-မိုက်ရှိလေသည်။

www.dhammaransi.com

# အိမ်တော်ရာစေတီတော် (ရန်ကုန်မြို့)

အိမ်တော်ရာ စေတီတော်မှာ ရန်ကုန်မြို့ လမ်းမတော် အထက်ပိုင်း အိမ်တော်ရာရပ်တွင် ကျိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၁၁၉၉-ခုနှစ်တွင် နန်းတက်တော်မူသော သာယာဝတီမင်းသည် မိဖုရား၊ သားတော် ပုဂံမင်းသားနှင့် စစ်သည်ဗိုလ်ပါများပါ ၁၂၀၃-ခုနှစ်တွင် စုန်ဆင်းတော်မူခဲ့၍ ဒဂုံ(ရန်ကုန်)မြို့တွင် ဥက္ကလာပမြို့သစ်တည်ကာ စံနေတော်မူလေသည်။ ထိုသို့ စုန်ဆင်းတော်မူလာသည့်အခါ ဆိပ်ကမ်းမှ ရွှေတိဂုံ အနောက်မုခ်ဘက်သို့ ချီတက်လာသဖြင့် ထိုလမ်းကိုလည်း လမ်းမတော်ဟူ၍ပင် သမုတ်တော်မူလေသည်။ ဥက္ကလာပမြို့သစ်မှာ ရွှေတိဂုံစေတီတော်၏ အနောက်တောင်ဖက်တွင် တည်ရှိသေသည်။

သာယာဝတီမင်းသည် ဥက္ကလာပမြို့သစ်တွင် စံအိမ်တော် ယာယီတဲနန်းဆောက်၍ စံနေတော်မူ၍ ရွှေတိဂုံစေတီတော်သို့ တက်ရောက်ကာ ရွှေသင်္ကန်းကပ်လှူ၍၊ ခေါင်းလောင်းတော်ကြီး ကိုလည်း လှူတန်းတော်မူလေသည်။

သာယာဝတီမင်းသည် ၁၂၀၈-ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၁၄-ရက်နေ့တွင်နတ်ရွာစံတော်မူ၍ ထိုနှစ်တပေါင်း

www.dhammaransi.com



လဆန်း ၁၃-ရက်နေ့တွင် သားတော်ပုဂံမင်းသားသည် မင်းအာ ဖြစ်သို့ ရောက်လေသည်။ ပုဂံမင်းနန်းတက်သောအခါ ရန်ကုန် မြို့၌ ခမည်းတော်စံနေတော်မူခဲ့သော အိမ်တော်နေရာ၌ လူများ နေအိမ်ဆောက်လုပ် နေထိုင်မည်စိုးသဖြင့် ပဲခူးရေဝန်မင်းကြီး အား ငွေတော် ၈-သောင်းပေးအပ်၍ စစ်သည်တော် ၁၄၀၀-တို့ ကို စေလွှတ်တော်မူလေသည်။ ရေဝန်မင်းကြီးလည်း အမိန့်တော် အတိုင်း အိမ်တော်ရာ၌စေတီတော်တည်၍ ဘိုးဘွားတော်တို့၏ ရွှေကိုယ်လေး၊ ငွေကိုယ်လေးနှင့် နန်းဦး၌အစဉ်အဆက် ကိုးကွယ် ခဲ့သော မာရဇိန်ရုပ်ပွားတော်ကို ဌာပနာလေသည်။

စေတီတော် ထီးတော် မတင်ရသေးမီ ၁၂၁၄-ခုနှစ်တွင် အက်မီရဲအော်စတင် ခေါင်းဆောင်သော ရေတပ်နှင့် ဂျင်နရဲလ်ဂေါဒဝင်၏ ကုန်းတပ်သို့ ဆိပ်ကမ်းသို့ရောက်ရှိလာ ကြောင်းကြားသိရ၍ အနောက်တောင်ထောင့်အရပ်မှ ထီးတော် ကိုအမြန်တင်ကာ စစ်သည်တော်များနှင့်အတူ ရွှေတိဂုံကုန်းတော် မှ အင်္ဂလိပ်စစ်သားများကို ခုခံတိုက်ခိုက်ပြီးနောက် ဆုတ်ခွာခဲ့ လေသည်။

စေတီတော်ကို အိမ်တော်ရာစေတီဟု သမုတ်လေသည်။

www.dhammaransi.com

# ဦးဇိနစေတီတော် (မော်လမြိုင်မြို့)

ဦးဇိနစေတီတော်မှာ မော်လမြိုင်မြို့အရှေ့ဖက် တောင်ရိုးတန်းပေါ်၌ ကျိန်းဝပ်တော်မူလေသည်။

မြန်မာမင်းများလက်ထက်က မော်လမြိုင် (ရမ္မာဝတီ) မြို့ကို မင်းကြီး ဥဇနာ (ဦးဇိန) အုပ်ချုပ်ဘူးလေသည်။ ထိုမင်းကြီးသည် တောင်ကုန်းပေါ်ရှိ စေတီဟောင်းတဆူကို ပြုပြင်ရာမှ ထိုစေတီကို ဦးဇိနစေတီဟု ခေါ်တွင်ခဲ့၍ တောင်ကုန်းကိုပါ ဦးဇိနတောင်ဟု ခေါ်ဝေါ်ခဲ့လေသည်။

ရှေးအခါက ထိုဘုရားကို ကျိုက်ပတန် (ဘုရားဖြူ) ဟူ၍ မွန်ဘာသာဖြင့် ခေါ်တွင်ခဲ့လေသည်။ ၁၂၃၅- ခုနှစ်ခန့်တွင် သဌေး ဦးမိုးသည်ပျက်စီးနေသော ဦးဇိနစေတီကိုပြုပြင်ရာ ပထမအကြိမ်၌ ငှက်ပျောဖူးအထိပြီးမှ ပြိုကျလေသည်။ ဒုတိယအကြိမ် သပိတ်မှောက်အရောက်တွင် ပြိုကျပြန်၍ တတိယအကြိမ်တွင်မှ သံခွေပတ်များဖြင့် တည် လုပ် သဖြင့် အောင် မြင် လေ သည်။ ထီးတော်တင်ပွဲကို လေးလကြာ ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့လေသည်။

မူလဦးဇိန စေတီတည်ရာ၌ရှိသော စေတီဟောင်းမှာကား အသောကမင်းကြီး တည်ထားခဲ့၍ ဆံတော်ဓါတ်ကိန်းဝပ်တော်မူသော စေတီပင်ဖြစ်သည်ဟု မှတ်ယူကြလေသည်။ (မော်လမြိုင် ရာဇဝင် စာမျက်နှာ- ၁၇၂။)

www.dhammaransi.com

# ဦးပါရဲ စေတီတော် (ဟင်္သာတမြို့)

ဦးပါရဲ စေတီတော်မှာ ဟင်္သာတမြို့ ရေဝတီမြစ်ကမ်း ပေါ်တွင် ကျိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၁၁၄၃ ခုနှစ်တွင် နန်းတက်တော်မူသော ဘိုးတော်ဘုရားသည် ဟင်္သာတမြို့ အကြီးအကဲအဖြစ် ဦးပါရဲအား ခန့်ထားတော်မူလေသည်။ ဦးပါရဲသည် သဒ္ဓါတရား ထက်သန် သည့်အတိုင်း ဥဒ္ဒိဿစေတီ တည်ထားကိုးကွယ်လိုသဖြင့် ရေဝတီ မြစ်နှင့် အတန်ကွာ ကမ်းပေါ်၌ ၁၁၆၄-ခုနှစ်တွင် စေတီအရံ လေးဆူနှင့်တကွ စေတီတော်ကြီးတည်ထားလေသည်။ စေတီတော် ခြေရင်းတွင် ကုန်းတော်မှာ လေးတောင်ခန့်သာ ကျယ်ဝန်း၍ စေတီတော်၌ ဂန္ဓကုဋိတိုက် ၄-ဆောင် ဆောက်လုပ်လေသည်။

ထိုနောက်တွင် ဦးပါရဲ၏ အဆက်အနွယ်ဖြစ်သော သမာဓိ မြို့ဝန် ဦးမောင်မောင်ခနှင့် ဒါယကာများက အရံစေတီတော် ၈-ဆူနှင့် ဂန္ဓကုဋိ ၈-ဆောင် တိုးတက်မွမ်းမံခဲ့ကြ၍ ၁၂၈၉- ခုနှစ်တွင် မန္တလေးတောင် ရသေ့ကြီးဦးခန္တီ ကြွရောက်လာပြီး လျှင် ပြည်သုံးကပ်ကျော် ဦးပါရဲစေတီတော်ဟူ၍ ဘွဲ့တော်တပ်လေ

www.dhammaransi.com



သည်။ ကုန်းတော်ကိုလည်း ထပ်မံဖို့လေသည်။ ထိုနောက် ၁၃၁၀-ပြည့်နှစ်တွင် ဒါယကာများက ဝေယျာဝစ္စအဖွဲ့ ဖွဲ့စည်းကာ၊ ဂန္ဓကုဋိတိုက် ဂ-ဆောင် ထပ်၍ဆောက်သဖြင့် ဂန္ဓကုဋိ ၁၆-ဆောင်ဖြစ်၍ လာလေသည်။ စေတီတော်လည်း ၁၆-မျက်နှာ စေတီတော် ဖြစ်လာခဲ့လေသည်။

၁၃၂၀-ပြည့်နှစ်ကစ၍ ဧရာဝတီမြစ်ရေ တိုက်စားခြင်းမှ ကာကွယ်ရန် ကမ်းဆည်ခဲ့သဖြင့် စေတီတော်ကြီးမှာ ကမ်းပြိုသည့်အန္တရာယ်မှ ကင်းလွတ်တော်မူရလေသည်။

စေတီတော်ပန်းတင်ခုံ အကျယ်တဖက်လျှင် ၉၄-တောင် ၂-မိုက်၊ ဖိနပ်တော်အကျယ် ၂၇-တောင်၊ ဥဘက်တော် ၄၉-တောင် ၂-မိုက် ရှိလေသည်။

www.dhammaransi.com

# ဦးရစ်တော် စေတီတော်(ပုဏ္ဏားကျွန်းမြို့)

ဦးရစ်တော်စေတီတော်မှာ ရခိုင်ပြည် ပုဏ္ဏားကျွန်းမြို့နယ် ကုလားတန်မြစ် လက်ျာဖက်ကမ်းရှိ ဦးရစ်တောင်ပေါ်တွင် ကိန်းဝပ်တော်မူလေသည်။

သက္ကရာဇ် ၉၃၆-ခုနှစ် တပို့တွဲလဆန်း ၂-ရက်နေ့တွင် ရခိုင်ပြည့်ရှင် မင်းဖလောင်းသည် ရွှေလှေ ရွှေလောင်းတို့ဖြင့် ရေသဘင်ထွက်တော်မူရာ ကစ္စပနဒီမြစ် အောက်ပိုင်း၌ ညဥ့်အခါ ရပ်နားစဉ် မြစ်၏လက်ျာဖက်ကမ်းရှိ သေလဝိဋ္ဌိတတောင်ထိပ်မှ မြောက်ဘက် သာလာမယတောင်ထိပ်သို့ ရောင်ခြည်တော် ယှက်သန်းသည်ကို ဖူးတွေ့ရသဖြင့် အမတ်တို့အား မေးမြန်းရာ ထိုတောင်ထိပ်၌ သီရိဓမ္မာအသောကမင်းကြီးသည် မြတ်စွာဘုရား၏ ဦးရစ်တော်ဓာတ်ကို စေတီတည်တော်မူခဲ့ကြောင်း တင်လျှောက်လေသည်။

မင်းကြီးလည်း အနောက်တရိုးကို ချီတက်သိမ်းပိုက် အောင်မြင်၍ ပြန်ခဲ့သော် စေတီတော်ကို ပြန်လည်ပြုပြင်တည်ထားပြီးဟု ဝန်ခံ၍ သက်မင်းနိုင်ငံ၊ စစ်တကောင်းနိုင်ငံတို့ကို အောင်မြင်ပြီးသော် ပြန်ခဲ့၍ ဦးရစ်တောင်၌ စေတီတည်ရန် စီမံတော်မူလေ

www.dhammaransi.com


သည်။ သားတော် ဦးရစ်တောင်စားကလည်း ကူညီ၍ ကျောက် မျက်ညိုတို့ဖြင့် မှင်းအလံ ၈၀-လုံးပတ်ရှိသော စေတီတော်ကို အုတ်မြစ်ချလေသည်။ စေတီတည်လုပ်စဉ် မြစ်ကမ်းနှစ်ဖက်၌ ရေကန်များတူးဖေါ်၍ ရေအလှူပြုတော်မူသည်။

စေတီတော်တွင် ငါးရာ့ငါးဆယ် ဇာတ်တော်ရုပ်များကို ရုပ်သေးသဘင် က,ပြစေလျက် ပွဲသဘင်ကြီးစွာခံ၍ ၉၅၃-ခုနှစ် တန်ခူးလဆုတ် ၁-ရက်နေ့တွင် ဘုရားရုပ်တုများ၊ ရွှေရုပ်တု ၁၆၀၊ ငွေရုပ်တု-၁၉၂၀၊ ခပ်ပြာရုပ်တု ၅၇၆၀၀၊ ကြေးနီရုပ်တု ၃၄၅၆-၀၀၀၊ ကြေးဖြူရုပ်တု၊ ခဲရုပ်တု၊ သံရုပ်တု၊ ရတနာကိုးပါးရုပ်တု စသည်ဖြင့် ရုပ်တုပေါင်း ကုဋေပေါင်း တသောင်းသုံးထောင် ကျော်နှင့် ဓါတ်တော်မွေတော်တို့ကို ဌာပနာတော် မူလေသည်။ စေတီတော်သည် နှစ်ကာလကြာမြင့်၍ ပျက်စီးသည်တို့ကို ၁၂၃၇-ခုနှစ်တွင် ပြုပြင်ခဲ့၍ ၁၂၄၅-ခုနှစ်တွင် လေမုန်တိုင်းဒဏ်ကြောင့် ငှက်မြတ်နား ကျိုးပြတ်သည်ကိုလည်း ထပ်မံပြုပြင်၍ ၁၂၇၄-ခုနှစ်တွင် ထီးတော်သစ် တင်ခဲ့လေသည်။

ဦးရစ်တောင်စေတီမှာ လုံးပတ်အတောင် ၃၂၀၊ထီးတော် အမြင့် ၃၂-တောင်၊ ထီးတော်ခေါင်းလောင်း လုံးပတ် ၂ တောင် ရှိလေသည်။

www.dhammaransi.com

# ဝတ်မိုးဝတ်မြေရ-ဘုရား ၂၃-ဆူ

| တည်ရာ | ဘွဲ့တော် | ဒါယကာ |
|---|---|---|
| ၁။ ဝိဇယာပူရ | ပင်းယရွှေစည်းခုံ | တစီးရှင်သီဟသူ |
| ၂။ စစ်ကိုင်း | စည်းခုံကြီး | သီဟပတေ့ |
| ၃။ ပုဂံ | ရွှေစည်းခုံ | အနော်ရထာ |
| ၄။ အင်းတိမ်အင်းလေးရွာ | ရွှေအင်းတိမ်လေးဆူ | သီရိဓမ္မာသောက |
| ၅။ သီဟတော | သီဟတော | သီရိဓမ္မာသောက |
| ၆။ မိတ္ထီလာ | ရွှေယင်မျှော် | အနော်ရထာ |
| ၇။ အမရပူရ | ရွှေစာရံ | စောမွန်လှ |
| ၈။ စစ်ကိုင်း | ရတနာဗိမာန်ကျောင်းဘုရား | ဒု-မင်းခေါင် |
| ၉။ လယ်ကိုင်း | သရက္ခန်ဗိမာန်ကျောင်း | ပုဂံဇေယသူရ |
| ၁၀။ မြင်စိုင်း | ရွှေသာလျောင်း | အနော်ရထာ |
| ၁၁။ စစ်ကိုင်း | ထူပါရုံ | အဝနရပတိ |
| ၁၂။ ပုဂံ | တန့်ကြည့်စွယ်တော်ရှင် | သီရိဓမ္မာသောက |
| ၁၃။ အမရပူရ | ရွှေဂူကြီး | နရပတိစည်သူ |
| ၁၄။ စစ်ကိုင်း | ရှင်ဖြူရှင်လှ | အလောင်းစည်သူ |
| ၁၅။ အမရပူရ | မဟာရတနာစေတီ | မိုးညှင်းမင်း |
| ၁၆။ ပုဂံ | မင်းအိုချမ်းသာ | ကျန်စစ်သား |
| ၁၇။ စစ်ကိုင်း | ကောင်းမှုတော် | သာလွန်မင်း |
| ၁၈။ ရတနာပူရ | မဟာမြတ်မုနိ | ညောင်ရမ်းမင်း |
| ၁၉။ ရတနာပူရ | ဂူတော်သစ် | တစီးရှင်သီဟသူ |
| ၂၀။ စဉ့်ကူမြို့ | ရွှေမာလဲ | မာလာရဟန္တာ |
| ၂၁။ စစ်ကိုင်း | ပုညရှင် | ပုညအမတ် |
| ၂၂။ ပုဂံ | ဂူဋ္ဌာမုနိ | ဇေယျသိင်္ခမင်း |
| ၂၃။ ကနီ | အလောင်းတော်ကဿပ | အဇာတသတ်မင်း |

www.dhammaransi.com

# (က) သမိုင်းအပြည့်အစုံ တင်ပြရာ မပါသေးသော

# ဘုရားစေတီများ

| တွင်ရာဘွဲ့တော် | ဒါယကာ | တည်ရာ | တည်နှစ် |
|---|---|---|---|
| ကစွန်းအိုစေတီ | စောမင်းနှင့်ဇနီးကြာသဝတ် | ပုဂံမင်းနန်းသူ | ၆၂၄ |
| ကုသဘုရားစေတီ | နရသီဟပတေ့အရီးစောမိဖွား | ပုဂံမင်းနန်းသူ | ၆၂၇ |
| ကူမြင့်စေတီ | နရပတိစည်သူ | မြေဒူးမြို့ | — |
| ကင်းဘုရားစေတီ | သီဟသူ | ပြည်ဆွေးနွေးဘုရားမြောက် | — |
| ကျောက်ဆောက်စေတီ | တောင်ငူကရင်ဘမင်း | တောင်ငူအနောက် | — |
| ကျောက်တလုံးစေတီ | မင်းဗာကြီး | ကျောက်ဖြူမြို့ | ၈၈၉ |
| ကျောက်တော်စေတီ | မင်းဖလောင်း | မြောက်ဦးမြို့ | ၉၄၅ |
| ကျောက်တော်ကြီး | — | ဟသ်ာတတာလေးရပ် | ၁၂၇၃ |
| ကျောက်ရစ်စေတီ | စကြဝတေး | မြောက်ဦးမြို့ | ၉၂၇ |
| ကျိုက်ကလွန်ပွန်စေတီ | | စစ်တောင်း (သ) | ၂၃၈ |
| ကျိုက်ကဝစေတီ | ရှာသားများ | ကဝမြို့ (သ) | ၂၃၇ |
| ကျိုက်ဒဲစေတီ | သပေါ်မင်း | ကေလာသတောင်အရှေ့မြောက် (မ) | ၁၁၃ |
| ကျိုက်ပိုင်ကျုံစေတီ | — | ဇာသပြင် (သ) | ၂၃၇ |
| ကျိုက်မရောဘုရားစေတီ | ရှင်စောပု | ကျိုက်မရောမြို့ | ၈၁၇ |

www.dhammaransi.com

| | | | |
|---|---|---|---|
| ခမာဝရစေတီ | နားတောင်းဖျားမင်း | ပုဂံ | ၅၆၉ |
| ခေါင်ထိပ်မိုးစေတီ | ဟံသာဝတီပါမင်း | အင်းဝ | — |
| ချမ်းသာကြီး စေတီ | ကြံ့သိုင်းအမတ် | စစ်ကိုင်းတောင်ရိုး | — |
| ချမ်းသာရစေတီ | မင်းတုန်းမင်း | မိတ္ထီလာကန်ရိုး | — |
| ဂူကြီးစေတီ | နရပတိစည်သူ | တဖက်ဆွဲရွာ၊ အင်းဝ | — |
| ဂူကြီးစေတီ | နရပတိစည်သူ | ကျောက်ဆောက်မြို့ | — |
| ဂူတော်သစ်စေတီ | တစီးရှင်သီဟသူ | ပန်းယမြို့လယ် | — |
| ဂူနီ(တောင်) | နရပတိအမတ်သိင်္ဂသူရ | ပုဂံဖွားစောရွာ | ၅၅၂ |
| ဂူနီ(မြောက်) | နရသိင်္ခဥဇနာမိဖုရား(မိဖုရားစော) | ပုဂံဖွားစောရွာ | ၆၀၃ |
| ဂူပြောက်ကြီးစေတီ | ကျန်စစ်သား | ပုဂံဝက်ကြီးအင်း | ၇၃၀ (ပြင်) |
| ငကျွဲနားတောင်းစေတီ | တောင်သူကြီးမင်း | ပုဂံမြို့ | ၃၀၀ ကျော် |
| ငါးထပ်ကြီးစေတီ | မင်းရဲရန္တမိတ် | စစ်ကိုင်းမြို့ | — |
| ငါးမျက်နှာစေတီ | ကျော်ထင်နော်ရထာ | ဟံသာတ တာလေးရပ် | ၁၁၇၇ |
| ငါးမျက်နှာစေတီ | နရပတိစည်သူသား ကက်သူဇနီး | ပုဂံမြို့ | ၆၀၄ |
| စားပွဲမှောက်စေတီ | မိဖုရားသခင်စောထွေးနှင့်အမတ်ကြီး | ပုဂံမင်းနန်သူ | ၅၁၇ |

www.dhammaransi.com

| တွင်ရာဘွဲ့တော် | ဒါယကာ | တည်ရာ | တည်နှစ် |
|---|---|---|---|
| စေတနာ(စစ်တနာ) | နားတောင်းမျှားမင်း | ပုဂံသီရိပစ္စယာ | — |
| စေတီလှ | စစ်ကိုင်းတည်မင်း | စစ်ကိုင်းမဟာယက်နမြောက် | — |
| စောလှဝန်းစေတီ | မိဖုရားစောနှင့်သားတော်ရဇသူ | ပုဂံမင်းနန်သူ | ၆၅၃ |
| စောလှဝန်းစေတီ | အသဝတ်မြွာအမတ်မောင်နှံ့ | ပုဂံမြို့ | ၅၉၈ |
| စိုးမင်းကြီးစေတီ | နရပတိစည်သူဦးရီးတော်စိုးမင်းကြီး | ပုဂံသီရိပစ္စယာ | ၅၃၇ |
| စဥ့်ဘုရား၊ (စဥ့်ပုထိုး) | အလောင်းစည်သူမိဖုရားတိလောကစန္ဒာဒေဝီ | ပုဂံမြို့ | ၅၀၈ |
| စည်းခုံစေတီ | အသခ်ယာစောယွန်းမယ်တော် | စစ်ကိုင်းတိလောက ဂုရှေ့ | — |
| စည်းခုံစေတီ | မင်းခေါင်သား သီဟသူ | အင်းဝတဖက်ဆဲ့ | — |
| စည်းစည်းစေတီ | ဒွတ္တပေါင်မင်း | ရသေ့မြို့တောင် (သ) | ၁၁၃ |
| စန္ဒာမုနိရုပ်ပွားတော် | ဘိုးတော်ဘုရား | မင်းကွန်းအလယ်ကျွန်း | ၁၁၆၄ |
| ဆုတောင်းပြည့်စေတီ | စောနှစ်မင်း မိဖုရားဖွားစော | ပုဂံမင်းနန်သူ | ၆၆၁ |
| ဆင်ကြို့ရွှေဂူစေတီ | နရပတိစည်သူ | ပုခန်း | — |
| ဆင်ကြို့ရွှေဂူစေတီ | ဘိုးတော်ဘုရား | အင်းဝမြို့ထောင့် | — |
| ဆယ်ထပ်ကြီးစေတီ | | ဟသ်ာတသုံးပင်ကွင်း | ၁၂၇၀ |

| | | | |
|---|---|---|---|
| ဇိဝှါစေတီ | မင်းဖလောင်း | မြောက်ဦးမြို့ | ၉၄၇ |
| ဇေယျပွတ်စေတီ | သံပျင်ဇေယျပွတ် | ပုဂံမင်းနန်းသူ | ၅၉၇ |
| ညည်းညည်းစေတီ | ဒွတ္တပေါင်မင်း | ရသေ့မြို့အနောက်တောင် | (သ) ၁၁၃ |
| တုရင်ပုထိုး | သံပျင်လက်ဆောင် | ပုဂံမြို့ဖွားစောရွာ | ၆၃၅ |
| တေဇာရာမစေတီ | သိင်္ဂသူမင်းစောမွန် | မြောက်ဦးမြို့ | ၈၆၃ |
| တောင်ဖြူလေးမျက်နှာ | ပုရိမ်ကောလိယရာဇာ | မြောက်ဦးမြို့ | ၅၆၁ |
| တိုင်းချုပ်စေတီ | အလောင်းစည်သူ | ပုဂံမြို့ | ၅၀၁ |
| ထိလိုကုန်းစေတီ | စတုရင်္ဂဗိဇာယန်နှင့်ဇနီး | ပုဂံမင်းနန်းသူ | ၆၃၉ |
| ထူပါရာမစေတီ | မင်းခမောင်း | မြောက်ဦးမြို့ | ၉၇၇ |
| ထောက်လှော်ကား | ထောက်လှော်ကားမင်းသား | ပုဂံဖွားစောရွာ | ၅၉၇ |
| ထုတ်ကန်သိမ်စေတီ | မင်းဘင် | မြို့ဟောင်းမြို့ | ၈၉၃ ကျော် |
| ဓမ္မာရာဇိကစေတီ | နရပတိစည်သူ | ပုဂံဖွားစောရွာ | ၅၅၈ |
| နဂါးရုံစေတီ | နရပတိစည်သူ | မိတ္ထီလာကမ်းနားကျောင်း | — |
| နဂါးရုံစေတီ | -- | အမရပူရ | ၁၂၀၀ ကျော် |
| နားမွေးစေတီ | မင်းဖလောင်း | မြောက်ဦးမြို့ | ၉၄၇ |

www.dhammaransi.com

| တွင်ရာဘွဲ့တော် | ဒါယကာ | တည်ရာ | တည်နှစ် |
|---|---|---|---|
| နားလိပ်တော်စေတီ | မင်းဖလောင်း | မြောက်ဦးမြို့ | ၉၄၇ |
| နတ်လှော်ကျောင်း | တောင်သူကြီးမင်း | ပုဂံမင်းနန်းသူ | ၂၃၉ |
| ပါဒကြီးစေတီ | ဒွတ္တပေါင်မင်း | ရသေ့မြို့အနောက် | (သ) ၁၁၃ |
| ပါဒနက်သန်စေတီ | ဘိုးတော်ဘုရား | မင်းကွန်း | ၁၁၆၆ |
| ပါးမွေးစေတီ | မင်းဖလောင်း | မြောက်ဦးမြို့ | ၉၄၇ |
| ပိဋကတ်စေတီ | သထုံမင်း | သထုံမြို့ | (မ) ၁၀၅ |
| ပုထိုးတော်ကြီး | ဘကြီးတော်မင်း | အမရပူရမြို့ | ၁၁၈၁ |
| ပုထိုးသားများစေတီ | တောင်သူကြီးမင်း | ပုဂံမင်းနန်းသူ | ၂၉၃ |
| ပေါ်ရိသတ်စေတီ | အနော်ရထာမင်း | ညောင်ရွှေအင်းတိမ် | ၄၀၁ |
| ပန်းကုန်းသိမ်စေတီ | မင်းလှရာဇာစောမွန် | မြောက်ဦးမြို့ | ၈၈၇ |
| ပြဿဒါးစေတီ | ကျစွာမင်း | ပုဂံဖွားစောရွာ | ၆၁၀ |
| ပြိုင်းတိုင်စေတီ | မင်းဖလောင်း | မြောက်ဦးမြို့ | ၉၄၇ |
| ပွင့်လှဦးစေတီ | တောင်တွင်းသီဟပတေ့ | တောင်တွင်းကြီးအရှေ့တောင် | ၆၄၇ |
| ဖေါင်တော်ဦးစေတီ | အလောင်းစည်သူ | မိတ္တိလာမြို့အနောက် | ၄၅၉ |

| | | | |
|---|---|---|---|
| ဗောဗောကြီးစေတီ | ဒွတ္တပေါင်မင်း | ရသေ့မြို့အနောက်တောင် | (သ) ၁၁၃ |
| ပေါင်းတော်ကျစေတီ | ပုဏ္ဏမင်း | စစ်ကိုင်းတောင် | ၁၂၁၅ |
| ဘုရားတောင်စေတီ | | မော်ဇာမြို့ | ၆၀၀ ကျော် |
| ဘုရားလှစေတီ | အနော်ရထာမင်း | လှိုင်းတက်မြို့ | ၄၀၁ |
| ဘဲဘဲစေတီ | ဒွတ္တပေါင်မင်း | မော်ဇာမြို့ | (သ) ၁၁၃ |
| မလာဖြစ်စေတီ | အမတ်ဘျာ | ပုဂံမင်းနန်းသူ | ၆၃၆ |
| မလုံးဖြစ်စေတီ | သူကြီးသက်ရှည် | ပုဂံမင်းနန်းသူ | ၆၀၀ |
| မဟာစေတီ | ရွှေနန်းကြောရှင် | စစ်ကိုင်းမြို့ | ၈၈၀ |
| မဟာထီးရုပ်ပွား | ပုရိမ်ကောလိယရာဇာ | မြောက်ဦးမြို့ | ၅၆၁ |
| မဟီယင်္ဂနစေတီ | မိုးညှင်းမင်း | အင်းဝမြို့ | ၇၈၉ |
| မုခ်လေးတန်စေတီ | စောမွန်ကြီး | မြောက်ဦးမြို့ | ၇၉၂ |
| မာရ်အောင်ရတနာစေတီ | စနေမင်း(တနင်္ဂနွေမင်းဆက်တည်) | အင်းဝ | ၁၀၆၈ |
| မြစာတီစေတီ | သီရိဓမ္မာသောကမင်း | စစ်ကိုင်းအနုရုဒ္ဓါကျောင်း- မြောက် | (သ) ၂၃၈ |
| မြစည်းခုံစေတီ | နရပတိစည်သူ | မိတ္ထီလာမြောက် မထောင်းတာကန်ရိုး | |

www.dhammaransi.com

www.dhammaransi.com

| တွင်ရာဘွဲ့တော် | ဒါယကာ | တည်ရာ | တည်နှစ် |
|---|---|---|---|
| မြစည်းခုံစေတီ | ဒုတိယမင်းခေါင် | စစ်ကိုင်းစေတဝန်ဘုရားမြောက် | — |
| မြစည်းခုံစေတီ | မင်းကြီးစွာစော်ကဲ | စစ်ကိုင်းခါဝဲတောင် | — |
| မြစည်းခုံစေတီ | တောင်တွင်းသီဟပတေ့ | ကျောင်းပန်းတောင်းမြို့ | ၆၄၇ |
| မြတန်ဆောင်စေတီ | စောမွန်ကြီး | မြောက်ဦးမြို့ | ၇၉၂ |
| မြသိတင်စေတီ | ဒွတ္တပေါင်မင်း | ပြည်စကားတောင်အနောက် | (သ)၁၁၃ |
| မြသိန်းတန်(သိကြား) | သထုံမင်း | သထုံမြို့ | (မ) ၁၀၅ |
| မြေထဲစေတီ | မဟာသူရိယတိုင်းစန္ဒရား | မြောက်မြို့ဦး | ၁၅၂ |
| မြင်တင်စေတီ | စိုးမင်းကိုယ်တော်ကြီး | မန်ကျည်းချောင်စစ်ကိုင်း | — |
| မြင်ဗာဟုစေတီ | ဒွတ္တပေါင်မင်း | ပြည်စွန်သိုက်ရွာအရှေ့မြောက်(သ) | ၁၀၃ |
| မြို့တွင်းဆုတောင်းပြည့် | အလောင်းစည်သူ | မိတ္ထီလာတောင် | ၄၅၉ |
| မြို့သူကြီးစေတီ | သူကြီးဦးမြတ်သာထွန်း | ဟသ်ာတမြို့ | ၁၁၄၈ |
| ရတနာစေတီ | မိုးညှင်းမင်း | စစ်ကိုင်းမြို့ | ၇၉၂(ထပ်ပြင်) |
| ရတနာထွတ်ခေါင်စေတီ | စိုးမင်းကိုယ်တော်ကြီး | စစ်ကိုင်းမြို့ | — |
| ရတနာမုနိ | ရှင်သီလဝံသ | စစ်ကိုင်းဆင်များရှင်အရှေ့တောင် | — |

www.dhammaransi.com

| | | | |
|---|---|---|---|
| ရတနာမဥ္ဇူ | နရပတိစည်သူ | စစ်ကိုင်းမြို့ | ၁၁၇၅ |
| ရတနာမဥ္ဇူ | မင်းစော်တဖေါ | ညောင်ကန်ရွာ | ၁၀၁၄ ကျော် |
| ရတနာမာရ်အောင် | စန္ဒသုဓမ္မာမင်း | မြို့ဟောင်း | ၉၄၇ |
| ရင်ငုံစေတီ | မင်းဖလောင်း | မြောက်ဦးမြို့ | ၉၇၇ |
| ရန်အောင်မြင်စေတီ | မင်းခမောင်း | မြောက်ဦးမြို့ | ၇၇၂ |
| ရပ်စောက်စေတီ | သုဝဏ္ဏပိစည်နှင့်သုဖရစ် | ညောင်ဦးမြို့ | — |
| ရှင်ပင်ဂူစေတီ | အနော်ရထာ | မိတ္ထိလာမြို့ | — |
| ရှင်ပင်ဆိတ်ပေါက်စေတီ | ကျန်စစ်သား | စဥ့်ကိုင်မြို့ | — |
| ရှင်ပင်ဇရစ်စေတီ | အနော်ရထာ | မိတ္ထီလာမြို့ | ၉၉၆ |
| ရှင်ပင်သာဒွန်းဦးစေတီ | တောင်ဖီလာဆရာတော် | စလင်းအရှေ့ပုထိုးဖြူရပ် | ၁၁၆၃ |
| ရှင်ဖြူဘုရားစေတီ | စစ်ကိုင်းမင်း | မင်းကွန်း | ၄၇၀ |
| ရွှေကြက်အိပ်စေတီ | အလောင်းစည်သူ | စစ်ကိုင်းအာလောင်ကြက်ထောင့်ရွာ | ၄၇၀ |
| ရွှေကြက်ထောင့်စေတီ | အလောင်းစည်သူ | စစ်ကိုင်းအာလောင်ကြက်ထောင့်ရွာ | ၄၇၀ |
| ရွှေကြက်တောင်စေတီ | အလောင်းစည်သူ | စစ်ကိုင်းမြို့သစ်အရှေ့ထိပ် | ၅၉၄ |
| ရွှေကွန်ချာစေတီ | ဂင်္ဂဗိဇည်အမတ် | ပုဂံဖွားစောရွာ | |

www.dhammaransi.com

| တည်နှစ် | တည်ရာ | ဒါယကာ | ဘွဲ့ရာဘွဲ့တော် |
|---|---|---|---|
| ၁၁၆၄ | အင်းဝမြို့ထောင့် | ဘိုးတော်ဘုရား | ရွှေကွန်အုပ်စေတီ |
| — | မိတ္ထိလာကန်မြောက်ဖျား | အနော်ရထာ | ရွှေဂူကြီးစေတီ |
| — | မိတ္ထိလာရွာမရွာ | အနော်ရထာ | ရွှေဂူလှစေတီ |
| ၁၁၆၄ | အင်းဝမြို့ထောင့် | ဘိုးတော်ဘုရား | ရွှေစကားစေတီ |
| — | မိတ္ထိလာကန်တွင်း | အနော်ရထာ | ရွှေစောလူးစေတီ |
| (မ) ၁၀၅ | သထုံမြို့ | သထုံမင်း | ရွှေဆေးခံ့စေတီ |
| — | စလင်းမြို့ | အလောင်းစည်သူ | ရွှေတန်ဆာစေတီ |
| (သ) ၁၁၃ | ရသေ့မြို့ရှမ်းတံခါးအရှေ့ပြင် | ဒွတ္တပေါင်မင်း | ရွှေတန်ဆာစေတီ |
| ၁၁၃ | ရွှေဘိုမြို့ | နရပတိစည်သူ | ရွှေတန်ဆာစေတီ |
| ၁၁၇၉ | ဟသ်ာတတာငါးဆယ်ရပ် | ဦးဘလူး | ရွှေပြောင်ပြောင်စေတီ |
| — | ပွင့်ဖြူမြို့ | အလောင်းစည်သူ | ရွှေဘုံသာစေတီ |
| — | မိတ္ထိလာအရှေ့ဖျားကန်တော်စွယ်အနီး | အလောင်းစည်သူ | ရွှေဘုံသာစေတီ |
| ၁၉၂ | တောင်တွင်းကြီးအနော်ကိုးဆူကုန်း | မင်းပြောင်မင်းရောင် | ရွှေမက်လင် |
| — | မင်းကွန်း | တရဖျားဆရာသီရိသဒ္ဓမ္မသေနာပတိ | ရွှေမြင်တင် |

| | | | |
|---|---|---|---|
| ရွှေမြင်တင် | နရသီဟပတေ့ | ပြည်ရွှေမြင်တင်တောင် | — |
| ရွှေမြင်တင် | — | ပုသိမ်ငဝံမြစ်အရှေ့ကမ်း | — |
| ရွှေမြင်တင် | — | ရမည်းသင်းရွှေမြင်တင်တောင် | — |
| ရွှေမြင်တင် (ရွှေမြင်တော်) | အလောင်းစည်သူ | စစ်ကိုင်းမင်းဝံတောင် | ၄၇၀ |
| ရွှေမြင်တင် | အလောင်းစည်သူ | မိတ္ထီလာကန်အရှေ့ထိပ် | — |
| ရွှေမြင်မိ | နရသီဟပတေ့ | ပြည်ရွှေမြင်မိတောင် | — |
| ရွှေမြင်မိ | အလောင်းစည်သူ | စစ်ကိုင်းကျောံတာရေခါးရွာဦး | ၄၇၀ |
| ရွှေမြင်မိ | အလောင်းစည်သူ | မိတ္ထီလာမြောက်ဖက် | — |
| ရွှေလက်လှ(နောင်တော်ကြီး) | သထုံမင်း | သထုံမြို့ (မ) | ၁၀၅ |
| ရွှေလက်လှ | သတိုးမင်းစော | ပြည်ပေါမန္တာဉယျာဉ်တောင် | — |
| ရွှေလက်လှ | အလောင်းစည်သူ | မိတ္ထီလာကန်တောင်ဖက်လူးခင်းကြီးရွာအနီး | — |
| ရွှေလင်ပန်း | ဒွတ္တပေါင်မင်း | ရသေ့မြို့အနောက်တောင်(သ) | ၁၁၃ |
| ရွှေလင်းပင် | ဘိုးတော်ဘုရား | အင်းဝမြို့ထောင့် | ၁၁၆၄ |
| ရွှေသာလျောင်း | အနော်ရထာမင်း | ကျောံဆည်တောင် | — |
| လေးကျွန်းဆီမီးစေတီ | တောင်ဖီလာဆရာတော် | စစ်ကိုင်းတောင် | — |

| တွင်ရာဘွဲ့တော် | ဒါယကာ | တည်ရာ | တည်နှစ် |
|---|---|---|---|
| လေးမျက်နှာစေတီ | အနန္တသူရိယအမတ်နှင့်ဇနီး | ပုဂံမင်းနန်းသူ | ၆၀၄ |
| လောကထိပ်ပန်းစေတီ | အလောင်းစည်သူ | မိတ္ထီလာမြို့တောင်ဖက် ကန်တောင်ရွာအနီး | — |
| လောကထိပ်ဦးစေတီ | သီရိဓမ္မာသောက | စစ်ကိုင်းပရက္ကမကျောင်းတောင် | — |
| လောကထွတ်ခေါင်စေတီ | ဘိုးတော်သားအိမ်ရှေ့မင်း | မန္တလေးမဟာမြတ်မုနိ တောင်ဖက် | ၁၁၄၆ |
| လောကနာထစေတီ | ဘိုးတော်ဘုရား | မိတ္ထီလာအသောကာရုံ ရေလယ်ကျောင်းတိုက် | — |
| လောကမှန်ကူစေတီ | နရပတိကိုယ်လုပ်တော် | စစ်ကိုင်းတောင် | — |
| လောကမှန်ကူစေတီ | ကျော်အောင်စံထားဆရာတော် | ညောင်ကန်ရွာ | ၁၁၁၂ |
| လောကသရဘူစေတီ | တနင်္ဂနွေမင်း(ဟံသာဝတီပါထပ်တည်) | အင်းဝ | — |
| လက်ပွတ်ကန်စေတီ | စိုးမင်း | ပုဂံမင်းနန်းသူ | ၆၀၄ |
| လျှောလျှောစေတီ | ဒွတ္တပေါင်မင်း | ရသေ့မြို့အနောက်တောင်(သ) | ၁၁၃ |
| ဝန်တောင်လည်စေတီ | သီဟသူ | ပြည်ဝန်တောင်လည်ကုန်း | — |

www.dhammaransi.com

| | | | |
|---|---|---|---|
| သမန်းစေတီ | သမန်းလင်မယား | ပုဂံဖွားစောရှာ | ၆၃၇ |
| သရိုင်မာစေတီ | ဒွတ္တပေါင်မင်း | ရသေ့မြို့အရှေ့မြောက် | (သ) ၁၁၃ |
| သာလျောင်းဘုရား | နရပတိကိုယ်လုပ်တော် | မင်းဝံတောင်ရိုး | — |
| သားဖမ်းစေတီ | အလောင်းစည်သူ | မိတ္ထီလာမြောက် သားဖမ်းရွာအနီး | — |
| သောကြမ္မာစေတီ | ဒွတ္တပေါင်မင်း | ပြည်နဝင်းချောင်းမြောက် | (သ)၁၁၃ |
| သက်တော်ရှစေတီ | ကျောက်မှိုင်ရဲစော | စစ်ကိုင်းပုညစေတီတောင် | — |
| သစ္စဝတီစေတီ | စောနန်မင်း | မင်းနန်သူ ဖွားစောရှာ | ၆၉၉ |
| သစ္စာရစေတီ | မိုးညှင်းမင်း | စစ်ကိုင်း သောတပန်မြောက် | — |
| သံပျင်စွာ(သန့်ပြန့်စွာ)စေတီ | သံပျင်စွာ | ပုဂံဖွားစောရှာ | ၆၁၆ |
| သမ္ဘူလစေတီ | ဥဇနာမင်းမိဘုရားသုံးလူ့လ | ပုဂံမင်းနန်သူ | ၆၁၇ |
| သိမ်းတော်ကြားရုပ်ပွား | နရပတိစည်သူ | ပုဂံမင်းနန်သူ | ၅၄၆ |
| အပြင်ဆုတောင်းပြည့် | နရပတိစည်သူ | မိတ္ထီလာဈေးကုန်းဘုရားဝင်း | - |
| အာနန္ဒာဖုတ်ကျောင်း | ဥတ္တနရာဇာ | ပုဂံ | 〃 |

www.dhammaransi.com

| တွင်ရာဘွဲ့တော် | ဒါယကာ | တည်ရာ | တည်နှစ် |
| --- | --- | --- | --- |
| အင်းခရူစေတီ | နရပတိစည်သူ | အမရပူရအရှေ့ | - |
| အောင်မြေလောက | ဘိုးတော်ဘုရား | စစ်ကိုင်း | ၁၁၄၃ |
| အဇ္ဇဂေါကာဘုရား | အမတ်ကျော်စွာ | ပုဂံမင်းနန်သူ | ၆၁၀ |
| ဉမင်သုံးဆယ်စေတီ | ပတ္တူသခ်ယာ | စစ်ကိုင်းတောင် | - |
| ဉယျာဉ်ပုစေတီ | ပိဿတိုး မိဖုရား | ပြည်ကြောင်ရွာအနောက် | (သ)၁၁၃ |



www.dhammaransi.com

www.dhammaransi.com

# (ခ) မှတ်စုများ

www.dhammaransi.com

# မှတ်စုများ

## မြတ်စွာဘုရား ဓါတ်တော်တည်ရာဌာနများ

၁။ ဒေါနပုဏ္ဏား ဓါတ်တော်ဝေရာ ဦးရစ်ကြား၌ဝှက်သော **လက်ျာအထက်စွယ်တော်**၊တာဝတိံသာနတ်ပြည် စူဠာမုနိ စေတီတော်၌ ဌာပနာသည်။

၂။ **လက်ျာအောက်စွယ်တော်**၊ ပုဏ္ဏားခြေကြား၌ ဝှက်ရာမှ ဇေယျသေန နဂါးမင်းယူ၍ နဂါးပြည် ရတနာစေတီ၌ ဌာပနာသည်။

၃။ ပုဏ္ဏားပုဆိုးကြား၌ဝှက်သော **လက်ဝဲအထက်စွယ်တော်ကို** ဂန္ဓာရတိုင်းသား မဒထရ်တပါးယူ၍ ဂန္ဓာရတိုင်း၌ စေတီတည်၍ ဌာပနာလေသည်။

၄။ **လက်ဝဲအောက်စွယ်တော်ကို** မီးလျှံရဲရဲတောက်ဆဲ စန္ဒကူး ထင်းပုံထက်မှ ရှင်ခေမာယူ၍ ကလိင်္ဂရာဇ်တိုင်း ဗြဟ္မဒတ် မင်းအား ကိုးကွယ်စေသည်။

၅။ **လက်ျာညှပ်ရိုးတော်ကို** စူဠာမုနိစေတီတော်၌ဌာပနာသည်။
၆။ **လက်ဝဲညှပ်ရိုးတော်ကို** ဒုဿစေတီ၌ ဌာပနာသည်။
၇။ **သင်းကျစ်တော်ကို** မလ္လာမင်းတို့ ပူဇော်သည်။

www.dhammaransi.com


ကျန်ဓါတ်တော်တို့ကို ရှစ်ပြည်ထောင်မင်းတို့ ခွဲဝေပူဇော်ကြသည်။

၁။ ရာဇဂြိုဟ်ပြည် အဇာတသတ်မင်း ၁ စု၊
၂။ ဝေသာလီပြည် လိစ္ဆဝီမင်း ၁ စု၊
၃။ ကပ္ပိလဝတ်ပြည် သာကီဝင်မင်း ၁ စု၊
၄။ အလ္လကပ္ပတိုင်း ဗုလမင်း ၁ စု၊
၅။ ရာမရွာ ကောလိယမင်း ၁ စု၊
၆။ ဝေဌဒီပမင်း ၁ စု၊
၇။ ပါဝါပြည် မလ္လာမင်း ၁ စု၊
၈။ ကုသိနာရုံပြည် မလ္လာမင်း ၁ စု၊

ဓါတ်တော်ထည့်သောအိုးကို ဒေါနပုဏ္ဏား ပူဇော်ရ၏။
စန္ဒကူးမီးသွေးကို ကပ္ပလိဝနမောရိယမင်းတို့ ပူဇော်ရ၏။

# မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုရာတို့ တည်ရာဌာနများ

၁။ နှစ်ထပ်သင်္ကန်း၊ ဧကသီသင်္ကန်း၊ သပိတ်တော်၊ တောင်ဝှေးတော်၊ ကုရုတိုင်း ဝဇီရပြည်၌ တည်၏။
၂။ သင်းပိုင်တော်၊ ကုလဃရပြည်၌ တည်၏။
၃။ ခင်းနှီးတော်၊ သီဟိုဠ်ကျွန်း၌ တည်၏။

www.dhammaransi.com



၄။ ခါးပန်းကြိုးနှင့် ဓမ္မကရိုဏ်တော်၊ ပါတလိပုတ်ပြည်၌ တည်၏။

၅။ ရေသနုပ်တော်၊ စမ္ပာပြည်၌ တည်၏။

၆။ ရဟန်းပြုစ သက်နန်းတော်၊ အကနိဋ္ဌဗြဟ္မာ့ဘုံ၌ တည်၏။

၇။ ဦးရစ်တော်၊ တာဝတိံသာနတ်ပြည်၌ တည်၏။

၈။ ဥဏ္ဏာလုံမွေးရှင်တော်၊ ကောသလတိုင်း သာဝတ္ထိပြည်၌ တည်၏။

၉။ နိသီဒိုင်တော်၊ အဝန္တိတိုင်း၊ ဥဇ္ဇေနီပြည်၌ တည်၏။

၁၀။ မြေခင်းနှီးတော်၊ ဒေဝရဋ္ဌတိုင်း၌ တည်၏။

၁၁။ မီးပွတ်တော်၊ မိဓိလာပြည်၌ တည်၏။

၁၂။ ရေစစ်အဝတ်တော်၊ ဝေဒေဟတိုင်းမိဓိလာပြည်၌တည်၏။

၁၃။ ပဲခွပ်တော်နှင့် အပ်ကျည်ထောက်တော်၊ ဣန္ဒပတ္ထနဂိုရ်ပြည်၌ တည်၏။

၁၄။ ကြွင်းသောပရိက္ခရာများ၊ အပရန္တတိုင်း၊ ဇနပုဒ်များ၌ တည်၏။

❁

www.dhammaransi.com

# စေတီ ၄ မျိုး

**သာရီရိကစေတီ၊** (ဓာတုစေတီ) မြတ်စွာဘုရား၏ သွားတော်၊ စွယ်တော်၊ ညှပ်ရိုးတော်၊ စသော ကိုယ်တော်မှ ဖြစ်သော ဝတ္ထုများ။

**ပရိဘောဂစေတီ၊** မြတ်စွာဘုရား၏ အသုံးအဆောင်၊ ကျောင်းတော်၊ ပလ္လင်တော်၊ သလွန်တော်၊ ပရိက္ခရာ ရှစ် ပါး စ သည် ပစ္စည်းများ၊ (ဗောဓိပင်ကို ပရိဘောဂစေတီ၌လည်း ထည့်သွင်းသည်။)

**ဥဒ္ဒိဿကစေတီ၊** ရည်မှတ်ကိုယ်စားတော်အဖြစ် ပူဇော်သော ဆင်းတု၊ ရုပ်တု၊ ရုပ်ပွား၊ ဗောဓိပင် စသည့် ဝတ္ထုများနှင့် ခြေတော်ရာများ။

**ဓမ္မစေတီ၊** မြတ်စွာဘုရား ဟောကြားတော် မူသော တရားတော် ရေးသားပူဇော်ရာ ဒေသနာ ကျမ်းများ။

ထိုပူဇော်ရာအသီးသီးတို့သည်ပင် စေတီမည်၏။ ထို ပူဇော်ရာတို့ကို စေတီ၌ ဥပနာတိုက် သွင်း၍ဖြစ်စေ၊

www.dhammaransi.com



စေတီမင်းဘဲဖြစ်စေ၊ ပူဇော်ကြသည်။ ငှာပနာရာ၊ ဂူလိုဏ်၊ ပုထိုး၊ အုတ်တိုက်စသည်တို့သည်လည်း စေတီပင်မည်ကုန်သည်။

## (ပါဒစေတီ) ခြေတော်ရာများ

၁။ သီဟိုဠ်ကျွန်း သုမနတောင်ခေါ် ရာမာတောင်ထိပ်၌ နတ်မင်းတောင်းပန်၍ ချထားတော်မူသော လက်ဝဲခြေတော်ရာတဆူ။

၂။ မာဂဏ္ဍီ ပုဏ္ဏားလင်မယားတို့ လာလမ်းမြင်လောက်ရာ၌ ချထားသော ခြေတော်ရာတဆူ။

၃။ ဘုရားဟုတ်မဟုတ် စီစစ်နိုင်ရန် ရသေ့ ၁၆-ဦးတို့ လာနေသည်ကိုမြင်၍ ဇေတဝန်ကျောင်းတော်တွင် ဂန္ဓကုဋိတိုက်အနီးတွင်ချထားသော ခြေတော်ရာတဆူ။

၄။ သုနာပရန္တတိုင်း မင်းဘူးမြို့ အနောက်တောင်ယွန်း၊ မန်းစက်တော်တောင်ခြေရင်း၊ နမ္မဒါမြစ် (မန်းချောင်း) စပ် ကျောက်တုံးပေါ်၌ နဂါးမင်းတောင်းပန်၍ ချထားသော အောက်လက်ဝဲစက်တော်ရာတဆူ။

www.dhammaransi.com



၅။ သုနာပရန္တတိုင်း မင်းဘူးမြို့ အနောက် တောင် ယွန်း၊ မန်းစက်တော်တောင်ထိပ်၌ သစ္စာဗန္ဓရသေ့ တောင်းပန်တော်မူ၍ချထားသော လက်ဝဲအထက် စက်တော်ရာတဆူ။

ပထမနှင့် ဒုတိယခြေတော်ရာတို့သည် အလိုတော်အလျောက် တခဏသာတည်၍၊ ဇမ္ဗူဒိပ်ကျွန်း၌ ၂-ဆူနှင့် သီဟိုဠ်ကျွန်း ရာမတောင်ထိပ်၌ ၁-ဆူ၊ ပေါင်း ၃-ဆူသာ လျှင် ထာဝရတည်၍ "**ဇမ္ဗူ့မှာဒွေး၊ ရာမ**"ဟု ဆိုထုံးပြုသည်။

❀

## စေတီတည်ထိုက်သော ပုဂ္ဂိုလ်လေးမျိုး

၁။ သမ္မာသမ္ဗုဒ္ဓဘုရား။
၂။ ပစ္စေကဗုဒ္ဓါ။
၃။ အရိယာသာဝကရဟန္တာ၊ (သီလဝန္တပညာ့သားများ)
၄။ စကြဝတေးမင်း၊ (လူသားတို့သာ ပူဇော် ထိုက် သည်၊ ရဟန်းတို့ မပူဇော်အပ်။)

www.dhammaransi.com

# မြတ်စွာဘုရား၏ အံ့ဘွယ်တော် ၁၈-ပါး

၁။ ဝတ်ရုံတော်မူသော သင်္ကန်းကော်သည် ဖွတ်ဆိုးရခြင်း၊ နွမ်းနယ်ခြင်း မရှိခြင်း။

၂။ ဆံတော်သည် တောထွက်တော်မူသောအခါ ဖြတ်တော်မူသည်မှ ကြွင်းသည့် လက်လေးသစ်မျှ ပမာဏသည် ပရိနိဗ္ဗာန်စံသည်အထိ တည်ခြင်း။

၃။ ဆောင်တော်မူသော ပရိက္ခရာတို့သည် ကိုယ်တော်နှင့်မထိဘဲ လက်လေးသစ်ခန့်ခြား တည်ခြင်း။

၄။ သပိတ်တော်ကိုဆေးလျှင် လက်တော်စင်၍၊ လက်တော်ကို ဆေးလျှင် သပိတ်တော်စင်ခြင်း။

၅။ မုံညင်းဆံအခွံတွင်းသို့ပင် ဝင်တော်မူနိုင်ခြင်း။

၆။ ခြောက်ပါးသော ရောင်ခြည်တော်တို့ကို လွှတ်က အရပ် ၁၀-မျက်နှာနှံ့၍ တည်ခြင်း။

၇။ နိမ္မိတကိုယ်ပွားတော် သိန်း,သန်း,မကာဖန်ဆင်း၍ သတ္တဝါတို့အလိုကိုလိုက်၍ ချွတ်တော်မူနိုင်ခြင်း။

www.dhammaransi.com



၈။ ခေတ်သုံးပါးတို့တွင် အလင်းအတိ၊အမိုက်အတိဖြစ်အောင် ဖန်ဆင်းတော်မူနိုင်ခြင်း။

၉။ ကိုယ်တော်ကို လ,ဝန်းကဲ့သို့ အယက်ကောင်းကင်၌ ထား တော်မူနိုင်ခြင်း။

၁၀။ ဟောကြားသော တရားတော်ကို ပရိသတ်လေးပါးတို့ မယုတ်မလွန် ကြားနိုင်ခြင်း။

၁၁။ သတ္တဝါတို့၏စိတ်အလိုကို သိတော်မူနိုင်ခြင်း။

၁၂။ ကျွတ်ထိုက်၊ မကျွတ်ထိုက်သော သတ္တဝါတို့ကို သိတော်မူ နိုင်ခြင်း။

၁၃။ သတ္တဝါတို့၏ ဣန္ဒြေ နု-ရင့်ကို သိတော်မူနိုင်ခြင်း။

၁၄။ သင်္ခရတို့ကို သိတော်မူနိုင်ခြင်း။

၁၅။ ဝိကာရရုပ်ငါးစုတို့ကို သိတော်မူနိုင်ခြင်း။

၁၆။ လက္ခဏာရုပ်လေးခုကို သိတော်မူနိုင်ခြင်း။

၁၇။ အသင်္ခတဓါတ်နိဗ္ဗာန်ကို သိတော်မူနိုင်ခြင်း။

၁၈။ ပညတ်တရားအပေါင်းတို့ကို သိတော်မူနိုင်ခြင်း။

www.dhammaransi.com

## အလောင်းစည်သူမင်း သားတော်ငါးပါးကို ပူဇော်စေသော သရက္ခန် ၅-ဆူ

၁။ စာကြိုဘုရားလှူ၊ (စလေမြို့တောင်ဖက် ဥယျာဉ်ရွာ ဒိုင်နယ်၊ ရေလယ်ရွာ)

၂။ မြေဘုံသာဘုရားလှူ၊ (ပုဂံအာနန္ဒာတောင်ဖက်၊ လောက ထိပ်ပန် ဘုရားအနီး။)

၃။ ကန်စွန်းဘိုဘုရားလှူ၊ (ပုဂံဖွားစောရွာ အရှေ့ တောင် ဇေယျပွတ်ဘုရားတောင်ဖက်)

၄။ သိကြားတောင်ဘုရားလှူ၊ —

၅။ ချောက်ဘုရားလှူ၊ (ညောင်ဦးဆိပ်ကမ်း အရှေ့ ဖက် ချောက်ကမ်းပါး အရှေ့တောင် အနီး)

❀

www.dhammaransi.com

အလောင်းစည်သူ သက်နန်းနက်ဖေါင်တော်ဦး၊ စကားသားကို ထုလုပ်သော စကား ၉-ဆူတည်ရာ

၁။ ကလေးမြို့ ၁-ဆူ၊
၂။ မင်းခင်းမြို့ ၁-ဆူ၊
၃။ မြေဒူးမြို့ ၁-ဆူ၊
၄။ စည်ပုတ္တရာမြို့ ၁-ဆူ၊
၅။ ကြံ့ညှပ်မြို့ ၁-ဆူ၊
၆။ ငစဥ့်ကူးမြို့ ၁-ဆူ၊
၇။ မုဆိုးဖိုမြို့ ၁-ဆူ၊
၈။ စမန်းမြို့ ၁-ဆူ၊
၉။ စစ်ကိုင်းမြို့ ၁-ဆူ၊

(ဘုရား ထုရာမှ ဆောက်စာစုံးစာမံဘုရားကို အမြင့်မြို့၌ ကိုးကွယ်စေသည်။)

www.dhammaransi.com

## ကျော်လေးဆူ ဘုရားများ

၁။ ရွှေစာရံ၊ အရှေ့
၂။ ပုဂံရွှေစည်းခုံ၊ အနောက်၊
၃။ ရွှေယင်မျှော်၊ မိတ္ထီလာ၊ တောင်၊
၄။ သီဟတော၊ အညာ၊ မြောက်၊

အရှေ့စာရံ၊ ပုဂံအနောက်၊ တောင်မြောက်ယင်မျှော၊
သီဟတောဟူ၊ လောကဓါတ်တွင်း၊ ခြောက်ရောင်လင်း၊
သား၊ သနင်းမှန်ကူ၊ ကျော်လေးဆူ၊

(ကင်းဝန်မင်းကြီး စခန်းစဉ်လင်္ကာ)

www.dhammaransi.com

# အလောင်းစည်သူမင်း ကိုးကွယ်သော သရက္ခန် ၅-ဆူ

၁။ ပခုက္ကူ ကုန်းရွာ ၁ ဆူ၊
၂။ ပခန်း ၁ ဆူ၊
၃။ ရှင်မတောင် ၁ ဆူ၊
၄။ ဆင်ကြိုရွေကူ ၁ ဆူ၊
၅။ သီဟတော ၁ ဆူ၊

ရှင်ဖြူ၊ ရှင်လှနှင့်မြတ်ပေါင်းမင်္ဂ။ ဘုရားများကိုလည်း တိုင်းခန်းလှည့်လည်ရာမှ တပါတည်း ပင့် ဆောင် ခဲ့ ၍ အသီးသီး၌ဥပနာကာ စေတီတည်ခဲ့သည်။

www.dhammaransi.com

## စစ်ကိုင်းဆွမ်းဝတ်စဉ် ဘုရားများ

ပုညရှင်၊ ဝါဆိုလပြည့်၊
တောင်ဖီလာ၊ ဝါဆိုလဆုတ် ၈-ရက်၊
ဇေတဝန်၊ ဝါဆိုလကွယ်၊
ချမ်းသာကြီး၊ ချမ်းသာရ၊ ဝါခေါင်လဆန်း ၈-ရက်၊
ဥမင်သုံးဆယ်၊ ဝါခေါင်လပြည့်၊
ရှင်ပင်နန်းဦး၊ ဝါခေါင်လဆုတ် ၈-ရက်၊
ရှင်ပင်နံ့ကိုင်း၊ ဝါခေါင်လကွယ်၊
လေးကျွန်းမာရ်အောင်၊ တော်သလင်းလဆန်း ၈-ရက်၊
ပတ္တမြားစေတီ၊ တော်သလင်းလပြည့်၊
ထူပါရုံ၊ တော်သလင်းလဆုတ် ၈-ရက်၊
ရှင်ဖြူ၊ ရှင်လှ၊ တော်သလင်းလကွယ်၊
* ငါးထပ်ကြီး၊ သီတင်းကျွတ်လဆန်း ၅-ရက်၊
အောင်မြေလောက သီတင်းကျွတ်လဆန်း ၈-ရက်၊
ကောင်းမှုတော်၊ သီတင်းကျွတ်လပြည့်၊

ပုံ၊ တောင်၊ ဇေ၊ ချမ်း၊ ဥ၊ နန်း၊ နံ့၊ လေး၊ ပ၊ ထူ၊ ရှင်၊ အောင်၊ ကောင်း၊ အမြွှာင်ငါးထပ်ကြီး၊ အပြီးကောင်းမှုတော်။

www.dhammaransi.com

## အနော်ရထာမင်း ဖွယ်တော်ပွား၊ ၅-ဆူ

၁။ ရွှေစည်းခုံဘုရား ၁ ဆူ၊

၂။ လောကနန္ဒာဘုရား ၁ ဆူ၊

၃။ တန့်ကြည့်တောင်ဘုရား ၁ ဆူ၊

၄။ တူရွင်းတောင်ဘုရား ၁ ဆူ၊

၅။ ရွှေသာလျောင်းဘုရား ၁ ဆူ၊

## ရွှေတိဂုံစေတီ ဌာပနာ ၄-ပါး

၁။ ကကုသံဘုရား၊ ဓမ္မကရိဏ်တော်၊

၂။ ကောဏာဂုံဘုရား၊ တောင်ဝှေးတော်၊

၃။ ကဿပဘုရား၊ ရေသနုတ်တော်၊

၄။ ဂေါတမဘုရား၊ ဆံတော်၊

၅။ အရိမေတ္တေယျဘုရား၊ ဥဏ္ဏာလုံတော်(နောင်ဌာပနာလတ္တံ့.)

www.dhammaransi.com

# နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားများ

၁။ တဏှင်္ကရာဘုရား၊
၂။ မေဓင်္ကရာဘုရား၊
၃။ သရဏင်္ကရာဘုရား၊
၄။ ဒီပင်္ကရာဘုရား၊
၅။ ကောဏ္ဍညဘုရား၊
၆။ မင်္ဂလဘုရား၊
၇။ သုမနဘုရား၊
၈။ ရေဝတဘုရား၊
၉။ သောဘိတဘုရား၊
၁၀။ အနောမဒဿီဘုရား၊
၁၁။ ပဒုမဘုရား၊
၁၂။ နာရဒဘုရား၊
၁၃။ ပဒုမုတ္တရဘုရား
၁၄။ သုမေဓဘုရား၊
၁၅။ သုဇာတဘုရား၊
၁၆။ ပိယဒဿီဘုရား၊
၁၇။ အတ္ထဒဿီဘုရား
၁၈။ ဓမ္မဒဿီဘုရား၊
၁၉။ သိဒ္ဓတ္ထဘုရား၊
၂၀။ တိဿဘုရား၊
၂၁။ ဖုဿဘုရား၊
၂၂။ ဝိပဿီဘုရား၊
၂၃။ သိခီဘုရား၊
၂၄။ ဝေဿဘူဘုရား၊
၂၅။ ကကုသန်ဘုရား၊
၂၆။ ကောဏဂုံဘုရား၊
၂၇။ ကဿပဘုရား၊
၂၈။ ဂေါတမဘုရား၊

www.dhammaransi.com

# အလောင်းစည်သူတည် မုဋ္ဌောဘုရားများ

**အတွင်းမုဋ္ဌော ၉-ဆူ၊**

၁။ စကြာမုဋ္ဌော၊
၂။ ဆီးတောမုဋ္ဌော၊
၃။ သစ္စာရမုဋ္ဌော၊
၄။ ဆည်းလည်းမုဋ္ဌော၊
၅။ ရွှေတောင်ဦးမုဋ္ဌော၊
၆။ တောင်ငယ် လေးမျက်နှာမုဋ္ဌော၊
၇။ လမ်းလွဲမုဋ္ဌော၊
၈။ နှံကိုင်းမုဋ္ဌော၊
၉။ ဂူနီမုဋ္ဌော၊

အပြင်မုဋ္ဌော ၉-ဆူ၊

၁။ ပြင်စကြာမုဋ္ဌော၊
၂။ ရန်အောင်မြင်မုဋ္ဌော၊
၃။ သမာန်မုဋ္ဌော၊
၄။ ကန်တော်အောက်မုဋ္ဌော၊
၅။ ရှားတောမုဋ္ဌော၊
၆။ ပုညမုဋ္ဌော၊
၇။ ငှက်မြတ်နားမုဋ္ဌော၊
၈။ ပဲဝမုဋ္ဌော၊
၉။ ချောက်ဘုရားလှမုဋ္ဌော၊

www.dhammaransi.com